# တက်ကြွလှုပ်ရှား နိုင်ငံသား

မြန်မာပြည်အတွက် နိုင်ငံသားဆိုင်ရာ ပညာရေးသင်ရိုး

**ပုံနှိပ်တိုက်အမည်**
ရွှေပုံနှိပ်တိုက် (မြဲ – ၀၀၂၁၀)
အမှတ် ၁၅၃/၁၅၅၊ သစ်တောအောက်လမ်း၊
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**
မုခ်ဦးစာပေ

အမှတ် (၁၀၅ – A)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ယာ၊
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉ ၇၈၀ ၃၀၃ ၈၂၃၊ ၀၉ ၂၆၂ ၆၅၆ ၉၄၉

**ပုံနှိပ်မှတ်တမ်း**
ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀
နိုဝင်ဘာလ၊ ၂၀၁၉ ခုနှစ်

၃၂၃.၆
Kara Wong and Rory Mclaughlin
တက်ကြွလှုပ်ရှား နိုင်ငံသား၊ မြန်မာပြည်အတွက် နိုင်ငံသားဆိုင်ရာ ပညာရေးသင်ရိုး၊ ကျောင်းသားလက်စွဲ။
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၁၉။
၁၁၅ စာ၊ ၂၁ စင်တီ။
မူရင်းအမည် – Active Citizenship: a civic education course for Myanmar (Student's Book),
by Kara Wong and Rory Mclaughlin
(၁) ထက်ဖြိုးဝေ၊ ဘာသာပြန်သူ
(၂) တက်ကြွလှုပ်ရှား နိုင်ငံသား၊ မြန်မာပြည်အတွက် နိုင်ငံသားဆိုင်ရာ ပညာရေးသင်ရိုး၊ ကျောင်းသားလက်စွဲ။

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

*Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.*

*For license types of individual pictures used in this work, please refer to Picture Acknowledgements at the back of the book.*

# မာတိကာ


အခန်း (၁) နိုင်ငံသားဆိုင်ရာ သိမှတ်စရာများ ၄

၁.၁ နိုင်ငံသား – အဓိပ္ပါယ် ၆

၁.၂ နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များကို သိရှိထားဖို့ လိုအပ်ပါသလား ၈

၁.၃ နိုင်ငံသားကောင်းမွေးထုတ်ရေးဆိုင်ရာ ပညာပေးရေးအစီအစဉ် ၁၀

၁.၄ နိုင်ငံသားဆိုင်ရာ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ ၁၄

၁.၅ လူ့အဖွဲ့အစည်းအတွင်း စောင့်ထိန်းဖွယ်ရာများ (သို့မဟုတ်) တရားရှိလူနေမှု ၂၃

၁.၆ လူမှုပဋိညာဉ် သီအိုရီ ၂၄

အခန်း (၂) လူမှုအဖွဲ့အစည်းဆိုင်ရာ သိမှတ်စရာများ ၂၈

၂.၁ နိုင်ငံသားနှင့် လူမှုအဖွဲ့အစည်း ၃၀

၂.၂ ခေတ်သစ်လူ့ဘောင် အဖွဲ့အစည်းများ ၃၃

၂.၃ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ကြသူတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာများ ၃၇

၂.၄ တန်ဖိုးများ ၃၈

၂.၅ တန်ဖိုးများအကြား လွန်ဆွဲမှု ၄၇

၂.၆ လူ့အဖွဲ့အစည်းနှင့် ခေါင်းဆောင်မှု ၅၀

၂.၇ လူ့အဖွဲ့အစည်းဆိုင်ရာ စည်းကမ်းများနှင့် ဥပဒေများ ၅၃

အခန်း (၃) လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာပါဝင်မှု ၆၂

၃.၁ လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်ဆောင်ရွက်မှုဆိုသည်မှာ အဘယ်နည်း ၆၄

၃.၂ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ခြင်း၏ အကျိုးတရားများ ၆၈

၃.၃ သတင်းအချက်အလက်များအား ဝေဖန်ဆန်းစစ်ခြင်း ၇၂

၃.၄ သတင်းရယူခြင်းဆိုင်ရာ နိုင်ငံသားများတွင်ရှိအပ်သည့် ကျွမ်းကျင်မှုများ ၇၆

၃.၅ သတင်းမီဒီယာများ၏ အခန်းကဏ္ဍ ၈၀

၃.၆ လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရခြင်း ၈၅

အခန်း (၄) လူမှုရေးလုပ်ငန်းများ လက်တွေ့ဖော်ဆောင်ခြင်း ၉၄

၄.၁ မည်သို့သော လူမှုလုပ်ငန်းများကို ဆောင်ရွက်ကြရမည်နည်း ၉၆

၄.၂ လူ့အဖွဲ့အစည်းတစ်ရပ်၏ လိုအပ်ချက်များကို သုံးသပ်ဝေဖန်ခြင်း ၉၈

၄.၃ လူမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ထားရှိရမည့် ရည်မှန်းချက်နှင့် ဦးတည်ချက်များ ၉၈

၄.၄ လူမှုလုပ်ငန်းများနှင့် တွေ့ကြုံရနိုင်သည့် အခက်အခဲအတားအဆီးများ ၁၀၄

၄.၅ စီမံကိန်းရေးဆွဲခြင်း ၁၀၆

၄.၆ လူမှုလုပ်ငန်းဆိုင်ရာ လူ့အရင်းအမြစ်၊ အထောက်အပံ့နှင့် ကျွမ်းကျင်မှုများ ၁၀၈

၄.၇ စီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ခြင်း ၁၁၀

၄.၈ မိမိတို့၏ လူမှုစီမံကိန်းများအား အကဲဖြတ်ခြင်း ၁၁၀

Acknowledgements ၁၁၂

List of Sources ၁၁၄

# ‘တက်ကြွလှုပ်ရှားနိုင်ငံသား’ စာအုပ်ကို အသုံးပြုနည်း

အောက်ဖော်ပြပါနည်းစနစ်များကို လေ့လာခြင်းဖြင့် စာအုပ်အသုံးပြုရာတွင် အထောက်အကူပြုနိုင်ပြီး လေ့လာသင်ကြားမှုဆိုင်ရာ နည်းဗျူဟာတို့ကိုလည်း သိရှိစေမည်ဖြစ်သည်။ ဤစာအုပ်၏ ရည်မှန်းချက်မှာ စာဖတ်သူများအား တာဝန်သိစိတ်ရှိသော နိုင်ငံသားများ မွေးထုတ်ရေးတွင် လိုအပ်သည့် အသိပညာများ၊ ကိုယ်ရည်ကိုယ်သွေးများ၊ ကျင့်ကြံဖွယ်ရာတို့ကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်သည်။ ထိုအရည်အသွေးများအား လေ့ကျင့်ပျိုးထောင်ပေးရန် အောက်ပါလေ့ကျင့်သိမှတ်ဖွယ်ရာများ၊ လုပ်ဆောင်ဖွယ်ရာများပါဝင်သည်။

- **လေ့ကျင့်ခန်းများ** – **နိုင်ငံသားဆိုင်ရာ အသိပညာတိုးပွားစေရန်** ရည်ရွယ်သည်။
- **လှုပ်ရှားမှုများ** – **နိုင်ငံသားဆိုင်ရာ လိုက်နာကျင့်ကြံဖွယ်ရာတို့** ပါဝင်သည်။
- **ပြန်လည်သုံးသပ်ချက်များ** – **နိုင်ငံသားတို့ အလေးဂရုပြုရမည့် တန်ဖိုးစနစ်များကို** ဖော်ပြထားသည်။

‘လုပ်ငန်းများ’ သည် နိုးကြားတက်ကြွသော နိုင်ငံသားကောင်းဖြစ်ရေးတွင် လိုအပ်သော အရည်အသွေးများကို ဖြည့်ဆည်းပေးသည်။ ဤအပိုင်းတွင် အဖွဲ့လိုက်လုပ်ဆောင်မှုများ၊ ပြဿနာအဖြေရှာခြင်းများ၊ ဆွေးနွေးအဖြေရှာခြင်းများ စသည်တို့ပါဝင်သည်။

လေ့ကျင့်ခန်းများ – စာအုပ်ပါ အချက်အလက်များမှတစ်ဆင့် သင်ယူနိုင်စွမ်းကို တိုးမြှင့်ပေးသည်။ စာပိုဒ်ပါ အကြောင်းအရာများအား နားလည်သည်၊ မလည်သည်ကို မေးခွန်းများမှတစ်ဆင့် စစ်ဆေးပေးနိုင်မည်ဖြစ်သည်။

‘ပြန်လည်သုံးသပ်ချက်များ’ က စာဖတ်သူတို့၏ အယူအဆ၊ ခံယူချက်များကို ပြန်လည်သုံးသပ်စေပြီး မည်သည့် အတွေးအခေါ် အယူအဆများက သာယာလှပသော လောကလူ့ဘောင် တည်ထောင်ရေးတွင် အရေးပါသည်ကို ပြန်လည်ဆန်းစစ်စေသည်။



အခန်းတိုင်းနှင့် အခန်းခွဲတိုင်းတွင် ‘အကြိုသင်ခန်းစာများ’ ပါဝင်သည်။ ထိုအကြိုသင်ခန်းစာပါ မေးခွန်းများမှတစ်ဆင့် အကြောင်းအရာတစ်ရပ်ကို မသင်ကြားမီ စဉ်းစားဝေဖန်စေပြီး တင်ပြချက်များ၊ ဆွေးနွေးအဖြေရှာခြင်းများလည်း ပါဝင်သည်။

‘ဖြစ်ရပ်လေ့လာချက်’ များက စာအုပ်ထဲတွင် ဖော်ပြထားသည့် ပြဿနာများ၊ ဥပမာများကို လက်တွေ့ဘဝနှင့် ချိတ်ဆက်ပေးသည်။ ‘လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခြင်းများမှ ခေါင်းဆောင်မှုများအဆုံး’ ဥပမာများပေးကာ ဖော်ပြထားပြီး နိုင်ငံသားဆိုင်ရာကိစ္စရပ်များကို အတွင်းကျကျ သိမြင်သဘောပေါက်စေသည်။

အထက်ပါ သင်ခန်းစာများအပြင် စာဖတ်သူများ မိမိအသိုင်းအဝိုင်းအတွင်း ကြုံတွေ့နေရသည့် အခြေအနေအရပ်ရပ်ကို စဉ်းစားဆင်ခြင်နိုင်စေမည့် မေးခွန်းများ၊ လုပ်ဆောင်ချက်များလည်း ပါဝင်ပေးသည်။

# အခန်းတစ်ခု မစမီ





အခန်းတစ်ခန်းကို စတင်မဖတ်ရှုမီ အခန်း၏ သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များကို ဦးစွာ လေ့လာပါ။ သို့မှသာ မည်သည့်အချက်များက အရေးပါသည်၊ မည်သည်တို့ကို လေ့လာ မှတ်သားခဲ့ရသည်တို့ကို ဆန်းစစ်နိုင်ပေမည်။

ဤအပိုင်းတွင် အခန်းတစ်ခုစီ၏ အနှစ်ချုပ်သဘောတရားများ၊ အတွေးအခေါ်များပါရှိသည်။

# အခန်းတစ်ခု အဆုံးတွင်

စကားပုံများ၊ အဆိုအမိန့်များသည် ဒေသအသီးသီးရှိ နိုင်ငံသားဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အမြင်များကို သိနားလည်စေပြီး မိမိတို့သင်ကြားခဲ့သည့် အယူအဆများနှင့် ကိုက်ညီမှုရှိ၊ မရှိ ဆန်းစစ်စေသည်။

'နားလည်မှုစစ်ဆေးသည့် မေးခွန်းများ' က စာဖတ်သူ၏ သင်ခန်းစာပါ သဘောတရားများကို နားလည်သည်၊ မလည်သည်ကို ဆန်းစစ်ပေးသည်။




ပြန်လည်လေ့ကျင့်ခန်းများက အခန်းတစ်ခန်းလုံးတွင် သင်ယူခဲ့သမျှအားလုံးကို မှတ်မိစေနိုင်ပြီး ပြန်လည် လေ့ကျင့်နိုင်ရန် ရည်ရွယ်သည်။ ထိုသို့ လေ့ကျင့်ရာတွင် မိမိတို့ ဖတ်ရှုခဲ့သည်တို့ကို ပြန်မကြည့်ဘဲ မိမိမှတ်မိသမျှ ဖြေဆိုနိုင်ရန် ကြိုးစားသင့်သည်။



# အခန်း (၁)
# နိုင်ငံသားဆိုင်ရာ သိမှတ်စရာများ

## အခန်း (၁) အနှစ်ချုပ်သိမှတ်ဖွယ်

အခန်း (၁) တွင် တက်ကြွသောနိုင်ငံသားကောင်းများ မွေးထုတ်ပေးနိုင်ရေးနှင့် ထိုသို့ မွေးထုတ်ပေးနိုင်ရန် လိုအပ်သည့် ပညာပေးရေးအစီအစဉ်တို့၏ သဘောတရားရေးရာများကို အကျဉ်းချုပ်ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံသားဆိုင်ရာပညာပေးမှု၏ အရေးပါပုံနှင့် ၎င်း၏ ရည်မှန်းချက်ပန်းတိုင်ကို နားလည်စေရန် ဖော်ပြပေးထားသည်။ နိုင်ငံသားတို့တွင် ရှိအပ်သော အခွင့်အရေးများ၊ ဝတ္တရားများနှင့် တာဝန်များအား ဆန်းစစ်ဝေဖန်စေပြီး တရားဥပဒေစိုးမိုးသော လူမှုအဖွဲ့အစည်း တည်ဆောက်ရေးတွင် လိုအပ်မည့် အသိပညာ၊ အရည်အသွေးများကိုလည်း ဖြည့်ဆည်းပေးမည်ဖြစ်သည်။



# အခန်း (၁) သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ

## ဗဟုသုတ

(လေ့ကျင့်ခန်း)

**ဤအခန်းအပြီးတွင် အောက်ပါဗဟုသုတများ တိုးပွားလာမည်ဖြစ်သည်။**

- ဥပဒေအရ သတ်မှတ်သော နိုင်ငံသားနှင့် တာဝန်သိစိတ် အခြေခံနိုင်ငံသားတို့၏ ကွာခြားချက်များ။
- တာဝန်သိစိတ်ရှိ နိုင်ငံသားဖြစ်ရန် လိုအပ်သည့် အကြောင်းခြင်းရာများ။
- နိုင်ငံသားဆိုင်ရာ ပညာရေး၏ အရေးပါပုံ။
- နိုင်ငံသားဆိုင်ရာ ပညာရေးတွင် ပါဝင်သည့် နိုင်ငံသားတစ်ဦး ရှိအပ်သည့် အသိပညာ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကျင့်ဝတ်များ။
- နိုင်ငံသားဆိုင်ရာ အခွင့်အရေး၊ တာဝန်နှင့် ဝတ္တရားများ။
- လူ့အဖွဲ့အစည်းအတွင်း စောင့်ထိန်းဖွယ်ရာများ (တရားရှိလူနေမှု)။
- လူမှုပဋိညာဉ်ဆိုင်ရာ အယူအဆ။

## ကျွမ်းကျင်မှုများ

(လုပ်ဆောင်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါစွမ်းရည်များ တိုးတက်လာမည်ဖြစ်သည်။**

- ‘တာဝန်သိစိတ်ရှိ နိုင်ငံသား’ အကြောင်း မိမိအသိုင်းအဝိုင်းအတွင်း ပြန်လည်ပြောဆိုလာနိုင်ခြင်း။
- လူတစ်ဦးတွင်ရှိသည့် နိုင်ငံသားဆိုင်ရာ ဗဟုသုတ၊ ကိုယ်ရည်ကိုယ်သွေးနှင့် တန်ဖိုးထားမှုများကိုကြည့်၍ ထိုလူအား အကဲခတ်ဆုံးဖြတ်နိုင်ခြင်း။
- လူ့အခွင့်အရေး ချိုးဖောက်မှုများ အကြောင်းကို ဆင်ခြင်သုံးသပ်နိုင်ပြီး အတူတကွ ပူပေါင်းဆောင်ရွက်မှု၏ အကျိုးဆက်များကို စဉ်းစားဝေဖန်တတ်စေရန်။
- မိမိမိတ်ဆွေများ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ၊ တာဝန်ဝတ္တရားများ အကြောင်း နားလည်၊ မလည် အပြန်အလှန် စစ်ဆေးပြီး မိမိတို့ အရည်အသွေးကို တိုးမြှင့်နိုင်စွမ်း။

## တန်ဖိုးများ

(ပြန်လည်သုံးသပ်ချက်)

**ဤအခန်းအပြီးတွင် အောက်ပါတို့အား ပြန်လည်သုံးသပ်စေမည်။**

- ဤအခန်းကို မဖတ်ခင်နှင့်၊ ဖတ်ပြီးသည့်နောက် မိမိတွင်ရှိသည့် နိုင်ငံသားဆိုင်ရာ အသိပညာ၊ အရည်အသွေး၊ ကျင့်ကြံဖွယ်ရာများကို နှိုင်းယှဉ်ဝေဖန်ခြင်း။
- မတူကွဲပြားသော အခွင့်အရေးများ၏ အရေးပါမှုကို သုံးသပ်ခြင်း။
- လူသားများက အဘယ်ကြောင့် လူမှုအသိုင်းအဝိုင်းနှင့် အစိုးရများကို ဖန်တီးတည်ဆောက်ကြသနည်းကို ပြန်လည်သုံးသပ်ခြင်း။

## အကြိုသင်ခန်းစာ

၁။ ‘နိုင်ငံသား’ ဟူသည့် ဝေါဟာရကို မည်သို့နားလည်လက်ခံထားသနည်း။

၂။ အထက်ပါပုံများထဲမှ မိမိလက်ခံယုံကြည်ထားသော ‘နိုင်ငံသား’ အဓိပ္ပါယ်နှင့် ကိုက်ညီမှု အရှိဆုံးပုံကိုရွေးပါ။

၃။ မည်သည့်အကြောင်းကြောင့် ရွေးချယ်ရသည်ကို အတန်းဖော်နှင့် ဆွေးနွေးပါ။




## ၁.၁ နိုင်ငံသား – အဓိပ္ပါယ်

‘နိုင်ငံသား’ ဟူသည့် ဝေါဟာရကို အဓိပ္ပါယ်ဖွင့်ဆိုမည်ဆိုပါက ရှုထောင့်မျိုးစုံ၊ ပုံစံမျိုးစုံဖြင့် ဖွင့်ဆိုနိုင်ပါသည်။ နိုင်ငံတကာနည်းဥပဒေများအရ ‘နိုင်ငံသား’ ဆိုသည်မှာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်နှင့် သူမှီတင်းနေထိုင်ရာ တိုင်းပြည်တို့အကြား တရားဥပဒေ၊ နည်းဥပဒေများအရ ဆက်နွယ်မှုဟု ဖွင့်ဆိုနိုင်ပါသည်။ ဥပမာအားဖြင့် ဗြိတိန်နိုင်ငံသား၊ ထိုင်းနိုင်ငံသား၊ မြန်မာနိုင်ငံသားစသည်ဖြင့် သုံးနှုန်းနိုင်သည်။ နိုင်ငံသားတစ်ဦးတွင် မှတ်ပုံတင်၊ မွေးစာရင်းနှင့် အခြားသော တရားဝင်နေထိုင်ကြောင်း သက်သေစာရွက်စာတမ်းများရှိရသည်။ ထိုတိုင်းပြည်၏ ပြည်သူပြည်သားတစ်ဦးအနေဖြင့် အခွင့်အရေးများလည်း ခံစားခွင့်ရှိသည်။ နိုင်ငံသားများဘက်ကလည်း စစ်မှုထမ်းခြင်း၊ အခွန်ဆောင်ခြင်း၊ တရားဥပဒေများကို လိုက်နာကျင့်သုံးခြင်းစသော နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားများကို တစ်ဖက်တစ်လမ်းက ထမ်းရွက်ကြရသည်။

အချို့ကလည်း ‘နိုင်ငံသား’ ဟူသည့် ဝေါဟာရကို အထက်ပါအတိုင်း ဥပဒေလမ်းကြောင်းအရ ခက်ဆစ်ဖွင့်ထားသည်ကို ရိုးရှင်းလွန်းသည်ဟု အထွန့်တက်ကြသည်။ နိုင်ငံသားဟူသည်မှာ လက်တွေ့ကျင့်ကြံရာ တာဝန်တစ်ရပ်ဖြစ်သည်ဟုလည်းခံယူကြသည်။ နိုင်ငံသားတို့သည် မိမိတို့လူမှုပတ်ဝန်းကျင်၏ ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာလျက် ‘အတ္တဟိတ ပရဟိတစိတ်’ ထားနိုင်သူများ ဖြစ်ကြရပေမည်။

**လုပ်ငန်းများ**

**နိုင်ငံသားဟူသော ဝေါဟာရကို အဓိပ္ပါယ်ဖွင့်ပါ။ မိမိဖွင့်ဆိုထားသည်ကို အတန်းဖော်တစ်ဦးနှင့် တိုက်ဆိုင်စစ်ဆေးပြီး ဆွေးနွေးပါ။**

‘နိုင်ငံသား’ ဟူသည် လုပ်ကိုလုပ်ရမည့် တာဝန်တစ်ရပ် (တာဝန်သိစိတ်ရှိ နိုင်ငံသား) ဟူ၍လည်းကောင်း၊ ဥပဒေ စံသတ်မှတ်ချက်တစ်ရပ် (တရားဥပဒေအရသတ်မှတ်ထားသော နိုင်ငံသား) ဟူ၍ တစ်ဖုံ ယနေ့ခေတ်လူအများက လက်ခံသတ်မှတ်ထားကြသည်။ ‘နိုင်ငံသား’ ဟူသော ဝေါဟာရ၏ အခြားသော အဓိပ္ပါယ်ဖွင့်ဆိုချက်များထဲမှ နိုင်ငံတကာအဖွဲ့အစည်းများက မည်သို့ဖွင့်ဆိုထားသည်ကို ဆက်လက်ဖတ်ရှုနိုင်သည်။

နိုင်ငံသားဆိုသည်မှာ –

- လူမှုရေးရာကိစ္စရပ်များတွင် စဉ်းစားဝေဖန်ရပ်တည်ပေးနိုင်သူ၊ မိမိတတ်သိထားသော ပညာတို့ကို နိုင်ငံ့အကျိုး၊ လူထုအကျိုးတို့အတွက် ကောင်းစွာအသုံးချတတ်သူ။ (၂၀၁၁)

နိုင်ငံသားဆိုသည်မှာ –

- မိမိနေထိုင်ရာ ရပ်ကွက်၊ ကျောင်းမှအစပြု၍ လူမှုပတ်ဝန်းကျင်တစ်ခုလုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များတွင် မျက်ခြေမပြတ် ပါဝင်ဆောင်ရွက်လိုသူ။
- ပြဿနာအခက်အခဲများကို ဆန်းစစ်ဝေဖန်နိုင်သောအစွမ်းဖြင့် ရင်ဆိုင်ကျော်လွှားကာ မိမိအဖွဲ့အစည်း၏ ရေရှည်ပန်းတိုင်များကို ဖြည့်ဆည်းပေးနိုင်သော လုပ်ငန်းဆောင်တာများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်တတ်သူ။ (၂၀၁၀)

နိုင်ငံသားဆိုသည်မှာ –

- မိမိနေထိုင်ရာ ပတ်ဝန်းကျင်မှသည် ကမ္ဘာ့လူမှုပတ်ဝန်းကျင်အကျိုးအထိ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လိုသူ၊ မျှဝေခံစားနိုင်သူ။
- မိမိမှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီးကို နေပျော်သော၊ ခိုင်မာသေချာသော အနာဂတ်ရှိသည့် ကမ္ဘာလောကကြီးဖြစ်အောင် ဆတက်ထမ်းပိုးဆောင်ရွက်လိုသူ။
- တာဝန်ယူစိတ် အပြည့်ရှိသူ။ (၂၀၀၉)

## လုပ်ငန်းများ

**မိမိကိုယ်တိုင် ဖွင့်ဆိုထားခဲ့သည့် 'နိုင်ငံသား' အဓိပ္ပါယ်နှင့် အထက်တွင် တင်ပြထားသော ဖွင့်ဆိုချက်များကိုက်ညီမှုရှိ၊ မရှိ ပြန်လည်စစ်ဆေးကြည့်ပါ။ ကိုက်ညီမှု မရှိပါက မည်သို့ မည်ပုံ ကွဲပြားနေရသည်ကို ဆန်းစစ်ပါ။ မည်သည့် ဖွင့်ဆိုချက်က မိမိလက်ရှိ ကြုံတွေ့နေရသည့် လူမှုအသိုင်းအဝိုင်းအကြောင်း ပီပီပြင်ပြင် ဖော်ပြထားသည်ကို ဆွေးနွေးပါ။**

**၁။ လူထုဆန္ဒပြပွဲများတွင် တက်ကြွစွာပါဝင်ခြင်း**

**၂။ အသိပညာအတတ်ပညာ တိုးပွားအောင်လုပ်ခြင်း**

**၃။ ပါတီတစ်ရပ်ရပ်တွင် ထောက်ခံပါဝင်ခြင်း**

**၄။ ရပ်ရေးရွာရေး၊ နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက်တို့ကို မျက်ခြေမပြတ် စောင့်ကြည့်အကဲဖြတ်ခြင်း**

**၅။ အိမ်တွင်းသုံးစွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန် ကြံဆောင်ခြင်း**

**၆။ ဆန္ဒမဲပေးခြင်း**

**၇။ သက်ကြီးရွယ်အိုတို့ကို ကူညီစောင့်ရှောက်ပေးခြင်း**

### ဆွေးနွေးချက်

ဤဖော်ပြပါ အပြုအမူများသည် နိုင်ငံသားတစ်ဦးတွင် ရှိသင့်သည့် အပြုအမူများ ဟုတ်၊ မဟုတ် ဆန်းစစ်ပါ။

## လုပ်ငန်းများ

မိမိတို့လူမှုအသိုင်းအဝိုင်းတွင် နိုးကြားတက်ကြွနိုင်ငံသားဟု ခေါ်ဆိုနိုင်လောက်မည့်သူတစ်ဦးကို အဖွဲ့များခွဲ၍ ရွေးချယ်ပေးပါ။ ထိုသူ၏ မည်သည့် အပြုအမူ၊ လုပ်ရပ်များက တာဝန်သိစိတ်ရှိ နိုင်ငံသားတစ်ဦးအဖြစ်သို့ တွန်းပို့ပေးသနည်း။ အထက်တွင် ဖော်ပြခဲ့သော အဓိပ္ပါယ်ဖွင့်ဆိုချက်တို့ကိုသုံး၍ ထိုသူအကြောင်း တင်ပြ ဆွေးနွေးပါ။


## ဆွေးနွေးချက်

၁။ နိုင်ငံသားကောင်းဖြစ်ရေးနှင့် နိုင်ငံသားကောင်း မွေးထုတ်ရေး ဆိုင်ရာ ပညာပေးရေးအစီအစဉ်တို့ အဘယ်အကြောင်းကြောင့် အရေးပါလာရသနည်း။

၂။ ယနေ့ခေတ်လူသားတို့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာရပ်များ အကြောင်း ဤစာမျက်နှာပါ ကိုးကားချက်များက မည်သို့ ဖော်ညွှန်းထားသနည်း။

# ၁.၂ နိုင်ငံသားဆိုင်ရာ ကိစ္စရပ်များကို သိရှိထားဖို့ လိုအပ်ပါသလား

ကမ္ဘာ့ရှုခင်းအတွင်း တာဝန်သိစိတ်ရှိ နိုင်ငံသားများ မွေးထုတ်ပေးရေးသည် နိုင်ငံတိုင်း၏ ဦးစားပေး ကိစ္စတစ်ရပ် ဖြစ်လာသည်။ ထိုကဲ့သို့ မွေးထုတ်ပေးနိုင်ရန်အတွက် 'ပညာရေး' အခန်းကဏ္ဍ၏ အရေးပါပုံကိုလည်း နိုင်ငံတကာခေါင်းဆောင်များက အသိအမှတ်ပြုလာကြသည်။ နိုင်ငံသားကောင်း များ မွေးထုတ်ပေးရေးနှင့် ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်များ မည်သို့ ပြောကြားခဲ့သည်ကို ဆက်လက်ဖတ်ရှုနိုင်ပါသည်။



ကျွန်တော်တို့ လူသားတစ်ဦးချင်းစီမှာ ပိုင်ဆိုင်ထားကြတဲ့ မတူကွဲပြားတဲ့ အယူအဆ တွေ၊ ယဉ်ကျေးမှုဓလေ့စရိုက်တွေ၊ ကိုယ်ရည်ကိုယ်သွေးတွေကို အသုံးချပြီး တစ်ဦးအပေါ်တစ်ဦး နားလည်မှုထားပြီး ကမ္ဘာကြီးမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ဖို့ ကြိုးပမ်းကြရမှာဖြစ်တယ်။ ဒါမှလည်း သုံးမကုန်နိုင်တဲ့ သယံဇာတတွေ၊ အခွင့်အလမ်းတွေ၊ အကျိုးတရားတွေကို အတူတကွ ရရှိခံစားနိုင်ကြမှာဖြစ်တယ်။

– ကိုအိုင်ချီရို မက်ဆူရာ UNESCO ဦးဆောင်ညွှန်ကြားရေးမှူးချုပ်



သက်ရှိလူသားတွေဟာ သက်မဲ့ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ အချင်းချင်းအပြန်အလှန် မှီခိုနေကြရတာဖြစ်တယ်။ ကမ္ဘာကြီးကျဉ်းလာတာနဲ့အမျှ နိုင်ငံတိုင်းဟာ တစ်သီးပုဂ္ဂလရပ်တည်ပြီး နိုင်ငံရေးရာကိစ္စတွေကို အဖြေရှာဖို့ဆိုတာ မလွယ်ကူ တော့ပါဘူး။ ဒါကြောင့် လူသားတစ်ဦးအပေါ်တစ်ဦး၊ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ မေတ္တာ၊ ကရုဏာတရားထားကြပြီး တာဝန်သိစိတ်ကိုယ်စီဖြင့် သာယာသော လောကလူ့ဘောင်ကြီးကို ထူထောင်ကြဖို့ လိုအပ်ပါတယ်။

– ဒလိုင်လားမား



အနာဂတ်မျိုးဆက်သစ်တွေအနေနဲ့ နိုင်ငံသားတစ်ဦးမှာရှိသင့်တဲ့ တာဝန်ဝတ္တရား တွေကို သိရှိလိုက်နာကြဖို့ အင်မတန်ပဲအရေးကြီးလှပါတယ်။ ဒါမှလည်း သူတို့ဘဝ ဖြတ်သန်းတဲ့အခါ ရင်ဆိုင်ကြုံတွေ့ရမယ့် ဘဝပုစ္ဆာတွေကို လွယ်လွယ်ကူကူ ကျော်လွှားနိုင်ကြမှာ ဖြစ်ပါတယ်။

– ဒေးဗစ်ဘလန်ကစ်၊ အင်္ဂလန်နိုင်ငံ၏ ပညာရေးနှင့် အလုပ်သမားရေးရာဌာန အတွင်းရေးမှူးချုပ်နှင့် ပြည်ထဲရေးဆိုင်ရာ အတွင်းရေးမှူးဟောင်း



ကျွန်မတို့အနေနဲ့ လတ်တလော ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပြဿနာအခက်အခဲတွေ ကို ကျော်လွှားနိုင်မယ့်အဖြေမျိုးကို အပူတပြင်း ရှာကြံကြရမှာဖြစ်တယ်။ ဒီအတိုင်း ပြဿနာရဲ့အဖြေကို ထိုင်စောင့်နေရုံနဲ့တော့ ဘဝအကျိုးကျေးဇူးမှ ခံစားကြရမှာ မဟုတ်ပါဘူး။ အလေးထားလုပ်ရမယ့်ကိစ္စကတော့ ကျွန်မတို့တစ်ဦးချင်းစီရဲ့ လုပ်နိုင်စွမ်းတွေကိုအခြေခံပြီး အနာဂတ်ကို ပုံဖော်ကြဖို့ပဲဖြစ်ပါတယ်။

– ရီဂိုဘတ်တို မန်ချီတွမ်၊ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ၁၉၉၂

| ပြဿနာရပ်များ | အခွင့်အလမ်းများ |
|---|---|
| ဥပမာ – ပညာအရည်အသွေး နိမ့်ပါးခြင်း။ | ဥပမာ – ဆရာအလုံလောက် မရှိခြင်း။ အလားအလာရှိ ကျောင်းသားများအား ဆရာအတတ်သင် ပညာရေး ဖြည့်ဆည်းပေး၍ ဆရာ၊ ဆရာမများ မွေးထုတ်ပေးခြင်း။ |

## လုပ်ငန်းများ

စာမျက်နှာပါ အဆိုအမိန့်များက လူ့အဖွဲ့အစည်း ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာရပ်များနှင့် ၎င်းတို့ကို ကျော်လွှားနိုင်မည့် အဖြေများ (အခွင့်အလမ်းများ) အကြောင်း တင်ပြထားသည်။ မိမိကျင်လည်ရာ လူမှုအသိုင်းအဝိုင်းအတွင်း ရင်ဆိုင်နေရသော အခက်အခဲများနှင့် အခွင့်အလမ်းများ အကြောင်း အဖွဲ့များခွဲပြီး တင်ပြပေးပါ။ ဖော်ပြပါ ဇယားကွက်တွင် ဖြည့်စွက်ပါ။)

## ၁.၂.၁ လူသားအခြေပြု ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီ အခြေခံ လိုအပ်ချက်

**အကြံပြုသင်ခန်းစာ**

လက်ရှိကမ္ဘာကြီးတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အရေးပါသော လူမှုအပြောင်းအလဲများအကြောင်း ဖော်ပြပေးပါ။

တာဝန်သိစိတ်ရှိ နိုင်ငံသားများ ပျိုးထောင်ပေးရန် အာရုံစိုက်လာကြခြင်းသည် အခြေအနေ အကြောင်းရပ်အစုံစုံပေါ် တည်မှီနေပေသည်။ ထိုအကြောင်းရင်းတို့ထဲတွင် အောက်ပါကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုကြီး ၂ ရပ်လည်း အပါအဝင်ဖြစ်သည်။

### ၁။ လူသားအခြေပြု ဖွံ့ဖြိုးရေး

၁၉၈၀ မတိုင်ခင်နှစ်များက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လူ့ဘဝအဆင့်အတန်း မြှင့်တင်ရေး အတွက် အထိရောက်ဆုံးအဖြေဖြစ်သည်ဟု လက်ခံယုံကြည်ထားကြသည်။ ၁၉၉၀ ခုနှစ်များမှ အစပြု၍ နိုင်ငံတကာအဖွဲ့အစည်းများက **'လူသားအခြေပြု ဖွံ့ဖြိုးရေး'** ဟူသော အယူအဆကို စတင်မိတ်ဆက်လာကြသည်။ **'လူသားအခြေပြု ဖွံ့ဖြိုးရေး'** တွင် အောက်ပါဦးတည်ချက်ကို ဖော်ပြထားသည်။

'နိုင်ငံဖွံ့ဖြိုးရေး၊ လူမှုအကျိုးပြုရေးစသော လုပ်ငန်းများတွင် လိုအပ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အလေးပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့အတူ နိုင်ငံသားများဘက်ကလည်း မိမိဘဝတည်ဆောက်ရေး၊ မိမိအသိုင်းအဝိုင်း သာယာစိုပြည်ရေးတို့ အတွက် တာဝန်ကိုယ်စီ ရှိကြသည်ဟူသော အသိကို မွေးမြူထားကြရပေမည်။ မိမိကြမ္မာ မိမိဖန်တီးပြီး ရွေ့လျားနေသော လူမှုပြောင်းလဲရေး လှိုင်းလုံးကြီးများနှင့်အတူ စီးမျောပါဝင်ကြရန် လိုအပ်လှသည်။' (UNDP, ၂၀၁၁)

### ၂။ ဒီမိုကရေစီအခြေခံ လိုအပ်ချက်

နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် နိုင်ငံသားများပါဝင်မှု လျော့နည်းလာသည့် အကြောင်းအရာနှင့် ပတ်သက်၍ ကမ္ဘာ့လူမှုအသိုင်းအဝိုင်းအတွင်း စိုးရိမ်ဖွယ်ရာကိစ္စတစ်ရပ် ဖြစ်လာသည်။

ဤအခြေအနေမျိုးကို ကမ္ဘာ့နေရာအနှံ့တွင် ပုံစံအမျိုးမျိုးဖြင့် တွေ့နိုင်သည်။ ဒီမိုကရေစီ ဖွံ့ဖြိုးစ တိုင်းပြည်များတွင် ဒီမိုကရေစီမဆန်သော လုပ်ဆောင်ချက်များ တစ်ကြော့ပြန်လာကြသည်။ စနစ်နှင့် အသားမကျသေးသော ခေါင်းဆောင်သစ်တစ်ယောက်ကြောင့်လည်းကောင်း လာဘ်လာဘ မျှော်ကိုးသည့် အစိုးရဝန်ထမ်းများကြောင့်တစ်ဖုံ ဒီမိုကရေစီအုတ်မြစ်ကြီး အနေးနှင့်အမြန် 'ခြ' တက်လာနိုင်ပေသည်။ သို့ရာတွင် ဤကဲ့သို့ဖြစ်ရခြင်းမှာ အစိုးရအပြုအမူ သက်သက်ကြောင့်မဟုတ်။ နိုင်ငံသားများကိုယ်တိုင်ကလည်း နိုင်ငံရေးနှင့်ကင်းကွာပြီး ဒီမိုကရေစီအခြေခံ သဘောတရားများကို မေ့လျော့နေကြသောကြောင့်ဖြစ်သည်။

**ဆွေးနွေးချက်**

၁။ 'နိုင်ငံသား' ဆိုင်ရာ ပညာပေးရေး အစီအစဉ်များ မိမိနိုင်ငံတွင် ရှိ၊ မရှိ ဆန်းစစ်ပါ။ ထိုအစီအစဉ်များ ရှိပါက ၎င်း၏ ဦးတည်ချက်များကို ဖော်ပြပေးပါ။

၂။ လူမှုရေးကိစ္စရပ်များတွင် မည်သို့ ပါဝင်ဆောင်ရွက်ခဲ့သည်ကို ဥပမာများပေး၍ ဖော်ပြပါ။

ဒီမိုကရေစီဘိုးဘေး နိုင်ငံများတွင်လည်း ဒီမိုကရေစီအနှစ်သာရများ နိမ့်ပါးလာသည်ဟု ဆိုလာကြသည်။ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုကဲ့သို့ နိုင်ငံများတွင်ပင် ပြည်သူများ နိုင်ငံရေးတွင် ပါဝင်မှုတဖြည်းဖြည်းနည်းလာသည်။ ခေါင်းဆောင်များက ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို မသိ၊ မမြင်၊ မဆောင်ရွက်ပေးချင်ကြဟု ခံစားကြရသည်နှင့်အမျှ ပြည်သူများ နိုင်ငံရေးတွင် ပါဝင်ဂရုစိုက်မှုနည်းပါးလာရသည်။

**အကြံပြုသင်ခန်းစာ**

လက်တွေ့အသုံးချ နိုင်ငံသားဆိုင်ရာ ပညာပေး အစီအစဉ်တွင် မည်သည်တို့ ပါဝင်သင့်သနည်း။

## ၁.၃ နိုင်ငံသားကောင်း မွေးထုတ်ရေးဆိုင်ရာ ပညာပေးရေး အစီအစဉ်

ကမ္ဘာ့လူ့အဖွဲ့အစည်းအသီးသီးက နိုးကြားတက်ကြွသော နိုင်ငံသားများရှိခြင်းသည် လူမှုရေးပြဿနာများ၏ အဖြေတစ်ခုအနေဖြင့် စတင်အသိအမှတ်ပြုလာကြသည်။ လူ့ဘောင်အဖွဲ့အစည်းတိုးတက်ရေးတွင် အရေးပါသော အသိပညာ၊ အတတ်ပညာနှင့် မိမိကိုယ်ကို ယုံကြည်မှုအစရှိသည့် ကိုယ်ရည်ကိုယ်သွေးတို့ကို ‘နိုင်ငံသားဆိုင်ရာ အသိပညာမျှဝေရေး အစီအစဉ်များ’ က ပျိုးထောင်ပေးသည်။ အင်္ဂလန်နှင့် ဩစတြေးလျကဲ့သို့ နိုင်ငံများတွင်ပင် ‘နိုင်ငံသားဆိုင်ရာ ဗဟုသုတမျှဝေရေး သင်ခန်းစာများ’ သည် ကျောင်းသင်ရိုး၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်လာသည်။ အချို့သော နိုင်ငံများတွင်မူ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာအသင်းအဖွဲ့များနှင့် ဘာသာရေးအဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံသားဆိုင်ရာ အသိပညာများကို လေ့လာသိရှိကြရသည်။

နိုင်ငံသားဆိုင်ရာ **အသိပညာဗဟုသုတများ**ကို သိရှိရန်မှာ အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်မှာ မှန်သည်။ သို့သော် ‘သိ’ ရုံသာ သိ၍ လက်တွေ့မကျင့်ကြံတတ်က အကျိုးမရှိလှ။ မိမိတတ်သိသော ပညာတို့ကို ရပ်ရွာအကျိုး၊ နိုင်ငံအကျိုးအတွက် အသုံးချတတ်ဖို့လည်း လိုသေးသည်။ ဥပမာ – နိုင်ငံသားတစ်ဦးအနေဖြင့် မည်သို့ မည်ပုံ မဲပေးရမည်၊ မဲပေးသင့်သည်ဆိုသော အသိရှိဖို့ဦးစွာ ကြိုးစားကြရမည်။ ထိုမှတစ်ဆင့်‘နိုင်ငံသားကောင်း’ တစ်ဦး အပြည့်အဝဖြစ်လိုသူ တစ်ဦးအတွက် ထိုအသိကို လက်တွေ့အသုံးချနိုင်ရန်လည်း ကြိုးပမ်းအပ်သည်။ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိအောင်လည်း အားထုတ်ရမည်။ သို့မှသာ ရွေးကောက်ပွဲအတွက် မဲပေးရာတွင် ပါတီ၏ရပ်တည်ချက်၊ အားသာချက်၊ အားနည်းချက်တို့ကိုကြည့်၍ မျှတစွာ စဉ်းစားဆုံးဖြတ်ကာ သင့်တော်သော ပြည်သူ့ကိုယ်စားလှယ်ကို ရွေးချယ်နိုင်ပေမည်။ နိုင်ငံသားကောင်းတစ်ဦးအနေဖြင့် ‘မျှတမှုရှိခြင်း၊ သည်းခံတတ်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း’ စသော စံတန်ဖိုးများကို အသိတရားနှင့် တွဲဖက်လျက် စောင့်ထိန်းသင့်လှပေသည်။

**ဆွေးနွေးချက်**

မည်သည့် အကြောင်းကြောင့် စည်းမျဉ်းဥပဒေများ၏ မူလရည်ရွယ်ချက်ကို နားလည်သိရှိထားရန် လိုအပ်သနည်း။

# ၁.၃.၁ နိုင်ငံသားတစ်ဦးတွင်ရှိသင့်သည့် အသိပညာ၊ အရည်အသွေးနှင့် စံတန်ဖိုးများ

အကြိုသင်ခန်းစာ

နိုင်ငံသားတစ်ဦးအတွက် မည်သည့် အသိပညာ၊ အရည်အသွေးနှင့် စံတန်းဖိုးများက အရေးပါကြသနည်း။

နိုင်ငံသားဆိုင်ရာ ပညာပေးရေးအစီအစဉ်များသည် လူငယ်လူရွယ်များကို အဓိကဦးတည်ထားကြပြီး လူငယ်များ နိုင်ငံသားဆိုင်ရာ အသိ၊ အတတ်၊ အရည်အသွေး စသည်တို့ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်သည်။

## နိုင်ငံသားတစ်ဦးတွင် ရှိအပ်သည့် အသိပညာ

'နိုင်ငံသားဆိုင်ရာ အသိပညာ' ဆိုသည်မှာ တာဝန်သိစိတ်ရှိသော နိုင်ငံသားကောင်းများဖြစ်ရန် မြေတောင်မြှောက်ပေးနိုင်သော အတွေးအခေါ်များ၊ အသိပညာများကိုဆိုလိုသည်။ နိုင်ငံသားများ သည် လူ့အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းလည်ပတ်ပုံ ကိစ္စအဝဝတို့ကိုလည်း သိရှိထားကြရမည်။ နိုင်ငံသားတစ်ဦးတွင်ရှိအပ်သည့် အခွင့်အရေးများ၊ တာဝန်ဝတ္တရားများကို သိရှိထားရန် လိုအပ်သကဲ့သို့ မိမိနေထိုင်ရာ လူ့အသိုင်းအဝိုင်း၏ ကိစ္စကြီးငယ်တို့ကိုလည်း မျက်ခြေမပြတ် စောင့်ကြည့် အကဲခတ်ရန် လိုအပ်သည်။

နိုင်ငံသားဆိုင်ရာ အသိပညာများမှာ ဥပမာအားဖြင့် –

- နိုင်ငံရေးအသိရှိပြီး နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်များ မည်သို့ ချမှတ်သည်ကိုသိရှိထားခြင်း မိမိနိုင်ငံ၏ စီးပွားရေးလည်ပတ်ပုံအား နားလည်ထားခြင်း။
- တိုင်းပြည်၏ စည်းမျဉ်းစည်းကမ်း၊ လူ့အသိုင်းအဝိုင်း၏ စည်းကမ်းများကို လိုက်နာကျင့်ကြံခြင်း။
- မိမိသုံးနေကျ ကုန်ပစ္စည်းများ မည်သို့ ထုတ်လုပ်သယ်ပိုးထားသည်ကို သိရှိထားခြင်း။

## နိုင်ငံသားတစ်ဦးရှိရမည့် ကိုယ်ရည်ကိုယ်သွေး

နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများအပိုင်းတွင် လူမှုရေးရာကိစ္စရပ်များအား ဆန်းစစ်ဝေဖန် တတ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ ဆွေးနွေးအဖြေရှာခြင်းတို့ပါဝင်သည်။ ထို့အပြင် ပူးပေါင်း ဆောင်ရွက်တတ်ခြင်း၊ ပြဿနာများကို အတူတကွဖြေရှင်းခြင်းနှင့် မှန်ကန်စနစ်ကျစွာ ဆုံးဖြတ်ချက် ချခြင်း အစရှိသည့် အရည်အသွေးများလည်းပါဝင်သည်။ ထိုမှသာ 'နိုင်ငံသားဆိုင်ရာ အသိတရား' တို့ကို အခြေခံပြီး နိုင်ငံရေး၊ လူမှုရေးရာဖွံ့ဖြိုးမှုများ ဆောင်ရွက်ရာတွင် လက်တွေ့ကျကျ အသုံးချ ပါဝင်နိုင်မည်ဖြစ်သည်။

နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးမှာ ဥပမာအားဖြင့်

- မိမိအတွေးအခေါ် အယူအဆများကို လူအများနားလည်အောင် ရှင်းလင်းစွာတင်ပြနိုင်စွမ်း။
- မီဒီယာမှရရှိသော သတင်းအချက်အလက်များကို နားလည်ဝေဖန်လက်ခံနိုင်စွမ်း။
- အခြားနိုင်ငံသားများနှင့်အတူ ပြဿနာများကို ဆွေးနွေးအဖြေရှာနိုင်စွမ်း။



လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ရန် အတွက် မီဒီယာတွင် မြင်ရ၊ ကြားရ၊ ဖတ်ရသည်တို့ကို နားလည်အသုံးချတတ် ရန်လည်း လိုအပ်သည်။

## နိုင်ငံသားတစ်ဦးစောင့်ထိန်းရမည့် စံတန်ဖိုးများ

နိုင်ငံသားဆိုင်ရာ စံတန်ဖိုးများတွင် သာတူညီမျှမှုရှိသော၊ လူတန်းစေ့ပါဝင်နိုင်သော၊ ငြိမ်းအေး သာယာမှုကို အလေးပေးသည့် ဓလေ့စရိုက်လက္ခဏာများ၊ ယုံကြည်မှုများကိုအခြေခံထားသည်။

နိုင်ငံသားဆိုင်ရာ စံတန်ဖိုးများမှာ ဥပမာအားဖြင့် –

- လူသားတိုင်းအား လေးစားတန်ဖိုးထား၍ ဆက်ဆံခြင်း၊ သည်းခံစိတ်မွေးမြူခြင်း၊ စာနာရိုင်းပင်းတတ်ခြင်း။
- သာတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေးစသော အများပြည်သူအကျိုးပြုလုပ်ငန်းများ ဖွံ့ဖြိုးရှင်သန်လာအောင် ဆောင်ရွက်ကြိုးပမ်းခြင်း။
- တစ်ဦးအပေါ်တစ်ဦး နားလည်စာနာစိတ်များထားကြပြီး ပြဿနာများ၏အဖြေကို ညှိနှိုင်းအဖြေရှာခြင်း။

**လေ့ကျင့်ခန်း**

၁။ ဖော်ပြပါ နိုင်ငံသားတစ်ဦးတွင် ရှိအပ်သည့် အသိပညာများကို ပြန်လည်ဆန်းစစ်ပါ။ နိုင်ငံသားတစ်ဦးတွင် ထိုအသိပညာများ မရှိပါက မည်ကဲ့သို့ အခက်အခဲများ ကြုံတွေ့နိုင်သနည်း။

၂။ ဖော်ပြပါ နိုင်ငံသားတစ်ဦးတွင် ရှိအပ်သည့် ကိုယ်ရည်ကိုယ်သွေးများကို ပြန်လည်ဆန်းစစ်ပါ။ နိုင်ငံသား တစ်ဦးတွင် ထိုအရည်အသွေးများ မရှိပါက မည်သို့သော အခက်အခဲများ ကြုံတွေ့နိုင်သနည်း။

၃။ ဖော်ပြပါ နိုင်ငံသားတစ်ဦးတွင် ရှိအပ်သည့် စံတန်ဖိုးများကို ပြန်လည်ဆန်းစစ်ပါ။ လူမှုအသိုင်းအဝိုင်း အတွင်း ထိုကိုယ်ကျင့်သီလတို့ မစောင့်ထိန်းပါက မည်သို့သော လူမှုပြဿနာများ ကြုံတွေ့နိုင်သနည်း။

**လုပ်ငန်းများ**

၁။ အခန်းခွဲ (၁.၁) ရှိ လေ့ကျင့်ခန်းတွင် ရွေးချယ်ခဲ့သည့် ‘စံပြနိုင်ငံသား’ အကြောင်းကို ပြန်လည်စဉ်းစား ကြည့်ပါ။ စာရွက်တစ်ရွက်ပေါ်တွင် စက်ဝိုင်း ၃ ဝိုင်းကိုဆွဲပါ။ ထိုပုဂ္ဂိုလ်တွင်ရှိသော အသိပညာ၊ အရည်အချင်း၊ စံတန်ဖိုး စသည်တို့ကို စက်ဝိုင်းတစ်ခုစီတွင် ချရေးပါ။ ပြီးနောက် အတန်းဖော်များအား ဆွေးနွေးတင်ပြပါ။

၂။ ဖော်ပြပါ အရည်အသွေးများသည် လူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ကိုယ်စားပြုပါသလား။ (သို့မဟုတ်) မိမိတို့ကျင်လည်ရာ အသိုင်းအဝိုင်းအတွက်သာ အကျုံးဝင်ပါသလား။ အဘယ်ကြောင့်နည်း။

## ဖြစ်ရပ်လေ့လာချက်



ဖြူဖြူသည် အသက် ၂၃ ရှိပြီဖြစ်သည်။ သူသည် မွန်ပြည်နယ်အတွင်းရှိ ရွာလေးတစ်ရွာတွင် နေထိုင်ပြီး ထိုဒေသရှိ ဘုန်တော်ကြီးပညာသင်ကျောင်းတစ်ခုတွင် ကျူရှင်ဆရာမအဖြစ် အသက်မွေးဝမ်းကြောင်းပြုနေသည်။ စာသင်ပြီး အိမ်ပြန်ရာတွင် မြို့ထဲသို့ ဖြတ်လျှောက်ရသည်။ မြို့ထဲသို့ ဖြတ်လျှောက်သည့်အခါ ဆင်းရဲသော ကလေးငယ်လေးများ တောင်းရမ်းနေခြင်းနှင့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်နေခြင်းကိုတွေ့ရ၍ စိတ်မကောင်းဖြစ်ရသည်။ အများစုမှာ ၇ နှစ်မှ ၁၁ နှစ်အတွင်းဖြစ်ပြီး မြို့ပြင်ရှိ ဆင်းရဲသားရွာများမှဖြစ်ကြသည်။ ဖြူဖြူက ထိုကလေးများနှင့် သူတို့၏ မိသားစုများကို အကူအညီပေးလိုသည်။ ထိုအခြေအနေကို ပြောင်းလဲရန် သူတစ်ခုခု လုပ်တော့မည်ဟု ဆုံးဖြတ်ထားသည်။

## လေ့ကျင့်ခန်း

၁။ မည်သို့သော လူမှုပြဿနာမျိုးကို ဖြူဖြူဖြေရှင်းလိုသနည်း။

၂။ ထိုပြဿနာကို ဖြေရှင်းရန် ဖြူဖြူပြုလုပ်နိုင်လောက်သည့် လုပ်ဆောင်ချက်များအား ဖော်ပြပေးပါ။

၃။ ထိုလုပ်ဆောင်ချက်များ ထိရောက်အကျိုးရှိစေရန် မည်ကဲ့သို့သော နိုင်ငံသားဆိုင်ရာအသိပညာနှင့် နိုင်ငံသားဆိုင်ရာ အရည်အသွေးများ လိုအပ်မည်နည်း။

၄။ အထက်ပါစာပိုဒ်အရ ဖြူဖြူ၏ လုပ်ဆောင်ချက်များသည် 'နိုင်ငံသားတစ်ဦးတွင် ရှိသင့်သည့် အသိ၊ အကျင့်' တို့နှင့် ကိုက်ညီမှုရှိပါသလား။ ကိုက်ညီချက်များကို ဖော်ပြပေးပါ။

## လုပ်ငန်းများ

၁။ မိမိရပ်ရွာတွင် နိုင်ငံသားဆိုင်ရာ ပညာပေးရေး အစီအစဉ်များရှိ၊ မရှိ ဆန်းစစ်ပါ။

၂။ ထိုအစီအစဉ်များကို မည်သူတို့က စီစဉ်၍ မည်သူတို့ ပါဝင်ဆောင်ရွက်ကြသနည်း။

၃။ ထိုအစီအစဉ်များက မည်သို့သော လူမှုရေးလိုအပ်ချက်များနှင့် ပြဿနာများကို ဖြေရှင်းပေးထားနိုင်သနည်း။

၄။ ထိုအစီအစဉ်များက မည်သို့သော နိုင်ငံသားဆိုင်ရာ အရည်အသွေးများကို မြှင့်တင်ပေးနိုင်ခဲ့သနည်း။

## ပြန်လည်သုံးသပ်ချက်

**စာရွက်တစ်ရွက်ပေါ်တွင် အထက်ပါ သင်ခန်းစာများအရ မိမိသိရှိသင့်သည်ဟုထင်သည့် နိုင်ငံသားဆိုင်ရာ အသိပညာနယ်ပယ်တစ်ရပ်နှင့် မြှင့်တင်ရန်လိုအပ်နေသည့် နိုင်ငံသားဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးတစ်ရပ်တို့ကို ဖော်ပြပေးပါ။ ထို့နောက် ထိုအရည်အသွေးများ အဘယ်ကြောင့် မြှင့်တင်ရန် လိုအပ်သည်ကို ရေးသားဆွေးနွေးပါ။ ရေးသားပြီးပါက ထိုဆွေးနွေးချက်ကို ဆရာ၊ ဆရာမအား စစ်ဆေးခိုင်းပါ။**

အကြိုသင်ခန်းစာ

၁။ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများမှာ မည်သည်တို့ ဖြစ်သနည်း။

၂။ နိုင်ငံသားဆိုင်ရာ တာဝန်ဝတ္တရားများမှာ မည်သည်တို့ ဖြစ်သနည်း။

# ၁.၄ နိုင်ငံသားဆိုင်ရာ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ

နိုင်ငံသားတစ်ဦး ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ ရှိအပ်သည့် တာဝန်ဝတ္တရားများကို နိုင်ငံသားတိုင်း သိရှိနားလည်ထားကြရန်မှာ အလွန်အရေးပါလှသည်။ ထို့ကြောင့် ဤအခန်းတွင် နိုင်ငံသားဆိုင်ရာ အခွင့်အရေး၊ တာဝန် အစရှိသော သဘောတရားများနှင့် ၎င်းတို့ကြား ဆက်စပ်ပုံများကို တင်ပြပါမည်။

## ၁.၄.၁ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ

'အခွင့်အရေးတစ်ရပ်' ဟူသည် ယေဘုယျအားဖြင့် 'စည်းကမ်းဥပဒေတစ်ရပ်' ကဲ့သို့ပင်ဖြစ်သည်။ 'အခွင့်အရေး' တစ်ရပ်သည်လည်းကောင်း၊ 'နည်းဥပဒေ' တစ်ချက်သည်လည်းကောင်း နိုင်ငံသားတို့အား –

- ပစ္စည်းပစ္စယ တစ်စုံတစ်ရာ ရရှိပိုင်ဆိုင်နိုင်ခွင့်။
- တစ်ဦးတစ်ယောက်၊ တစ်စုံတစ်ရာ၏ နှောင့်ယှက်ဖျက်ဆီးမှုမှ ကာကွယ်ပိုင်ခွင့်။
- အခွင့်ထူးကြီးငယ်တို့ကို ရရှိခံစားပိုင်ခွင့်၊ အစရှိသည့် အကျိုးတရားများအား ပေးအပ်ထားသည်။






လူ့အခွင့်အရေးကြေညာ စာတမ်းကို မြန်မာဘာသာအပါအဝင် အခြားသော ဘာသာစကားများစွာသို့ ပြန်ဆိုထားသည်။

နိုင်ငံသားဆိုင်ရာ အခွင့်အရေးများတွင် ဥပဒေကြောင်းလမ်းအရ အခွင့်အရေးများနှင့် ကျင့်ဝတ်ဆိုင်ရာ အခွင့်အရေးများဟူ၍ နှစ်မျိုးရှိသည်။ ဥပဒေလမ်းကြောင်းအရ အခွင့်အရေးများကို နိုင်ငံ၏ တရားဥပဒေမဏ္ဍိုင်က ကာကွယ်ပေးထားသည်။ ကျင့်ဝတ်ဆိုင်ရာ အခွင့်အရေးများအပိုင်းတွင် အမှား၊ အမှန် ဆင်ခြင်နိုင်စွမ်းကို အခြေခံထားပြီးဆောင်ရန်၊ ရှောင်ရန် စံသတ်မှတ်ချက်များပါဝင်သည်။

'လူ့အခွင့်အရေး' ဆိုသည်မှာ လူသားတိုင်း၏ မွေးရာပါကျင့်ဝတ်ဆိုင်ရာ အခွင့်အရေးတစ်ရပ် ဖြစ်သည်ဟု ယုံကြည်လက်ခံထားကြသည်။ ၁၉၄၈ က ထုတ်ပြန်ထားသော UDHR ၏ အဆိုအရ 'လူ့အခွင့်အရေး' ဆိုသည်မှာ 'လူသားတို့၏ လွတ်လပ်စွာ ဖန်တီးနေထိုင်ပိုင်ခွင့်၊ တရားဥပဒေစိုးမိုးသော လူ့ဘောင်လောကကြီးတွင် ငြိမ်းချမ်းသာယာစွာ အတူတကွနေထိုင်ခွင့်အစရှိသော အခြေခံလိုအပ်ချက်များကို လူသားတိုင်းရရှိခံစားနိုင်ခွင့်' ဟု ဖော်ပြထားသည်။

ယနေ့ခေတ်တွင် နားလည်လက်ခံထားကြသည့် 'လူ့အခွင့်အရေး' ဆိုင်ရာ အယူအဆများမှာ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးသည့်နောက် ရေးသားထားသော အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများမှ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အခြေခံထားသည်။ ထိုစာချုပ် စာတမ်းများမှ အရေးပါဆုံးမှာ 'လူ့အခွင့်အရေး ကြေညာစာတမ်း' (UDHR) ဖြစ်သည်။ ထိုကြေညာစာတမ်းကို ကုလသမဂ္ဂတွင် ၁၉၄၈ ခုနှစ်၌ ရေးသားခဲ့ကြခြင်းဖြစ်သည်။ 'ကြေညာစာတမ်း' အရ လူ့အခွင့်အရေးဆိုင်ရာ သတ်မှတ်ချက်များကို အောက်ပါအတိုင်း ၃ ပိုင်း ခွဲခြားသတ်မှတ်ထားသည်။ ၎င်းတို့မှာ

- **လူသားအားလုံးနှင့် သက်ဆိုင်မှု** – ကမ္ဘာမြေ၏ မည်သည့်နေရာတွင် မွေးဖွားသူဖြစ်စေ လူသားတစ်ဦးတွင်ရှိရမည့် အခွင့်အရေးများ ခံစားပိုင်ခွင့်ရှိခြင်း။
- **မဖျောက်ဖျက် မပျက်စီးနိုင်မှု** – ထိုအခွင့်အရေးများကို မွေးဖွားသည်မှ သေဆုံးသည်အထိ မည်သို့သော အကြောင်းကြောင့်မျှ မပျက်စီး မဆုံးရှုံးစေရခြင်း။
- **အပြန်အလှန် ဆက်နွယ်အမှီပြုနေမှု** – အခွင့်အရေးများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြသည်။ မည်သည်ကိုမျှ ခွဲခြားဖယ်ထုတ်ထား၍မရ။

'လူ့အခွင့်အရေး' များသည် နိုင်ငံသားများ မိမိတို့အသိုင်းအဝိုင်းအတွင်း အပြည့်အဝ တက်ကြွစွာ ပါဝင်နိုင်ရန်အတွက် လိုအပ်သည်တို့ကို ဖြည့်ဆည်းပေးသည်။ အထူးသဖြင့် နိုင်ငံသားများ အကြောက်တရားမှ ကင်းဝေးကာ စိတ်ချလက်ချ၊ လုံလုံခြုံခြုံနေထိုင်နိုင်ပြီး မိမိအကျိုး၊ သူတစ်ပါးအကျိုးပြုသည့် လုပ်ငန်းများကို အနှောင်အဖွဲ့ကင်းကင်း လုပ်ဆောင်နိုင်ပေမည်။

‘လူ့အခွင့်အရေး ကြေညာစာတမ်း’ သည် နိုင်ငံတိုင်းက ဝန်ခံကတိလက်မှတ်ထိုးထားသော ဥပဒေတစ်ရပ် မဟုတ်ချေ။ ထိုကြေညာစာတမ်းတရားဥပဒေအရ သက်ဝင်လာအောင် ပံ့ပိုးပေးနိုင်လောက်သော အစိုးရဌာနတစ်ရပ်သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ရပ်သော်လည်းကောင်း နိုင်ငံတိုင်းလိုလို တွင် မရှိကြပေ။ ထို့အပြင် တစ်ကမ္ဘာလုံးကို ကိုယ်စားပြုနိုင်မည့် လူ့အခွင့်အရေးဆိုင်ရာ တရားဥပဒေ တစ်ရပ် ပြဌာန်းရန်မှာလည်း မလွယ်ကူလှချေ။ ထို့ကြောင့်ပင်လျှင် လူ့အခွင့်အရေး ကြေညာစာတမ်း ပါ ပြဌာန်းချက်များကို ကျင့်ဝတ်ဆိုင်ရာ လူ့အခွင့်အရေးတစ်ရပ်အဖြစ်သာ လက်ခံသတ်မှတ်ထား ကြသည်။

ထိုကြေညာစာတမ်းတွင် ဖော်ပြချက်များသည် အနောက်တိုင်းဆန်လွန်းသည်ဟုလည်း ဝေဖန်ကြ သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝှမ်းရှိ လူသားတိုင်းကို ကိုယ်စားပြုနိုင်၊ လက်ခံပါဝင်နိုင်လောက်သည့် အနေအထားမရှိဟု ထောက်ပြကြသည်။ ကမ္ဘာတစ်ဝှမ်း လက်ခံကျင့်သုံးကြသည့် လူ့ကျင့်ဝတ်အခြေပြု နိုင်ငံသားအခွင့်အရေးများသည် လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများနှင့်မတူ ကွဲပြား သည့် အချက်များစွာ ပါဝင်နေကြသည်။ နိုင်ငံတစ်နိုင်ငံ၊ ရိုးရာယဉ်ကျေးမှုတစ်ခုတွင် လက်ခံကျင့်သုံး သည့် အမူအကျင့်တစ်ရပ်သည် အခြားနိုင်ငံ၊ အခြားသော ယဉ်ကျေးမှုတစ်ရပ်အတွက် လက်မခံ နိုင်ဖွယ် ကိစ္စတစ်ရပ်ဖြစ်နေနိုင်သည်။ ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ချက်တစ်ရပ်ချမှတ်ခြင်းသည် တစ်ကမ္ဘာလုံး၏ မတူကွဲပြားလှသော ယဉ်ကျေးမှုများကို ကိုယ်စားပြုနိုင်ရန် ခဲယဉ်းလှပေသည်။

| UDHR ကို ထောက်ခံသော အဆိုများ | UDHR ကို ဆန့်ကျင်သော အဆိုများ |
| --- | --- |
| | |

## ဆွေးနွေးချက်

မိမိနေထိုင်ရာ လူမှုအသိုင်းအဝိုင်း အတွင်း တက်ကြွစွာ ပါဝင်နိုင်ရန် မည်သို့သော အခြေအနေ၊ အကြောင်းတရားများ လိုအပ်သနည်း။ ဥပမာ – လူ့အဖွဲ့အစည်းတွင် ပါဝင်နိုင်ရန် လိုအပ်ချက်များ (အစားအစာ၊ ပညာရေး စသည်...)၊ အရင်းအမြစ်များ (အလုပ်အကိုင် အခွင့်အလမ်းများ)

## လေ့ကျင့်ခန်း

အထက်ပါ စာပိုဒ်တွင် ပါရှိသည့် ‘လူ့အခွင့်အရေး ကြေညာစာတမ်း’ အား ထောက်ခံသော အဆိုများနှင့် ကန့်ကွက်သော အဆိုများကို ဖော်ပြပေးပါ။ စာပိုဒ်တွင် မပါဝင်သော အခြားသော အဆိုများကိုလည်း စဉ်းစားပြီး တစ်ဖက်ပါ ဇယားတွင် ဖြည့်ပေးပါ။




ရွေးကောက်ပွဲတွင် မည်သည့်နေရာ၌ မဲပေးရမည်ကို ဖော်ပြထားသည့် ပိုစတာတစ်ခုဖြစ်သည်။ UDHR ၏ အဆိုအရ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိခြင်းသည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်ဟု ဆိုထားသည်။

UDHR တွင် ပါဝင်သော လူ့အခွင့်အရေးများကို အမျိုးအစား ၃ ရပ် ထပ်မံ ခွဲခြားနိုင်သည်။

## ၁။ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ

နိုင်ငံသားအခွင့်အရေးများသည် လူတစ်ဦးတစ်ယောက်ချင်းစီအား နိုင်ငံရေးတန်းတူညီမျှမှု ရှိစေရန်နှင့် ခွဲခြားဆက်ဆံရခြင်းမှ ကင်းဝေးရန် အကာအကွယ်ပေးသည်။ နိုင်ငံသားတိုင်း နိုင်ငံအုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့တွင် တစ်ဖက်တစ်လမ်းက ထောက်ပံ့ပါဝင်နိုင်မည့် အခွင့်အရေးများလည်း ရှိရမည်ဖြစ်သည်။

## ၂။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ

စီးပွားရေးဆိုင်ရာ အခွင့်အရေးများတွင် လူတိုင်းအလုပ်လုပ်ပိုင်ခွင့်၊ မျှတသော လုပ်ခလစာ ရရှိခံစားနိုင်ခွင့်၊ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်နှင့် သာယာသော လူမှုဘဝဖန်တီးတည်ဆောက်နိုင်လောက်မည့် အထောက်အပံ့ကောင်းများရရှိခြင်း စသည်တို့ကို အာမခံပေးနိုင်ရမည်ဖြစ်သည်။ လူမှုရေးဆိုင်ရာ အခွင့်အရေးများတွင် လူသားတိုင်း မရှိမဖြစ် လိုအပ်သော စားစရာ၊ နေရာ၊ ဆေးဝါးနှင့် အခြားလူမှုကူညီထောက်ပံ့မှုများ ပါဝင်သည်။ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများတွင်မူ လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့်၊ မိမိ၏ရိုးရာယဉ်ကျေးမှုတို့ကို လွတ်လပ်စွာ ဖော်ထုတ်ပြသနိုင်ခွင့် စသည်တို့ ပါဝင်ပေသည်။

## ၃။ လူ့အဖွဲ့အစည်းကိုယ်စားပြု အခွင့်အရေးများ

ဤအခွင့်အရေးတွင် လူသားတိုင်း လုံခြုံဘေးကင်းပြီး မျှတညီညွတ်မှုရှိသော လူ့ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရန် ထောက်ကူပေးသည်။ ရှေ့တွင်ဖော်ပြထားသည့် အခွင့်အရေးနှစ်ရပ်နှင့် ကွဲပြားသည့်အချက်မှာ ဤအခွင့်အရေးသည် လူတစ်ဦးချင်းစီအတွက် မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များအားလုံးကို ကိုယ်စားပြုသည့် အခွင့်အရေးဖြစ်သည်။ 'လူ့အဖွဲ့အစည်းကိုယ်စားပြု အခွင့်အရေးများ' တွင် အောက်ပါတို့လည်း ပါဝင်သည်။

၁။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများ – လူသားတိုင်းသန့်ရှင်းသောလေ၊ ရေတို့ ရရှိသုံးစွဲနိုင်ခြင်း၊ အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ဘေးမှကာကွယ်ပေးနိုင်ခြင်း။

၂။ လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုဆိုင်ရာ အခွင့်အရေးများ – မိမိဘဝတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်ပအဖျက်အနှောင့်များ အန္တရာယ်မှ တားဆီးပိုင်ခွင့်၊ မိမိနိုင်ငံ၏ သယံဇာတနှင့် အချုပ်အခြာအာဏာတို့ကို နိုင်ငံသားများ၏ လက်ထဲတွင်သာ ထားရှိစီမံပိုင်ခွင့်တို့ ပါဝင်သည်။

**ပြန်လည်သုံးသပ်ချက်**

**ဖော်ပြပါ လူ့အခွင့်အရေးဆိုင်ရာ အချက် ၃ ရပ်တွင် မည်သည်က အရေးပါဆုံးဖြစ်သည်ဟု ထင်မြင်သနည်း။ အဘယ်ကြောင့်နည်း။**

## လုပ်ငန်းများ

ဖော်ပြပါ အချက်များသည် 'လူ့အခွင့်အရေး ကြေညာစာတမ်း' ပါ ထုတ်နုတ်ထားချက်များဖြစ်သည်။ ထိုအချက်များထဲမှ မည်သည်က နိုင်ငံသားနှင့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများဖြစ်သည်၊ မည်သည်က စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ လူ့အခွင့်အရေးများဖြစ်သည်၊ မည်သည့်အချက်များက လူ့အဖွဲ့အစည်းကိုယ်စားပြု အခွင့်အရေးဖြစ်သည်ကို အမျိုးအစားခွဲပြီး အနောက်စာမျက်နှာတွင် ပါသော ဇယားတွင် ဖြည့်ပေးပါ။

၁။ အချုပ်အနှောင်ကင်းစွာ နေထိုင်ခွင့် (လွတ်လပ်စွာ တွေးခေါ် ဆောင်ရွက်နိုင်ခွင့်)။

၂။ ညီညွတ်မျှတစွာ နေထိုင်နိုင်ခွင့်။

၃။ သတင်းအချက်အလက်များကို လွတ်လပ်စွာ ရယူဖြန့်ဝေနိုင်ခွင့်။

၄။ အပြစ်မရှိဘဲ အစစ်အဆေး အမေးအမြန်းမရှိ အကျဉ်းချခြင်းမှ ကင်းလွတ်ခွင့်။

၅။ အသက်ဘေးရန် နှောင့်ယှက်မှုများမှ ကင်းလွတ်ပိုင်ခွင့်။

၆။ မဲပေးနိုင်ခွင့်။

၇။ လွတ်လပ်စွာ ပြောဆိုခွင့်။

၈။ အဆင့်အတန်းမီသော လူနေမှုအဆင့် ရရှိပိုင်ဆိုင်နိုင်ခွင့်။

၉။ အစည်းအဝေးပွဲများ၊ လူထုစုဝေးပွဲများကို လွတ်လပ်စွာ ပါဝင်တက်ရောက်နိုင်ခွင့်။

၁၀။ ပုဂ္ဂိုလ်ရေးရာ လွတ်လပ်ခွင့်။

၁၁။ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် လွတ်လပ်စွာ ပါဝင်နိုင်ခွင့်။

၁၂။ နိုင်ငံရေးပါတီများ၊ အလုပ်သမားသမဂ္ဂများ၊ အဖွဲ့အစည်းများတွင် မိမိစိတ်ဆန္ဒအရ ပါဝင်လိုက ပါဝင်ခွင့်၊ မပါဝင်လိုက နှုတ်ထွက်ပိုင်ခွင့်။

၁၃။ သန့်ရှင်းသော ပတ်ဝန်းကျင် ပိုင်ဆိုင်နိုင်ခွင့်။

၁၄။ လိင်၊ လူမျိုး၊ ဘာသာစသည်တို့အပေါ် မူတည်၍ ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းဝေးခွင့်။

၁၅။ လက်ထပ်၍ မိသားစုတည်ဆောက်နိုင်ခွင့် (လက်မထပ်လိုက ငြင်းပယ်နိုင်ခွင့်)။

၁၆။ ဝါသနာပါရာအလုပ်ကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်။

၁၇။ လွတ်လပ်စွာ ကိုးကွယ်နိုင်ခွင့် (မကိုးကွယ်လိုက မကိုးကွယ်နိုင်ခွင့်)။

၁၈။ ပညာသင်ယူခွင့်။

၁၉။ ပြင်းထန်စွာ ကိုယ်ထိလက်ရောက် စော်ကားခံရခြင်း (သို့) ညှဉ်းပန်းနှိပ်စက်ခံရခြင်းတို့မှ လွတ်မြောက်ခွင့်။

၂၀။ မျှတသော တရားစီရင်မှု ရရှိခံစားနိုင်ခွင့်။

၂၁။ အလုပ်လုပ်ပိုင်ခွင့်။

၂၂။ ကျန်းမာရေးဝန်ဆောင်မှု ခံယူနိုင်ခွင့်။

၂၃။ နိုင်ငံသားခံယူခွင့်။

၂၄။ အတွေးအခေါ်၊ အယူအဆ၊ ဘာသာရေးဆိုင်ရာ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်။

၂၅။ ယဉ်ကျေးမှု ထိန်းသိမ်းရေးတွင် စောင့်ရှောက်ပါဝင်နိုင်ခွင့်။

| နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများ | စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ | လူ့အဖွဲ့အစည်း ကိုယ်စားပြု အခွင့်အရေးများ |
|---|---|---|
| | | |

## ဆွေးနွေးချက်

၁။ ဖော်ပြပါ လူ့အခွင့်အရေးများသည် မိမိတိုင်းပြည်ရှိ လူများအတွက် အရေးပါသည်ဟုထင်ပါသလား။ အဘယ်ကြောင့်နည်း။ ထိုအခွင့်အရေးများထဲမှ အရေးအပါဆုံး အခွင့်အရေး (၃) ခုနှင့် အရေးပါမှု အနည်းဆုံး အခွင့်အရေး (၃) ခုကို ချရေးပြပါ။

၂။ မည်သည့် အခွင့်အရေးများသည် နိုင်ငံသားများ မိမိအသိုင်းအဝိုင်းအတွင်း တက်ကြွစွာပါဝင်နိုင်ရန် အထောက်အကူပြုပေးသနည်း။

## လုပ်ငန်းများ

**အောက်ဖော်ပြပါ 'လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်စဉ်' လေ့လာချက်များမှာ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့အစည်း (Amnesty Internationl) မှ အစီရင်ခံချက်များဖြစ်သည်။ ဖော်ပြပါ ဖြစ်စဉ်တစ်ခုစီတွင် –**

၁။ မည်သို့သော လူ့အခွင့်အရေးများ ချိုးဖောက်ခြင်းခံခဲ့ရသနည်း။

၂။ ထိုလူ့အခွင့်အရေးတစ်ခုချင်းစီသည် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေး၊ လူမှုရေးဆိုင်ရာ အခွင့်အရေး၊ လူ့အဖွဲ့အစည်းကိုယ်စားပြု အခွင့်အရေးတို့ထဲမှ မည်သို့သော လူ့အခွင့်အရေးမျိုး ဖြစ်သနည်း။

၃။ ထိုအခွင့်အရေးများ မည်သို့ မည်ပုံ ချိုးဖောက်ခံခဲ့ကြရသနည်း။

၄။ ထိုအခွင့်အရေး ချိုးဖောက်မှုများက နိုင်ငံသားများ မိမိတို့အသိုင်းအဝိုင်းအတွင်း တက်ကြွစွာ ပါဝင်ရေးတွင် မည်သို့သော အဟန့်အတားဖြစ်စေသနည်း။

## ဖြစ်ရပ်လေ့လာချက် (က)



### ဟောင်ရှောင်ကွေ့ – တရုတ်နိုင်ငံရေးလှုပ်ရှားသူ

၂၀၀၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ဟောင်ရှောင်ကွေ့အား တရုတ်ဘာသာစကားသုံး အင်တာနက် သတင်းစာမျက်နှာပေါ်တွင် အငြင်းပွားဖွယ် ဆောင်းပါးရေးသားမှုဖြင့် ရဲများက ဖမ်းဆီးခဲ့သည်။ ထိုဆောင်းပါးတွင် သူက တရုတ်မျိုးချစ် ဒီမိုကရေစီပါတီ (China Patriotic Democracy Party) ကို စတင်လိုသည့် အစီအစဉ်ကို ပွင့်လင်းစွာ ရေးသားခဲ့သည်။ သူသည် အကျဉ်းချခံခဲ့ရပြီးနောက် မည်သူတစ်ဦးတစ်ယောက်နှင့်မှ ဆက်သွယ်ခွင့် မရခဲ့ပေ။ ၄ လကြာမှသာ သူ့မိသားစုထံ သူအဖမ်းခံရသည့်အကြောင်း တရားဝင်အကြောင်းကြားခဲ့သည်။ ၂၀၀၄ ဇွန်လတွင် သူသည် 'တရုတ်မျိုးချစ် ဒီမိုကရေစီပါတီ' ကို စတင်စည်းရုံးတည်ထောင်ခဲ့သည်။ ပါတီထောင်ခြင်းအစီအစဉ် အပြည့်အဝ အကောင်အထည် မပေါ်ခင်တွင်ပင် သူ့အား ထောင် ၁၀ နှစ် ချမှတ်ခဲ့သည်။

'ပါတီ၏မူဝါဒမှာ တရုတ်ပြည်သူတို့၏ မျိုးချစ်စိတ်ကို ပျိုးထောင်ပေးရန်ဖြစ်သည်။ အစိုးရကို ဆန့်ကျင်လို၍မဟုတ်။ ကွန်မြူနစ်ပါတီကြီးကို ဆန့်ကျင်လိုသောကြောင့်လည်းမဟုတ်။ ကွန်မြူနစ်ပါတီကြီး၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမှတစ်ဆင့် အမျိုးသားလုံခြုံရေး၊ မျိုးချစ်စိတ်ဓာတ်အခြေခံသည့် ဒီမိုကရေစီစနစ် ရှင်သန်အားကောင်းလာစေရေးစသော မိခင်တိုင်းပြည်ကြီး၏ အကျိုးအတွက်သာ ဦးတည်ထားသည်။'

ဟောင်ရှောင်ကွေ့၊ တရုတ်မျိုးချစ် ဒီမိုကရေစီပါတီ

## ဖြစ်ရပ်လေ့လာချက် (ခ)

### အိန္ဒိယဇာတ်ခွဲခြားမှုစနစ်

အိန္ဒိယဇာတ်ခွဲခြားမှုစနစ်တွင် လူ့အဖွဲ့အစည်းကို စည်းစိမ်၊ ရာထူးနှင့် အလုပ်အကိုင် ကွဲပြားမှုပေါ်မူတည်၍ ခွဲခြားထားမှုမှာ အိန္ဒိယ၏ အမြစ်တွယ်နေသည့် ဘာသာရေး၊ လူမှုရေး ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ဒါလစ် (ခေါ်) ဇာတ်နိမ့်လူတန်းစားများသည် ဆင်းရဲကြသူများဖြစ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးတွင် အနိမ့်ကျဆုံးသော လူတန်းစား များ ဖြစ်သည်ဟု လူအများသတ်မှတ်ထားကြသည်။ သူတို့၏ နိမ့်ကျသည့် လူမှုအဆင့်အတန်းက မြေအလုခံရခြင်း၊ အသတ်ခံရခြင်း၊ အဓမ္မကျင့်ခံရခြင်းစသော အကြမ်းဖက်မှုများ၏ သားကောင်များဖြစ်ကြရသည်။ ထို့အပြင် အလုပ်နှင့် ကျောင်းများ တွင် အနှိမ်ခံရသည်သာမက ဆင်းရဲပင်ပန်းကြီးစွာ နေထိုင်အသက်မွေးကြရသည်။ ဒါလစ်အမျိုးသမီးများသည် ဇာတ်နှင့် လိင်ပိုင်းဆိုင်ရာ အဖိနှိပ်ခံရခြင်းနှစ်ရပ်လုံး ခံစားနေကြရပြီး ထိရောက်သော ဥပဒေအရ ကာကွယ်မှုများ လိုအပ်နေပေသည်။



## ဖြစ်ရပ်လေ့လာချက် (ဂ)

### ပေါဟေး – အိုင်ယာလန်လူမျိုး နိုင်ငံရေးလှုပ်ရှားသူ

ပေါဟေးသည် ၁၉၇၅ ခုနှစ်တွင် အိုင်ရာလန်နိုင်ငံ လွတ်မြောက်ရေး လှုပ်ရှားမှုအတွက် အင်္ဂလန်ရှိ ဟိုတယ်များကို ဗုံးဖောက်ခွဲမှုဖြင့် ဖမ်းဆီးအရေးယူကာ အပြစ်ပေးခံခဲ့ရ သည်။ သူက ထိုပြစ်မှုများသည် သူနှင့် သက်ဆိုင်ခြင်း မရှိကြောင်း ပြောဆိုထားသည်။ သူ့အဆိုအရ ရဲများက သက်သေအတုများ ဖန်တီးပြီး သူ့အပေါ် အပြစ်ပုံချထားသည်ဟု ဆိုသည်။ သူပြစ်မှုမှ ကင်းလွတ်ကြောင်း ဖော်ပြသည့် သက်သေအထောက်အထားများ ကိုလည်း တရားခွင်တွင် ထိန်ချန်ထားသည်ဟုဆိုသည်။ နောက်ဆုံးတွင် ဗြိတိသျှအစိုးရ ကိုယ်တိုင်က ရဲအရာရှိများ၏အပြစ်ကိုဝန်ခံပြီး သူ့အားလွှတ်ပေးခဲ့သည်။



အကြိုသင်ခန်းစာ

**မိမိတို့အနေဖြင့် မည်သည့်တာဝန်များ ပိုင်ဆိုင်ထားကြသနည်း။**

နိုင်ငံရေးတွင် ပါဝင်ခြင်းသည် တာဝန် ဝတ္တရားတစ်ရပ်လော၊ အခွင့်အရေး တစ်ရပ်လော။

## ၁.၄.၂ နိုင်ငံသားတစ်ဦး၏ တာဝန်နှင့် ဝတ္တရားများ

‘နိုင်ငံသားဆိုင်ရာဝတ္တရား’ ဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည့်၊ လုပ်ကိုလုပ်ရမည့် ဆောင်ရွက်ဖွယ်ရာများပင်ဖြစ်သည်။ အဓိကအားဖြင့် ကျင့်ဝတ်နှင့် စာရိတ္တပိုင်းဆိုင်ရာ အသိစိတ်တို့ကို အခြေခံထားသည်။ လူသားတိုင်းကျင့်ကြံရမည့် ဝတ္တရားများသည် နေရာဒေသ၊ ဓလေ့စရိုက်ပေါ်မူတည်၍ ကွဲပြားနိုင်သည်။ မည်သည့်နေရာဒေသတွင် နေထိုင်ကြသည်ဖြစ်စေ နိုင်ငံသားတိုင်း နိုင်ငံရေးရာကိစ္စရပ်များတွင် တက်ကြွစွာပါဝင်ကြရန် အလွန်အရေးပါလှသည်။ ထို့အပြင် လူ့အသိုင်းအဝိုင်းတစ်ရပ်၏ အရည်အသွေးသည် ထိုအသိုင်းအဝိုင်းတွင်ရှိသော နိုင်ငံသားများပေါ်တွင်သာ တည်မှီနေသည်ဖြစ်ရာ နိုင်ငံသားများအနေဖြင့် မိမိတို့၏ အသိပညာ အတတ်ပညာတို့ကို မြှင့်တင်ပြီး မိမိကျင်လည်ရာအသိုင်းအဝိုင်းတွင် သာယာပျော်ရွှင်မှုရှိစေရန် တည်ဆောက်ကြရပေမည်။ ထိုကဲ့သို့ တည်ဆောက်ရာတွင်လည်း မည်သူတစ်ဦးတစ်ယောက်ကမှ၊ မည်သည့် ဥပဒေတစ်ရပ်ကမှ အကျပ်ကိုင်တိုက်တွန်းနေမည်မဟုတ်။ မိမိအသိစိတ်ဖြင့်သာ ဆောင်ရွက်ကြိုးပမ်းကြရမည် ဖြစ်သည်။



'နိုင်ငံသားဆိုင်ရာ တာဝန်တစ်ရပ်' ဆိုသည်မှာလည်း နိုင်ငံသားတိုင်း လုပ်ဆောင်အပ်သည့် ဆောင်ရွက်ဖွယ်ရာများတွင် အပါအဝင်ဖြစ်သည်။ 'နိုင်ငံသားဆိုင်ရာ ဝတ္တရားများ' နှင့် မတူသည့် အချက်မှာ 'တာဝန်' များသည် တရားဥပဒေနှင့် ဆက်နွယ်နေကြသည်။ တာဝန်တစ်ရပ်ကို ပြီးစီးအောင် မဆောင်ရွက်နိုင်ပါက ထိရောက်သော အပြစ်တစ်စုံတစ်ရာ ခံစားရနိုင်သည်။ ဥပမာအားဖြင့် ရုံးဝန်ထမ်းတစ်ဦးသည် အလုပ်ခွင်သို့ အချိန်မီရောက်ရန်တာဝန်ရှိသည်။ အမြဲတမ်း အလုပ်နောက်ကျနေမည်ဆိုပါက အလုပ်ပြုတ်နိုင်မည်ဖြစ်သည်။ ထိုဥပမာအတိုင်းပင် နိုင်ငံသားများသည်လည်း နိုင်ငံ၏တရားဥပဒေကို လေးစားလိုက်နာလျက် သက်ဆိုင်ရာတာဝန်များကို ဖြည့်ဆည်းကြရမည်။ ထိုသို့ မလိုက်နာနိုင်က တရားဥပဒေအရ အပြစ်တစ်စုံတစ်ရာ ခံစားရပေမည်။

'နိုင်ငံသားဆိုင်ရာ တာဝန်နှင့် ဝတ္တရားများ' သည် အယူအဆသဘောတရားအရ ထပ်တူကျနေတတ်သည်။ ဥပမာဆိုရသော် အချို့နိုင်ငံများတွင် စစ်မှုထမ်းခြင်းသည် နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံသားများသည် အမိမြေကို ကာကွယ်ကြရမည်ဟူသော အသိစိတ်ကို အခြေခံလျက် စစ်မှုထမ်းခြင်းကို တာဝန်တစ်ရပ်ရော၊ ဝတ္တရားတစ်ရပ်အနေဖြင့်ပါ ရှုမြင်ကြသည်။ ထိုဥပမာကဲ့သို့ပင် အချို့သောလုပ်ဆောင်ချက်များ၊ လူမှုကိစ္စများသည် နိုင်ငံသားဆိုင်ရာ တာဝန်တစ်ရပ်အနေဖြင့် သာမက နိုင်ငံသားဆိုင်ရာ ဝတ္တရားတစ်ရပ်အနေဖြင့်ပါ ရှုမြင်နိုင်ပေသည်။

## လေ့ကျင့်ခန်း

**အောက်တွင် ဖော်ပြထားသော ဥပမာများကို ဖတ်ကြည့်ပါ။ မည်သည်တို့က လူ့အခွင့်အရေး၊ မည်သည်တို့က တာဝန်ဝတ္တရားများ ဖြစ်သည်ကို စဉ်းစားဆုံးဖြတ်ပေးပါ။ အချို့ဥပမာများသည် ကဏ္ဍတစ်ရပ်ထက်ပို၍ ဖြစ်နိုင်သည်။**

၁။ မိမိတွေးမြင်ထားသည်ကို အများသိအောင် မျှဝေပေးခြင်း။

၂။ ပုံမှန်ကျောင်းစာလုပ်ခြင်း။

၃။ မီတာခ အခွန်ဆောင်ခြင်း။

၄။ လုပ်အားပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅။ မိမိနေထိုင်ရာ ပတ်ဝန်းကျင်အား သန့်သန့်ရှင်းရှင်းထားခြင်း။

၆။ မီးပွိုင့်နီလျှင် ရပ်ပေးခြင်း။

၇။ အသိပညာ ဗဟုသုတကြွယ်ဝအောင်လုပ်ခြင်း။

၈။ ကျောင်းမှန်မှန်တက်ခြင်း။

၉။ သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ပေးခြင်း။

## လုပ်ငန်းများ

**အထက်ဖော်ပြပါ ဥပမာများနှင့် ဆင်တူသည့် လုပ်ငန်းဆောင်တာ (၃) ရပ်ကို ချရေးပါ။ ထို့နောက် သင့်အတန်းဖော်တစ်ဦးအားပြ၍ မည်သည်တို့က အခွင့်အရေး၊ မည်သည်တို့က တာဝန်ဝတ္တရားစသည်ဖြင့် အမျိုးအစားခွဲပေးပါ။ သဘောထားမတိုက်ဆိုင်သော အချက်များရှိပါက အတန်းရှိ အခြားသော ကျောင်းသားများ နှင့် ဆွေးနွေးအဖြေရှာပေးပါ။**

## အကြိုသင်ခန်းစာ

၁။ တာဝန်မထမ်းဆောင်ဘဲ အခွင့်အရေး ရယူခြင်းသည် မျှတသည်ဟု ထင်ပါသလား။ အဘယ့်ကြောင့်နည်း။

၂။ အခွင့်အရေး မခံစားရဘဲ တာဝန် အပေးခံရခြင်းသည် မျှတသည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

# ၁.၄.၃ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကြား ဆက်နွယ်ချက်

နိုင်ငံသားဆိုင်ရာ အခွင့်အရေးများသည် နိုင်ငံသားဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ဆက်နွယ်မှီခိုနေကြသည်။ နိုင်ငံသားဆိုင်ရာ အခွင့်အရေးတစ်ရပ်ခံစားရသည့် နိုင်ငံသားတစ်ဦးသည် အခြားသူများလည်း ထိုအခွင့်အရေးများ ရရှိခံစားနိုင်အောင် ကြိုးပမ်းရမည့်တာဝန်ရှိသည်။ တစ်ခါတစ်ရံ နိုင်ငံသားတို့၏ အခွင့်အရေးများသည် လူသားအချင်းချင်း လေးစားတန်ဖိုးထားခြင်း၊ စောင့်ထိန်းကာကွယ်ခြင်း အစရှိသည့် တာဝန်ဝတ္တရားများကို တည်မှီနေပေသည်။ နိုင်ငံသားများ၏ အခွင့်အရေးများ အပြည့်အဝခံစားနိုင်ကြရန်နှင့် 'သင့်တင့်မျှတသော လူမှုဘဝ' ပိုင်ဆိုင်နိုင်ရန် အစိုးရများဘက်ကလည်း အောက်ပါလုပ်ငန်းဆောင်တာများကို ဖြည့်ဆည်းပေးရန်လိုအပ်သည်။


- နိုင်ငံသားများအား သင့်တင့်မျှတသော အစားအစာ၊ နေရာ စသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊
- နိုင်ငံသားများအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ ထားရှိပေးခြင်း၊
- သက်ကြီးရွယ်အိုများနှင့် အလုပ်လက်မဲ့ လူတန်းစားတို့အား ထိရောက်သော အကူအညီပေးရေး အစီအစဉ်များ ထားရှိပေးထားခြင်း၊
- အနေအစားချို့တဲ့သူများအား အထောက်အပံ့ပေးရေး အစီအမံများ ရေးဆွဲကာ ကူညီထောက်ပံ့ပေးခြင်း။

## လေ့ကျင့်ခန်း

**အဖွဲ့များခွဲပြီး စာမျက်နှာ (၁၅) ပါ 'လူ့အခွင့်အရေး ကြေညာစာတမ်း' မှ အခွင့်အရေးတစ်ရပ်ကိုရွေးပါ။**

၁။ ထိုအခွင့်အရေးများ ဖြည့်ဆည်းပေးရန် မည်သူတွင် တာဝန်ဝတ္တရားများ ရှိသနည်း။

၂။ တစ်ဖက်စာမျက်နှာတွင် ဖော်ပြထားသော 'သင့်တင့်မျှတသည့် လူမှုဘဝ' ဆိုင်ရာ အစိုးရ၏ ဖြည့်ဆည်းပေးရမည့်အချက်များ ကဲ့သို့သော လုပ်ဆောင်ဖွယ်ရာများကို ရေးသားပါ။



Inter Action Council ၏ 'နိုင်ငံသားဆိုင်ရာ တာဝန်ဝတ္တရားများ' ဆိုင်ရာ ကြေညာစာတမ်းကို http:/www.interactioncouncil.org တွင် ရယူနိုင်သည်။

'နိုင်ငံသားဆိုင်ရာ အခွင့်အရေး' များသည် နိုင်ငံသားများ လူမှုအသိုင်းအဝိုင်းအတွင်း တက်ကြွစွာ ပါဝင်နိုင်ရေးအတွက် အခွင့်အလမ်းများကို ဖန်တီးပေးသည်၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ နိုင်ငံသားများအနေဖြင့် မိမိတို့ဆောင်ရွက်အပ်သည့် တာဝန်တို့ကို ဖြည့်ဆည်းခြင်းဖြင့်သာ မိမိတို့ ရသင့်ရအပ်သော အခွင့်အရေးများ၊ အခြားသူတို့၏ အခွင့်အရေးများကို ကာကွယ်ရာ ရောက်ပေမည်။

၁၉၉၇ ခုနှစ်တွင် တိုကျိုအခြေစိုက် နိုင်ငံတကာ လူထုခေါင်းဆောင်ဟောင်းကြီးများနှင့် ဖွဲ့စည်းထားသော Inter Action Council အဖွဲ့က 'နိုင်ငံသားများဆိုင်ရာ တာဝန်ဝတ္တရားများ' ဟူသည့် ကြေညာစာတမ်းကို ထုတ်ပြန်ခဲ့သည်။ ထိုစာတမ်းပါ တာဝန်ဝတ္တရားများမှာ –

- လူသားအချင်းချင်း လေးစားခင်မင်စိတ်ထားကြရန် (ဘဝရပ်တည်ရှင်သန်ခွင့်)
- လူမှုအဖွဲ့အစည်းကြီး ဖွံ့ဖြိုးရှင်သန်လာစေရေးအတွက် လူသားတိုင်း၏ ဂုဏ်သိက္ခာ၊ လွတ်လပ်ခွင့်၊ လုံခြုံမှုရှိခွင့်နှင့် တရားမျှတမှုရှိခွင့်တို့ကို လေးစားအသိအမှတ်ပြုရန် (လွတ်လပ်ခွင့်၊ မျှတသော တရားစီရင်မှု ရရှိခံစားနိုင်ခွင့်၊ အသက်ဘေးရန် နှောင့်ယှက်မှုမှ ကင်းလွတ်ခွင့် စသည်) တို့ ဖြစ်ကြပေသည်။

၁။ နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများကို ရရှိခံစားသူတစ်ဦးအနေဖြင့် အပြန်အလှန်အားဖြင့် ___________ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

၂။ လုံခြုံစိတ်ချရပြီး သင့်တင့်မျှတသော အလုပ်ခွင်တွင် အလုပ်လုပ်ရခြင်းဟူသော နိုင်ငံသားဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို ခံစားရသူတစ်ဦးအနေနှင့် အပြန်အလှန်အားဖြင့် ___________ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

၃။ လွတ်လပ်စွာ ပြောဆိုဝေဖန်နိုင်ခြင်းဟူသော နိုင်ငံသားဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို ခံစားရသူ တစ်ဦးအနေနှင့် အပြန်အလှန်အားဖြင့် ___________ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

၄။ ပညာသင်ကြားနိုင်ခွင့် ရရှိခြင်းဟူသော နိုင်ငံသားဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို ခံစားရသူတစ်ဦး အနေနှင့် အပြန်အလှန်အားဖြင့် ___________ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

၅။ နိုင်ငံ၏ သယံဇာတများကို မျှဝေခံစားနိုင်ခြင်းဟူသော နိုင်ငံသားဆိုင်ရာ အခွင့်အရေးတစ်ရပ်ကို ခံစားရသူတစ်ဦးအနေနှင့် အပြန်အလှန်အားဖြင့် ___________ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။

## လေ့ကျင့်ခန်း

ဖော်ပြပါ 'နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ' ကို ကြည့်ပါ။ ထိုအခွင့်အရေးများနှင့် ကိုက်ညီမည့် တာဝန်ဝတ္တရားများကို ရေးသားပေးပါ။

## ၁.၅ လူ့အဖွဲ့အစည်းအတွင်း စောင့်ထိန်းဖွယ်ရာများ (သို့မဟုတ်) တရားရှိလူနေမှု

### အကြိုသင်ခန်းစာ

'တရားရှိ လူနေမှု' ဆိုသည်မှာ အဘယ်နည်း။

လူသားအားလုံးသည် မည်သို့ ပြုမူနေထိုင်ကြစေကာမူ တူညီသော အခြေခံလိုအပ်ချက်များရှိကြသည်။ ထိုအခြေခံလိုအပ်ချက်များတွင် အစားအစာ၊ မိုးတင်းနေထိုင်ရာ အရိပ်အာဝါသ၊ ကျန်းမာရေး အထောက်အပံ့များ၊ ပညာရေးနှင့် **လွတ်လပ်စွာ ဖော်ထုတ်နေထိုင်ခွင့်** စသည်တို့ပါဝင်သည်။

လူ့အဖွဲ့အစည်းများတွင် ထိုအခြေခံလိုအပ်ချက်များ မပံ့ပိုးပေးနိုင်ဘဲ လူ့အခွင့်အရေးများ ချိုးဖောက်ခြင်းခံနေကြရသည်။ ထိုချိုးဖောက်ခံနေကြရခြင်း၏ အဓိကတရားခံမှာ 'ဆင်းရဲမွဲတေခြင်း' ပင်ဖြစ်သည်။ ဆင်းရဲမွဲတေမှုကြောင့် ပညာသင်ကြားနိုင်ခွင့် မရရှိခြင်း၊ အစာအာဟာရပြည့်မီမှု မရှိခြင်းနှင့် သင့်တင့်မျှတသော အလုပ်ရှားပါးခြင်းစသော အခက်အခဲများ ကြုံတွေ့ရသည်။ ထို့အပြင် ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိခြင်း၊ **ခေါင်းပုံဖြတ်အမြတ်ကြီးစားခံရခြင်း** အစရှိသည့် ပြဿနာများလည်း ကြုံတွေ့ကြရသည်။

လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းတွင် လူအချင်းချင်း ခွဲခြားဆက်ဆံခံရခြင်းလည်း အပါအဝင် ဖြစ်သည်။ ထိုခွဲခြားဆက်ဆံမှုမျိုးတွင် လူမျိုးရေး၊ ဘာသာရေး၊ လူနေမှုအဆင့်အတန်း၊ ဘာသာစကား၊ **လိင်စိတ်တိမ်းညွတ်မှု၊** နိုင်ငံသားဖြစ်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင်နိုင်စွမ်း စသည်တို့ကို အခြေခံလျက် ပေါက်ဖွားလာကြသည်။ ခွဲခြားဆက်ဆံခံရမှုတို့သည် ပုံမှန်အားဖြင့် လူ့အဖွဲ့အစည်း အတွင်း နေထိုင်သူအချို့သည် လူအများတန်းတူ လူ့အခွင့်အရေးများ ခံစားပိုင်ခွင့်မရှိခြင်းကို ဆိုလိုသည်။ ထိုကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်မှုများက လူမှုအသိုင်းအဝိုင်းအတွင်း မညီမျှမှုများ၊ ပဋိပက္ခများကို ဖန်တီးပေးလျက်ရှိပေသည်။



'တရားရှိလူနေမှု' သည် နိုင်ငံသားတိုင်းအား ညီညွတ်မျှတသော အခွင့်အရေးများ ပေးအပ်ပြီး သာယာသော လူ့ဘောင်ကြီး တည်ဆောက်နိုင်စေရန် ထောက်ပံ့ပေးသည်။

'ဆင်းရဲမွဲတေမှုများ'၊ 'ခွဲခြားဆက်ဆံခံရမှုများ' သည် မမျှမတ ဆက်ဆံခံရမှုများ၏ အကျိုးဆက်တို့ပင် ဖြစ်သည်။ ထိုသို့ မမျှမတ ဆက်ဆံခံရသူများသည် လူ့အဖွဲ့အစည်းအတွင်းမှ မသိမသာ ဖယ်ထုတ်ခံနေကြရသည်။ ဤအချက်က 'တရားမျှတမှု' ရှိသော လူ့အဖွဲ့အစည်းဖန်တီးရာတွင် အဟန့်အတားဖြစ်နေသည်။ 'တရားမျှတမှု' ဆိုသည်မှာ လူသားတိုင်းအား မျှတညီညွတ်စွာဆက်ဆံခြင်း၊ လူ့တန်ဖိုးကို အလေးထားခြင်းတို့ကို အခြေခံထားသည်။ တရားရှိလူနေမှုတွင် လူ့အဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားတိုင်းအခွင့်အရေးများ သာတူညီမျှစွာ ရရှိခံစားနိုင်ကြစေရန် ရည်ရွယ်ပေသည်။

## ဆွေးနွေးချက်

သင်ခန်းစာ (၁.၅) ကို ဖတ်ပြီးနောက်

၁။ ‘တရားရှိလူနေမှု’ ကို ကျင့်သုံးနိုင်ရန် မည်သို့သော နိုင်ငံသားဆိုင်ရာ အသိပညာ၊ အရည်အသွေးနှင့် စံတန်ဖိုးများ လိုအပ်သနည်း။

၂။ ‘ဆင်းရဲမွဲတေခြင်း’ နှင့် ‘ခွဲခြားဆက်ဆံရခြင်း’ တို့၏ အကျိုးဆက်များကို ဖော်ပြပေးပါ။

၃။ တရားရှိလူနေမှုအတွက် မည်သည်တို့ကို ကျင့်ကြံအပ်သနည်း။

## လုပ်ငန်းများ

မိမိအသိုင်းအဝိုင်းအတွင်းရှိ တရားရှိလူနေမှုကို ဖော်ဆောင်ပေးမည့် စောင့်ထိန်းဖွယ်ရာများကို အဖွဲ့များခွဲ၍ ဆွေးနွေးပြုစုပေးပါ။ အောက်ဖော်ပြပါ အချက်များကို အသုံးပြု၍ ဆောင်ရွက်ပေးပါ။

၁။ နိုင်ငံသားတို့အား ဘေးရန်အပေါင်းမှ စောင့်ရှောက်ကာကွယ်ပေးနိုင်ပြီး၊ လုံခြုံစိတ်ချမှု ပေးစွမ်းနိုင်မည့် စည်းမျဉ်းဥပဒေများ။

၂။ နိုင်ငံသားတိုင်းအား လေးစားတန်ဖိုးထားပြီး၊ နိုင်ငံသားတို့၏ အရည်အချင်းကို အသိအမှတ်ပြုပေးမည့် စောင့်ထိန်းဖွယ်ရာများ။

၃။ မိမိအသိုင်းအဝိုင်းအတွင်း အပြည့်အဝ ပါဝင်စေနိုင်ရေးတွင် သာတူညီမျှသော အခွင့်အရေးများ ပေးအပ်ထားသည့် ကျင့်ကြံဖွယ်ရာများ။

၄။ နိုင်ငံသားတိုင်းအတွက် အစားအစာ၊ အထောက်အပံ့စသော လိုအပ်ချက်များကို မျှတစွာ ဖြည့်ဆည်းပေးနိုင်သည့် စည်းမျဉ်းဥပဒေများ။

၅။ နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ တိုးပွားအောင် ကျင့်ကြံရာတွင် တူညီသော အခွင့်အလမ်းများ ခံစားနိုင်မည့် စည်းကမ်းချက်များ။

## အကြိုသင်ခန်းစာ

ကမ္ဘာပေါ်တွင် အစိုးရများ၊ ဥပဒေ သတ်မှတ်ချက်များ၊ ရဲများ၊ အုပ်ချုပ်ရေး စနစ်များ မရှိတော့ပါက မည်သို့ ဖြစ်သွားနိုင်သနည်း။ ပိုကောင်းလာမည်လား။ ပိုဆိုးသွားမည်လား။ အဘယ်ကြောင့်နည်း။

# ၁.၆ လူမှုပဋိညာဉ် သီအိုရီ

‘လူမှုပဋိညာဉ် သီအိုရီ’ သည် လူ၊ အသိုင်းအဝိုင်းနှင့် အစိုးရတို့အကြားရှိ ဆက်နွယ်မှုကို ဖော်ညွှန်းသော အတွေးအခေါ် အယူအဆများကို အခြေခံထားသည်။ ထိုသီအိုရီသည် ဂျွန်လော့(ခ်) နှင့် သောမတ်ဟော့ဘ်ကဲ့သို့သော ၁၇ ရာစု အတွေးအခေါ်ပညာရှင်များကြောင့် လူသိများလာခဲ့သည်။

ထိုသီအိုရီအရ မိမိတို့လူမှုအသိုင်းအဝိုင်းကို အစိုးရကင်းမဲ့သော အခြေအနေတစ်ရပ်အသွင် ပုံဖော်မြင်ယောင်စေသည်။ ရဲများမရှိ၊ ဥပဒေများလည်းမရှိ၊ ခေါင်းဆောင်ဟူ၍နိုတ္ထိ။ နိုင်ငံသားတိုင်း မိမိလုပ်ချင်ရာကို လုပ်ပိုင်ခွင့်ရှိသည်။ အစားအစာ၊ နေရာ၊ အထောက်အပံ့နှင့် အခွင့်အရေးတို့အတွက် တစ်ဦးနှင့် တစ်ဦး ယှဉ်ပြိုင်ကြရမည်။ မိမိဘဝလုံခြုံရေးအတွက် စိုးရိမ်သောက ရောက်နေကြရပြီး အမြဲတိုက်ခိုက်နိုင်မှသာ ရှင်သန်နိုင်ခွင့်ရကြမည်။


ထိုအခြေအနေမျိုးနှင့် ကြုံတွေ့ရပါက နိုင်ငံသားများသည် မိမိတို့၏ ကိုယ်ပိုင်အခွင့်အရေးအချို့ကို မိမိဘဝလုံခြုံရေးအတွက် အပေးအယူပြုလုပ်လာနိုင်လောက်သည့် အနေအထားတစ်ရပ် ပေါ်ထွန်းလာနိုင်မည်လောဟု အတွေးအခေါ်ပညာရှင်များက မေးခွန်းထုတ်လာကြသည် (ဥပမာ – သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါဟူသော အယူအဆမျိုး)။ ထိုကဲ့သို့သော ‘လူမှုပဋိညာဉ်ဆိုင်ရာ’ အယူအဆ၏ အရေးပါပုံနှင့် ပတ်သက်၍ ဂျွန်လော့(ခ်) နှင့် သောမတ်ဟော့ဘ်တို့ ထောက်ခံကြသော်လည်း ရှင်းလင်းထားချက်များ၊ ကောက်ချက်ချပုံများတွင်မူ ကွဲပြားနေသည်ကို လေ့လာတွေ့ရှိရသည်။

ဟော့၏အဆိုအရ 'လူ့အသိုင်းအဝိုင်းတစ်ရပ်တွင် အုပ်ချုပ်သူလူတန်းစား မရှိပါက အချင်းချင်း သတ်ဖြတ်နေကြပေမည်ဟု ဆိုထားသည်။ အာဏာနှင့် ပြည့်စုံသော အစိုးရရှိမှသာလျှင် တရားဥပဒေ စိုးမိုးရေးကို ထောက်ပံ့ပေးနိုင်ပေမည်။ လူအများကြား သဘောတူချက်များ၊ ပဋိညာဉ်များ ချမှတ်စေကာမူ ထိုချမှတ်ချက်များကို အသက်ဝင်အောင် ဆောင်ရွက်ပေးနိုင်မည့် အစိုးရတစ်ရပ် ရှိမှသာလျှင် ပြဿနာများကို ထိန်းချုပ်နိုင်ပေမည်။ သို့မဟုတ်ပါက နားလည်မှုကွဲလွဲသည့်အခါမျိုး၊ ထိုပဋိညာဉ်များကို အလေးထားဂရုမမူကြတော့သည့် အခြေအနေမျိုးတွင် အစိုးရအနေဖြင့် ကြားဝင် စေ့စပ်ပေးနိုင်မည်' ဟု ဆိုထားသည်။



သောမတ်ဟော့

လော့(ခ်) ကမူ 'လူသားတို့အနေဖြင့် အသိုင်းအဝိုင်းများဖွဲ့၍ နေထိုင်ကြသည်မှာ သဘာဝပင်ဖြစ်သည်။ လူအများစုသည် လူ့ကျင့်ဝတ်ကို လေးစားစောင့်ထိန်းကြပြီး အများဒုက္ခရောက်မည့် အလုပ်မျိုးကို ရှောင်ကြဉ်ကြသည်။ အစိုးရတစ်ရပ်ဟူသည် လေးစားတန်ဖိုးထားမှု၊ ဦးတည်ချက်တူညီမှု စသည် တို့ကို အခြေခံလျက် လူမှုအသိုင်းအဝိုင်းအတွင်းမှပင် ပေါက်ဖွားလာရခြင်းဖြစ်သည်။ အစိုးရ၏ အကြီးမားဆုံးတာဝန်တစ်ရပ်မှာ နိုင်ငံသားများအား ပြင်ပမှကျရောက်လာနိုင်မည့် ရန်စွယ်အပေါင်း တို့မှ အကာအကွယ်ပေးရေးပင်ဖြစ်သည်' ဟု ဆိုထားသည်။



ဂျွန်လော့(ခ်)

ဟော့နှင့် လော့(ခ်) တို့၏ အယူအဆတွင် တူညီသောအချက်မှာ နိုင်ငံသားများအနေဖြင့် မိမိတို့၏ အခွင့်အရေးများနှင့် လွတ်လပ်မှုအချို့တို့ကို စွန့်လွှတ်လျက် နိုင်ငံအကျိုး၊ နိုင်ငံတာဝန်ကို ထမ်းဆောင်ကြရန်ပင်ဖြစ်သည်။

'လူမှုပဋိညာဉ်' သီအိုရီသည် နိုင်ငံသားများအား ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သော 'နိုင်ငံသား များ၏ လက်ထဲတွင်သာ အာဏာရှိကြောင်း၊ အစိုးရတစ်ရပ်သည် ပြည်သူတို့၏ဆန္ဒကို ဆန့်ကျင် ဖောက်ဖျက်သည့်အခါမျိုးတွင် နိုင်ငံသားများက ဆန့်ကျင်ခွင့်ရှိကြောင်း' စသော သဘောတရားများ ကိုလည်း ဖော်ပြထားသည်။ ထို့ကြောင့်ပင်လျှင် နိုင်ငံသားတိုင်း နိုင်ငံရေးရာကိစ္စရပ်များတွင် တက်ကြွစွာ ပါဝင်သင့်လှပေသည်။

## လေ့ကျင့်ခန်း

**၁.၆ ကို ဖတ်ပြီးနောက်**

၁။ 'လူမှုပဋိညာဉ်' ဆိုင်ရာ သီအိုရီအရ နိုင်ငံသားတစ်ဦးတွင် ရရှိပိုင်ခွင့်ရှိသော 'နိုင်ငံသားဆိုင်ရာ လွတ်လပ်မှုများ' ကို ဖော်ပြပါ။

၂။ ဒီမိုကရေစီ အစိုးရလက်အောက်တွင် နိုင်ငံသားများ လိုက်နာရမည့် တာဝန်ဝတ္တရားများကို ဖော်ပြပါ။


## ပြန်လည်သုံးသပ်ချက်

**မည်သည့် အတွေးအခေါ်ပညာရှင်၏ အဆိုကို နှစ်သက်ထောက်ခံသနည်း။ အဘယ်ကြောင့်နည်း။**

# အခန်း (၁) ပြန်လည်သုံးသပ်ခြင်း

## အခန်း (၁) စိတ်ကူးပုံဖော်ခြင်း

အောက်ပါ နိုင်ငံသားဆိုင်ရာ စိတ်ကူးပုံဖော်ချက်တွင် အခန်း (၁) မှ သင်ယူရရှိခဲ့သည်တို့ကို အခြေခံ၍ ဖြည့်စွက်ပေးပါ။




## နားလည်မှု စစ်ဆေးခြင်း

၁။ ‘တရားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသား’ နှင့် ‘တာဝန်သိစိတ်အပေါ် အခြေခံသော နိုင်ငံသား’ တို့၏ ကွဲပြားချက်များကို ဖော်ပြပါ။

၂။ ‘တာဝန်သိစိတ်ရှိသော နိုင်ငံသား’ ဖြစ်အောင် မည်သည်တို့က တွန်းပို့ပေးသနည်း။

၃။ ‘နိုင်ငံသားဆိုင်ရာ ပညာပေးရေး အစီအစဉ်များ’ ၏ အခန်းကဏ္ဍကို ဖော်ပြပေးပါ။

၄။ နိုင်ငံသားဆိုင်ရာ ‘အသိပညာ၊ အရည်အသွေးနှင့် စံတန်ဖိုးများ’ ၏ အရေးပါပုံကို ဖော်ပြပါ။

၅။ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများနှင့် နိုင်ငံသားဆိုင်ရာ တာဝန်နှင့် ဝတ္တရားများကြား ဆက်နွယ်မှုကို ဖော်ပြပါ။

၆။ ‘တရားရှိလူနေမှု’ ဆိုသည်မှာ အဘယ်နည်း။

၇။ ‘လူမှုပဋိညာဉ်’ သီအိုရီဆိုသည်မှာ အဘယ်နည်း။

၈။ ဤသင်ခန်းစာများမှတစ်ဆင့် မည်သည့် ‘နိုင်ငံသားဆိုင်ရာ အရည်အသွေးများ’ သိမြင်မှတ်သားရသနည်း။

### တန်ဖိုးနှင့် အတွေးအမြင်များ - အဆိုအမိန့်များကို လေ့လာခြင်း

**ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံသားဆိုင်ရာ၊ လူမှုအသိုင်းအဝိုင်းဆိုင်ရာ စကားပုံနှင့် အဆိုအမိန့်များကို အောက်တွင် ဖော်ပြထားသည်။ ထိုအဆိုအမိန့်များကို ဖတ်ပြီး အောက်ပါမေးခွန်းများကို အဖွဲ့ခွဲ၍ အဖြေရှာပေးပါ။**

**၁။ နိုင်ငံသားဆိုင်ရာ အယူအဆနှင့် ပတ်သက်၍ မည်သို့ တင်ပြထားသနည်း။**

**၂။ ထိုအဆိုအမိန့်များတွင် တင်ပြထားသော အယူအဆများနှင့် သင်ခန်းစာပါ အယူအဆများ ကိုက်ညီမှုရှိပါသလား။**

က။ ‘နိုင်ငံသား’ များသည် နိုင်ငံတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်ဖြစ်သည်။’ (ဘရန်းဒီး(စ်))

ခ။ ‘အကျင့်ပျက်ဝန်ထမ်းများ ရှိနေရခြင်းသည် အကျင့်သီလ ကောင်းမွန်ပြည့်စုံသော နိုင်ငံသားများက မဲမပေးကြသောကြောင့်ဖြစ်သည်။’ (ဂျော့ဂျင်းနေတန်)

ဂ။ ‘သင်စိတ်ကူးယဉ် ပုံဖော်ထားသော နိုင်ငံပေါ်ထွန်းလာရေးအတွက် အဓိကပဲ့ကိုင်ရှင်မှာ သင်ကိုယ်တိုင်သာဖြစ်သည်။’ (မိုဟန်အစ် (ခ) ဂန္ဒီ)

ဃ။ ‘သင့်ခြေထောက်ရေမစိုဘဲ သင့်ပတ်ဝန်းကျင်ရှိ လူအများပေါ်သို့သာ မိုးမရွာနိုင်ချေ။’ (တရုတ်စကားပုံ)

င။ ‘တစ်နှစ်စာ ဖူလုံလိုလျှင် စပါးစိုက်ပါ။ ဆယ်နှစ်စာ ဖူလုံလိုလျှင် သစ်ပင်စိုက်ပါ။ တစ်သက်စာ ဖူလုံလိုလျှင် လူအများကို ပညာဖြန့်ဝေပေးပါ။’ (တရုတ်စကားပုံ)

စ။ တရားမျှတမှုဆိုသည်မှာ အားနည်းသူတို့၏ အခွင့်အရေးဖြစ်သည်။ (ဂျိုင်းဆက်ဂျိုးဘတ်)

ဆ။ တစ်ပါးသူ၏ အလိုဆန္ဒမပါရှိဘဲ ထိုသူ၏အချုပ်အခြာအာဏာကို မထိပါးနိုင်။ (အေဘရာဟမ်လင်ကွန်း)

ဇ။ ကမ္ဘာကြီးသည် နိုင်ငံကြီးတစ်နိုင်ငံပင်ဖြစ်၍ လူသားတို့မှာ ပြည်သူပြည်သားများ ဖြစ်ကြသည်။ (ဘဟာ အူလာ)



# အခန်း (၂) လူမှုအဖွဲ့အစည်းဆိုင်ရာ သိမှတ်စရာများ

## အခန်း (၂) အနှစ်ချုပ် သိမှတ်ဖွယ်

အခန်း (၂) သည် နိုင်ငံသားနှင့် လူမှုအဖွဲ့အစည်းတို့၏ ဆက်နွယ်ချက်ကို လေ့လာသည်။ လူ့အဖွဲ့အစည်း တစ်ရပ် ဖြစ်ပေါ်လာပုံနှင့် ကမ္ဘာတစ်ဝှမ်းရှိ အသိုင်းအဝိုင်းအသီးသီး၏ တူညီချက်များ၊ ကွဲပြားချက်များကို လေ့လာနိုင်မည်။ မိမိတို့ မည်သည့် အသိုင်းအဝိုင်းတွင် ပါဝင်နေကြသည်၊ မည်သည့် ကိုယ်ပိုင်လက္ခဏာများ ပိုင်ဆိုင်လွှမ်းမိုးထားသည်ကို ဆန်းစစ်စေပြီး မိမိတို့ ကိုယ်ပိုင်အသိုင်းအဝိုင်း၏ တန်ဖိုးထားမှုများကို ပြန်လည်သုံးသပ်စေမည်ဖြစ်သည်။ ထို့အပြင် ထိုတန်ဖိုးများ မည်သည်ကြောင့် ပြောင်းလဲနေသည်ကိုပါ ဆင်ခြင်စေမည်။ ထို့မျှသာမက အသိုင်းအဝိုင်းအသီးသီး၏ ခေါင်းဆောင်မှုများနှင့် ဥပဒေစည်းမျဉ်းများကို လေ့လာဆန်းစစ်စေမည်လည်းဖြစ်သည်။



# အခန်း (၂) သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ

## ဗဟုသုတ

(လေ့ကျင့်ခန်း)

**ဤအခန်းအပြီးတွင် အောက်ပါဗဟုသုတများ တိုးပွားလာမည်ဖြစ်သည်။**

- 'အသစ်' သို့မဟုတ် 'ခေတ်ပေါ်' အသိုင်းအဝိုင်းများ။
- 'လူမှုအဖွဲ့အစည်း' နှင့် 'ပင်ကိုယ်လက္ခဏာ' ၏ဆက်နွှယ်ချက်။
- စံတန်ဖိုးများနှင့် အခွင့်အရေးများအကြား ဆက်နွှယ်ချက်။
- လူ့အဖွဲ့အစည်းနှင့် စံတန်ဖိုးတို့၏ဆက်နွှယ်ချက်။
- လူမှုရေးအကျပ်ဆိုက်မှု၏ သဘောတရား။
- ခေါင်းဆောင်မှုပုံစံအမျိုးမျိုး။
- တန်ဖိုးထားမှုများနှင့် ဥပဒေများ၏ ဆက်နွှယ်ချက်။

## ကျွမ်းကျင်မှုများ

(လုပ်ဆောင်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါစွမ်းရည်များ တိုးတက်လာမည်ဖြစ်သည်။**

- မတူညီသော အသိုင်းအဝိုင်းများအကြား တူညီမှုများနှင့် ကွဲပြားမှုများကို ဆန်းစစ်ခြင်း။
- အဖွဲ့လိုက်ညှိနှိုင်းမှုများ။
- အဖွဲ့လိုက် ပြဿနာများအား ဖြေရှင်းခြင်း။
- မိမိတို့အသိုင်းအဝိုင်းက ရင်ဆိုင်နေရသော လူမှုရေးအကျပ်အတည်းများကို ခွဲခြမ်းစိတ်ဖြာပြီး ဖြေရှင်းချက်များ တင်ပြနိုင်ခြင်း။
- သင့်အသိုင်းအဝိုင်းအတွင်းရှိ ခေါင်းဆောင်ပုံအမျိုးမျိုးကို ခွဲခြမ်းလာနိုင်ခြင်း။
- စည်းမျဉ်းများနှင့် ဥပဒေများကို နှိုင်းဆချင့်ချိန်လာနိုင်ခြင်း။
- တရားရှိ လူမှုဆက်ဆံရေးကို အားပေးသည့် စည်းမျဉ်းများ ရေးဆွဲခြင်း။

## တန်ဖိုးများ

(ပြန်လည်သုံးသပ်ချက်)

**ဤအခန်းအပြီးတွင် အောက်ပါတို့အား ပြန်လည်သုံးသပ်စေမည်။**

- မိမိတို့အသိုင်းအဝိုင်းက မိမိတို့၏ ပင်ကိုယ်လက္ခဏာအား မည်သို့လွှမ်းမိုးပုံ။
- အဖွဲ့ဝင်ဖြစ်မှုနှင့် ချန်လှပ်ခံရခြင်း၏ သဘောသဘာဝ။
- မည်သည့် တန်ဖိုးထားမှုများက သင့်အတွက် အရေးကြီးဆုံးဖြစ်သည်မှာ အဘယ်ကြောင့်ဖြစ်ကြောင်း။
- သင့်အသိုင်းအဝိုင်းအတွင်း ပြောင်းလဲနေသော တန်ဖိုးထားမှုများနှင့် ထိုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်နေသော အကျိုးအကြောင်းတရားများ။
- မိမိတို့အပြုအမူက ကိုယ်ပိုင်တန်ဖိုးများနှင့် ကိုက်၊ မကိုက်။
- အတန်း၏ တန်ဖိုးထားမှုများနှင့် ရည်မှန်းချက်များ။



### အကြိုသင်ခန်းစာ

၁။ တစ်ဖက်ပါပုံတွင်ရှိသော လူမှု အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၏ တူညီသောအချက်ကို ဖော်ပြပါ။

၂။ မည်သည့်အချက်က ထိုသူများကို အသင်းအဖွဲ့တစ်ခုအနေသို့ တွန်းပို့ပေးသနည်း။



## ၂.၁ နိုင်ငံသားနှင့် လူမှုအဖွဲ့အစည်း

လူမှုအဖွဲ့အစည်း (community) သည် လက်တင်ဘာသာစကားဖြစ်သည့် (cum) နှင့် (munnus) တို့မှ ဆင်းသက်လာပြီး 'အတူတကွဖြစ်ခြင်း'၊ 'လက်ဆောင်' စသော စကားလုံးများကို ကိုယ်စားပြုသည်။ 'လူမှုအဖွဲ့အစည်း' ဟူသည် လူသားများ 'အတူတကွ' တည်ဆောက်ထားကြသည့် အသိုင်းအဝိုင်းတစ်ရပ်ဖြစ်ပြီး၊ လူသားတိုင်း၏ မွေးရာပါ 'လက်ဆောင်' သဖွယ်ဖြစ်သည်ဟူ၍ပင် တင်စားခေါ်ဆိုနိုင်ပေသည်။

နိုင်ငံသားဟုဆိုလိုက်ကတည်းက လူမှုအဖွဲ့အစည်းတစ်ရပ်၏ အစိတ်အပိုင်းဖြစ်သည်ဟုပင် သိမှတ်နိုင်သည်။ နိုင်ငံသားဖြစ်မှုဟုဆိုရာတွင်လည်း နိုင်ငံသားတစ်ဦးနှင့် လူမှုအဖွဲ့အစည်းတို့အကြား မှီခိုဆက်နွယ်နေမှုကို ဖော်ညွှန်းလျက်ရှိသည်။ ထိုဆက်သွယ်ချက်တို့သည် အခွင့်အလမ်းများ၊ တာဝန်ဝတ္တရားများ စသည်တို့ကို မူတည်ပြီး နီးနွယ်လျက်ရှိကြပေသည်။ နိုင်ငံသားဖြစ်သည် (သို့) အသိုင်းအဝိုင်း၏ အဖွဲ့ဝင်ဖြစ်သည်ဆိုသော အဆင့်အတန်းကိုဖော်ပြသည်။ လူ့အဖွဲ့အစည်းတစ်ရပ်သည် ထိုအဖွဲ့အစည်းအတွင်းရှိ နိုင်ငံသားများအတွက် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်အောင် စီမံပေးရမည့်တာဝန်ရှိသည်။ နိုင်ငံသားများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း အတူအကွ ရပ်တည်နေထိုင်ကြပြီး နိုင်ငံသားဆိုင်ရာ ခံစားပိုင်ခွင့်များ၊ အများအကျိုးရှေးရှုသည့် စည်းကမ်းသတ်မှတ်ချက်များကိုလည်း လိုက်နာကျင့်ကြံကြရမည် ဖြစ်ပေသည်။

### ပြန်လည်သုံးသပ်ချက်

**မိမိပါဝင်ပတ်သက်မှုရှိသော လူ့အဖွဲ့အစည်းများအား အရေးပါမှုအလိုက် စီစဉ်သတ်မှတ်ပေးပါ။ ထိုစာရင်းကို အခြေခံလျက် အောက်ပါ မေးခွန်းများကို အတန်းဖော်တစ်ဦးနှင့် ဆွေးနွေးပါ။**

၁။ နှစ်ဦးစလုံးရေးချထားသည့် အနက်မှ မည်သည့် လူ့အဖွဲ့အစည်းများ တူညီကြသနည်း။

၂။ ထိုရေးသားထားသည့် လူ့အဖွဲ့အစည်းများက မိမိ မည်သူ မည်ဝါ ဖြစ်သည်ကို ဖော်ညွှန်းနိုင်ပါသလား။

၃။ မိမိအတွက် အရေးပါဆုံးဖြစ်သည့် လူ့အဖွဲ့အစည်းများသည် မွေးရာပါ အခွင့်အရေးပေါ်တည်မှီနေသည့် လူမှုအဖွဲ့အစည်းများ ဖြစ်ပါသလား။ သို့မဟုတ် မိမိကိုယ်တိုင် ရွေးချယ်ပါဝင်သော လူမှုအဖွဲ့အစည်းများ ဖြစ်ပါသလား။

## ၂.၁.၁ လူမှုအဖွဲ့အစည်း – အဓိပ္ပါယ်

နိုင်ငံသားတစ်ဦးသည် လူ့အဖွဲ့အစည်းတစ်ရပ်ထက်ပို၍ ပါဝင်ဆက်နွယ်လျက်ရှိသည်။ အချို့သော လူ့အဖွဲ့အစည်းများမှာ မိမိနေထိုင်ပုံစနစ်ကို အခြေခံလျက် ပေါ်ပေါက်လာရသည်။ (ဥပမာ – မိသားစု၊ ရပ်ကွက် စသည် ...) အချို့သော လူမှုအဖွဲ့အစည်းများမှာမူ မိမိကျင်လည်ရာ အလုပ်ခွင်၊ ပညာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည်တို့ကို အခြေခံသော အသိုင်းအဝိုင်းများကို တည်မှီလျက် ပေါ်ပေါက်လာရသည်။ နိုင်ငံသားတစ်ဦး လူ့အဖွဲ့အစည်းတစ်ရပ်တွင် ပါဝင်ရာ၌ မွေးရာပါ အခွင့်အရေးတစ်ရပ်အနေနှင့်လည်းကောင်း (ဥပမာ – မိသားစု သို့မဟုတ် လူမျိုးစုတစ်ခု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ခြင်း)၊ ရွေးချယ်မှုတစ်ရပ်အနေဖြင့်လည်းကောင်း (ဥပမာ – လုပ်အားပေး အဖွဲ့အစည်းတစ်ရပ်တွင် ပါဝင်ခြင်း) စသော အကြောင်းခြင်းရာအစုစုပေါ် တည်မှီနေပေသည်။

**လုပ်ငန်းများ**

**မိမိပြုစုထားသည့် လူမှုအဖွဲ့အစည်းစာရင်းကို အတန်းဖော်တစ်ဦးနှင့်တွဲ၍ သူပြုစုထားသည့် စာရင်းနှင့် နှိုင်းယှဉ်ကြည့်ပြီး ‘ဆက်နွယ်မှုပြ စက်ဝိုင်းဇယား’ တစ်ခု ဆွဲပေးပါ။ မိမိပြုစုထားသည့်အထဲမှ အရေးပါဆုံး လူ့အဖွဲ့အစည်းများကို မင်နီဖြင့်လည်းကောင်း၊ အရေးသိပ်မပါသည့် အဖွဲ့အစည်းများကို မင်အပြာဖြင့် လည်းကောင်း ရေးသား၍ ဖော်ပြပါ စက်ဝိုင်းဇယားအတွင်းဖြည့်ပေးပါ။ နှစ်ဦးစလုံးပြုစုထားသည့်အနက်မှ တူညီသည့် လူ့အဖွဲ့အစည်းများကို စက်ဝိုင်းဇယားအတွင်း စက်ဝိုင်းနှစ်ဝိုင်းထပ်သည့်နေရာတွင် ရေးချပေးပြီး မည်သည့်အချက်များကို လေ့လာမှတ်သားမိသနည်း။ အတန်းဖော်နှင့် ဆွေးနွေးပြီး အတန်းထဲတွင် ဆက်လက် ဆွေးနွေးပါ။**

လူ့အဖွဲ့အစည်းများသည် ထိုအဖွဲ့အစည်းအတွင်း ပါဝင်ပတ်သက်သူများ၏ တူညီသော စရိုက်လက္ခဏာတစ်ရပ်ရပ်အပေါ် မူတည်၍ ပေါ်ပေါက်လာရသည်။ ထို့အပြင် အဖွဲ့သူ၊ အဖွဲ့သား အချင်းချင်း အပြန်အလှန် မှီခိုဆက်နွယ်မှုများပေါ်တွင်လည်း တည်မှီနေပေသည်။

အဖွဲ့အစည်းအတွင်း ပါဝင်ပတ်သက်သူများ၏ တူညီသော စရိုက်လက္ခဏာများအနက်မှ အချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

- အတူတူမျှဝေခံစားကြရာ နေရာအရပ်။
- အတူတူမျှဝေထားသော သမိုင်းနောက်ခံ။
- အတူတူမျှဝေခံစားကြသည့် အကျိုးစီးပွား။
- အတူတူမျှဝေ သတ်မှတ်ထားသော တန်ဖိုးစနစ်များ။
- အတူတူမျှဝေခဲ့ကြသည့် အတွေ့အကြုံများ။
- အတူတူမျှဝေ ဖန်တီးထားသော ရိုးရာယဉ်ကျေးမှုများ။
- အတူတူမျှဝေ သတ်မှတ်ထားသည့်ပန်းတိုင်။
- အတူတူမျှဝေ ပြုစုထားကြသော ဥပဒေများ။

လူ့အဖွဲ့အစည်းတစ်ရပ်ဟူသည် ရုပ်ဝါဒဆိုင်ရာ အကြောင်းတရားများကိုသာ တည်မှီနေကြသည်မဟုတ်။ တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု၊ ကြင်နာမှု၊ မေတ္တာတရား အစရှိသည့် ပါဝင်သက်ဆိုင်မှုဟူသော စိတ်ခံစားချက်တို့အပေါ်တွင်လည်း အရင်းတည်လျက်ရှိသည်။ ထိုစိတ်ခံစားချက်များသည် လူ့အဖွဲ့အစည်းအတွင်း မှီတင်းနေထိုင်ကြသူများ၏ လိုက်နာဖွယ်၊ ကျင့်ကြံဖွယ်ရာ အသိတရားများနှင့် ပေါင်းစပ်လျက် လူ့အဖွဲ့အစည်း ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးထောက်ကူပေးလျက် ရှိကြပေသည်။

## လေ့ကျင့်ခန်း

အောက်ဖော်ပြပါ လူ့အဖွဲ့အစည်း ၃ ရပ် အကြောင်းကို ဖတ်ကြည့်ပါ။

၁။ အဖွဲ့အစည်းအတွင်း ပါဝင်ပတ်သက်သူများတွင် မည်သို့သော စရိုက်လက္ခဏာများ တူမျှကြသနည်း။

၂။ မည်သည့် စရိုက်လက္ခဏာများ ကွဲပြားကြသနည်း။

### ဖြစ်ရပ်လေ့လာချက် (က)



**အစ္စလာမ်လူ့အဖွဲ့အစည်း**

အစ္စလာမ်ဘာသာသည် ကိုးကွယ်သူပေါင်း သန်းတစ်ထောင်ကျော်ဖြင့် ကမ္ဘာပေါ်တွင် ဒုတိယကိုးကွယ်မှု အများဆုံးဘာသာဖြစ်သည်။ မွတ်ဆလင် လူ့အဖွဲ့အစည်းများကို ကမ္ဘာ့နေရာအနှံ့တွင် တွေ့နိုင်သည်။ မွတ်ဆလင်များသည် ဖန်ဆင်းရှင်တစ်ပါးတည်းသာ ရှိသည်ဟု ယုံကြည်လက်ခံထားကြပြီး သူတို့၏ အကျင့်တရားများမှာ မြင့်မြတ်သော 'ကိုရန်' ကျမ်းစာပေါ်တွင် အခြေခံထားသည်။ အစ္စလာမ်ဘာသာတွင် အခြေခံကျင့်ကြံဖွယ် ၅ ရပ် ရှိသည်။ ၎င်းတို့မှာ - အလ္လာအပေါ် သက်ဝင်ယုံကြည်ကြောင်း ကြေညာခြင်း၊ တစ်နေ့ငါးကြိမ် ဝတ်ပြုခြင်း၊ ဥပုသ်စောင့်ခြင်းနှင့် အလှူအတန်းပြုခြင်း မြင့်မြတ်သော မက္ကာမြို့သို့ ဝတ်ပြုခရီးထွက်ခြင်းတို့ဖြစ်သည်။

### ဖြစ်ရပ်လေ့လာချက် (ခ)



**မြန်မာပြည်မှ 'ဆလုံ' လူမျိုးစုများ**

ဆလုံ (ခေါ်) မော်ကင်း လူမျိုးများသည် ပင်လယ်တွင်း ခြေသလုံးအိမ်တိုင် သွားလာနေသူများဖြစ်ပြီး မြန်မာပြည်အရှေ့တောင်ပိုင်းရှိ မြိတ်ကျွန်းစုများတွင် နေထိုင်ကြသည်။ နွေရာသီနှင့် ဆောင်းရာသီတို့တွင် ဆလုံလူမျိုးများသည် ရိုးရာသစ်သားလှေများပေါ်တွင် နေထိုင်ကြပြီး ပုလဲများ၊ ခရုခွံများ၊ အခွံမာကောင်များနှင့် အခြားပင်လယ်ထွက်ကုန်များ ဖမ်းဆီးရောင်းချကာ အစုအဖွဲ့နှင့် ပင်လယ်တွင်း လှည့်လည်နေထိုင်ကြသည်။ မိုးရာသီတွင်မူ ကုန်းပေါ်တက်၍ ယာယီခြေတံရှည်တဲအိမ်ကလေးများ ဆောက်လုပ်နေထိုင်ကြသည်။ ရာသီဥတု ပြန်လည်ကောင်းမွန်သည်နှင့် သူတို့၏လှေများပေါ်တက်ကာ လှည့်လည်သွားလာကြပြန်သည်။ ဆလုံလူမျိုးများသည် ဒေသတွင်းရှိ တိုင်းရင်းသားလူမျိုးများနှင့် အဆက်အဆံနည်းပါးပြီး ကိုယ်ပိုင်ဓလေ့နှင့် ယုံကြည်ကိုးကွယ်မှုများကိုသာ နှစ်သက်လက်ခံထားကြသည်။

### ဖြစ်ရပ်လေ့လာချက် (ဂ)




**မန်ချက်စတာယူနိုက်တက်**

မန်ချက်စတာယူနိုက်တက်သည် မန်ချက်စတာမြို့၊ အိုးထရက်ဖော့တွင် အခြေစိုက်သော အင်္ဂလိပ်ဘောလုံးအသင်းဖြစ်သည်။ ၁၈၇၈ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့ပြီး ကမ္ဘာ့အချမ်းသာဆုံးနှင့် လူကြိုက်အများဆုံး ဘောလုံးအသင်းတစ်သင်း ဖြစ်လာခဲ့သည်။ မန်ချက်စတာယူနိုက်တက်သည် ပရီးမီးယားလိဂ်ချန်ပီယံဆုအပါအဝင် ဥရောပချန်ပီယံဆု အမြောက်အများကို ဆွတ်ခူးပိုင်ဆိုင်ထားနိုင်ခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းကို ကမ္ဘာ့နိုင်ငံ ၁၀ နိုင်ငံမှ နာမည်ကြီး ကစားသမားများနှင့် ဖွဲ့စည်းထားပြီး ကမ္ဘာတစ်ဝှမ်းတွင်လည်း ပရိသတ်များ၏ ထောက်ခံမှု အပြည့်အဝ ရရှိထားသည်။

၁။ မိမိပါဝင်ပတ်သက်မှုရှိသော လူ့အဖွဲ့အစည်း ၃ ရပ်ကို ဖော်ပြပါ။
၂။ ထိုလူ့အဖွဲ့အစည်းများတွင် မည်သို့သော စရိုက်လက္ခဏာများ အတူအကွ ပိုင်ဆိုင်ကြသနည်း။
၃။ မည်သို့သော ကွဲပြားသည့် စရိုက်လက္ခဏာများလည်း ပိုင်ဆိုင်ထားကြသနည်း။
၄။ အဖွဲ့ဝင်တစ်ဦးအနေဖြင့် ထိုလူ့အဖွဲ့အစည်းကို ပေးဆပ်ရမည့် တာဝန်ဝတ္တရားများ ရှိပါသလား။
၅။ ထိုလူ့အဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် မည်သို့သော အခွင့်အရေးများ ခံစားခွင့်ရှိသနည်း။

**လုပ်ငန်းများ**

## ၂.၂ ခေတ်သစ် လူ့ဘောင်အဖွဲ့အစည်းများ


လူ့အဖွဲ့အစည်းတစ်ရပ်သည် နယ်မြေဒေသတစ်ရပ်အပေါ် အဓိကအခြေခံလျက် ပေါ်ပေါက်လာရသည်။ မိသားစုတစ်စုနေထိုင်ရာ အိမ်တစ်အိမ်တွင်လည်းကောင်း၊ ကျောင်းတစ်ကျောင်းတွင်လည်းကောင်း၊ ရုံးတစ်ရုံးတွင်လည်းကောင်း နယ်မြေတစ်ရပ်အဖြစ် သတ်မှတ်ထားရာ နံရံတံတိုင်းတို့ရှိသည်။ ထို့အတူ ကျေးရွာ၊ မြို့ သို့မဟုတ် နိုင်ငံတို့တွင်လည်း သတ်မှတ်ထားသည့် နယ်နိမိတ်မျဉ်းများရှိကြသည်။ သို့ရာတွင် ယနေ့ခေတ်အခါ၌ နည်းပညာများ၊ ဆက်သွယ်ရေးစနစ်များ တိုးတက်လာသည်နှင့်အမျှ နယ်မြေဒေသ သတ်မှတ်ချက်များသည်လည်း ပြောင်းလဲလာရသည်။ ထိုပြောင်းလဲလာမှုနှင့်အတူ လူ့အဖွဲ့အစည်းတို့၏ စရိုက်လက္ခဏာများသည် တိုးတက်ပြောင်းလဲလာလျက် ရှိပေသည်။

**အကြံပြုသင်ခန်းစာ**

သယ်ယူပို့ဆောင်ရေးစနစ်များနှင့် ဆက်သွယ်ရေးကဏ္ဍများ ပြောင်းလဲလာမှုက လူ့အဖွဲ့အစည်းများအား မည်သို့ သက်ရောက်မှု ရှိသနည်း။

### ၂.၂.၁ မြို့ပြနေ လူ့အဖွဲ့အစည်းများ

ကုန်လွန်ခဲ့သည့် ရာစုနှစ်များအတွင်း လူတိုင်းလိုလိုပင် ကျေးလက်တောရွာကလေးများကိုစွန့်၍ မြို့ကြီးပြကြီးများတွင် ရွှေ့ပြောင်းနေထိုင်လာကြသည်။ ဤသည်ပင်လျှင် မြို့ပြလူနေမှုပုံစံအသစ်၏ ဖြစ်စဉ်တစ်ရပ်ဖြစ်လာသည်။ မြို့ပြနေ လူ့အဖွဲ့အစည်းများသည် ကနဦးအစက မိမိဆိုင်ရာဆိုင်ရာ မျိုးနွယ်တူအစုအဖွဲ့လေးများ စုပေါင်းနေထိုင်ကြရာမှ နောက်ပိုင်းတွင် အခြားသောမျိုးနွယ်စုများ ပတ်ဝန်းကျင်သို့ ပြောင်းရွှေ့လာကြရင်း တစ်စတစ်စ ကျယ်ပြန့်လာကာ လူ့အဖွဲ့အစည်းကြီးတစ်ရပ်အသွင် ပေါ်ပေါက်လာရသည်။ ထို့ကြောင့် မြို့ပြနေလူ့အဖွဲ့အစည်းတစ်ရပ်အား ပိုင်းခြားသတ်မှတ်ရာတွင် ထိုကဲ့သို့သော မတူကွဲပြားသည့် လူ့အသိုင်းအဝိုင်းအရပ်ရပ်ကို ထည့်သွင်းစဉ်းစားရပြီး ကျေးလက်နေလူ့အဖွဲ့အစည်းလောက် ပိုင်းခြားသတ်မှတ်ရန် မရိုးရှင်းလှကြောင်းတွေ့ရပေမည်။ ထိုကဲ့သို့ မြို့ပြနေလူ့အဖွဲ့အစည်းများ တဖြည်းဖြည်းကြီးထွားလာခြင်းသည် ကျေးလက်နေလူ့အသိုင်းအဝိုင်းကိုလည်း သက်ရောက်မှုရှိနေသည်။ မြို့ပြတွင် အခြေချနေထိုင်ကြပြီး ကျေးလက်နေဆွေမျိုး အသိုင်းအဝိုင်းများနှင့် အဆက်အသွယ်မပြတ် ရှိနေသောသူများကြောင့် ထိုသို့ သက်ရောက်မှုရှိရပေသည်။ကျေးလက်နေ လူမှုအသိုင်းအဝိုင်းတွင် မြို့ပြသို့ သွားရောက်နေထိုင် လုပ်ကိုင်ပြီးနောက် မိမိတို့၏ ဇာတိမြေတွင် ပြန်လည်နေထိုင်သူများလည်း ပါဝင်လေ့ရှိသည်။



‘ရန်ကုန်မြို့လယ် မြင်ကွင်းတစ်နေရာ’
ခန့်မှန်းလူဦးရေ ၆ သန်းကျော်ရှိသော မြန်မာနိုင်ငံ၏ မြို့တော်ဟောင်းဖြစ်သည်။

*http://www.citypopulation.de/Myanmar.html*

## လုပ်ငန်းများ

တစ်ဖက်ပါ ဇယားကို အဖွဲ့များခွဲ၍ ဖြည့်ပေးပါ။ မိမိဖြည့်စွက်ထားသည်ကို အခြားအဖွဲ့နှင့် နှိုင်းယှဉ်ကြည့်ပါ။

| | မြို့ပြနေ လူ့အဖွဲ့အစည်း | ကျေးလက်နေ လူ့အဖွဲ့အစည်း |
|---|---|---|
| တူညီမှုများ | | |
| ကွဲပြားချက်များ | | |
| အားသာချက်များ | | |
| ပြဿနာများ | | |

## ၂.၂.၂ အွန်လိုင်း online အခြေပြု လူမှုအဖွဲ့အစည်းများ

ယခုခေတ်အခါတွင် အင်တာနက်အသုံးတွင်ကျယ်လာသည်နှင့်အမျှ အွန်လိုင်းအခြေပြု လူ့အဖွဲ့အစည်းများ တဖြည်းဖြည်းတိုးပွားလာလျက်ရှိသည်။ Facebook နှင့် Twitter ကဲ့သို့သော လူမှုကွန်ရက်များက ကမ္ဘာ့နေရာအနှံ့နေထိုင်ကြသည့် ဓလေ့စရိုက်၊ ဝါသနာတူညီသူများကို စုစည်းကာ အွန်လိုင်းလူ့အဖွဲ့အစည်းများ ပေါ်ထွန်းလာအောင် ထောက်ကူပေးလျက်ရှိပေသည်။ ထိုလူ့အဖွဲ့အစည်းအတွင်း ပါဝင်သူများသည် အားကစားဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ ထပ်တူကျသည့်အမြင်များ ရှိတတ်ကြပေသည်။ ထိုလူ့အဖွဲ့အစည်းအတွင်း ပါဝင်ပတ်သက်သူများသည် ပြင်ပလောကတွင် ကိုယ်တိုင်ကိုယ်ကျ တွေ့ဆုံဆွေးနွေးကြခြင်းထက် အွန်လိုင်းပေါ်တွင်သာ ဆက်သွယ်ပြောဆိုခြင်းဖြင့် သိကျွမ်းလာနိုင်ကြပေသည်။

## ၂.၂.၃ ကမ္ဘာ့လူ့အဖွဲ့အစည်းကြီး

သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နေရာအသီးသီးရှိ လူ့အဖွဲ့အစည်းများအကြား ဆက်ဆံထိတွေ့မှု ပိုမိုကျွမ်းဝင်လာကြသည်။ ဤသို့ တိုးတက်ထွန်းကားလာသည့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လူ့အဖွဲ့အစည်းများအကြား ကမ္ဘာအဝှမ်းအတိုင်းအတာဖြင့် ထိတွေ့ဆက်ဆံမှုကို 'ဂလိုဘယ်လိုက်ဇေးရှင်း' ဟုခေါ်သည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစနစ်သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးစနစ်အပေါ် များစွာသက်ရောက်မှု ရှိလာသည်။ အာဆီယံ၊ ကမ္ဘာ့ဘဏ် အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ အရေးပါအရာ ရောက်လာကြသည်မှာ ထိုဆက်နွှယ်မှု၏ သာဓကများပင်ဖြစ်ကြပေသည်။ ယနေ့ခေတ် ကမ္ဘာကြီးသည် ဆင်းရဲမွဲတေခြင်း၊ ရာသီဥတုဖောက်ပြန် ပြောင်းလဲခြင်း အစရှိသော အန္တရာယ်များနှင့် ရင်ဆိုင်နေရသည်။ ထိုအန္တရာယ် ရန်စွယ်များကို နှိမ်နင်းနိုင်ရန်အတွက် ကမ္ဘာ့လူအဖွဲ့အစည်းတိုင်းက ပူးပေါင်းအဖြေရှာကြရမည်ဖြစ်သည်။ အခြားသော လူ့အဖွဲ့အစည်းအသီးသီးကဲ့သို့ပင် ကမ္ဘာလုံးဆိုင်ရာ လူ့အဖွဲ့အစည်းကြီးသည်လည်း ပြဿနာများကို အတူတကွဖြေရှင်းနိုင်ရန်အတွက် တူမျှသော တာဝန်များ၊ ပန်းတိုင်များ သတ်မှတ်ဆောင်ရွက်ထားကြရပေမည်။ ထို့အပြင် ထိုကမ္ဘာ့လူ့အဖွဲ့အစည်းအတွင်း နေထိုင်ကြသူများသည် စီးပွားရေးအရ၊ နိုင်ငံရေးအရနှင့် လူမှုရေးအရပါ တစ်ဦးပေါ်တစ်ဦး အမှီသဟဲပြုလျက်ရှိပေသည်။

### ဆွေးနွေးချက်

(၂.၂.၂) ကို လေ့လာပြီးနောက်

အွန်လိုင်းလူ့အဖွဲ့အစည်းများသည် တကယ့်လူ့အဖွဲ့အစည်းများ ဖြစ်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။



ကမ္ဘာကြီးသည် ကျဉ်းမြောင်းလာပြီး ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်လာသည်ဟု ပြောဆိုတတ်ကြသည်။ ထိုအဆိုကို မည်သို့ လက်ခံထားသနည်း။

## ဆွေးနွေးချက်

**၂.၂.၃ ကို ဖတ်ပြီးနောက်**

၁။ ဂလိုဘယ်လိုက်ဇေးရှင်းအနေဖြင့် နိုင်ငံသားများ၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များအပေါ် သက်ရောက်မှုများကို ဖော်ပြပါ။

၂။ ဂလိုဘယ်လိုက်ဇေးရှင်း၏ အကောင်းအဆိုး၊ အကျိုးအပြစ်များကို မိမိအတွေ့အကြုံအပေါ် အခြေခံ၍ ဖော်ပြပေးပါ။

## ၂.၂.၄ ရွှေ့ပြောင်းလူ့အဖွဲ့အစည်းများ

ရွှေ့ပြောင်းလူ့အဖွဲ့အစည်းများသည် အကြောင်းရင်းတစ်ရပ်ရပ်ကြောင့် မိမိတို့၏ မိခင်တိုင်းပြည်ကို စွန့်ခွာနေထိုင်ကြရသူများဖြစ်သည်။ နိုင်ငံရပ်ခြားတွင် နေထိုင်ကြရသော်လည်း မိမိတိုင်းပြည်ရှိ မိသားစုများနှင့် အဆက်အသွယ်မပြတ်ကြ။ ဥပမာအနေဖြင့် ထိုင်း၊ မလေးရှား၊ အမေရိကန်စသော တိုင်းပြည်များတွင် ပြည်ပရောက်မြန်မာများရှိကြပြီး မြန်မာပြည်တွင်းနေ မိသားစုများနှင့် အဆက်အသွယ်မပြတ် နေထိုင်ကြပြီး မိမိတို့၏ လုပ်ခလစာများကိုလည်း စုဆောင်း၍ ငွေကြေးထောက်ပံ့ပေးတတ်ကြသည်။ ယခုအခါတွင် အင်တာနက်အသုံးတွင်ကျယ်လာသည်နှင့်အမျှ ထိုလူ့အဖွဲ့အစည်းများနှင့် ပြည်တွင်းနေမိသားစုဝင်တို့အကြား ဆက်သွယ်ရေးမှာ ပိုမိုအဆင်ပြေလာပေသည်။

## အကြံပြုသင်ခန်းစာ

**ပြည်ပနိုင်ငံတစ်ခုတွင် ပြောင်းရွှေ့အခြေချနေထိုင်ဖူးပါသလား။ (သို့မဟုတ်) ထိုသို့ ပြောင်းရွှေ့နေထိုင်သူတစ်ဦးနှင့် ရင်းနှီးပါသလား။**

၁။ အဘယ်အကြောင်းကြောင့် ထိုသူ ပြောင်းရွှေ့သွားသနည်း။

၂။ မည်ကဲ့သို့သော အခက်အခဲများ ရင်ဆိုင်ရမည်ဟု ထင်သနည်း။

၃။ မည်သို့သော အခွင့်အလမ်းများ ရရှိနိုင်မည်ဟု ထင်သနည်း။

## ဖြစ်ရပ်လေ့လာချက်





### ပြည်ပရောက် ဖိလစ်ပိုင်ရွှေ့ပြောင်းလူ့အဖွဲ့အစည်းများ

နှစ်စဉ်နှစ်တိုင်း ဖိလစ်ပိုင်လူမျိုးတစ်သန်းကျော်သည် ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ ထိုသို့ ရွှေ့ပြောင်းနေထိုင်ကြခြင်း၏ အဓိကအကြောင်းရင်းမှာ မိသားစုများအား ထောက်ပံ့နိုင်ရန်အတွက် လစာဝင်ငွေကောင်းသည့်အလုပ်များ ရှာဖွေရန်အတွက်ဖြစ်သည်။ ထိုသို့ ရွှေ့ပြောင်းနေထိုင်သူအများစုမှာ အိမ်ဖော်၊ အိမ်အကူအဖြစ်လည်းကောင်း လစာနည်းဝန်ဆောင်မှုလုပ်သားများ (စားပွဲထိုး၊ ထမင်းချက်၊ သန့်ရှင်းရေး၊ ဆံပင်ညှပ်သမား စသည်) အဖြစ် လုပ်ဆောင်ကြသော အမျိုးသမီးများဖြစ်ကြသည်။ ထိုအလုပ်သမားများ အိမ်သို့ ပို့သောငွေ တစ်နည်းအားဖြင့် ပို့ငွေသည် နိုင်ငံဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းခန့်ရှိသည်။

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံ၏စီးပွားရေးတွင် ပို့ငွေ၏အရေးပါမှုကိုနားလည်သည်။ ထို့ကြောင့်လည်း အစိုးရသည် ရွှေ့ပြောင်းအလုပ်သမားများအား ထောက်ပံ့ရန် စီမံကိန်းများထားရှိသည်။ ပြည်ပရှိ ဖိလစ်ပိုင်သံရုံးများတွင် အလုပ်သမားများအား စာရင်းကောက်ထားပြီး အကြံဉာဏ်ပေးခြင်း၊ လူမှုဘဝဖူလုံရန် ထောက်ပံ့ခြင်း၊ သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်းနှင့် အမျိုးသား၊ အမျိုးသမီးအလိုက် သင့်လျော်သောအလုပ်များ စီမံပေးခြင်း အစရှိသည့် စီမံကိန်းများပါဝင်သည်။ ရွှေ့ပြောင်းလုပ်သားများနှင့် ပြည်ပနေ ဖိလစ်ပိုင်လူမျိုးများကို လက်ခံထားသည့် အိမ်ရှင်နိုင်ငံများက ဖိလစ်ပိုင်လူမျိုးတို့၏ အခွင့်အရေးများအား အကာအကွယ်ပေးမည့် ပေါ်လစီများလည်း ရှိသည်။

ရွှေ့ပြောင်းလူ့အဖွဲ့အစည်းများမှ မိမိတို့နိုင်ငံ၏ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများတွင် ကူညီထည့်ဝင်နိုင်ရန် အစိုးရမှစီစဉ်ပေးသည်။ LINKPHIL ကဲ့သို့သော အစီအစဉ်သည် ကျေးလက်ခေါင်ဖျားဒေသများအတွင်း ကျန်းမာရေး၊ ပညာရေးဆိုင်ရာ စီမံကိန်းများအတွက် အလှူငွေများကို ကောက်ခံပေးပြီး PHILNEED ဟူသော အစီအစဉ်သည် ပြည်ပရောက် ဖိလစ်ပိုင်လူမျိုးများ၏ အကူအညီကို ရယူလျက်ရှိသည်။

ထို့အပြင် ဖိလစ်ပိုင်အစိုးရသည် ဖိလစ်ပိုင်အနုပညာရှင်များကို ပြည်ပနိုင်ငံများသို့ ဖျော်ဖြေရေးပွဲများ စေလွှတ်ပေးခြင်း၊ ဖိလစ်ပိုင်ရွှေ့ပြောင်းလုပ်သားအများစု အခြေကျနေထိုင်ကြသည့်နေရာမှ ဖိလစ်ပိုင်ကျောင်းများကို ကူညီထောက်ပံ့ပေးခြင်းနှင့် ဆွေးနွေးအတိုင်ပင်ခံလုပ်ငန်းများ ထားရှိပေးခြင်းစသည့် အစီအစဉ်များမှတစ်ဆင့် အမိမြေရှိ ဖိလစ်ပိုင်မိသားစုဝင်များနှင့် အဆက်အသွယ် မပြတ်တောက်စေရန် စီမံပေးထားသည်။ ထိုစီမံမှုများမှတစ်ဆင့် မိမိတို့ ဖိလစ်ပိုင်လူမျိုး၏တန်ဖိုးကို ထိန်းသိမ်းရန်လည်း ရည်ရွယ်သည်။ မကြာသေးမီကပင် ဖိလစ်ပိုင်အစိုးရက ရွှေ့ပြောင်းအလုပ်သမားများအား နိုင်ငံရွေးကောက်ပွဲတွင် မဲပေးခွင့်ပေးခဲ့သည်။ သို့သော် မဲပေးခဲ့သည့် မဲဆန္ဒရှင်သည် နှစ်နှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လာရမည်ဟု ဝန်ခံကတိပြုရမည်ဖြစ်သည်။

Adapted from: *'Beyond Remittances: The Role of Diaspora in Poverty Reduction in their Countries of Origin,' Migration Policy Institute, June 2004, www.migrationpolicy.org/pubs/Beyond_Remittances_0704.pdf*

### လေ့ကျင့်ခန်း

၁။ ဖိလစ်ပိုင်နိုင်ငံတွင်းနေသူများသည် ပြည်ပရောက် ဖိလစ်ပိုင်လူမျိုးများအပေါ် မည်သည့်တာဝန်များ ရှိသနည်း။

၂။ ဖိလစ်ပိုင် ရွှေ့ပြောင်းလုပ်သားများသည် အမိမြေအတွက် မည်သည့်တာဝန်များ ထမ်းရွက်သင့်သနည်း။


၃။ ပြည်ပရောက် ဖိလစ်ပိုင်လူမျိုးများ မည်သည့် နည်းလမ်းများဖြင့် နိုင်ငံတွင်းနေ မိသားစုဝင်များနှင့် ဆက်သွယ်နိုင်မည်နည်း။

## ၂.၃ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ကြသူတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာများ

မိမိနှင့် သက်ဆိုင်ပါဝင်နေသည့် လူ့အဖွဲ့အစည်းများသည် မိမိမည်သူ မည်ဝါ ဖြစ်သည်ကို ဖော်ညွှန်းနေကြသည်။ လူတိုင်းသည် လူ့အဖွဲ့အစည်းတစ်ရပ်ထက်ပို၍ ဆက်နွယ်ပါဝင်နေကြသည်နှင့်အမျှ ထိုသူ၏ ပင်ကိုယ်စရိုက်လက္ခဏာတို့မှာလည်း တစ်ခုထက်မက ရရှိပိုင်ဆိုင်ထားတတ်ကြပေသည်။


ဥပမာအားဖြင့်ဆိုရသော် အမျိုးသမီးတစ်ယောက်အနေနှင့် ကျောင်းသူတစ်ဦးလည်းဖြစ်နိုင်သည်။ အရောင်းစာရေးမတစ်ဦး၊ တစ်စုံတစ်ဦး၏သမီး၊ တစ်စုံတစ်ဦး၏အဒေါ်လည်း ဖြစ်နိုင်သည်။ မြန်မာနှင့် အင်္ဂလိပ်ဘာသာစကား ၂ မျိုးပြောသူဖြစ်နိုင်သည်။ သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားသူဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တစ်ယောက်လည်းဖြစ်မည်။ Iron Cross အဖွဲ့ကို နှစ်သက်အားပေးသူလည်း ဖြစ်နိုင်ပေသည်။ ထိုကဲ့သို့ မိမိနှင့် သက်ဆိုင်သည့် လူ့အဖွဲ့အစည်းများက မိမိ၏ စရိုက်လက္ခဏာတို့ကို ဖော်ညွှန်းပြသပေးလျက်ရှိပေသည်။

ထိုစရိုက်လက္ခဏာတို့သည် အသက်အရွယ်ကိုလိုက်၍ ပြောင်းလဲနိုင်သကဲ့သို့ မိမိအတွက် အရေးပါပုံတို့မှာလည်း အခြေအနေအချိန်အခါကိုလိုက်၍ ပြောင်းလဲနိုင်ပေသည်။ အောက်ပါပုံသည် မြန်မာနိုင်ငံသားတစ်ဦးတွင်ရှိနိုင်သည့် ကွဲပြားသော ပင်ကိုယ်စရိုက်လက္ခဏာကို ဖော်ပြသည်။



## ပြန်လည်သုံးသပ်ချက်

မိမိတွင်ရှိသည့် ကိုယ်ပိုင်စရိုက်လက္ခဏာများကို စဉ်းစားပြီး တစ်ဖက်ပါပုံတွင် ဖြည့်စွက်ပါ။




## ပြန်လည်သုံးသပ်ချက်

၁။ လူ့အဖွဲ့အစည်းနှင့် ကိုယ်ပိုင်စရိုက်လက္ခဏာတို့ မည်သို့ ဆက်နွယ်နေကြသနည်း။

၂။ ရှေ့တွင်ပြုစုခဲ့သည့် မိမိအတွက် အရေးပါသည့် လူ့အဖွဲ့အစည်းများကို ပြန်လည်စဉ်းစားကြည့်ပါ။ မည်သည့် လူ့အဖွဲ့အစည်းက စာဖတ်သူ၏ အကျင့်စရိုက်လက္ခဏာများကို အများဆုံး သက်ရောက်မှုရှိသနည်း။ ထိုလူ့အဖွဲ့အစည်းများသည် စာဖတ်သူအတွက် အရေးပါဆုံးဖြစ်သည့် လူ့အဖွဲ့အစည်းများတွင် ပါဝင်ပါသလား။

၃။ မည်သည်တို့က ထိုလူ့အဖွဲ့အစည်းတွင် ပါဝင်ပတ်သက်နေသည်ဟု ခံစားမိစေသနည်း။

၄။ မည်သည်တို့က အခြားသော လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ပါဝင်ခြင်းမရှိဟု ခံစားရစေသနည်း။

၅။ ထိုသို့ လူ့အဖွဲ့အစည်းမှ စွန့်ပစ်ခံရခြင်းနှင့် မိမိတို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာတို့ ဆက်နွယ်နေသည်ဟု ထင်ပါသလား။

## အကြံပြုသင်ခန်းစာ

လူ့အဖွဲ့အစည်းတစ်ရပ် အတွက် မည်သည့် တန်ဖိုးများ အရေးပါသည်ဟု ထင်သနည်း။

## ၂.၄ တန်ဖိုးများ

တန်ဖိုးစနစ်များသည် ကျွန်တော်တို့ မိမိကိုယ်ကို မည်သို့ ပုံသွင်းနေထိုင်သည်ကို ဖော်ညွှန်းလျက်ရှိသည်။ မိမိ၏တန်ဖိုးထားမှုများက လူ့အဖွဲ့အစည်းတွင် မည်သို့ ပါဝင်ဆောင်ရွက်မည်၊ သူငယ်ချင်းမိတ်ဆွေများနှင့် မည်သို့ ပြုမူဆက်ဆံမည်၊ မိမိအချိန်ကို မည်သို့ ကုန်လွန်စေမည်စသော နိစ္စဓူဝပြုမူဆောင်ရွက်ချက်များအပေါ် သက်ရောက်မှုရှိပေသည်။ ထို့အပြင် မိမိတို့၏ ဆုံးဖြတ်ချက် အကောင်း၊ အဆိုး၊ အမှား၊ အမှန်တို့အပေါ်လည်း အကျိုးသက်ရောက်လျက်ရှိပေသည်။ 'တန်ဖိုးစနစ်များ' နှင့် ပတ်သက်၍ အရေးပါသည့် အချက်မှာ ထိုတန်ဖိုးစနစ်များအတိုင်း မိမိလိုက်နာကျင့်ကြံ၊ မကြံ မိမိအသိုင်းအဝိုင်းတစ်ရပ်လုံး ထိုတန်ဖိုးစနစ်များကို အလေးထား၊ မထား အစဉ်ဆန်းစစ်နေရန်မှာ အရေးပါလှသည်။

| | |
|---|---|
| အချုပ်အခြာ အာဏာတည်မြဲမှုကို လေးစားတန်ဖိုးထားမှု | လူအချင်းချင်း တန်းတူညီမျှရေးကို အလေးပေးမှု |
| ကူညီရက်ရောစိတ်ရှိမှု | မျိုးချစ်စိတ်ဓာတ် မွေးမြူပိုင်ဆိုင်မှု |
| ညှိနှိုင်းမှု | တရားဥပဒေစိုးမိုးမှု |
| တရားမျှတမှု | ပါဝင်မှု |
| ရိုးရာအစဉ်အလာ | ရိုးသားမှု |
| ပူးပေါင်းဆောင်ရွက်မှု | စူးစိုက်၊ နှစ်မြှုပ်နိုးမှု |
| စည်းလုံးမှု | ညီညွတ်မှု |
| အမှီအခိုကင်းမှု | လွတ်လပ်မှု |
| | |

## ပြန်လည်သုံးသပ်ချက်

၁။ ဖော်ပြပါ တန်ဖိုးများစာရင်းထဲတွင် မည်သည်က အရေးကြီးဆုံးဟု ထင်သနည်း။ တန်ဖိုးထားချက် တစ်ခုချင်းစီအတွက် မည်သည်က အရေးကြီးဆုံးဖြစ်သည်၊ သာမန်မျှသာ အရေးကြီးသည် (သို့မဟုတ်)လုံးဝ အရေးမကြီးပါ စသည်ဖြင့် သတ်မှတ်ပေးပါ။

၂။ မိမိတို့၏ သတ်မှတ်ချက်များကို အတန်းဖော်တစ်ဦးနှင့် နှိုင်းယှဉ်ကြည့်ပါ။ မိမိ၏ သတ်မှတ်ချက် အကြောင်းပြချက်များနှင့်တကွ ရှင်းပြပါ။ တူညီသော သတ်မှတ်ချက်များ ရှိ၊ မရှိ ဆန်းစစ်ပါ။

## လေ့ကျင့်ခန်း

အထက်ဖော်ပြပါ စာရင်းတွင် မပါဝင်သည့် အခြားအရေးပါသော တန်ဖိုးများရှိပါက ဆွေးနွေး ဖြည့်စွက်ပေးပါ။

## လုပ်ငန်းများ

၁။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ လူ့အဖွဲ့အစည်းအတွင်းရှိ တန်ဖိုးထားမှုများကို အရေးပါမှု အစီအစဉ်အလိုက် အောက်ပါ ပိရမစ်ပုံတွင် ဖြည့်စွက်ပေးပါ။


၂။ အခြားသော အတန်းဖော်များနှင့်လည်း ပူးပေါင်း၍ အားလုံးသဘောတူသည့် တန်ဖိုးထားမှုများပြ ပိရမစ်တစ်ခု ထပ်မံရေးဆွဲပေးပါ။

၃။ ထို့နောက် တစ်တန်းလုံး သဘောတူလက်ခံသည့် တန်ဖိုးထားမှုများပြ ပိရမစ်ရေးဆွဲပါ။

၄။ နောက်ဆုံး ရေးဆွဲခဲ့သည့် ပိရမစ်က စာသင်ခန်းတွင်ရှိ ကျောင်းသားတိုင်း၏ တန်ဖိုးထားမှုကို မည်သို့ကိုယ်စားပြုဖော်ပြနေသနည်း။

၅။ ထိုသို့ တန်ဖိုးထားမှုများပြ ပိရမစ်ရေးဆွဲရာတွင် မည်သည့် အခက်အခဲများ ကြုံတွေ့ခဲ့ရသနည်း။

၆။ ထိုအခက်အခဲများကို မည်သို့သော နည်းစနစ်များသုံး၍ ဖြတ်သန်းကျော်လွှားခဲ့သနည်း။




## ဆွေးနွေးချက်

၁။ လူ့အဖွဲ့အစည်းတိုင်း တူညီသော တန်ဖိုးစနစ်များ ရှိမည်ဟု ထင်ပါသလား။

၂။ မိမိကျင်လည်ရာ လူ့အဖွဲ့အစည်းအတွင်း မည်သည့် တန်ဖိုးစနစ်များက အရေးပါဆုံးဖြစ်သနည်း။

၃။ ထိုတန်ဖိုးထားမှုများကို လူ့အဖွဲ့အစည်းအတွင်း ပါဝင်သူများက အပြည့်အဝထောက်ခံကြပါသလား။ ကန့်ကွက်သည့် တန်ဖိုးစနစ်များရော ရှိပါသလား။ အဘယ့်ကြောင့် ကန့်ကွက်ကြသနည်း။

# ၂.၄.၁ လူ့အဖွဲ့အစည်းအတွင်း မတူကွဲပြားသည့် တန်ဖိုးစနစ်များ

လူ့အဖွဲ့အစည်းအတွင်း ပါဝင်သူတစ်ဦးချင်းစီတွင် မတူကွဲပြားသည့် တန်ဖိုးစနစ်များရှိကြသည်။ တန်ဖိုးထားမှုပုံစံများသည် ယဉ်ကျေးမှုစနစ်တို့အပေါ်မူတည်၍လည်း ကွဲပြားနိုင်သည်။ ဥပမာဆိုရသော် အချို့ယဉ်ကျေးမှုပုံစံများသည် ရှေးရိုးဆန်ကြပြီး စည်းကမ်းတင်းကြပ်ခြင်း၊ ဂါရဝတရားထားခြင်း စသည်တို့ကို တန်ဖိုးထားသည်။ သို့ရာတွင် အချို့သော ယဉ်ကျေးမှုစနစ်များတွင်မူ လွတ်လပ်စွာ ပြုမူနေထိုင်ခြင်းကို တန်ဖိုးထားတတ်ပြီး တစ်သီးပုဂ္ဂလဆန်တတ်ကြသည်။

## လုပ်ငန်းများ



၁။ အောက်ဖော်ပြပါ လူ့အခွင့်အရေးများကိုဖတ်ပြီး အနှစ်သက်ဆုံး လူ့အခွင့်အရေး (၆) ခုကို စိတ်ကြိုက်ရွေးချယ်ပေးပါ။

- လိင်၊ လူမျိုးတို့အပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုများမှ ကင်းဝေးခြင်း
- ပညာသင်ကြားနိုင်ခွင့်
- လွတ်လပ်စွာ ပြောဆိုဝေဖန်ပိုင်ခွင့်
- အချုပ်အခြယ်ကင်းစွာ ရွေးချယ်စီရင်ပိုင်နိုင်ခွင့်
- ဘဝအာမခံချက်အပြည့်အဝ ရရှိခံစားနိုင်ခွင့်
- သန့်ရှင်းသော ပတ်ဝန်းကျင်တစ်ရပ် ရရှိပိုင်ဆိုင်ခွင့်
- လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်
- သာယာသော မိသားစုတစ်ရပ် ဖန်တီးပိုင်ခွင့်
- ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်
- လွတ်လပ်စွာ အလုပ်လုပ်ပိုင်ခွင့်
- လူမှုဖူလုံရေးနှင့် လုံခြုံရေးကို ခံစားရယူပိုင်ခွင့်
- နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲများတွင် မဲပေးခွင့်

၂။ အဖွဲ့များဖွဲ့ပြီး မိမိရွေးချယ်ထားသည့် လူ့အခွင့်အရေးများကို မျှဝေဆွေးနွေးကြပါ။ မည်သည့် အခွင့်အရေးများကို အများဆုံးရွေးချယ်ကြသည်၊ မည်သည်တို့ကို မရွေးချယ်ကြသည်ကို စစ်ဆေးပေးပါ။

၃။ 'မိုးပျံပူဖောင်းနှင့် ခရီးသည် (၁၂) ဦး' ပထမပိုင်းကို ဖတ်ပါ။ မည်သည့် လူ့အခွင့်အရေး (၆) ချက်ကို ဆက်လက်ထိန်းသိမ်းမည်ကို စဉ်းစားအဖြေရှာပေးပါ။

### 'မိုးပျံပူဖောင်းနှင့် ခရီးသည် (၁၂) ဦး' - ပထမပိုင်း

မိုးပျံပူဖောင်းတစ်ခုပေါ်တွင် ခရီးသည် (၁၂) ဦး စီးနင်းလိုက်ပါလာကြသည်။ ထိုခရီးသည် တစ်ဦးစီသည် အထက်တွင် ဖော်ပြထားသော လူ့အခွင့်အရေး (၁၂) ချက်မှ တစ်ချက်ချင်းစီကို ကိုယ်စားပြုသည်ဆိုပါစို့။ ထိုမိုးပျံပူဖောင်း၏ ခရီးလမ်းတစ်နေရာတွင် တောင်ကြီးတစ်တောင်ရှေ့ကခံနေသည်။ ထိုတောင်ကိုကျော်ရန် နည်းလမ်းဆို၍ မိုးပျံပူဖောင်း၏ အလေးချိန်ကိုဖော့ပြီး မြင့်မြင့်ပျံနိုင်ရန်သာကျန်သည်။ ထို့ကြောင့် ဖော်ပြပါ လူ့အခွင့်အရေး (၆) ရပ် ကိုယ်စားပြုခရီးသည် (၆) ဦး ခုန်ဆင်းမှ ဖြစ်ပေမည်။ မည်သူတို့ ဆင်း၍ မည်သူတို့ ကျန်ခဲ့မည်နည်း။

## ပြန်လည်သုံးသပ်ချက်

တစ်ဖက် စာမျက်နှာပါ 'တန်ဖိုးစနစ်များပြ ပိရမစ်' များကို ပြန်လည်စဉ်းစားပါ။ စာဖတ်သူ ရွေးချယ်ခဲ့သည့် တန်ဖိုးထားမှုများက 'မိုးပျံပူဖောင်းလေ့ကျင့်ခန်း' တွင် ရွေးချယ်သည့် လူ့အခွင့်အရေးများကို ကိုယ်စားပြုပါသလား။ မိမိပတ်သက်ရာ လူ့အဖွဲ့အစည်း၏ တန်ဖိုးထားမှုများနှင့် လူ့အခွင့်အရေးများ၏ ဆက်နွယ်မှုကို ဖော်ပြပေးပါ။

## လုပ်ငန်းများ

ရှေ့တွင် လုပ်ခဲ့သည့် 'မိုးပျံပူဖောင်းနှင့် ခရီးသည် (၁၂) ဦး' ပထမပိုင်းပါ လေ့ကျင့်ခန်းကိုပြန်ကြည့်ပါ။ ယခုအခေါက်တွင်မူ မန်ဂိုအာနိုင်ငံသားများနေရာမှ စဉ်းစား၍ မည်သည့်အခွင့်အရေးတို့ ရွေးချယ်မည်ကို ဆုံးဖြတ်ပေးပါ။ ထိုကဲ့သို့စဉ်းစားရာတွင် အထောက်အကူပြုနိုင်ရန်အတွက် အောက်တွင်ရေးထားသည့် မန်ဂို လူမျိုးတို့၏ အကြောင်းကို ဦးစွာဖတ်ပေးပါ။

### 'မိုးပျံပူဖောင်းနှင့် ခရီးသည် (၁၂) ဦး' - ဒုတိယပိုင်း

အောက်ဖော်ပြပါအချက်များသည် မန်ဂိုအာဟု အမည်ပေးထားသည့် စိတ်ကူးယဉ်နိုင်ငံအတွင်းမှ လူတို့၏ယဉ်ကျေးမှုဓလေ့စရိုက်ကို ဖော်ညွှန်းသည်။ စာဖတ်သူနှင့် အတန်းဖော်များသည် မန်ဂိုအာလူမျိုးများ ဖြစ်ကြသည်ဟုခံယူထားပါ။ စာဖတ်သူနှင့် အပေါင်းအဖော်တို့သည် အထက်ပါအတိုင်း မိုးပျံပူဖောင်းနှင့် ခရီးသွားကြပြီး တူညီသောအဖြစ်အပျက်နှင့် ကြုံတွေ့သည်ဆိုပါစို့။ မန်ဂိုအာလူမျိုးများနေရာမှ စဉ်းစားပြီး မည်သို့သော အခွင့်အရေးမျိုးကို ချန်ခဲ့၍ မည်သည်တို့ကို စွန့်ပယ်မည်ကို သုံးသပ်ပေးပါ။

### မန်ဂိုအာနိုင်ငံသားများ၏ ယဉ်ကျေးမှုဓလေ့စရိုက်

မန်ဂိုအာသည် အရှေ့တောင်အာရှရှိ နိုင်ငံတစ်နိုင်ငံဖြစ်သည် ဆိုပါစို့။ မန်ဂိုအာနိုင်ငံသည် ပြင်သစ်လက်အောက်ခံနိုင်ငံအဖြစ် နှစ်ပေါင်း ၁၂၀ နေခဲ့ရပြီးနောက် ၁၉၉၈ ခုနှစ်တွင် သွေးချောင်းစီးတော်လှန်ရေးတိုက်ပွဲများ ဆင်နွှဲကာ လွတ်လပ်ရေးရရှိခဲ့သည်။ 'ပုဂ္ဂလိက လွတ်လပ်ခွင့်' သည် ထိုနိုင်ငံတွင်းရှိ လူ့အဖွဲ့အစည်းတိုင်း အလေးဂရုပြုသည့် တန်ဖိုးတစ်ရပ်ဖြစ်သည်။ ထိုတန်ဖိုးထားမှုအတိုင်း အမှီအခို ကင်းကင်း နေထိုင်နိုင်ခြင်းသည် နိုင်ငံသားတစ်ဦးတွင် ရှိသင့်သည့် စွမ်းရည်တစ်ရပ်၊ ရင့်ကျက်မှုတစ်ရပ် ဖြစ်သည်ဟုပင် လက်ခံသတ်မှတ်ထားကြသည်။ မန်ဂိုအာလူငယ်များသည် ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်သည့်အချိန်တွင် မိဘအိမ်မှစွန့်ခွာပြီး ကိုယ့်အားကိုယ်ကိုးကာ ရပ်တည် နေထိုင်ကြသည်။ ထိုသို့မနေဘဲ ၁၆ နှစ် ပြည့်ပြီးနောက် မိဘအိမ်တွင် ခိုကပ်နေကြသူများကို လူပျော့လူညံ့များအဖြစ် သတ်မှတ်ကြသည်။ အစိုးရကလည်း နိုင်ငံသားများ အမှီအခိုကင်းကင်း၊ ချုပ်ချယ်မှုကင်းကင်းနေထိုင်နိုင်ရန် အစီအစဉ်များထားရှိပေးထားပြီး သက်ကြီး ရွယ်အိုများအား ထိန်းသိမ်းစောင့်ရှောက်ပေးမည့် အစီအမံများလည်းထားရှိသည်။ မန်ဂိုအာနိုင်ငံသည် စစ်ပွဲများကြောင့် ပျက်စီးပြိုလဲခဲ့သည့် အခြေအနေများမှ ပြန်လည်နာလန်ထခါစဖြစ်သည်။ နိုင်ငံတည်ဆောက်ရေးသည် နိုင်ငံသားတိုင်း၏ အဓိကဦးစားပေး တာဝန်တစ်ရပ် ဖြစ်သည်ဟုလည်း ခံယူထားကြသည်။ နိုင်ငံ၏စီးပွားရေးစနစ် တိုးတက်ကောင်းမွန်မှသာ နိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်နိုင်မည်ဟုလည်း ယုံကြည်ကြသည်။ ထို့မှသာ နိုင်ငံသားများ သက်သာချောင်ချိရေး၊ နိုင်ငံတွင်းရှိ လူ့အဖွဲ့အစည်းများ သာယာဖွံ့ဖြိုးရေးအတွက် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။ မန်ဂိုအာနိုင်ငံသားများသည် နိုင်ငံရေးတွင်လည်း တက်ကြွစွာပါဝင်ကြသည်။ ကိုလိုနီဝါဒနှင့် စစ်ပွဲများစွာတို့ကို ဖြတ်သန်းခဲ့သည့်အလျောက် ခေါင်းဆောင်မှု၏ အရေးပါပုံကိုလည်း သိမြင်ထားကြပြီးဖြစ်ကာ မိမိတို့ကိုယ်တိုင် ခေါင်းဆောင်အား ရွေးချယ်တင်မြှောက်နိုင်မှု၊ မိမိတို့ စံတန်ဖိုးထားမှုနှင့် လိုအပ်ချက်များအတိုင်း အစိုးရကို ထိန်းကျောင်း လမ်းညွှန်နိုင်မှု စသည်တို့ကို နှစ်လိုတန်ဖိုးထားကြသည်။ ထို့ကြောင့်လည်း နိုင်ငံအုပ်ချုပ်ရေး၏ ကောင်းကွက်၊ ဆိုးကွက်တို့ကို ဝေဖန်နိုင်ပြီး နိုင်ငံရေးတွင် အကျိုးရှိရှိ ပါဝင်ဆောင်ရွက်နိုင်ကြပေသည်။

ထို့မျှသာမက မန်ဂိုအာနိုင်ငံသားများသည် မိမိတို့၏ လူ့အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ကြရခြင်းအတွက် ဂုဏ်ယူဝံ့ကြွားလေ့ရှိပြီး သူတို့၏ဘဝကို ဖြတ်သန်းလှုပ်ရှားပုံက အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းကျိုးမျိုးစေ့များ ချန်ထားနိုင်မည်ဟု ယုံကြည်ကြသည်။

Adapted from: *Value Place on Human Rights*

## ဆွေးနွေးချက်

အချို့လူ့အဖွဲ့အစည်းဆိုင်ရာ စံတန်ဖိုးများသည် လူ့အဖွဲ့အစည်းတစ်ရပ်အား အကျိုးထက် အပြစ်သာပေးသည့် အခြေအနေမျိုးရှိသည်ဟု ထင်ပါသလား။ ထိုထင်မြင်ချက်ကို အတန်းဖော်တစ်ဦးနှင့် ဆွေးနွေးပေးပါ။

## ၂.၄.၂ လူ့အဖွဲ့အစည်းအတွင်း တန်ဖိုးစနစ်များ၏ အရွေ့

လူ့အဖွဲ့အစည်း၏ စံတန်ဖိုးစနစ်များသည် အချိန်ကာလနှင့်အတူ ရွေ့လျားပြောင်းလဲနိုင်ပေသည်။ သိပ္ပံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကြောင့်လည်းကောင်း၊ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှုများကြောင့်လည်းကောင်း လူ့အဖွဲ့အစည်းအတွင်း လက်ခံထားကြသည့် စံတန်ဖိုးစနစ်များသည်လည်း ပြောင်းလဲနိုင်ပေသည်။ ထိုသို့ ပြောင်းလဲမှုများသည် လူ့အဖွဲ့အစည်းအသီးသီးတို့အပေါ်တွင် ပုံစံအမျိုးမျိုးဖြင့် သက်ရောက်နိုင်ပေသည်။

### အကြိုသင်ခန်းစာ

မိမိ၏ စံတန်ဖိုးစနစ်ပုံစံများ ပြောင်းလဲနေသည်ဟု ထင်ပါသလား။ လွန်ခဲ့သော ၁၀ နှစ်တာ အချိန်ကာလအတွင်း မိမိ၏ စံတန်ဖိုးစနစ်များ မည်မျှ ပြောင်းလဲခဲ့သနည်း။

### ဖြစ်ရပ်လေ့လာချက်

**ယိုရူဘာယဉ်ကျေးမှု Yoruba၏ ပြောင်းလဲလာသော စံတန်ဖိုးစနစ်များ**

နိုင်ဂျီးရီးယားနိုင်ငံရှိ ယိုရူဘာလူမျိုးတို့၏ အသိုင်းအဝိုင်းနေထိုင်မှုဘဝတွင် ပြောင်းလဲမှုများစွာကို ကြုံတွေ့လျက်ရှိသည်။ ခေတ်စနစ်တိုးတက်လာမှု၊ ခရစ်ယာန်ဘာသာအယူဝါဒများနှင့် အနောက်တိုင်းယဉ်ကျေးမှုများ လွှမ်းမိုးမှုစသည်တို့က ရိုးရာအစဉ်အလာအရ စံတန်ဖိုးစနစ်များအပေါ် များစွာအကျိုးသက်ရောက်လျက်ရှိပေသည်။ ထို့အတူ နိုင်ငံအဝန်းရှိ အမျိုးသမီးများ၏ လူမှုအဆင့်အတန်းများ၊ အခွင့်အရေးများမှာလည်း တိုးတက်ပြောင်းလဲလာသည်။ မြို့ပြနေ ယိုရူဘာအိမ်ရှင်မများအနေဖြင့် သူတို့ခင်ပွန်းသည်၏ မိသားစုများထံမှ ခွဲထွက်ကာနေထိုင်လိုလာကြသည်။ ယိုရူဘာလူမျိုးတို့သည် ယဉ်ကျေးမှုအရ မျိုးနွယ်စောင့်ထိန်းခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်းတို့ကို တန်ဖိုးထားကြသည်။ ယိုရူဘာတို့၏ ရိုးရာအစဉ်အလာများအရ အိမ်ထောင့်တာဝန်ကို လေးစားခြင်း၊ ခင်ပွန်းသည်အပေါ် ရိုသေခြင်းစသည်တို့ကို တန်ဖိုးထားခဲ့ကြသည်။ ယခုအခါတွင်မူ အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ မိသားစုအရေး စသည်တို့တွင် ပါဝင်လာကြပြီး အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်းလာကြသည်။ ထို့အပြင် ဆယ်ကျော်သက်များ၏ စီးပွားရေးရာကိစ္စရပ်များတွင် ပါဝင်မှုမှာလည်း တိုးတက်ပြောင်းလဲလာခဲ့ပြီး ထိုပြောင်းလဲလာမှုက မိသားစုအတွင်း ကိစ္စရပ်များအပေါ် သက်ရောက်လျက်ရှိနေသည်။ ဆယ်ကျော်သက်လူငယ်တစ်ယောက်အတွက် ဖခင်ဖြစ်သူ၏လယ်တွင် ကူညီလုပ်ကိုင်ပေးခြင်းသည် ဂုဏ်ယူစရာတစ်ရပ် မဟုတ်ပေ။ အိမ်မှထွက်ပြီး အဝေးတစ်နေရာတွင်သာ လွတ်လပ်စွာ ဘဝကို ပျိုးထောင်လိုကြသည်။ အတိုချုပ်ဆိုသော် မိသားစုနှင့် နေထိုင်ခြင်း၊ တစ်ဦးအပေါ်တစ်ဦး မှီခိုနေထိုင်ခြင်းတို့ကို တစ်သီးပုဂ္ဂလနေထိုင်ခြင်း တိုးပွားလာမှုက အစားထိုးလာသည်။





Adapted from: *Strains in Traditional Family Values in a Yoruba Community: A study of families in Akoko-land in Ondo State, Nigeria by Olayiwola O. and Owagbemi*

## ပြန်လည်သုံးသပ်ချက်

၁။ မိမိတို့လူ့အဖွဲ့အစည်းအတွင်း အရေးပါသည်ဟု သတ်မှတ်ထားသည့် စံတန်ဖိုးစနစ်များ အချိန်ကာလနှင့်အတူ ရွေ့လျားပြောင်းလဲလာပါသလား။

၂။ မည်သို့သော စံတန်ဖိုးစနစ်များက သိသိသာသာ ပြောင်းလဲလာသနည်း။

၃။ မည်သို့သော အကြောင်းတရားများက လူ့အဖွဲ့အစည်းအတွင်း စံတန်ဖိုးစနစ်များ ပြောင်းလဲမှုကို တွန်းပို့ပေးသနည်း။

၄။ ထိုပြောင်းလဲမှုများက မိမိလူမှုအသိုင်းအဝိုင်းအတွက် မည်သို့သော ကောင်းကျိုး၊ ဆိုးကျိုးများ ဖြစ်စေသနည်း။ အဘယ်ကြောင့်နည်း။

## ဆွေးနွေးချက်

**'လူ့အဖွဲ့အစည်းတို့၏ စံတန်ဖိုးစနစ်များသည် လေနှင့် အလားသဏ္ဍာန်တူသည်။ သစ်ရွက်ကလေးများ၏ လှုပ်ရှားမှုကြောင့် လေ၏သဘောကို သိနိုင်သကဲ့သို့ မိမိတို့၏ လုပ်ဆောင်ချက်တို့ကိုကြည့်၍ မိမိတို့တွင်ရှိသည့် တန်ဖိုးစနစ်များကို အကဲဖြတ်နိုင်ပေသည်။'**

**အယ်ဒ်ါ အန်စီ**

**အထက်ပါ အဆိုအမိန့်၏ ဆိုလိုရင်းကို ဖော်ပြပါ။ ထိုအဆိုအမိန့်က မိမိနှင့် ပတ်သက်ရာ လူ့အဖွဲ့အစည်း၏ သရုပ်ကို ထင်ဟပ်နေပါသလား။**

## အကြံသင်ခန်းစာ

**မိမိ၏ အမူအကျင့်များက မိမိတို့၏ တန်ဖိုးများကို အစဉ်ထင်ဟပ်လျက် ရှိပါသလား။**

## ၂.၄.၃ လက်တွေ့ကျင့်ကြံအပ်သည့် တန်ဖိုးများ

လူ့အဖွဲ့အစည်းဆိုင်ရာ စံတန်ဖိုးများကို ထဲထဲဝင်ဝင်နားလည်သူများသည် လူ့အဖွဲ့အစည်းအတွင်း ပါဝင်သူတစ်ဦးချင်းစီ၏ စံတန်ဖိုးများ၊ အခွင့်အရေးများကိုလည်း လေးစားတန်ဖိုးထားကြသည်။ မိမိတို့၏ တန်ဖိုးထားမှုများအား ထင်ဟပ်သည့် လူမှုအသိုင်းအဝိုင်းတစ်ရပ်တွင် ရပ်တည်နေထိုင်လိုသူများသည် မိမိတို့ ကိုယ်တိုင်ကလည်း မိမိတို့ သတ်မှတ်ထားသည့် လူ့အဖွဲ့အစည်း၏တန်ဖိုးများကို လေးစားတန်ဖိုးထား လိုက်နာကြရန် အရေးကြီးလှသည်။

လူ့အဖွဲ့အစည်းတစ်ရပ်ကို အပြုသဘောဆောင် ပြောင်းလဲမှုမျိုး ဖန်တီးရန်မှာ ခက်ခဲသည် မှန်သော်လည်း မဖြစ်နိုင်သည့်အရာတော့ မဟုတ်ချေ။ ရှေးဦးစွာ လူတိုင်းကို ၎င်းတို့၏ တန်ဖိုးထားမှုများအတိုင်း ပြုကျင့်ကြစေရန်လိုအပ်သည်။ အဓိကလုပ်ဆောင်အပ်သည်မှာ လူတိုင်းမိမိတို့၏ တန်ဖိုးများ၊ ကျင့်ကြံဖွယ်ရာများကို လေးစားတန်ဖိုးထားကြပြီး အဖွဲ့အစည်းတစ်ရပ်လုံး တိုးတက်ရေးအတွက် အတူတကွ ကြိုးစားကြရန်ဖြစ်သည်။

လူ့အဖွဲ့အစည်းနှင့် အတူတကွ လုပ်ဆောင်တတ်ခြင်း၊ တန်းတူညီမျှမှုကို အလေးထားခြင်း၊ မတူကွဲပြားမှုကို နားလည်လက်ခံတတ်ခြင်း အစရှိသော အရည်အသွေးတို့သည် နိုင်ငံသားကောင်းများဖြစ်ရေးတွင် အရေးပါသော တန်ဖိုးများဖြစ်သည်ဟု သိရှိလက်ခံထားကြပြီးဖြစ်သည်။ သို့ရာတွင် သိရုံသာသိသည့် အဆင့်တွင်သာရပ်မနေသင့်၊ လက်တွေ့ကျင့်ကြံနိုင်ရန်လည်း ကြိုးစားအပ်ပေသည်။



◀ ရန်ကုန်မြို့တွင် မြန်မာ့အတာသင်္ကြန်ရေကစားပွဲတော်ကို လူငယ်လူရွယ်များ ဝင်ရောက်ဆင်နွှဲနေကြပုံဖြစ်သည်။ ယခုနှစ်များအတွင်း ထိုလူငယ်လူရွယ်များ၏ ပြောင်းလဲလာသော အမူအကျင့်များကို သတိမူမိပါသလား။ မည်သို့ ပြောင်းလဲလာကြသနည်း။

## ပြန်လည်သုံးသပ်ချက်

အောက်ဖော်ပြပါ ဖြစ်ရပ်ငယ်လေးများကို ဖတ်ပြီး ထိုဖြစ်ရပ်များတွင်ပါသည့် ပြဿနာများကို မည်သို့ ဖြေရှင်းမည်ကို စဉ်းစားပေးပါ။

၁။ မိမိအလုပ်ရှင်သည် နီးစပ်ရာဆွေမျိုးများ၊ လူမျိုးဘာသာတူသူများကိုသာ အလုပ်သမားအဖြစ်ငှားရမ်းထားသည်။ အရည်အချင်း ပြည့်မီသူ ဖြစ်စေကာမူ ဘာသာမတူ၊ မျိုးနွယ်မတူသူများကို ငှားရမ်းခြင်းမပြု။ ထိုလုပ်ရပ်အပေါ် မည်သို့ တုံ့ပြန်မည်နည်း။

၂။ အိမ်နီးချင်းအခန်းမှ ဟိန်းဟောက်သံများ၊ အသံနက်ကြီးဖြင့် အော်သံများကို မကြာမကြာ ကြားရတတ်သည်။ ထိုအိမ်နီးချင်း အခန်းတွင် နေထိုင်သူအမျိုးသမီးနှင့် သားသမီးများ၏ မျက်နှာများတွင်လည်း ဒဏ်ရာဒဏ်ချက်များကိုလည်း တွေ့မြင်ရတတ် သည်။ ထိုကဲ့သို့သော အနေအထားမျိုးတွင် မည်သို့ တုံ့ပြန်ဆောင်ရွက်မည်နည်း။

၃။ လမ်းလျှောက်နေရင်း ဆိုင်တစ်ဆိုင်ရှေ့တွင် ကလေးတစ်ယောက်နှင့်အတူ တောင်းရမ်းစားသောက်နေသော အမျိုးသမီး တစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုသားအမိကို စားသောက်ဆိုင်ပိုင်ရှင်က ထွက်သွားရန် အော်ဟောက်နေသည်ကို တွေ့ပါက မည်သို့ ပြုမူမည်နည်း။

၄။ မိမိအထက်လူကြီး (အမျိုးသား) တစ်ဦးသည် အမျိုးသမီးဝန်ထမ်းများတင်ပြသော အကြောင်းအရေးကိစ္စများနှင့် အကြံပြုချက်များကို လက်မခံဘဲ အမျိုးသားဝန်ထမ်းများ၏ အကြံပေးချက်များကိုသာ လက်ခံလေ့ရှိသည်။ ထိုအခြေအနေမျိုးနှင့် ကြုံတွေ့ပါက မည်သို့ တုံ့ပြန်မည်နည်း။

၅။ မိမိ၏အိမ်နီးနားချင်း အိမ်တစ်အိမ်တွင် ကလေးများစွာရှိသည့် မိသားစုတစ်စုနေထိုင်သည်။ အိမ်ထောင်ဦးစီးဖြစ်သူ အမျိုးသားမှာ သောက်စားမူးယစ်နေပြီး ဘာအလုပ်မှမလုပ်။ ဇနီးဖြစ်သူကသာ ထိုကလေးငယ်လေးများကို ပြုစုစောင့်ရှောက် နေထိုင်လျက်ရှိသည်။ ထိုကလေးများထဲမှ ၁၁ နှစ်အရွယ်ကောင်လေးမှာ အပြင်တွင်အလုပ်လုပ်ပြီး မိသားစုကို တစ်ဖက် တစ်လမ်းက ထောက်ပံ့ပေးလျက်ရှိသည်။ ထိုကောင်လေး ပိုက်ဆံမရှာနိုင်သည့်နေ့မျိုးတွင် ဖခင်ဖြစ်သူက ကြိမ်းမောင်း ရိုက်ပုတ်လေ့ရှိသည်။ ထိုမိသားစုလေးအတွက် မည်သို့ ကူညီပေးနိုင်မည်ဟု ထင်သနည်း။

၆။ အလုပ်မှ ပြန်လာသည့်အချိန်တိုင်း ခန္ဓာကိုယ်သန်စွမ်းပါလျက် တောင်းစားနေသူတစ်ဦးကို အမြဲလိုလိုတွေ့နေရသည်။ ထိုသူသည် အသက်အရွယ်လည်း ကြီးရင့်သူမဟုတ်၊ အလုပ်တစ်ခုခု လုပ်နိုင်စွမ်းသူလည်းဖြစ်သည်။ ထိုအခြေအနေမျိုးနှင့် ကြုံရပါက မည်သို့ ပြုမူမည်နည်း။

၇။ နယ်မှတက်လာသူနှစ်ဦး တက္ကစီငှားနေသည်။ ကားဆရာက ကျသင့်သည့်ဈေးထက် နှစ်ဆတိုးတောင်းနေသည်။ ထိုအဖြစ်အပျက်ကို မြင်နေရသူတစ်ဦးအနေဖြင့် မည်သို့ ပြုမူမည်နည်း။

၈။ တက္ကစီတစ်စီးသည် မီးပွိုင့်တွင် မီးဝါနေလျက်နှင့်ပင် ဆက်လက်မောင်းနှင်သွားသည်။ တာဝန်ကျ ရဲဝန်ထမ်းတစ်ယောက်သည် ထိုတက္ကစီကို ရပ်တန့်ရန် အချက်ပြလိုက်သည်။ ထိုအခါ တက္ကစီယာဉ်မောင်းက ကားရပ်လိုက်ပြီး ထိုရဲဝန်ထမ်းအား ငွေအနည်းငယ်ပေးလိုက်သည်။ သို့ရာတွင် ရဲဝန်ထမ်းက ထိုတက္ကစီယာဉ်မောင်းအား မည်သည့်ဖြတ်ပိုင်း ပြေစာကိုမျှ ပြန်မပေးချေ။ ထိုသို့သော အခြင်းအရာကို သိမြင်ရပါက မည်သို့ ပြုမူမည်နည်း။

ဥပမာ

ဖြစ်ရပ် ။ ။ မိမိလုပ်ဖော်ကိုင်ဖက် တစ်ယောက်က ပိုက်ဆံခိုးပြီး အရက်ဝယ်ရန် ကြံစည်နေသည်ကို သိလိုက်ရသည့် အချိန်တွင် မည်သို့ တုံ့ပြန်မည်နည်း။

အဖြေ ။ ။ ထိုလုပ်ဖော်ကိုင်ဖက်အား အရက်မသောက်ရန်နှင့် သူတစ်ပါးပစ္စည်းအား မခိုးယူရန် ဖျောင်းဖျ ပြောဆိုကြည့်မည်။ ထိုသို့ ပြောဆို၍ မရပါက အကြီးအကဲတစ်ဦးထံ အစီရင်ခံပြီး အကြံဉာဏ်တောင်းမည်။

**ဆွေးနွေးချက်**

လူ့အဖွဲ့အစည်းတွင် ပါဝင်ခြင်းကို တာဝန်ဝတ္တရားတစ်ရပ်ဟု သတ်မှတ်နိုင်ပါသလား။ အဘယ်ကြောင့်နည်း။

## ပြန်လည်သုံးသပ်ချက်

၁။ မိမိအပြုအမူများသည် လူ့အဖွဲ့အစည်းအတွင်း လက်ခံသတ်မှတ်ထားသည့် စံတန်ဖိုးများဖြစ်သည့် အတူတကွ ဆောင်ရွက်တတ်ခြင်း၊ မတူကွဲပြားခြင်းကို တန်ဖိုးထားခြင်း၊ ညီမျှမှု၊ တရားဥပဒေစိုးမိုးမှုတို့ကို အလေးထားခြင်းစသည့် တန်ဖိုးများနှင့်အညီ ပြုမူကျင့်ကြံပါသလား။

၂။ လူ့အဖွဲ့အစည်းအတွင်းရှိ တန်ဖိုးစနစ်များအတိုင်း ပြုမူနေထိုင်ရန် မည်သည်တို့က ပိတ်ပင်ထားသနည်း။

၃။ တစ်ဖက်စာမျက်နှာပါ ဇယားဥပမာအတိုင်း အထက်တွင် ပါဝင်သည့် ဖြစ်ရပ်များအား မည်သို့ တုံ့ပြန်ခဲ့သည်ကို ဇယားတစ်ခု ပြုစုတည်ဆောက်ပေးပါ။

၄။ ထိုဇယားတွင် ပါဝင်သည့် အချက်အလက်များ မည်မျှ တူညီမှုရှိသည်၊ မည်သို့ မည်ပုံ ကွဲပြားသည်ကို နှိုင်းယှဉ်ရန် အဖွဲ့များခွဲ၍ ဆွေးနွေးပေးပါ။ ထို့နောက် ဖြစ်ရပ်တစ်ခုစီအတွက် အသင့်တော်ဆုံးဖြစ်မည့် ဆွေးနွေးချက်များကို ပြုစုပေးပြီး အတန်းသို့ တင်ပြပေးပါ။။

## ပြန်လည်သုံးသပ်ချက်

**မိမိတို့သတ်မှတ်ထားသော တန်ဖိုးများကို ပြန်လည်သုံးသပ်ကြည့်ပါ။ စာမျက်နှာ (၃၈၊ ၃၉) ရှိ အဖြစ်အပျက်များနှင့် ပုံစံတူ အခြေအနေမျိုး ကြုံတွေ့ပါက မည်သို့ ပြုမူမည်နည်း။ ထိုတုံ့ပြန်ပြုမူချက်များက မိမိတို့၏စံတန်ဖိုးစနစ်များနှင့် ကိုက်ညီမှုရှိပါသလား။ သို့မဟုတ် ဆန့်ကျင်နေပါသလား။ ထိုအခြေအနေမျိုးနှင့် ထပ်မံကြုံတွေ့ပါက တန်ဖိုးများနှင့်အညီ တုံ့ပြန်လုပ်ဆောင်မည်လော။ အဘယ်ကြောင့်နည်း။**

| ဖြစ်ရပ် | လက်တွေ့ကျင့်ကြံသင့်သည်ဟုထင်သည့် တန်ဖိုးများ | ထိုစံတန်ဖိုးများကို လက်တွေ့မကျင့်နိုင်အောင် ဟန့်တားထားမှုများ |
|---|---|---|
| ဥပမာ | ပါဝင်မှု ။ ။ ကျွန်တော်တို့ အသိုင်းအဝိုင်း တစ်ရပ်လုံး လူ့အဖွဲ့အစည်း၏ ပြဿနာများကို အတူတကွ ဖြေရှင်းကြစေလိုသည့် စိတ်ဆန္ဒ ရှိခဲ့သည်။<br>ပူးပေါင်းမှု ။ ။ လုပ်ဖော်ကိုင်ဖက်များနှင့် အတူ အလုပ်တွဲလုပ်ပြီး ပူးပေါင်းလုပ်ဆောင်လိုစိတ်ရှိ၊ မရှိ သိလိုသည်။<br>မျှတမှု ။ ။ အလုပ်ခွင်တွင် မည်သည့် ဝန်ထမ်းမျှ ရေသာခိုခြင်း၊ မရိုးသားပြုကျင့်ခြင်းတို့ကို လက်သင့်မခံနိုင်ပါ။ | ကြောက်ရွံ့ခြင်း ။ ။ မိတ်ဆွေများနှင့် ဆက်ဆံရေးတွင် အဖုအထစ် ဖြစ်သွားမည်ကို စိုးရိမ်သည်။<br>ပျင်းရိခြင်း ။ ။ ထိုလူမှုစံတန်ဖိုးများကို ထိန်းသိမ်းရန်၊ လက်တွေ့ကျင့်ကြံရန်မှာ အလုပ်ပိုသည်၊ အချိန်ပုပ်သည်။ |

# ၂.၅ တန်ဖိုးများအကြား လွန်ဆွဲမှု

လူမှုအဖွဲ့အစည်းများ၏ တည်ဆောက်ပုံသည် ရှုပ်ထွေးပွေလီလွန်းလှသည်။ ယေဘုယျအားဖြင့် လူ့အဖွဲ့အစည်းတိုင်းလိုလိုတွင် ရောယှက်ပါဝင်လျက်ရှိသည့် အခြေခံသဘောတရား (၃) ချက်ရှိသည်။

၁။ အဖွဲ့ဝင်များ – အဖွဲ့ဝင်တစ်ဦးချင်းစီနှင့် သူတို့၏ လိုအပ်ချက်များ၊ ခံစားပိုင်ခွင့်များ။

၂။ အစုအဖွဲ့များ – အတွေးအမြင်တူ၊ အယူဝါဒတူအဖွဲ့ဝင်များ ပေါင်းစုထားခြင်းဖြစ်သည်။

၃။ အသိုင်းအဝိုင်း – အသိုင်းအဝိုင်းတစ်ရပ်သည် အဖွဲ့ဝင်များ၊ အစုအဖွဲ့များထက် ပိုမိုကျယ်ပြန့်ပြီး ထိုအသိုင်းအဝိုင်းတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ဘုံဦးတည်ချက်များ ရှိကြသည်။

ဖော်ပြပါ လူ့အဖွဲ့အစည်းဆိုင်ရာ အစိတ်အပိုင်း ၃ ရပ်၏ တန်ဖိုးထားမှုများ၊ လိုအပ်ချက်များနှင့် ဦးတည်ချက်များမှာ ရံဖန်ရံခါမတူကွဲလွဲကြသည်လည်းရှိသည်။ ထိုအကွဲအလွဲများက အကြမ်းဖက်မှုများ အပါအဝင် လူမှုရေးဆိုင်ရာ ပြဿနာများကို ဖိတ်ခေါ်နေလျက်ရှိပေသည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အကျိုးဦးတည်ဆောင်ရွက်သည့်အခါမျိုးတွင် လူ့အဖွဲ့အစည်းအတွင်း ပါဝင်သက်ဆိုင်သူအားလုံး၏ ရပိုင်ခွင့်များကိုပါ ထည့်သွင်းစဉ်းစားပြီး အားလုံး၏အကျိုးအတွက် ထိန်းညှိဆောင်ရွက်နိုင်ရန်မှာ အရေးပါလှသည်။ ထိုအခါမျိုးတွင် အဖွဲ့ဝင်တစ်ဦးအနေဖြင့် မိမိ၏အကျိုး၊ မိမိသက်ဆိုင်ရာ အစုအဖွဲ့၏အကျိုး၊ မိမိတို့အသိုင်းအဝိုင်း၏အကျိုး စသည်ဖြင့် ထည့်သွင်းစဉ်းစားရမည့် 'အကျိုး' များမှာ များပြားနေပြီး မည်သည်ကို အလေးပေးရမည် မသိတော့ဘဲ 'လူမှုရေးဆိုင်ရာ အကျပ်အတည်း' တစ်ရပ်အသွင်သို့ ဦးတည်နေပေသည်။

ထို 'လူမှုရေးဆိုင်ရာ အကျပ်အတည်း' ပုစ္ဆာများ၏ အဖြေကိုရှာရန်မှာ မလွယ်ကူလှချေ။ လူမှုပြဿနာဟူသော ပုစ္ဆာတစ်ပုဒ်ကို တွက်ထုတ်ရာတွင် ရှုထောင့်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားရပြီး ဖြစ်နိုင်သည့် ဖြေရှင်းချက်များစွာမှ 'အဖြေမှန်' တစ်ခုကို ရှာတွေ့ရန်မှာ အလွန်တရာမှပင် ခက်ခဲလှပေသည်။

Adapted from: *Language and Civil Society*

## အကြိုသင်ခန်းစာ

**မိမိလက်ခံယုံကြည်ထားချက်များ၊ တန်ဖိုးထားမှုများသည် အခြားသူများ၏ အတွေးအမြင်၊ ခံယူချက်များနှင့် ကွဲလွဲသည့် အခြေအနေမျိုး ကြုံတွေ့ဖူးပါသလား။ ထိုကဲ့သို့သော မတူကွဲပြားမှုများက လူ့အဖွဲ့အစည်းအတွင်း မည်သို့သော ပဋိပက္ခမျိုး ဖန်တီးနိုင်သနည်း။**



'ဥပဒေအား လေးစားလိုက်နာရန် လိုအပ်ခြင်း' နှင့် 'ဆန္ဒကျင်သဘောထား ကွဲလွဲပိုင်ခွင့်' တို့သည် လူမှုပဋိပက္ခတစ်ရပ်ပင်ဖြစ်သည်။ ဆန့်ကျင်သဘောထား ကွဲလွဲပိုင်ခွင့်သည် အရေးပါသည့် အခွင့်အရေးတစ်ခုဖြစ်ပြီး မတရားမှု၊ စစ်ပွဲများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ဆန္ဒပြရာမျိုးတွင် အသုံးချကြသည်။

## လုပ်ငန်းများ

အောက်ဖော်ပြပါ 'လူမှုရေးဆိုင်ရာ အကျပ်အတည်း' များကို တစ်ဖက်တွင်ရှိသည့် အကိုက်ညီဆုံးအဖြေနှင့် တွဲဖက်ပေးပါ။

က။ နိုင်ငံရေးဆိုင်ရာ အကြမ်းဖက်မှုများတွင် ပြည်သူများ မိမိတို့ အခွင့်ရေးအရ အစိုးရအား ဆန့်ကျင်ဆန္ဒပြရာ မှတစ်ဆင့် လက်လွန်ခြေလွန်ဖြစ်ကာ ဥပဒေမဲ့ အပြုအမူများအထိ ဖြစ်ပွားတတ်ကြသည်။ ဤအခြေအနေမျိုးတွင် 'ဥပဒေမဲ့ပြုမူခြင်း' နှင့် 'အမှန်တရားအတိုင်း ခက်ခဲသည်။

ခ။ တစ်ဦးချင်းစီ၏ လွတ်လပ်စွာ ဘာဝကို ထုဆစ်ပိုင်ခွင့်ကို အသိအမှတ်ပြုခြင်းနှင့် ဒီမိုကရေစီဝါဒအရ လူအများစု၏ လိုအင်ကို လိုက်လျောသင့်သည်ဟူသော အတွေးအခေါ် ၂ ရပ်တို့၏ အားပြိုင်မှုဖြစ်သည်။

ဂ။ 'ကမ္ဘာ့စီးပွားရေး' ဟူသည် လူတိုင်း ကမ္ဘာမြေကြီး၏ မည်သည့် နေရာဒေသတွင်မဆို စီးပွားရှာပိုင်ခွင့်ကို ဆိုလိုသည်။ ယခုအခါ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် နိုင်ငံတကာ လုပ်ငန်းကြီးများ အကောင်အထည်ဖော်လျက်ရှိပြီး အချို့သော စီမံကိန်းများတွင် ထိုဖွံ့ဖြိုးဆဲနိုင်ငံ၏ သယံဇာတနှင့် လူသားသယံဇာတများကို မတရားအမြတ်ထုတ် နေကြသည်ကိုလည်း တွေ့ရသည်။

ဃ။ ယဉ်ကျေးမှုအမျိုးစုံသည့် လူ့အဖွဲ့အစည်းများတွင် အဖွဲ့ဝင်တိုင်း မိမိတို့၏ ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်ဓလေ့ စရိုက်များကို လွတ်လပ်စွာ ဖော်ပြနိုင်ခွင့်ရှိသင့်သည်။ အချို့ကလည်း ဤအခွင့်အရေးသည် လူမှုရေးဆိုင်ရာ အဆီအငေါ်မတည့်မှုများနှင့် ပဋိပက္ခများသို့ ဦးတည်နိုင်သည်ဟု ဆိုကြသည်။ ထိုသူတို့က လူ့အဖွဲ့အစည်း တစ်ရပ်လုံး၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် စည်းလုံးမှုကို တန်ဖိုးထားကြသည်။

င။ ဤလူမှုရေးဆိုင်ရာ အကျပ်အတည်းတွင် တစ်ဦးချင်းစီ၏ စိတ်ကြိုက်ပြုမူ နေထိုင်ခွင့်နှင့် ထိုသို့ ပြုမူမှုများက မိမိတို့၏ အသိုင်းအဝိုင်းကို ဘေးအန္တရာယ် ကျရောက်စေနိုင်မှု ရှိ၊ မရှိ ဆန်းစစ်သည်။

စ။ လူ့အဖွဲ့အစည်းတစ်ရပ် ရပ်တည်ရေးအတွက် လိုအပ်သော အရင်းအမြစ်များအား အထိန်းအကွပ်မရှိ ထုတ်ယူ သုံးစွဲမည်ဆိုပါက ထိုအရင်းအမြစ်များ ခဏအတွင်း ကုန်ဆုံးသွားနိုင်သည်။ လုံးဝမသုံးစွဲဘဲ နေပါကလည်း ဆင်းရဲသော လူ့အဖွဲ့အစည်းတစ်ရပ်၏ ပြဿနာများဖြစ်သည့် ဆင်းရဲတွင်းနက်ခြင်း၊ အိုးအိမ်မဲ့ခြင်း စသည်တို့ကို ဖြေရှင်းရာတွင် နှေးကွေးစေနိုင်သည်။

ဆ။ ဒေသခံပြည်သူများသည် မိမိဒေသဆိုင်ရာ ပြဿနာများကို နှံ့စပ်ကျွမ်းကျင်ကြပြီး ဒေသ၏ အချုပ်အခြာ အာဏာကို ပေးအပ်ထားသင့်သည်။ တစ်ဖက်ကကြည့်လျှင်လည်း ပြည်ထောင်စုအစိုးရကသာ တစ်နိုင်ငံလုံး၏ ဆက်သွယ်ရေး၊ ပို့ဆောင်ရေးနှင့် စီးပွားရေးတို့ကို ထိန်းချုပ်ထားနိုင်ပြီး နိုင်ငံ့အုပ်ချုပ်ရေးကို ကောင်းစွာ လည်ပတ်စေနိုင်မည်ဖြစ်သည်။

ဇ။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ တရားဥပဒေမဲ့ ပြုမူဆောင်ရွက်ချက်များကို အများပြည်သူအား အသိပေးပြီး ထိုပုဂ္ဂိုလ်၏ လုပ်ရပ်ကို တားဆီးရန်လိုအပ်သည်။ တစ်ဖက်တွင်လည်း လူ့အခွင့်အရေးတစ်ရပ်ဖြစ်သည့် အိမ်တွင်းရေးဆိုင်ရာ၊ ကိုယ်ရေးကိုယ်တာ ကိစ္စများကို လုံခြုံမှုပေးစွမ်းနိုင်ရေးမှာလည်း အလေးပေး ဆောင်ရွက် သင့်သည့်အရာဖြစ်သည်။

၁။ တစ်ဦးချင်း လွတ်လပ်စွာ တွေးခေါ်ပိုင်ခွင့်နှင့် အများအကြိုက်လိုက်လျောပေးခြင်း။

၂။ တရားဥပဒေစိုးမိုးရေးနှင့် သဘောထား ဆန့်ကျင်ကွဲလွဲပိုင်ခွင့်။

၃။ ယဉ်ကျေးမှုထွေပြားခြင်းကို လက်ခံနိုင်မှုနှင့် ယဉ်ကျေးမှုတစ်သားတည်း ဖြစ်စေမှု။

၄။ ကိုယ်ပိုင်အခွင့်အရေးများနှင့် အများလူထု အန္တရာယ်ကင်းဝေးရေး။

၅။ သဘာဝအရင်းအမြစ်များအား သုံးဖြုန်းမှုနှင့် စောင့်ရှောက်ထိန်းသိမ်းမှု။

၆။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် အမျိုးသား စီးပွားရေး။

၇။ ဒေသန္တရ စီမံပိုင်ခွင့်နှင့် ပြည်ထောင်စု အုပ်ချုပ်ရေး။

၈။ ပုဂ္ဂလိက လွတ်လပ်ခွင့်နှင့် ပြည်သူတိုင်း၏ သတင်းအချက်အလက် ရပိုင်ခွင့်။

## လုပ်ငန်းများ

**အောက်ပါဖြစ်ရပ်များကို အဖွဲ့များခွဲ၍ ဖတ်ပေးပါ။ ပြီးနောက် ထိုဖြစ်ရပ်များကို သက်ဆိုင်ရာ 'လူမှုရေးဆိုင်ရာ အကျပ်အတည်း' များနှင့် တွဲဖက်ပေးပါ။**

က။ ဆယ်ကျော်သက်အရွယ် ယောကျ်ားလေးတစ်ယောက်က ရုပ်ရှင်ရုံထဲတွင် 'မီး' ဟု ကျယ်လောင်စွာအော်သည်။ သူ့အပြုအမူကြောင့် ရုပ်ရှင်ရုံတစ်ခုလုံး ရုန်းရင်းဆန်ခတ်ဖြစ်သွားသည်။ ထိုကောင်လေး သည် သူ့လုပ်ရပ် မှန်ကန်ကြောင်း၊ သူ့တွင် လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်ရှိကြောင်း ပြောလာသည်။ ထိုအပြုအမူနှင့် ပတ်သက်၍ ရုပ်ရှင်ရုံပိုင်ရှင်က 'လွတ်လပ်စွာ ပြောဆိုခွင့်' တွင် စည်းရှိကြောင်း လူငယ်လေးလုပ်ပုံမှာ မှားယွင်းကြောင်း ချေပသည်။

ခ။ သတင်းစာတစ်စောင်တွင် နာမည်ကြီး နိုင်ငံရေးသမားတစ်ဦး၏ ပုဂ္ဂိုလ်ရေးအကြောင်းကို အသေးစိတ် ဖော်ပြခဲ့သည်။ ထိုသတင်းစာက ပြည်သူ့ခေါင်းဆောင်တစ်ဦး၏ ပုဂ္ဂိုလ်ရေးရာသည် လူအများသိသင့်သည်ဟု ခုခံပြောဆိုသည်။ ထိုနိုင်ငံရေးသမားကလည်း မိမိ၏ 'ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှု' ဟူသော အခွင့်အရေးကို ထောက်ပြ ချေပထားသည်။

ဂ။ ဒေသတစ်ခုတွင် ဘာသာပေါင်းစုံ ကိုးကွယ်ကြပြီး ထိုကိုးကွယ်မှုများကို လေးစားဂုဏ်ပြုသောအားဖြင့် ဘာသာရေး ဆိုင်ရာ ပွဲလမ်းသဘင်များကို တစ်လတစ်ကြိမ်ကျ ကျင်းပပေးရန် စီစဉ်နေသည်။ အချို့ကလည်း ထိုသို့စီစဉ်ပါက ဘာသာရေးအဖွဲ့များကြား ပဋိပက္ခတိုးပွားစေပြီး စည်းလုံးညီညွတ်မှုကို ပျက်ပြားစေမည်ဟု ဝေဖန်ကြသည်။

ဃ။ တောင်တန်းနေ လူ့အဖွဲ့အစည်းတစ်ရပ်တွင် အိမ်ရာစီမံကိန်းတစ်ခုအတွက် အနီးအနားရှိ သစ်တောများအား ခုတ်ထွင်အသုံးပြုလိုကြသည်။ သို့ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များကမူ နောင်လာနောင်သားတို့အတွက် သစ်တောကို ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ထောက်ပြထားသည်။

င။ ကျောင်းသားမိဘများက မိမိတို့ရပ်ရွာအခြေပြု ကျောင်းသင်ရိုးပြုစုပေးရန် ဆန္ဒရှိနေကြသည်။ ပြည်ထောင်စုအစိုးရကမူ တစ်နိုင်ငံလုံးရှိ ကျောင်းများတွင် သင်ရိုးတစ်ခုတည်းကိုသာ သတ်မှတ်အသုံးပြုစေလိုသည်။

စ။ နိုင်ငံခြားကုမ္ပဏီတစ်ခုမှ စူပါမားကတ်တစ်ခုကို မြို့ငယ်လေးတစ်မြို့တွင် ဖွင့်လှစ်တည်ဆောက်လိုသည်။ ထိုသို့ ဖွင့်လှစ်မှုကြောင့် ပြည်တွင်းကုမ္ပဏီများနှင့် ဈေးကွက်သဘောအရ ပြိုင်ဆိုင်မှုများ ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ဒေသခံ အချို့က ပြည်တွင်းစီးပွားရေးအဖွဲ့များ၏ အကျိုးကိုကြည့်ရန် တောင်းဆိုကြသည်။ ထိုနိုင်ငံခြားကုမ္ပဏီ၏ စူပါမားကတ် ဆောက်လုပ်မှုကိုလည်း ကန့်ကွက်ဆန္ဒပြကြသည်။

| |
|---|
| ၁။ တစ်ဦးချင်း၏ ယုံကြည်မှုနှင့် လူအများ အုပ်စိုးမှု။ |
| ၂။ တရားဥပဒေ စိုးမိုးရေးနှင့် ဆန္ဒပြပိုင်ခွင့်။ |
| ၃။ ယဉ်ကျေးမှု ထွေပြားခြင်းကို လက်ခံနိုင်မှုနှင့် ယဉ်ကျေးမှု တစ်သားတည်းဖြစ်မှု။ |
| ၄။ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အခွင့်အရေးများနှင့် အများလူထု အန္တရာယ် ကင်းဝေးစေမှု။ |
| ၅။ သဘာဝအရင်းအမြစ်များအား သုံးဖြုန်းမှုနှင့် ထိန်းသိမ်း စောင့်ရှောက်မှု။ |
| ၆။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် အမျိုးသားစီးပွားရေး။ |
| ၇။ ဒေသန္တရ စီမံပိုင်ခွင့်နှင့် ပြည်ထောင်စု အုပ်ချုပ်ရေး။ |
| ၈။ ပုဂ္ဂလိက လွတ်လပ်ခွင့်နှင့် ပြည်သူတိုင်း၏ သတင်း အချက်အလက် ရပိုင်ခွင့်။ |

## လုပ်ငန်းများ

**မိမိရှေ့တွင် ဆောင်ရွက်ခဲ့သည့် အဖွဲ့နှင့်အတူ အောက်ပါ မေးခွန်းများကို ဆွေးနွေး အဖြေရှာပေးပါ။**

၁။ မိမိလူ့အဖွဲ့အစည်း ကြုံတွေ့နေရသည့် 'လူမှုရေးဆိုင်ရာ အကျပ်အတည်း' ၃ ရပ်ကို ဖော်ပြပါ။

၂။ ထိုအကျပ်အတည်းများကို စိုးရိမ်ဖွယ် အဆင့်အလိုက် သတ်မှတ်ပေးပါ။
(၁ = စိုးရိမ်ဖွယ် အကောင်းအဆုံး၊ ၂ = စိုးရိမ်ဖွယ် ကောင်းသည်၊ ၃ = စိုးရိမ်ဖွယ် အနည်းဆုံး)

၃။ ဖော်ပြပါ 'လူမှုရေးဆိုင်ရာ အကျပ်အတည်း' များကို မိမိတို့၏ တိုင်းပြည်နှင့် လူ့အဖွဲ့အစည်းအတွင်း တွေ့ရှိရပါသလား။

၄။ စိုးရိမ်ဖွယ်အကောင်းဆုံး 'လူမှုရေးဆိုင်ရာ အကျပ်အတည်း' တစ်ရပ်ကို ဖော်ပြပါ။ ထိုအကျပ်အတည်းတွင် မည်သူတို့ ပါဝင်ကြသနည်း။ မည်သို့သော နည်းစနစ်များသုံး၍ ထိုအကျပ်အတည်းကို ဖြေလျှော့ပေးနိုင်မည်နည်း။

ဆွေးနွေးချက်

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း သဟဇာတမဖြစ်ပါက မည်သည့် ပြဿနာများ ကြုံတွေ့နိုင်သနည်း။

## အကြိုသင်ခန်းစာ

မည်သို့သော ပုဂ္ဂိုလ်ကို 'ခေါင်းဆောင်ကောင်း' တစ်ဦးဟု သတ်မှတ်နိုင်မည်နည်း။

# ၂.၆ လူ့အဖွဲ့အစည်းနှင့် ခေါင်းဆောင်မှု

လူ့အဖွဲ့အစည်းအတွင်းဖြစ်ပွားသော လူမှုရေးဆိုင်ရာပြဿနာများ၊ အကျပ်အတည်းများကို ဖြေရှင်းရာတွင် အဖွဲ့ဝင်အားလုံး၏အကျိုးကို ထည့်သွင်းစဉ်းစားအဖြေရှာရပြီး သမာသမတ်ကျကျ ဆုံးဖြတ်ကြရန်လိုအပ်သည်။ ထိုကဲ့သို့ အဂတိတရားကင်းကင်း ဖြေရှင်းနိုင်ရန်အတွက်လည်း အဖွဲ့အစည်းတိုင်းလိုလိုတွင် ခေါင်းဆောင်များ ရွေးချယ်ခန့်အပ်ထားကြသည်။ ခေါင်းဆောင်ကောင်း တစ်ဦးသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ လိုအပ်ချက်များ၊ တန်ဖိုးများကို လေးစားတန်ဖိုးထားကြပြီး အမှုကိစ္စများကို မျှမျှတတဖြေရှင်းကြရန် လိုအပ်သည်။ ထို့အပြင် ခေါင်းဆောင်များသည် အဖွဲ့အစည်းအတွင်း မတူညီမှုများကို ဆွေးနွေးအဖြေရှာစေပြီး တစ်ဦးချင်းစီ၏ အရည်အချင်းများကို အပြည့်အဝအသုံးချတတ်ရန် လမ်းညွှန်ပဲ့ကိုင်ပေးရမည့် တာဝန်ရှိသည်။

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ခေါင်းဆောင်တင်မြှောက်ရာတွင် ရွေးချယ်ပုံများစွာရှိကြပြီး ခေါင်းဆောင်တစ်ဦးတွင်ရှိအပ်သည့် အရည်အချင်းများကိုပါ ထည့်သွင်းစဉ်းစားပြီးမှ ရွေးချယ်ကြသည်။ အချို့သော ခေါင်းဆောင်များကို ပြည်သူများကိုယ်တိုင် ရွေးချယ်တင်မြှောက်ထားသည် ဖြစ်ပြီး၊ အချို့ခေါင်းဆောင်များကမူ အာဏာကို ယခင်ခေါင်းဆောင်ထံမှ တိုက်ရိုက်လွှဲပြောင်း ရယူထားကြခြင်းဖြစ်သည်။ ထိုခေါင်းဆောင်များကို ရွေးချယ်သတ်မှတ်ရာတွင် ခေါင်းဆောင်တစ်ဦးတွင် ရှိအပ်သည့် ပညာ၊ ဝီရိယနှင့် ဆင်ခြင်တုံတရားစသည့် အရည်အသွေးများကို အကဲခတ်ပြီးမှသာ ရွေးချယ်တင်မြှောက်ကြခြင်းဖြစ်သည်။ အချို့ကမူ ရွေးချယ်ခန့်အပ်မှုများကြောင့် မဟုတ်ဘဲ အာဏာကို မတရားတိုက်ခိုက်သိမ်းပိုက်ရာမှ ခေါင်းဆောင်များ ဖြစ်လာကြသည်။ မည်သို့ပင် ဆိုစေကာမူ ခေါင်းဆောင်များအနေဖြင့် ပြည်သူများ၏ လိုအင်ဆန္ဒများကို သိမြင်သဘောပေါက်ကြပြီး ဖြည့်ဆည်းပေးနိုင်မှသာလျှင် ခေါင်းဆောင်ကောင်းများဟု သမုတ်ခံကြရပေမည်။

## လုပ်ငန်းများ

**အောက်ပါဇယား (က) မှ ရာထူးတာဝန်များကို ကြည့်ပြီး အောက်ပါမေးခွန်းများကိုဖြေပါ။**

၁။ အောက်ပါပုဂ္ဂိုလ်များထဲမှ မည်သူတို့က ခေါင်းဆောင်များ ဖြစ်ကြသနည်း။

၂။ မည်သည့် ကျွမ်းကျင်မှုများ၊ အရည်အသွေးများက ထိုသူတို့ကို ခေါင်းဆောင်အဖြစ်သို့ တွန်းပို့ပေးသနည်း။

၃။ ခေါင်းဆောင်များသည် မိမိတို့ လူ့အဖွဲ့အစည်းအတွင်း မည်သို့သော အခန်းကဏ္ဍများမှ ပါဝင်ဆောင်ရွက်သနည်း။

| (က) ရာထူးတာဝန်များ |
| --- |
| ဈေးဆိုင်အကူ၊ နိုင်ငံရေးသမား၊ ကျေးလက် ကျန်းမာရေးဝန်ထမ်း၊<br>တရားသူကြီး၊ နိုင်ငံရေးလှုပ်ရှားသူ၊ ရဲ၊ လယ်သမား၊<br>ဂျာနယ်လစ်၊ ဆေးဆရာ၊ လက်သည်ဆရာမ၊<br>ကျောင်းဆရာ၊ မန်နေဂျာ၊ ဘာသာရေးခေါင်းဆောင် |

| (ခ) အခန်းကဏ္ဍနှင့် တာဝန်များ |
| --- |
| ကြားနေ ဖြေရှင်းပေးခြင်း၊ အလားအလာများကို ကြိုတင်သိမြင်ခြင်း၊ |
| စိတ်ဓာတ်ခွန်အား တိုးမြှင့်ပေးခြင်း၊ ပြဿနာများကို တွေးခေါ်အဖြေရှာတတ်ခြင်း၊ |
| စီမံခန့်ခွဲတတ်ခြင်း၊ ပြည်သူ့အသံကို နားထောင်ပြီး ဝေဖန်အကြံပြုခြင်း၊ |
| စွန့်ဦးတီထွင်ခြင်း၊ ပညာပြည့်ဝခြင်း |

## လုပ်ငန်းများ

ဇယားကွက် (ခ) ထဲရှိ လူ့အဖွဲ့အစည်း ဆိုင်ရာ အခန်းကဏ္ဍများနှင့် ဇယားကွက် (က) ပါ ရာထူးတာဝန်များနှင့် တွဲစပ်ပေးပါ။

## ဆွေးနွေးချက်

ဖော်ပြပါ အခန်းကဏ္ဍများ၊ အရည်အချင်းများနှင့် ပင်ကိုယ်စရိုက်လက္ခဏာများတွင် မည်သည်တို့က ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်ရန် အရေးပါဆုံးဖြစ်သနည်း။

## ၂.၆.၁ ခေါင်းဆောင်မှုပုံစံများ

ခေါင်းဆောင်မှုပုံစံနည်းစနစ်များသည် ခေါင်းဆောင်ကိုလိုက်၍ ကွဲပြားနိုင်ပေသည်။ ခေါင်းဆောင်တစ်ဦး၏ အယူအဆ၊ အတွေးအခေါ်၊ အတွေ့အကြုံများက ထိုခေါင်းဆောင်၏ အုပ်ချုပ်ပုံ နည်းစနစ်ပေါ် သက်ရောက်နေပေသည်။ ခေါင်းဆောင်ပုံနည်းစနစ်အမျိုးမျိုး အထူးထူးအထွေထွေ ကွဲပြားကြသော်လည်း ထိုခေါင်းဆောင်များကို ပြည်သူ့ခေါင်းဆောင်များနှင့် အာဏာရှင်ခေါင်းဆောင်များဟူ၍ ယေဘုယျအားဖြင့် ခွဲခြားသတ်မှတ်နိုင်ပေသည်။

အာဏာရှင်ခေါင်းဆောင်များသည် လူ့အဖွဲ့အစည်းအတွင်း ပါဝင်သက်ဆိုင်သူများ၏ အကြံဉာဏ်များ၊ အဆိုပြုချက်များကို ဂရုမစိုက်ကြ။ မိမိတို့အာဏာကိုသုံး၍ ခြိမ်းခြောက်အကျပ်ကိုင်ကာ ထိုလူ့အဖွဲ့အစည်းကို ချုပ်ကိုင်စိုးမိုးထားသည်။ (အောက်တွင်ပါသည့် ဖြစ်ရပ်လေ့လာချက် (က) နှင့် နှိုင်းယှဉ်ကြည့်ရှုပေးပါ။)

ပြည်သူ့ခေါင်းဆောင်များသည် လူမှုအဖွဲ့အစည်းတစ်ရပ်လုံး၏ ပါဝင်မှုကို အလေးထားကြပြီး အများအလိုကျ ဆုံးဖြတ်ချက်များကိုချမှတ်ကြသည်။ မိမိတို့၏အာဏာသည် အများက သတ်မှတ်ထားခြင်းဖြစ်ပြီး ပြည်သူ့အကျိုးကိုသာ ဦးတည်ရမည်ဟုခံယူထားသည်။ (တစ်ဖက်စာမျက်နှာပါ ဖြစ်ရပ်လေ့လာချက် (ခ) ကို ဖတ်ရှုပေးပါ။)

## အကြံပြုသင်ခန်းစာ

မည်သူ၏ ခေါင်းဆောင်မှုပုံစံကို လေးစားသဘောကျသနည်း။ အဘယ်ကြောင့်နည်း။

## ဖြစ်ရပ်လေ့လာချက်(က)




### ဖိလစ်ပိုင်နိုင်ငံသမ္မတဟောင်း ဖာဒီနန်မားကိုး(စ်)

ဖာဒီနန် အီမာနီယွယ် အက်ဒွါလင် မားကိုး(စ်) သည် ၁၉၆၅ ခုနှစ်မှ ၁၉၈၆ ခုနှစ်ထိ ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတတာဝန်ကိုထမ်းဆောင်ခဲ့သည်။ အာဏာဆုပ်ကိုင်ထားချိန်တွင် သူသည် အစိုးရပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံစီးပွားရေး တိုးတက်မှုအတွက်လည်း ကြိုးပမ်းခဲ့သည်။ ထိုသို့လုပ်ဆောင်မှုများအတွက် စစ်တပ်ကို ထိန်းချုပ်ကာ အသုံးချဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၁၉၇၂ ခုနှစ်တွင် စစ်အုပ်ချုပ်ရေးကို အတိအလင်းကြေညာခဲ့သည်။ အတိုက်အခံပါတီများကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်ကိုလည်း ပိတ်ပင်ခဲ့သည်။ မားကိုး(စ်) အုပ်ချုပ်ခဲ့သည့် နှစ်များကို ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံရေးခြစားမှုများ၊ ဖိနှိပ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ကြီးစိုးသောကာလဟူ၍ ကင်ပွန်းတပ်ကြသည်။

## ဖြစ်ရပ်လေ့လာချက်(ခ)




### ဖိလစ်ပိုင်နိုင်ငံရေးခေါင်းဆောင် ကိုရာဇွန်အာကွီနို


မာရိယာ ကိုရာဇွန် အာကိနိုသည် မားကိုး(စ်) အုပ်ချုပ်သည့် ကာလအတွင်း အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၁၉၈၆ ခုနှစ်ရွေးကောက်ပွဲတွင် မားကိုး(စ်) ၏ မဲခိုးပြီး အနိုင်ရခဲ့သည့် အကြောင်းကိုလည်း လူသိရှင်ကြားထုတ်ဖော်ခဲ့သည်။ မားကိုး(စ်) အား အာဏာမှ အပြီးအပိုင် စွန့်ခွာစေခဲ့သည့် ဆန္ဒပြပွဲများကိုလည်း ဦးဆောင်ပါဝင်ခဲ့သည်။ နောက်ပိုင်းတွင် အာကီနိုသည် သမ္မတဖြစ်လာခဲ့သည်။ သူ့လက်ထက်တွင် သမ္မတ၏ အာဏာအသုံးပြုခွင့်ကို ကန့်သတ်ထိန်းချုပ်သည့် ဥပဒေတစ်ရပ် တင်သွင်းခဲ့ပြီး နိုင်ငံ၏လွှတ်တော်ကိုလည်း သွေးသစ်လောင်းခဲ့သည်။ အစိုးရက ပြည်သူများ၏ လိုအင်ကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းခဲ့ပြီး နိုင်ငံအတွင်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့်လည်း ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ခဲ့သည်။

**လုပ်ငန်းများ**

၁။ အဖွဲ့များခွဲပြီး မိမိတို့သိသည့် ခေါင်းဆောင် ၅ ယောက် အမည်ကိုချရေးပါ။

၂။ ထို့နောက် ထိုခေါင်းဆောင်များ၏ ခေါင်းဆောင်မှုကို အောက်ဖော်ပြပါ 'ခေါင်းဆောင်မှု အညွှန်းပြမျဉ်း' တွင် နေရာချပေးပါ။

၃။ အာဏာရှင်စနစ် ကျင့်သုံးသည့် ခေါင်းဆောင်မှုများနှင့် ပြည်သူ့အလိုကျ ခေါင်းဆောင်မှုတို့၏ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးပေးပါ။



**ဆွေးနွေးချက်**

၁။ ထိရောက်သော ခေါင်းဆောင်တစ်ဦးဖြစ်ရန် မည်သည့် အရည်အချင်းများ လိုအပ်သနည်း။

၂။ မှုတသော ခေါင်းဆောင်ဖြစ်ရန် မည်သည့် အရည်အချင်းများ လိုအပ်သနည်း။

၃။ ထိုခေါင်းဆောင်မှု (၂) ရပ်တို့ကြား မတူကွဲပြားမှုများ၊ ခြားနားချက်များကို ဆန်းစစ်ဝေဖန်ပေးပါ။

## ၂.၇ လူ့အဖွဲ့အစည်းဆိုင်ရာ စည်းကမ်းများနှင့် ဥပဒေများ

ခေါင်းဆောင်ကောင်းတစ်ဦးသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ အကျိုးကို ထည့်သွင်းစဉ်းစားရပြီး တစ်ဦးချင်းစီ၏ လိုအင်ကို ဖြည့်ဆည်းပေးနိုင်ရန် တာဝန်ရှိသည်။ ထိုသို့ ပြုကျင့်ရာတွင် အဖွဲ့ဝင်တိုင်း အကျိုးတရားများ၊ လိုအပ်ချက်များ ညီညီမျှမျှ ခံစားနိုင်ရေးအတွက် စည်းကမ်းများ၊ ဥပဒေများ၏ အကူအညီကိုယူကြရသည်။

စည်းကမ်းများသည် လူသားတိုင်း၏ ဘဝခရီးတစ်လျှောက်လုံးတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဥပမာဆိုရသော် အောင်မြင်သော မိသားစုတစ်စု ရပ်တည်ရှင်သန်ရေးအတွက် မိသားစုဝင်များကြား လေးစားစောင့်ထိန်းရမည့် အမူအကျင့်တို့ကို လိုက်နာကြရမည်ဖြစ်သည်။ ထို့အတူပင် အားကစားအသင်းတစ်သင်းတွင်လည်း အားကစားအသင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းဥပဒေများ၊ ကျောင်းတစ်ကျောင်းတွင်လည်း ကျောင်းတွင်းစည်းမျဉ်းများ၊ အလုပ်ခွင်တွင်လည်း အလုပ်စည်းကမ်းများ စသည်တို့ကို သတ်မှတ်ရေးဆွဲထားရှိကြပြီး ထိုစည်းမျဉ်းများ၊ ဥပဒေများကို လေးစားတန်ဖိုးထား လိုက်နာကြရမည့်တာဝန်မှာ လူသားတိုင်း၏ တာဝန်တစ်ရပ် ဖြစ်ပေသည်။

**အကြိုသင်ခန်းစာ**

**စည်းကမ်းသတ်မှတ်ချက်ဟူသည်မှာ အဘယ်နည်း။ ဥပဒေတစ်ရပ်ဆိုသည်မှာ အဘယ်နည်း။ ထိုဝေါဟာရ (၂) ခု၏ ကွဲပြားချက်ကို ဖော်ပြပေးပါ။**

**လေ့ကျင့်ခန်း**

**အောက်ဖော်ပြပါ အဆိုများကို ဖတ်ကြည့်ပါ။ မည်သည်တို့က လုပ်ကိုလုပ်ရမည့် စည်းကမ်းသတ်မှတ်ချက်များဖြစ်သည်၊ မည်သည်တို့က လိုက်နာရမည့် ဥပဒေများဖြစ်သည်၊ မည်သည်တို့က အမျိုးအစား (၂) မျိုးလုံး အတွင်း အကျုံးဝင်သည်ကို စဉ်းစားဝေဖန်ပေးပါ။**

၁။ ကျောင်းမှပေးသော အိမ်စာများကို အမြဲလေ့လာပြုလုပ်ခြင်း။

၂။ ကွမ်းတံတွေး မထွေးခြင်း။

၃။ မိဘစကား အစဉ်နာခံလိုက်နာခြင်း။

၄။ မော်တော်ဆိုင်ကယ် စီးသူတိုင်း ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း။

၅။ မီးနီကို ဖြတ်မမောင်းခြင်း။

## ၂.၇.၁ ဥပဒေတစ်ရပ်ဆိုသည်မှာ အဘယ်နည်း

ဥပဒေတစ်ရပ်ဆိုသည်မှာ စည်းကမ်းသတ်မှတ်ချက်များနှင့် အသွင်သဏ္ဍာန်တူပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းတစ်ခုမှ ချမှတ်ပြဋ္ဌာန်းထားသည့် ကန့်သတ်သတ်မှတ်ချက်များပင်ဖြစ်သည်။ ဥပဒေတစ်ရပ် ရေးဆွဲချမှတ်ရသည့် အကြောင်းခြင်းရာများစွာရှိသည်။ ထိုအကြောင်းခြင်းရာများထဲမှ အချို့ကို အောက်တွင်ဖော်ပြထားသည်။

၁။ ဥပဒေတစ်ရပ်သည် ကျွန်ုပ်တို့အား မည်သို့ ပြုမူနေထိုင်ရမည်ကို သိမြင်စေသည်။ (ဥပမာ – အခြားသူများ၏ ပိုင်ဆိုင်မှုကို ဖျက်လိုဖျက်စီး မပြုရ။)

၂။ ဥပဒေတစ်ရပ်သည် ကျွန်တော်တို့လုပ်ရပ်များ၏ အမှား၊ အမှန်ကို ပိုင်းဖြတ်နိုင်ရန် အထောက်အကူပြုသည်။ (ဥပမာ – မူးယစ်ဆေးသုံးခြင်း)

၃။ ဥပဒေတစ်ရပ်သည် စည်းစနစ်တကျ နေထိုင်တတ်ရန် သိမြင်စေပြီး လုံခြုံစိတ်ချမှု ပေးစွမ်းနိုင်သည်။ (ဥပမာ – သတ်မှတ်ထားသည့် ခရီးသည်အတိုင်းသာ ဘတ်စ်ကားတစ်စီးတွင် စီးနင်းလိုက်ပါခြင်း)

၄။ ဥပဒေတစ်ရပ်သည် မိမိတို့၏ရပိုင်ခွင့်များ၊ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်ကို ဖော်ဆောင်ပေးသည်။

၅။ ဥပဒေတစ်ရပ်သည် နိုင်ငံသားဆိုင်ရာ အခွင့်အရေးများကို အာမခံချက်ပေးသည်။ (ဥပမာ – ကျောင်းနေခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှု)

၆။ ဥပဒေတစ်ရပ်သည် နိုင်ငံသားဆိုင်ရာ တာဝန်များကို သိမြင်သဘောပေါက်စေသည်။ (ဥပမာ – အခွန်ဆောင်ခြင်း၊ စစ်မှုထမ်းခြင်း)

၇။ ဥပဒေတစ်ရပ်က အစိုးရအဖွဲ့၏တာဝန်ကို သတ်မှတ်ပေးထားပြီး အာဏာကို အလွဲသုံးစား မပြုရန်လည်း ကန့်သတ်ပေးထားသည်။

၈။ ဥပဒေတစ်ရပ်သည် လူမှုတိုးတက်မှုကို ဖော်ဆောင်ပေးသည်။ (ဥပမာ – ခွဲခြားဆက်ဆံမှု တိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး)

၉။ ဥပဒေတို့သည် တရားရေးဆိုင်ရာကိစ္စရပ်များ ဖြေရှင်းရေးအတွက် ပင်မအထောက်အပံ့ကြီး ဖြစ်သည်။ (ဥပမာ – ကွာရှင်းပြတ်စဲခြင်း၊ ပိုင်ဆိုင်မှု အငြင်းပွားခြင်း)

**လေ့ကျင့်ခန်း**

အရှေ့ပါ လေ့ကျင့်ခန်းတွင် ပြုလုပ်ခဲ့သည့် စည်းကမ်းများ၊ ဥပဒေများ၏ ရည်ရွယ်ချက်ကို ဖော်ပြပါ။

## ၂.၇.၂ စည်းကမ်းသတ်မှတ်ချက်များနှင့် ဥပဒေများကို သရုပ်ခွဲလေ့လာခြင်း


ဥပဒေများနှင့် စည်းကမ်းများကို လက်တွေ့ကျကျ ကျင့်သုံးနိုင်ရန်အတွက် စနစ်တကျရေးဆွဲကြရန် လိုအပ်သည်။ ဥပဒေများ၊ စည်းကမ်းချက်များသည် မျှတရမည်၊ နားလည်လွယ်ရမည်၊ အများဆန္ဒနှင့် ကိုက်ညီရမည်။ ထို့အပြင် ထိုဥပဒေ၏အထက်တွင် မည်သည့် ပုဂ္ဂိုလ်၊ မည်သည့် အဖွဲ့အစည်းမှ လွှမ်းမိုးချုပ်ကိုင်ထားခြင်း မရှိအောင်လည်း သတိမူကြရမည်။

## လုပ်ငန်းများ

"Tourism Transparency" အမည်ရှိ အဖွဲ့အစည်းတစ်ခုမှ နိုင်ငံခြားသား ဧည့်သည်များနှင့် မြန်မာဒေသခံများအတွက် 'ခရီးသွားများ ဒေသခံယဉ်ကျေးမှုကို လေးစားလိုက်နာရေး' ဟူသည့် အမိန့်ကြေညာစာတမ်းကို ပြုစုရန် သင့်ကို တာဝန်ပေးထားသည်။ ထိုစာတမ်းပါ စည်းကမ်းချက်များသည် အောက်ပါအခွင့်အရေးများကို လိုက်နာစောင့်ထိန်းရမည်ဖြစ်သည်။

- မြန်မာပြည်၏ အလှအပများကို ပြည်ပခရီးသည်များ ခံစားပိုင်ခွင့်ရှိသည်။
- ဒေသခံ မြန်မာပြည်သားများ နိုင်ငံခြားသား ခရီးသွားလာမှုဆိုင်ရာ လုပ်ငန်းများမှ အကျိုးအမြတ်များကို ခံစားပိုင်ခွင့်ရှိသည်။
- နိုင်ငံခြားသား ခရီးသည်များနှင့် ဒေသခံမြန်မာတို့ကြား တစ်ဦးအပေါ်တစ်ဦး မရိုးမသား ပြုကျင့်ခြင်း၊ အမြတ်ထုတ်ခြင်းများ မပြုလုပ်ရ။
- နိုင်ငံခြားသား ဧည့်သည်များ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထဲထဲဝင်ဝင်လေ့လာနိုင်အောင် ဒေသခံများက ကူညီပေးကြရမည်။

အဖွဲ့များ ဖွဲ့ပြီး နိုင်ငံခြားသား ဧည့်သည်များရော မြန်မာဒေသခံများပါ အကျိုးပြုစေမည့် အကြံပြုချက် ၆ ချက်ပါ အမိန့်ကြေညာစာတမ်းကို ပြုစုပေးပါ။



A pagoda at Mrauk-U


မြောက်ဦးရှိ ရှေးခေတ်ဘုရားပုထိုးများ

ဖွံ့ဖြိုးမှုအရှိန်ရလာသည့် မြန်မာနိုင်ငံတွင် ယဉ်ကျေးမှုဓလေ့များ၊ သမိုင်းဝင်အဆောက်အအုံများကို ကာကွယ်ပေးမည့်ဥပဒေမျိုး လိုအပ်ပါသလား။

စည်းကမ်းများ၊ ဥပဒေသတ်မှတ်ချက်များကို သုံးသပ်လေ့လာရန်အတွက် ၎င်းတို့ကို ပြုစုရေးဆွဲကြရသည့် ရည်ရွယ်ချက်ကို ဦးစွာသိရှိသဘောပေါက်ထားရန် လိုအပ်သည်။ ထိုမှတစ်ဆင့် ထိုဥပဒေစည်းမျဉ်းများ၏ လူ့အဖွဲ့အစည်းအတွင်း အသုံးဝင်ပုံနှင့် အရေးပါပုံတို့ကို သုံးသပ်ဝေဖန်ပြီး တန်ဖိုးသတ်မှတ်ကြရမည်ဖြစ်သည်။

## လုပ်ငန်းများ

ဖော်ပြထားသည်တို့မှာ ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများ၏ ဥပဒေသတ်မှတ်ချက်အချို့ဖြစ်သည်။ ထိုဥပဒေများကို ချိုးဖောက်ခဲ့သော် ထောင်ဒဏ် (သို့) ငွေဒဏ် ကျခံရမည်ဖြစ်သည်။ အဖွဲ့များဖွဲ့ပြီး ဖော်ပြပါ ဇယားကဲ့သို့ ဥပဒေသတ်မှတ်ချက်များဆိုင်ရာ ဇယားတစ်ခုတည်ဆောက်ပေးပါ။ ထိုဇယားတွင် ဥပဒေတစ်ခုချင်းစီ၏ ရည်ရွယ်ချက်ကို ဖော်ပြပြီး ထိုဥပဒေများ မျှတမှု ရှိ၊ မရှိ၊ အသုံးဝင်၊ မဝင်၊ လိုအပ်၊ မအပ် ဆန်းစစ်ဝေဖန်ပေးပါ။



၁။ လူကူးမျဉ်းကျားမှသာ လမ်းဖြတ်ကူးရမည်။
၂။ ပန်းခြံ၊ လမ်းနှင့် ဈေးကဲ့သို့သော အများပြည်သူပိုင်နေရာများတွင် အပေါ့မသွားရ။
၃။ ပီကေရောင်းချခြင်းသည် တရားမဝင်ပါ။
၄။ အလုပ်လျှောက်သူ၏ ဓာတ်ပုံကို တောင်းယူကြည့်ရှုခြင်းသည် တရားမဝင်ပါ။
၅။ ၁၆ နှစ်အောက် မည်သူမဆို မိဘ ခွင့်ပြုချက် မရှိဘဲ လက်ထပ်ခွင့်မပြု။
၆။ ခွင့်ပြုချက်ရပြီးမှသာ ငါးဖမ်းခွင့်ရှိသည်။
၇။ မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်းသည် ဥပဒေမဲ့လုပ်ရပ်တစ်ခုဖြစ်သည်။
၈။ ၂၁ နှစ်အောက် လူငယ်များ အရက်သောက်သုံးခြင်းသည် တရားမဝင်ပါ။

## လုပ်ငန်းများ

အဖွဲ့များ ဖွဲ့ပေးပါ။ ထို့နောက် မိမိတို့သည် အသစ်တည်ထောင်ထားသည့် တိုင်းပြည်တစ်ပြည်၏ ခေါင်းဆောင်များဟု ခံယူထားကြပြီး ထိုနိုင်ငံအတွက် အရေးပါဆုံးဖြစ်မည့် ဥပဒေများကို ဆုံးဖြတ်ရေးဆွဲကြရမည် ဖြစ်သည်။ ထိုသို့ ရေးဆွဲရာတွင် အောက်ဖော်ပြပါ ဇယားထဲမှ အခန်းကဏ္ဍ ၃ ရပ်ကို ရွေးချယ်ပြီး ၎င်းတို့ကို အခြေခံသည့် ဥပဒေမူကြမ်းများ ရေးဆွဲကြရမည်။ အခန်းကဏ္ဍတစ်ရပ်စီအတွက် ဦးတည်ချက် ခိုင်မာမှုရှိသော၊ အကျိုးရှိသော၊ ညီညွတ်မျှတမှုရှိသော ဥပဒေမူကြမ်းများကို ရေးဆွဲချမှတ်ပေးပါ။

| ဥပဒေ | ရည်ရွယ်ချက် | မျှတမှုရှိ၊ မရှိ | အသုံးဝင်မှုရှိ၊ မရှိ | လိုအပ်၊ မအပ် |
|---|---|---|---|---|
| လူကူးမျဉ်းကျားမှသာ လမ်းဖြတ်ကူးရမည်။ | မတော်တဆ ထိခိုက်မှုများမှ ကာကွယ်ရန် | | | |

| | | |
|---|---|---|
| လက်ထပ်ထိမ်းမြားခြင်း | အခွန်ပေးဆောင်ခြင်း | ယစ်မျိုးခွန် |
| ယာဉ်ပစ္စည်း ပိုင်ဆိုင်မှု | သတင်းအချက်အလက် ရယူမှု | ဘာသာရေးကိစ္စရပ်များ |
| မဲပေးခြင်း | မူးယစ်ဆေးဝါး | ပတ်ဝန်းကျင် |
| တိရစ္ဆာန် စောင့်ရှောက်မှု | လက်နက်ခဲယမ်း ကိုင်ဆောင်ခွင့် | အလုပ်အကိုင် ဖန်တီးရေး |

ဆွေးနွေးချက်

မည်သည့်အကြောင်းကြောင့် စည်းမျဉ်းဥပဒေများ၏ မူလရည်ရွယ်ချက်ကို နားလည်သိရှိထားရန် လိုအပ်သနည်း။

## ၂.၇.၃ တရားရှိ ဥပဒေနှင့် တရားမဲ့ ဥပဒေများ

ဥပဒေတစ်ရပ်သည် အစိုးရအဖွဲ့အစည်းတို့က ရေးဆွဲထားသည်၊ ထိုဥပဒေ သက်ရောက်မှုရှိစေရန် အပြစ်ဒဏ်များချမှတ်ထားသည် ဆိုရုံမျှဖြင့် ထိုဥပဒေတို့ကို တရားသော၊ မျှတမှုရှိသော ဥပဒေတစ်ရပ် ဖြစ်သည်ဟု မခေါ်ဆိုနိုင်သေးချေ။ အချို့သော ဥပဒေများသည် အချိန်ကာလကြာမြင့်နေပြီး လူ့အဖွဲ့အစည်းနှင့် ကိုက်ညီမှု မရှိကြတော့သည်ကို တွေ့ရသည်။

**အကြံပြုသင်ခန်းစာ**

မိမိတို့နိုင်ငံ၏ ဥပဒေများထဲမှ သင့်သဘောထားနှင့် မတိုက်ဆိုင်သော ဥပဒေများ ရှိပါသလား။ အဘယ်ကြောင့် သဘောထား မတိုက်ဆိုင်ရသနည်း။

**လုပ်ငန်းများ**

၁။ အဖွဲ့များဖွဲ့ပြီး အောက်ဖော်ပြပါ ဥပဒေများကို ဆန်းစစ်ကြည့်ပါ။ မိမိ၏ တရားဥပဒေဆိုင်ရာ ခံယူချက်တို့ကို အခြေခံပြီး ထိုဥပဒေများသည် မျှတမှုရှိသည်၊ မရှိသည်ကို ဆုံးဖြတ်ပေးပါ။

၂။ ထိုဥပဒေများထဲမှ တစ်ခုကို ရွေးပြီး ၊ ရွေးချယ်ထားသည့် ဥပဒေအပေါ် ထင်မြင်ယူဆချက်များအကြောင်း အတန်းသားများထံ ဆွေးနွေးတင်ပြပေးပါ။

၁။ တောင်အာဖရိက။ ။ ၁၉၆၈ ခုနှစ်တွင် ထုတ်ပြန်သည့် နိုင်ငံရေးဝင်ရောက်စွက်ဖက်မှု တားမြစ်ချက် ဥပဒေသည် လူမျိုးစုံပါဝင်သည့် နိုင်ငံရေးပါတီများ တည်ထောင်ခွင့်ကို တားမြစ်ထားသည်။


၂။ ဗြိတိန်။ ။ ၁၉၉၄ ခုနှစ် ပြစ်မှုဆိုင်ရာ တရားဥပဒေနှင့် အများပြည်သူ အမိန့်နာခံမှု အက်ဥပဒေအရ လူမျိုးရေး မုန်းတီးမှုဆိုင်ရာ လှုံ့ဆော်သည့် ပုံနှိပ်မှုများကို တရားမဝင်လုပ်ရပ်အဖြစ် သတ်မှတ်သည်။

၃။ အိန္ဒိယ။ ။ ၁၈၈၂ ခုနှစ် အိန္ဒိယ 'ဆားအက်ဥပဒေ' တွင် ကိုလိုနီအစိုးရက ဆားထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ခြင်းတို့ကို လက်ဝါးကြီးအုပ်ရန် ခွင့်ပြုထားသည်။

၄။ တရုတ်။ ။ အိမ်ထောင်တစ်စုအတွင်း ကလေးတစ်ယောက်သာ မွေးရမည့် ပေါ်လစီအရ မြို့ပြနေ အိမ်ထောင်ကျပြီးသား စုံတွဲများတွင် ကလေးတစ်ယောက်သာ ယူပိုင်ခွင့်ရှိသည်။

၅။ မလေးရှား။ ။ ပြည်တွင်း လုံခြုံမှုဆိုင်ရာ အမိန့်စာတမ်းနှင့် အရေးပေါ်စီမံချက်များအရ နိုင်ငံသားတစ်ဦးအား တရားရုံးမတင်ဘဲ အကန့်အသတ်မရှိ ထိန်းသိမ်းခွင့်ရှိသည်။

## ဆွေးနွေးချက်



**အမေရိကန်နိုင်ငံ၏ လူ့အခွင့်အရေးလှုပ်ရှားမှုခေါင်းဆောင် မာတင်လူသာကင်းဂျူနီယာ မိန့်ဆိုဖူးသည်မှာ**

'ဥပဒေမှာ နှစ်မျိုးရှိတယ်။ တစ်မျိုးက တရားမျှတမှုအပြည့်အဝပေးစွမ်းနိုင်မဲ့ ဥပဒေ၊ နောက်တစ်မျိုးက မတရားမှုရဲ့ အဖော်သကင်းဖြစ်နေတဲ့ ဥပဒေ၊ ဒီဥပဒေနှစ်ရပ်မှာ ဘယ်ဥပဒေကို ရွေးမလဲလို့ မေးလာခဲ့ရင် တရားတဲ့ဥပဒေကိုပဲ ရွေးကြရမှာဖြစ်တယ်။ တရားမျှတမှု ပေးစွမ်းနိုင်တဲ့ ဒီဥပဒေတွေကို လိုက်နာကြဖို့ ကျွန်တော်တို့အားလုံးမှာ အပြည့်အဝ တာဝန်ရှိပါတယ်။ မတရားမှု၊ အဂတိလိုက်စားမှုတွေရဲ့ အပေါင်းအဖော်ဖြစ်တဲ့ ဥပဒေတွေကိုတော့ မြောင်းထဲအကုန်လွှင့်ပစ်ကြဖို့ တာဝန်ရှိပါတယ်။'

**ထိုအဆိုအမိန့်ကို လက်ခံပါသလား။ ရှေ့တွင် လေ့လာခဲ့သည့် ဥပဒေဆိုင်ရာ သင်ခန်းစာများနှင့် ဆက်စပ်စဉ်းစားပြီး ဆွေးနွေးတင်ပြပါ။**

### အကြိုသင်ခန်းစာ

၁။ မိမိတို့ လူ့အဖွဲ့အစည်းအတွက် ဥပဒေများကို မည်သူတို့က ထိန်းကျောင်း ပြုစုပေးသနည်း။


၂။ 'ဖွဲ့စည်းပုံ အခြေခံဥပဒေ' ဆိုသည်မှာ အဘယ်နည်း။

၃။ လူ့အဖွဲ့အစည်း၏ တန်ဖိုးစနစ်များနှင့် တရားဥပဒေတို့၏ ဆက်နွှယ်မှုကို ဖော်ပြပါ။

## ၂.၇.၄ စံတန်ဖိုးများနှင့် တရားဥပဒေတို့အကြား ဆက်နွှယ်မှု

နိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်က ချမှတ်ထားသည့် တရားဥပဒေများသည် အစိုးရ၏ ထိရောက်သော အုပ်ချုပ်ရေးစနစ် တည်ဆောက်ရာတွင် အထောက်အကူပြုသည်။ ထိုဥပဒေပြုရေးမဏ္ဍိုင်တွင် ပြည်သူကိုယ်စားပြုသော၊ ပြည်သူ့အသံကို အစဉ်နားစွင့်နေသော ပြည်သူ့ဝန်ထမ်းများ၏ အကူအညီဖြင့် လူ့အဖွဲ့အစည်းတို့၏ လိုအင်များ ဖြည့်စွမ်းပေးနိုင်မည့် ဥပဒေများကို ပြုစုရေးဆွဲနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အရေးပါဆုံးဖြစ်သည့် ဥပဒေများကို 'ဖွဲ့စည်းပုံအခြေခံဥပဒေ' တွင် အတည်ပြုပြဋ္ဌာန်းထားကြသည်။ အစိုးရမှ ပြုစုပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီရန်လိုအပ်သည်။ နိုင်ငံအုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ပုံတို့ကိုလည်း ထိုအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲရသည်။ ထို့အပြင် ပြည်သူတို့၏ ထားရှိအပ်သည့် တန်ဖိုးများ၊ တာဝန်များနှင့် တစ်မျိုးသားလုံးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များလည်း ဖော်ပြပါရှိသည်။ ထိုရည်မှန်းချက်ပန်းတိုင်များ အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရနှင့် ပြည်သူ လက်တွဲကူကြရပေမည်။ 'ဖွဲ့စည်းပုံအခြေခံဥပဒေ' ပါ တင်ပြချက်များသည် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ရေရှည်တည်တံ့ခိုင်မြဲစေနိုင်ရေးအတွက် နိုင်ငံသားတိုင်း ကျင့်သုံးလိုက်နာရသည့် နည်းနာတို့ ဖော်ပြပါရှိပေသည်။




မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် 'ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်း' ပါ သဘောတရား၊ အယူအဆများကို လေ့လာနိုင်ရန် အောက်တွင်ဖော်ပြထားသည်။

ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် အမျိုးသားညီလာခံက ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဤပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြပေသည်။

ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူအပေါင်းတို့သည် –

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို အစဉ်တစိုက် မဖိတ်မသုန်စွဲမြဲစွာ ခံယူစောင့်ထိန်းသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊

၂။ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ် ဆောင်ရွက် ထိန်းသိမ်းသွားမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊

၃။ နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာ မွေးမြူလျက် ထာဝစဉ် စည်းလုံးညီညွတ်စွာ အတူတကွ လက်တွဲနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း၊

၄။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရန် အစဉ်ကြိုးပမ်းကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍လည်းကောင်း
အတည်ပြု ပြဋ္ဌာန်းလိုက်သည်။

**လုပ်ငန်းများ**

၁။ ၂၀၀၈ ခုနှစ် 'ဖွဲ့စည်းပုံ အခြေခံ ဥပဒေ' နိဒါန်းတွင် မည်သည့် လူ့အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးများ၊ ကျင့်ကြံဖွယ်ရာများကို ဖော်ပြထားသနည်း။

၂။ ထိုဖော်ပြထားချက်များက မိမိတို့၏ ခံယူချက်များနှင့် ကိုက်ညီမှု ရှိပါသလား။

**လုပ်ငန်းများ**

**ထို 'ဖွဲ့စည်းပုံအခြေခံဥပဒေ နိဒါန်း' တွင် ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များ ရှိပါသလား။ မည်သည်တို့ကို ပြင်ဆင်ရန်လိုသည်၊ မည်သည့်အချက်များကို ဆက်လက် အသုံးပြုမည်ကို ဖော်ပြပေးပါ။**


**ပြန်လည်သုံးသပ်ချက်**

**အတန်းတစ်တန်းလုံး၏ သဘောဆန္ဒအရ ဖြည့်ဆည်းဆောင်ရွက်လိုသည့် ပန်းတိုင်တစ်ရပ်ကို အခြေခံပြီး မူဝါဒတစ်ရပ် ချမှတ်ပေးပါ။ ထိုမူဝါဒရေးဆွဲရာတွင် အတန်းသားတစ်ဦးစီ၏ တန်ဖိုးများ၊ ရပိုင်ခွင့်များကိုပါ ထည့်သွင်းစဉ်းစားပြီး ရေးဆွဲချမှတ်ပါ။**

# အခန်း (၂) ပြန်လည်သုံးသပ်ခြင်း

## အခန်း (၂) စိတ်ကူးပုံဖော်ခြင်း

အခန်း (၂) တွင် သင်ယူခဲ့သည့် လူ့အဖွဲ့အစည်းဆိုင်ရာ အယူအဆများကို အခြေခံပြီး အောက်ပါပုံတွင် ဖြည့်စွက်ပေးပါ။




## နားလည်မှု စစ်ဆေးခြင်း

၁။ 'လူ့အဖွဲ့အစည်း' တစ်ရပ်ဆိုသည်မှာ အဘယ်နည်း။

၂။ ခေတ်သစ် လူ့ဘောင်အဖွဲ့အစည်းများကို ဖော်ပြပေးပါ။ ထိုလူ့ဘောင်အဖွဲ့အစည်းများ ပေါ်ပေါက်အောင် မည်သည်တို့က တွန်းပို့ပေးသနည်း။

၃။ လူ့အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်တို့၏ ကိုယ်ပိုင်စရိုက်လက္ခဏာများကြား ဆက်သွယ်ချက်ကို ဖော်ပြပါ။

၄။ လူ့အဖွဲ့အစည်းများနှင့် တန်ဖိုးစနစ်များကြား ဆက်နွယ်ချက်ကို ဖော်ပြပါ။

၅။ လူ့အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးစနစ်များနှင့် နိုင်ငံသားဆိုင်ရာ အခွင့်အရေးတို့ကြား မည်သို့ ဆက်နွယ်နေကြသနည်း။

၆။ 'လူမှုရေးဆိုင်ရာ အကျပ်အတည်း' ကို အဓိပ္ပာယ်ဖွင့်ပါ။

၇။ လူ့အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှုပုံစံများကို မှတ်မိသမျှ ရေးချပေးပါ။ ထိုခေါင်းဆောင်မှုများ၏ အားသာချက်၊ အားနည်းချက်ကိုလည်း နှိုင်းယှဉ်ပေးပါ။

၈။ လူမှုတန်ဖိုးများနှင့် တရားဥပဒေတို့ကြား မည်သို့သောနည်းဖြင့် ဆက်နွယ်နေကြသနည်း။

## တန်ဖိုးနှင့် အတွေးအမြင်များ - အဆိုအမိန့်များကို လေ့လာခြင်း

**ကမ္ဘာတစ်ဝှမ်းရှိ လူ့အဖွဲ့အစည်းဆိုင်ရာ စကားပုံနှင့် အဆိုအမိန့်များကို အောက်တွင် ဖော်ပြထားသည်။ အဖွဲ့များခွဲပြီး ဖော်ပြပါ အဆိုအမိန့် တစ်ခုချင်းစီအတွက် အောက်ပါ မေးခွန်းများကို အဖြေရှာပေးပါ။**

**၁။ 'လူ့အဖွဲ့အစည်း' ဆိုင်ရာ အယူအဆနှင့် ပတ်သက်၍ မည်သို့ တင်ပြထားသနည်း။**

**၂။ ထိုအဆိုအမိန့်များတွင် တင်ပြထားသော အယူအဆများနှင့် သင်ခန်းစာပါ အယူအဆများ ကိုက်ညီမှု ရှိပါသလား။**

က။ အာဇာနည်များသည် ရဲရဲနီနေသည့် ကောင်းကင်ကို နောက်ခံထားပြီး မားမားမတ်မတ်ကြီး တည်ရှိနေကြသည့် ရုပ်ထုများမဟုတ်။ သူတို့သည် 'ဒါငါတို့ လူမျိုး၊ တို့လူမျိုးတွေ ကောင်းစားဖို့အတွက် ငါတို့မှာပဲ တာဝန်ရှိတယ်' ဟုကြွေးကြော်ကာ လူ့အဖွဲ့အစည်းအကျိုးအတွက် ခေါင်းဆောင်ကြိုးပမ်းကြသူများဖြစ်သည်။ (စတက် တာကယ်)

ခ။ 'မိမိကိုယ်ကို အခြားသူများ၏ နေရာမှ ဝင်ရောက်ကြည့်ရှုပေးပါ။' (ကားလို့ဇ် ဖွန်တီးစ်)

ဂ။ နိုင်ငံသားအချင်းချင်း ရိုးသားမှု၊ သစ္စာရှိမှု၊ စောင့်ထိန်းကာကွယ်မှုတို့ ရှိမှသာလျှင် ထိုနိုင်ငံတစ်နိုင်ငံ အသက်ဝင်ရပ်တည်နိုင်ပေမည်။ (ဖက်အရစ် ဒေါက်ဂလတ်)

ဃ။ မိမိတို့၏ ယုံကြည်မှုများက အတွေးအခေါ်များ ဖြစ်လာကြသည်။
မိမိတို့၏ အတွေးအခေါ်များက စကားလုံးများ ဖြစ်လာကြသည်။
မိမိတို့၏ စကားလုံးများက အပြုအမူများ ဖြစ်လာကြသည်။
မိမိတို့၏ အပြုအမူများက အကျင့်စရိုက်များ ဖြစ်လာကြသည်။
မိမိတို့၏ အကျင့်စရိုက် မိမိတို့၏ တန်ဖိုးကို ပိုင်းဖြတ်ပေးသည်။
ထိုတန်ဖိုးများက မိမိတို့၏ ဘဝကံကြမ္မာဖြစ်လာသည်။ (မဟတ္တမ ဂန္ဒီ)

င။ လူငယ်တွေ ဘာဖြစ်ကုန်ကြတာလဲ။ လူကြီးမိဘတွေ စကားနားမထောင်။ ဥပဒေလည်း မလိုက်နာ။ ရှူးနမ်းတဲ့ အတွေးတွေနဲ့ လမ်းပေါ်မှာ အလေလိုက်နေကြတယ်။ အကျင့်စာရိတ္တတွေ ယိုယွင်းနေကြပြီ။ ဘာတွေများ ရှေ့ဆက်ဖြစ်ကြအုံးမလဲ။ (ပလေတို)

စ။ တောဘဲများ အုပ်လိုက်ပျံသန်းခြင်းသည် အော်သံတို့ကြောင့် မဟုတ်။ ရှေ့မှ ဦးဆောင်ပျံသန်းသော တောဘဲတစ်ကောင်ကြောင့်သာဖြစ်သည်။ (တရုတ်စကားပုံ)

ဆ။ တာဝန်ယူစိတ်ရှိသော နိုင်ငံသားကောင်းများအတွက် တရားဥပဒေပင် မလိုအပ်။ လူယုတ်မာတို့သည်သာ ဥပဒေတစ်ရပ်၏ တန်ဖိုးကို နားမလည်ဘဲ ချိုးဖောက်ရန် ကြံဆောင်နေတတ်ကြသည်။ (ပလေတို)

ဇ။ ဂလိုဘယ်လိုက်ဇေးရှင်းက ကျွန်တော်တို့ လူသားများ၏ ဆက်ဆံရေးကို ပိုမိုနီးကပ်လာစေသည်။ တစ်ဦးတစ်ယောက်၏ လုံခြုံရေးကို လျစ်လျူရှုလျှင်ပင် အများ၏ လုံခြုံရေးကို ထိပါးလာနိုင်သည်။ (မိုဟာမက် အယ်ဘာရာဒိုင်)



# အခန်း (၃)
# လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်မှု

## အခန်း (၃) အနှစ်ချုပ်သိမှတ်ဖွယ်

ဤအခန်းတွင် လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်မှုဆိုင်ရာ မှတ်သားဖွယ်ရာများကို ဖော်ပြပေးထားပြီး မိမိတို့သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများအတွင်း လက်တွေ့အသုံးချနိုင်ရန် ရည်ရွယ်သည်။ ထို့အပြင် နိုင်ငံသားတစ်ဦး လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်မှုအတွက် လိုအပ်သော အရည်အသွေးများကို ဖော်ပြပေးထားသည်။ ထိုမျှသာမက သက်ဆိုင်ရာ သင်ခန်းစာများအတွက် ဖြစ်ရပ်လေ့လာချက်များပါရှိပြီး ကမ္ဘာအနှံ့မှ လူ့အဖွဲ့အစည်းအသီးသီး၏ မည်သို့သော လူမှုတာဝန်များကို ထမ်းဆောင်ကြသည်၊ အခက်အခဲပဋိပက္ခများကို မည်သို့ ကျော်လွှားခဲ့ကြသည်ကို တွေ့မြင်နိုင်သည်။ ဤအခန်းတွင်ပါရှိသည့် သင်ခန်းစာများကို လေ့လာခြင်းဖြင့် လူမှုအဖွဲ့အစည်းအတွင်း ပါဝင်ရာတွင် တက်ကြွထိရောက်မှုရှိစွာ ပါဝင်နိုင်မည် ဖြစ်ပေသည်။



# အခန်း (၃) သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ

## ဗဟုသုတ

(လေ့ကျင့်ခန်း)

**ဤအခန်းအပြီးတွင် အောက်ပါဗဟုသုတများ တိုးပွားလာမည်ဖြစ်သည်။**

- လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်စေနိုင်မည့် နည်းစနစ်များ။
- လူမှုအဖွဲ့ဝင်အမျိုးမျိုး။
- လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ပါဝင်မှု၏ အခက်အခဲများ၊ အခွင့်အလမ်းများနှင့် အကျိုးတရားများ။
- သတင်းအချက်အလက် ရရှိခြင်း၏ အရေးပါပုံ။
- သတင်းပိတ်ဆို့မှုနှင့် လွတ်လပ်စွာ ပြောဆိုခွင့်ဆိုင်ရာ ကိစ္စရပ်များ။
- လူမှုကွန်ရက် မီဒီယာတို့၏ အကျိုးအပြစ်။
- လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရခြင်း။
- နိုင်ငံမဲ့ခြင်း အကြောင်းရင်းနှင့် အကျိုးဆက်များ။

## ကျွမ်းကျင်မှုများ

(လုပ်ဆောင်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါစွမ်းရည်များ တိုးတက်လာမည်ဖြစ်သည်။**

- မိမိတို့ လူ့အဖွဲ့အစည်းအတွင်း ပါဝင်မှုအသီးသီးကို ခွဲခြားဝေဖန် သုံးသပ်နိုင်စေမည်။
- မိမိတို့၏ လူ့အဖွဲ့အစည်းအတွင်း နိုင်ငံသားဆိုင်ရာ ပညာပေးရေး၏ အရေးပါပုံကို မျှဝေသိရှိနိုင်စေမည်။
- မိမိတို့ လက်ခံရရှိသော သတင်း အချက်အလက်များကို ဝေဖန်ပိုင်းခြား လာနိုင်မည်။
- နားထောင်မှုစွမ်းရည် တိုးမြှင့်လာ နိုင်မည်။
- လူ့အဖွဲ့အစည်းအကြောင်း ဖော်ပြထားသည့် စာပေရေးသားချက်များကို နည်းစနစ်ကျကျ ဝေဖန်ဖတ်ရှုနိုင်မည်။
- ရရှိသော သတင်းအချက်အလက် မှန်ကန်မှုရှိ၊ မရှိ ဆန်းစစ်နိုင်မည်။
- လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ဆွေးနွေးပါဝင်လာနိုင်မည်။

## တန်ဖိုးများ

(ပြန်လည်သုံးသပ်ချက်)

**ဤအခန်းအပြီးတွင် အောက်ပါတို့အား ပြန်လည်သုံးသပ်စေမည်။**

- ပြည်သူများ မဲပေး၊ မပေးရခြင်း အကြောင်းရင်းများ။
- ပညာရေးက မည်သို့သော လူမှုအဖွဲ့ဝင် ဖြစ်အောင် ပုံဖော်ပေးပုံ။
- မိမိတို့ မည်သို့သော လူမှုအဖွဲ့ဝင်များ ဖြစ်ကြောင်း။
- လူ့အဖွဲ့အစည်းဆိုင်ရာ ဆွေးနွေး ပြောဆိုမှုများတွင် လွတ်လပ်မျှတစွာ ပါဝင်ခွင့်ရ၊ မရ။
- သတင်းအချက်အလက် ပိတ်ပင်ခြင်း အကြောင်းရင်းများနှင့် လွတ်လပ်စွာ ပြောဆိုခွင့်တို့ကြား ပဋိပက္ခ။
- လူမှုအသိုင်းအဝိုင်းမှ လျစ်လျူရှုခံရစေနိုင်သည့် ဓလေ့စရိုက်များ။
- မိမိကိုယ်ကို မည်သို့သော နိုင်ငံသား ဖြစ်ကြောင်း သိရှိစေရန်။

## အကြိုသင်ခန်းစာ

၁။ ရွေးကောက်ပွဲတွင် မဲပေးခြင်းသည် အရေးကြီးသည့် လုပ်ရပ်တစ်ခုဟု ထင်ပါသလား။

၂။ လူ့အဖွဲ့အစည်းတွင်း ပါဝင်ဆောင်ရွက်ခြင်း၏ အခြားသော ဥပမာများကို ဖော်ပြပေးပါ။

၃။ လူ့အဖွဲ့အစည်း အကျိုးအတွက် မည်သို့သော ပါဝင်ဆောင်ရွက်မှုများ ပြုကျင့်ခဲ့သနည်း။

# ၃.၁ လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်ဆောင်ရွက်မှု ဆိုသည်မှာ အဘယ်နည်း



တက်ကြွသော နိုင်ငံသားကောင်းတစ်ဦးဆိုသည်မှာ အခြားသူများ၏ တန်ဖိုးများ၊ လိုအင်များကို လေးစားတန်ဖိုးထားတတ်ပြီး သက်ဆိုင်ရာ လူမှုအဖွဲ့အစည်း၏ အကျိုးကို သယ်ပိုးကြသူများ ဖြစ်သည်။ 'လူ့အဖွဲ့အစည်းတွင်း ထိရောက်စွာပါဝင်မှု' ဆိုရာတွင် နိုင်ငံသားများ လူမှုအဖွဲ့အစည်း တစ်ရပ် သာယာစိုပြေရေးအတွက် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်ကြခြင်းကို ဆိုလိုပေသည်။




## ဆွေးနွေးချက်

<u>၃.၁ ကို ဖတ်ပြီးနောက်</u>

မည်သို့သော လူမှုရေးဆိုင်ရာ၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းဆောင်တာများကို လူ့အဖွဲ့အစည်းတွင်း ပါဝင်ဆောင်ရွက်မှုများဟု ခေါ်ဆိုနိုင်မည်နည်း။

## လုပ်ငန်းများ

ဖော်ပြပါပုံကို ကြည့်ပါ။

၁။ မည်သို့သော လူ့အဖွဲ့အစည်း အကျိုးပြုလုပ်ဆောင်ချက်များကို တွေ့မြင်ရသနည်း။။

၂။ မည်သည့် လူမှုအပြောင်းအလဲများကို ဖော်ဆောင်နေကြသနည်း။

၃။ မည်သို့သော လူမှုအပြောင်းအလဲများကို ဖော်ဆောင်ရန် ခက်ခဲသနည်း။ အဘယ်ကြောင့်နည်း။


Adapted from: *The Change Agent: Democracy in Action*

# ၃.၁.၁ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ပုံ အမျိုးမျိုး

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ထိရောက်စွာ ပါဝင်ဆောင်ရွက်ရာတွင် မိမိနှစ်သက်သည့်၊ အဆင်ပြေမည့် နည်းလမ်းအမျိုးမျိုးဖြင့် ပါဝင်နိုင်ပေသည်။ ထိုသို့ ပါဝင်ရာတွင် ပထမဆုံးအဆင့်အနေဖြင့် 'တစ်သီးပုဂ္ဂလပါဝင်ခြင်း' (ဥပမာ – အကြံပြုစာပေးပို့ခြင်း) နှင့် 'အများနှင့်အတူ ယှဉ်တွဲပါဝင်ခြင်း' (ဥပမာ – အသင်းအဖွဲ့တစ်ရပ်ရပ်တွင် ပါဝင်ခြင်း) ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ ဒုတိယအဆင့်အနေဖြင့် 'တာဝန်အရ ပါဝင်ရခြင်း' နှင့် 'အလွတ်သဘော ပါဝင်ခြင်း' ဟူ၍လည်း ပါဝင်ပုံနည်းစနစ်ကို မူတည်၍ ထပ်မံခွဲခြားနိုင်သေးသည်။ 'တာဝန်အရပါဝင်ခြင်း' တွင် မဲပေးခြင်း၊ ရုံးလုပ်ငန်းဦးစီးခြင်းတို့ ပါဝင်ပြီး 'အလွတ်သဘော ပါဝင်ဆောင်ရွက်ခြင်း' တွင် လုပ်အားပေးခြင်းနှင့် လူမှုလုပ်ငန်းများတွင် ထဲထဲဝင်ဝင် ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ကြပေသည်။

လူ့အဖွဲ့အစည်းတွင် ပါဝင်ပုံနည်းစနစ်များ ကွဲပြားကြသကဲ့သို့ ပါဝင်မှု 'ပုံစံ' အမျိုးမျိုးကိုလည်း တွေ့နိုင်ပေသည်။ အချို့သော 'ပါဝင်မှုပုံစံ' များက အစိုးရကို ဆန့်ကျင်ကြသကဲ့သို့ အချို့ကလည်း အစိုးရဘက်က ရပ်တည်ပေးကြသည်။ အချို့ကလည်း လူ့အဖွဲ့အစည်းတစ်ရပ်လုံး ကိုယ်စားပြုသည့် ပါဝင်မှုမျိုးကို နှစ်ခြိုက်ကြပြီး၊ အချို့ကလည်း မိမိတို့နိုင်ရာ နိုင်ရာသာ ဆောင်ရွက်ပေးလိုကြသည်။ ဖော်ပြပါ အမျိုးစုံလင်လှသည့် လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ပုံ နည်းစနစ်များက 'လူ့အဖွဲ့အစည်းတစ်ရပ်' အကြောင်း ပိုမိုသိမြင်လာစေပြီး အများအကျိုးသယ်ပိုးရာတွင် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်အောင် ထောက်ကူပေးသည်။

အောက်ဖော်ပြပါ ပုံတွင် တင်ပြထားခဲ့သော လူ့အဖွဲ့အစည်းအတွင်း ပါဝင်ပုံနည်းစနစ် (၄) မျိုးကို ဝင်ရိုးတစ်ခုစီတွင် ဖော်ပြပေးထားသည်။ မိမိတို့ လုပ်ဆောင်နေကျ လူမှုလှုပ်ရှားမှုများကို ဇယား၏ သင့်တော်ရာ ကွက်လပ်တွင် နေရာချထားခြင်းဖြင့် မိမိတို့လူ့အဖွဲ့အစည်းအတွင်း မည်သို့ ပါဝင်ဆောင်ရွက်နေသည်ကို သိမြင်နိုင်ပေမည်။




Adapted from: *The Change Agent*

## အကြံပြုသင်ခန်းစာ

မိမိတို့၏ လူမှုအဖွဲ့အစည်းအတွင်း ကျင်းပသော ပွဲလမ်းသဘင်များအတွက် ကူညီပြင်ဆင်ပေးရာတွင် တစ်ကိုယ်တည်း အလုပ်လုပ်ရသည်ကို နှစ်ခြိုက်ပါသလား (သို့) အခြားသူများနှင့်အတူ ကူညီလုပ်ဆောင်ခြင်းကို သဘောကျပါသလား။



အမျိုးသမီးများ ရိုးရာအကတစ်ခုတွင် ပါဝင်နေကြပုံဖြစ်သည်။ ဤလုပ်ဆောင်ချက်မျိုးကို လူ့အဖွဲ့အစည်းတွင်း ပါဝင်ဆောင်ရွက်မှုတစ်ရပ်ဟု ခေါ်ဆိုနိုင်ပါသလား။ မည်သို့သော ပါဝင်မှုမျိုး ဖြစ်သနည်း။

## လုပ်ငန်းများ

<u>၃.၁.၁ ကို ဖတ်ပြီးနောက်</u>

၁။ စာမျက်နှာ ၅၆ ပါ ပုံကို ပြန်ကြည့်ပါ၊ ထိုပုံထဲမှ လုပ်ဆောင်ချက်များအား ဘေးတစ်ဖက်ရှိ စက်ဝိုင်း၏ သင့်တော်သောနေရာတွင် ဖြည့်ပေးပါ။

၂။ အခြားသော လူမှုပါဝင်မှုများကိုလည်း စဉ်းစားပြီး ဘေးတစ်ဖက်ရှိ စက်ဝိုင်းဇယားတွင် ဖြည့်စွက်ပေးပါ။



## ၃.၁.၂ လူမှုအဖွဲ့ဝင်အမျိုးမျိုး

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ပါဝင်မှုတွင် ထိုလူ့အဖွဲ့အစည်းက အဖွဲ့ဝင်များအား မည်သို့သော အခွင့်အရေးများပေးနိုင်မည်၊ မည်သို့ မည်ပုံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်၊ အဖွဲ့ဝင်များဘက်ကလည်း ထိုလူ့အဖွဲ့အစည်းအကျိုးအတွက် မည်သို့ပြန်လည်ပေးဆပ်နိုင်မည်စသော သဘောတရားများကို အခြေခံထားသည်။ ထိုသို့ လူ့အဖွဲ့အစည်းအကျိုးအတွက် ပြန်လည်ပေးဆပ်ရာတွင် မိမိတို့၏ ပြုမူဆောင်ရွက်ပုံများကို အခြေခံ၍ 'လူမှုအဖွဲ့ဝင်' ပုံစံအမျိုးမျိုး ခွဲခြားနိုင်ပေသည်။ ထိုသို့သော အဖွဲ့ဝင်ပုံစံအမျိုးမျိုးတို့ထဲမှ အတွေ့ရများသော ပုံစံ ၃ မျိုးကို အောက်တွင် ဖော်ပြပေးထားသည်။

### ၁။ တာဝန်ယူစိတ်ရှိ လူမှုအဖွဲ့ဝင်

၎င်းလူမှုအဖွဲ့ဝင်များသည် တာဝန်ယူမှုကို လေးစားတန်ဖိုးထားကြပြီး လူ့အဖွဲ့အစည်းတစ်ရပ်တွင် ပါဝင်ခြင်းအတွက် သင့်တော်ရာတာဝန်များကို ထမ်းဆောင်ရမည်ဟု ခံယူထားသည်။ ဥပမာအနေဖြင့် ဥပဒေစည်းမျဉ်းများကို လိုက်နာခြင်း၊ အရေးပေါ်အခြေအနေမျိုးတွင် ကူညီဆောင်ရွက်ပေးခြင်း၊ သွေးလှူဒါန်းခြင်းနှင့် အမှိုက်ကောက်ခြင်း အစရှိသည့် ကိစ္စရပ်များကို တာဝန်တစ်ရပ်ဟုခံယူကြပြီး လိုက်နာကျင့်ကြံကြသည်။

### ၂။ လက်တွေ့ကျကျပါဝင်သည့် လူမှုအဖွဲ့ဝင်

'လက်တွေ့ကျကျပါဝင်သည့် လူမှုအဖွဲ့ဝင်' များသည် သက်ဆိုင်ရာ လူမှုအဖွဲ့အစည်း၏ ပန်းတိုင်ရည်မှန်းချက်တို့ကို ပြည့်မီအောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် လက်တွေ့ကျကျ စီမံကြိုးပမ်းတတ်ကြပြီး အများနှင့်အတူ စုပေါင်းလုပ်ဆောင်ကြသည်။ ဆိုင်ကလုန်း ကူညီကယ်ဆယ်ရေးအတွက် 'တာဝန်ယူစိတ်ရှိ လူမှုအဖွဲ့ဝင်' က စေတနာ့ဝန်ထမ်းအဖြစ် ကူညီပေးရန် ကြိုးစားမည်ဖြစ်ပြီး၊ 'လက်တွေ့ဆန်သည့် လူမှုအဖွဲ့ဝင်' ကမူ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခု တည်ထောင်ပြီး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။

### ၃။ သမာသမတ်ကျ လူမှုအဖွဲ့ဝင်

'သမာသမတ်ကျ လူမှုအဖွဲ့ဝင်' များသည် လူမှုအခြေအနေတစ်ရပ်ကို ရှုထောင့်ပေါင်းစုံမှ ကြည့်မြင်တတ်ကြပြီး လိုအပ်ချက်ပေါ်မူတည်၍ ပြုမူကျင့်ကြံကြသည်။ ထိုလူမှုအဖွဲ့ဝင်မျိုးသည် 'လူ့အဖွဲ့အစည်းတစ်ရပ်လုံး' ၏ ပြောင်းလဲတိုးတက်ရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်ကြပြီး လူမှုပြဿနာများ အမြစ်ပြတ်ဖယ်ရှားနိုင်ရန် ဆန္ဒရှိတတ်ကြသည်။ ဥပမာအားဖြင့် လက်တွေ့ကျကျဆောင်ရွက်တတ်သည့် လူမှုအဖွဲ့ဝင်က ဆိုင်ကလုန်းကူညီကယ်ဆယ်ရေးအဖွဲ့ဖွဲ့ပြီး လက်တွေ့ကျကျပါဝင်နိုင်ရန် ပြင်ဆင်နေချိန်တွင် 'သမာသမတ်ကျ လူမှုအဖွဲ့ဝင်' က မည်သူတို့က ဆိုင်ကလုန်း၏ဒဏ်ကို ပိုမိုခံစားရသည်။ နောင်သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မည်သို့သော အကာအကွယ်ပေးမှုများ စီမံထားနိုင်သည် စသည်အထိပါ ရေရှည်စဉ်းစားတတ်ကြပြီး အကျိုးရှိရှိ အသုံးချတတ်ကြသည်။

| လူမှုအဖွဲ့ဝင် အမျိုးအစား | ပါဝင်ပုံ နည်းစနစ်များ |
|---|---|
| တာဝန်ယူစိတ်ရှိ လူမှုအဖွဲ့ဝင် | ဥပဒေတို့ကို လေးစားတန်ဖိုးထားသည်။ |
| လက်တွေ့ကျကျပါဝင်သော လူမှုအဖွဲ့ဝင် | ရွေးကောက်ပွဲများတွင် မဲပေးသည်။ |
| သမာသမတ်ကျ လူမှုအဖွဲ့ဝင် | လူမှုအဖွဲ့အစည်းအတွင်း လူတိုင်းနီးနီးကြားကြား ပါဝင်ဆောင်ရွက်ရန် နှိုးဆော်ခြင်း။ |



ကျွန်မကတော့ မဲမပေးပါဘူး။ ဘာလို့လည်းဆိုတော့ ကျွန်မ မဲပေးလို့ရော ဘာတွေများ ပြောင်းလဲသွားမှာမို့လဲ။ ကျွန်မ ဘယ်သူက သမ္မတဖြစ်နေမှန်းတောင် မသိပါဘူး။ ကျွန်မအနေနဲ့ ဒေသခံကိုယ်စားလှယ် မည်သူမှန်း မသိသော်လည်းဘဲ အခွန်ပေးတယ်၊ ကလေးတွေကို စောင့်ရှောက်တယ်၊ ကိုယ့်အလုပ်ကို ကြိုးစားလုပ်တယ်။ ဒီလောက်ဆို ကျွန်မ အသိုင်းအဝိုင်းအတွက် တာဝန်ကျေပြီပေါ့။



ကျွန်တော်မဲပေးမှာပါ။ ကျွန်တော်က သူနာပြုတစ်ယောက်ပါ။ ကျွန်တော်က ဆင်းရဲချမ်းသာမရွေး ကျန်းမာရေးအရ ကူညီစောင့်ရှောက်မှုတွေ ရှိသင့်တယ်လို့ ယုံကြည်တယ်။ ပြီးတော့ မဲပေးတယ်ဆိုတာ အရေးကြီးတယ်။ ဘာကြောင့်လဲ ဆိုတော့ မဲပေးတာက အစိုးရနဲ့ လူထုကြား ဆက်သွယ်ပေးနိုင်မယ့် တစ်ခုတည်းသော နည်းလမ်းဖြစ်လို့ပါပဲ။



ဟုတ်၊ ကျွန်မ မဲပေးမှာပါ။ ကျွန်မကတော့ မဲပေးတယ်ဆိုတာ နိုင်ငံသား တစ်ယောက်ရဲ့ တာဝန်တစ်ရပ်လို့ ခံယူထားတယ်။ လုပ်အားပေးတာတို့၊ လူတွေကို ကူညီတာတို့ကလည်း အရေးကြီးတဲ့ တာဝန်တွေပါပဲ။ ကျွန်မတို့ နိုင်ငံသားတွေက ကိုယ်နေထိုင်ချင်တဲ့ လူမှုအသိုင်းအဝိုင်းပုံစံမျိုးကို ကိုယ်တိုင်ဖန်တီးသင့်တယ်လို့ ကျွန်မ ထင်ပါတယ်။




မဲမပေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စည်းကမ်းသတ်မှတ်ချက်တွေကို မကြိုက်လို့ပါ။ ဒါပေမယ့် ကျွန်တော့်အိမ်နီးချင်းတွေကိုတော့ လေးစားပါတယ်။ ကျွန်တော်အလုပ်ကြိုးစားလုပ်ပြီး မိဘတွေကို ပြုစုတယ်။ ကျွန်တော့်ရည်မှန်းချက်က နိုင်ငံခြားမှာ ပညာသွားသင်ဖို့ပါပဲ။ အသိုင်းအဝိုင်းအတွက်ဆို ပညာသွားသင် ဘွဲ့ရလာမှ အထောက်အကူ ပြုနိုင်မှာ။



မဲပေးတာ ဘာမှမထူးခြားဘူးလေ။ မဲရလဒ်တွေကလည်း မြင်သာမှု သိပ်မရှိဘူးလို့ ကျွန်မထင်တယ်။ ကျွန်မအလုပ်က ကလေးတွေကို စာကောင်းကောင်း သင်ပေးဖို့ပဲ။ ကျွန်မကတော့ ကလေးတွေ ပညာတတ်ကြီးတွေဖြစ်ပြီး လမ်းကောင်းလမ်းမှန်ကို ရွေးချယ်လျှောက်တတ်ဖို့ပဲ ကြိုးစားနေမယ်။



မဲလား၊ ပေးဖြစ်မှာ မဟုတ်ဘူး။ ဘာရယ်တော့ မဟုတ်ပါဘူး။ ကျွန်တော့်အသိုင်းအဝိုင်း အတွက်တော့ လောလောဆယ် တာဝန် ၃ ရပ် ရှိတယ်ပေါ့လေ။ ပထမတစ်ခုက ကျွန်တော် ကားမောင်းတဲ့အခါ ခရီးသည်တွေ အဆင်ပြေပြေစီးနိုင်ဖို့။ နောက်တစ်ခုက လူမှုရေး လုပ်ငန်းလေးတွေခင်ဗျ၊ ကျွန်တော်က ဒီအလုပ်တွေ လုပ်ရတာပျော်တယ်။ နောက်ဆုံး တစ်ခုကတော့ ကျွန်တော့်သား၊ သမီးတွေပေါ့လေ၊ သူတို့လေးတွေကို မြေတောင် မြှောက်ပေးဖို့ဆိုတာက မိဘတိုင်းမှာ တာဝန်ရှိတယ်လေ။



ကျွန်မ မဲပေးမှာပါ။ မဲပေးမှလည်း ပြည်သူ့လက်ထဲမှာရှိတဲ့ အာဏာကို အပြည့်အဝ အသုံးချ နိုင်မှာလေ။ ကျွန်မ အခုဒီ 'မဲ' ပေးတာနဲ့ ပတ်သက်ပြီး လူထုပညာပေးရေး အစီအစဉ် တစ်ခုကို တာဝန်ယူထားတယ်၊ ကျွန်မတို့ နိုင်ငံသားတွေအားလုံး လူမှုပြဿနာတွေ၊ လူမှုရေးရာကိစ္စရပ်တွေကို စစ်စစ်ပေါက်ပေါက်နားလည်မှလည်း ဘာကြောင့် မဲပေးရ တယ်၊ ဘယ်သူ့ကို မဲပေးရမယ်ဆိုတာ ဆုံးဖြတ်နိုင်မှာလေ။

## လုပ်ငန်းများ

**၃.၁.၂ ကို ဖတ်ပြီးနောက်**

**ဖော်ပြပါ လူမှုအဖွဲ့ဝင်တစ်ဦးစီအတွက် သင့်တော်ရာ ဥပမာများကို ဖြည့်စွက်ရေးသား ပေးပါ။**

## လုပ်ငန်းများ

**ရွေးကောက်ပွဲအကြို စစ်တမ်းအတွက် နိုင်ငံသား တစ်ဦးအနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် မဲပေးမည်၊ မပေးမည်ကို မေးမြန်းထားသည်။**

**ဖော်ပြပါ နိုင်ငံသား ၇ ဦး၏ ရွေးကောက်ပွဲအပေါ် အမြင်များကို ဖတ်ပြီး အောက်ပါ မေးခွန်းများကို ဖြေဆိုပေးပါ။**

၁။ ထိုလူများ၏ ရာခိုင်နှုန်း မည်မျှလောက်က မဲပေးရန် စီစဉ်ထားသနည်း။ ထိုရာခိုင်နှုန်း သည် တစ်နိုင်ငံလုံး၏ ရွေးကောက်ပွဲတွင် မဲပေးကြမည့် ရာခိုင်နှုန်းကို ကိုယ်စား ပြုမည်ဟု ထင်ပါသလား။

၂။ မဲ မပေးကြရခြင်း၏ အကြောင်းရင်းကို ဆန်းစစ်ပါ။ ထိုအကြောင်းပြချက်များမှာ လက်ခံနိုင်ဖွယ် ရှိပါသလား။

၃။ မဲပေးကြရခြင်း၏ အကြောင်းရင်းများ ကိုလည်း ဆန်းစစ်ဝေဖန်ပေးပါ။ ထိုအကြောင်းပြချက်များမှာ သင့်တော် မှန်ကန်မှု ရှိပါ သလား။

**လုပ်ငန်းများ**

၁။ အဆိုများထဲမှ နိုင်ငံသားဆိုင်ရာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၏ မတူကွဲပြားသော ဥပမာများကို တစ်ဦးချင်းစီအလိုက် အမျိုးအစား ခွဲခြားပြပါ။

၂။ ထို့နောက် အတန်းဖော်ဖြစ်သူနှင့် နှိုင်းယှဉ်ဆွေးနွေးပါ။

၃။ သင်၏ အတန်းဖော်နှင့် ပူးပေါင်း၍ ထိုသူတို့၏ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ပုံများ၊ ပြောဆိုမှုများကို အခြေခံလျက် မည်သူက တာဝန်ယူစိတ်ရှိ လူမှုအဖွဲ့ဝင်ဖြစ်သည်၊ မည်သူက လက်တွေ့ကျသူဖြစ်သည်၊ မည်သူက သမာသမတ်ကျ လူမှုအဖွဲ့ဝင် ဖြစ်သည်ကို ဆွေးနွေးပေးပါ။

**လုပ်ငန်းများ**

၁။ မိမိတို့ငယ်စဉ်က ရရှိခဲ့သည့် ပညာရေးကို ပြန်လည်သုံးသပ်ကြည့်ပါ။ ထိုပညာရေးက မိမိတို့ လူမှုအသိုင်းအဝိုင်းအတွင်း တက်ကြွစွာ ပါဝင်ရေးတွင် မည်သို့ အထောက်အကူပေးသနည်း။

၂။ မိမိကိုယ်ကို မည်သို့သော လူမှုအဖွဲ့ဝင်ဟု သတ်မှတ်ထားသနည်း။

၃။ မည်သည့် လူမှုအဖွဲ့ဝင်မျိုးက လူ့အဖွဲ့အစည်းတစ်ရပ် ခိုင်ခိုင်မာမာ ရပ်တည်ပေးရေးတွင် အခရာကျသနည်း။

၄။ လူမှုအဖွဲ့ဝင်ကောင်းတစ်ဦးဖြစ်ရန် မည်သို့သော အရည်အချင်းများ၊ အသိပညာများ လိုအပ်မည်နည်း။

**အကြိုသင်ခန်းစာ**

လူ့အဖွဲ့အစည်းအတွင်း ပါဝင်ခြင်းကြောင့် မည်သည့် အကျိုးတရားများ ခံစားရမည်နည်း။

# ၃.၂ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ခြင်း၏ အကျိုးတရားများ

လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ပါဝင်ခြင်းကြောင့် အကျိုးကျေးဇူးများစွာ ခံစားရနိုင်သည်။ အထူးသဖြင့် –

- ခေါင်းဆောင်များ၏ အာဏာကို ထိန်းချုပ်နိုင်မည်။
- အစိုးရများ၊ ခေါင်းဆောင်များအနေဖြင့် ပြည်သူတို့၏ လိုလားချက်များနှင့် ဘဝ အခြေအနေမှန်တို့ကို သိမြင်လာကြမည်။
- နိုင်ငံသားများ နိုင်ငံရေးရာကိစ္စရပ်များတွင် ပါဝင်ဆုံးဖြတ်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးသည်။
- လူ့အဖွဲ့အစည်း၏ တန်ဖိုးများ၊ လိုအပ်ချက်များကို ကိုယ်စားပြုမည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။

လူ့အဖွဲ့အစည်းတစ်ရပ်၏ ကောင်းကျိုးဆိုးမွေသည် ထိုအဖွဲ့အစည်းအတွင်း ပါဝင်သူများ၏ ဆုံးဖြတ်ချက် ကြီးငယ်တို့အပေါ် မူတည်နေပေသည်။ ထိုဆုံးဖြတ်ချက်တစ်ခုချင်းစီက အသုံးမဝင်၊ အကျိုးမရှိလှဟု ထင်ရသော်လည်း မိမိတို့ မည်သို့ မည်ပုံ ဆုံးဖြတ်ချက်ချသည်ကို အခြေခံပြီး မိမိသည် မည်သို့သော အဖွဲ့ဝင်မျိုးဖြစ်သည်၊ မည်သို့သော လူ့အဖွဲ့အစည်းတွင် ပါဝင်သည်ဟု ပိုင်းခြားသတ်မှတ်နိုင်ပေသည်။ ထိုဆုံးဖြတ်ချက်များက ကျွန်ုပ်တို့နေထိုင်ရာ လူမှုပတ်ဝန်းကျင် တစ်ရပ်လုံးကို သက်ရောက်လျက် ရှိနေပေသည်။

**လုပ်ငန်းများ**

အဖွဲ့များ ဖွဲ့ပေးပါ။ မိမိသည် လူ့အဖွဲ့အစည်းတစ်ခုအတွင်း လူငယ်ခေါင်းဆောင်မှု ပျိုးထောင်ရေးသင်တန်း အစီအစဉ်တစ်ခုကို စီမံခန့်ခွဲရမည်ဖြစ်သည်။ ထိုအစီအစဉ်အား အများသိစေရန် ကြော်ငြာတစ်ခု ဖန်တီးရမည် ဖြစ်ပြီး အောက်ပါအချက်များကို ထည့်သွင်းပေးရမည်။

- ထိုအစီအစဉ်၏ အရေးပါပုံ
- ထိုအစီအစဉ်တွင် ပါဝင်ခြင်းကြောင့် လေ့လာတိုးပွားလာမည့် အသိပညာများ၊ အကျိုးတရားများ
- ထိုသင်တန်း ကျင်းပရာ နေရာ၊ အချိန်
- ဆွဲဆောင်မှုရှိသော ကြော်ငြာဒီဇိုင်း



## ၃.၂.၁ လူ့အဖွဲ့အစည်းဆိုင်ရာ သတင်းအချက်အလက်များ ရယူခြင်း

လူ့အဖွဲ့အစည်းအတွင်း မည်သို့ပင် ပါဝင်ပုံနည်းစနစ် ကွဲပြားစေကာမူ ထိုအဖွဲ့အစည်းဆိုင်ရာ သတင်းအချက်အလက်များကို ရယူသိရှိနိုင်ရန်မှာ အရေးပါလှသည်။ ထိုသတင်းအချက်အလက်များ မှတစ်ဆင့် နိုင်ငံသားတို့၏ရပိုင်ခွင့်များ၊ တာဝန်များကို မှတ်သားလိုက်နာနိုင်ကြမည်ဖြစ်သည်။ ထိုမှတစ်ဆင့်တက်၍ နိုင်ငံသားများအနေဖြင့် မည်သို့သော လူမှုအခွင့်အရေးများ ချိုးဖောက်ခံနေကြရသည်၊ မည်သို့ ဖြေရှင်းနိုင်မည်၊ မည်သူ့တွင် တာဝန်ရှိသည် အစရှိသော လူမှုပြဿနာများ၏ အကြောင်းအကျိုး ကိစ္စရပ်များကို သိမြင်လာကြပြီး လူမှုအဖွဲ့အစည်းအတွင်း ထဲထဲဝင်ဝင် ပါဝင်နိုင်ကြမည်ဖြစ်သည်။ သတင်းအချက်အလက်များ ဖြည့်ဆည်းပေးခြင်းသည် လူ့သယံဇာတ မြင့်တင်ရေးတစ်ရပ်ဟုပင် တင်စားခေါ်ဆိုနိုင်ပေသည်။ သတင်းအချက်အလက်များ စဉ်ဆက်မပြတ် ရရှိသော နိုင်ငံသားများသည် အမှုကိစ္စရပ်များကို စနစ်တကျ ဝေဖန်သုံးသပ်နိုင်ပြီး ကောလာဟလများ၊ အထင်အမြင်များနှင့် လက်တွေ့အချက်အလက်များအကြား ကွဲပြားမှုကို ပိုင်းခြားဆုံးဖြတ်နိုင်ကြမည်ဖြစ်သည်။

**အကြံပြုသင်ခန်းစာ**

မည်သို့သော မီဒီယာကို အသုံးပြု၍ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်း ဖြစ်ပျက်နေသည်တို့ကို ပြည်သူလူထုထံသို့ သတင်းပေးပို့နိုင်မည်နည်း။

နိုင်ငံသားတစ်ဦးအနေဖြင့် အောက်ဖော်ပြပါ နည်းနာတို့အတိုင်း ကျင့်သုံးခြင်းဖြင့် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ ရရှိနိုင်ကြပေမည်။

- အသိအမြင်ကြွယ်ဝသူများနှင့် ပြောဆိုဆွေးနွေးခြင်း (ဥပမာ – ဆရာ၊ ဆရာမများ၊ ခေါင်းဆောင်အကြီးအကဲများ၊ ရပ်ကွက်အတွင်းနေ သက်ကြီးရွယ်အိုများ)။
- အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရဌာနများမှ သတင်းအချက်အလက်ရယူခြင်း။
- စိတ်ချရသော သတင်းမီဒီယာများ (သတင်းစာ၊ မဂ္ဂဇင်း၊ ရေဒီယို၊ အင်တာနက်နှင့် တီဗွီ) တို့မှ သတင်းအချက်အလက် စုဆောင်းခြင်း။
- စာကြည့်တိုက်များ၊ ရပ်ရွာအသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ သတင်းအချက်အလက်များ ရယူခြင်း။
- မူရင်းသတင်းအချက်အလက်၏ နောက်ကြောင်းကို ဆန်းစစ်ခြင်း။
- မိတ်ဆွေ၊ သူငယ်ချင်းများ၏ လူမှုရေးဆိုင်ရာ စကားဝိုင်းများတွင် ဝင်ရောက်ပြောဆိုခြင်း။

## လေ့ကျင့်ခန်း

**အောက်ပါ ဝေါဟာရများအကြား အချင်းချင်း ဆက်နွယ်မှုကို ဖော်ပြပေးပါ။**

လူ့အဖွဲ့အစည်းအတွင်း ပါဝင်မှု

အတွေးအမြင်များ    လူမှုပြောင်းလဲမှုများ

တာဝန်ဝတ္တရား

သတင်းအချက်အလက်    မီဒီယာ    ဆုံးဖြတ်ချက်ချခြင်း

## ဆွေးနွေးချက်

၁။ ဖော်ပြပါ 'ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက် ရယူခြင်း' ဆိုင်ရာ နည်းနာများမှာ လက်တွေ့ကျင့်ကြံရာတွင် အဆင်ပြေနိုင်မည်ဟု ထင်ပါသလား။

၂။ သတင်းအချက်အလက် ရယူနိုင်မည့် အခြားသော နည်းစနစ်များ၊ အရင်းအမြစ်များကို ဖော်ပြပေးပါ။

၃။ မိမိလူ့အဖွဲ့အစည်းအတွင်း မည်သည့် မီဒီယာအမျိုးအစားက ယုံကြည်စိတ်အချရဆုံး ဖြစ်သနည်း။ အလွှမ်းမိုးနိုင်ဆုံးဖြစ်သနည်း။ အဘယ်ကြောင့်နည်း။

## လုပ်ငန်းများ

၁။ အောက်ပါ သတင်းအတိုအထွာတို့ကို ကြားသိရပြီး ထိုသတင်းအပြည့်အစုံကို သိရှိလိုသည်။ မည်သို့သော နည်းလမ်းများကိုသုံး၍ ထိုသတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံ သိရှိနိုင်အောင် ကြိုးပမ်းမည်နည်း။ အဘယ်ကြောင့် ထိုနည်းစနစ်ကို အသုံးပြုရသနည်း။

၂။ ဖော်ပြပါ ဥပမာများအရ သတင်းအချက်အလက် အစစ်အမှန်ကို ရယူရာတွင် မည်သည်တို့က အဟန့်အတား ဖြစ်စေသနည်း။

(က)

**'မဲ' စပေးသူများအတွက် ဘာတွေ သိထားသင့်သလဲ**

လာမည့် ရွေးကောက်ပွဲတွင် ၁၈ နှစ် ပြည့်သူတိုင်း မဲပေးနိုင်ကြောင်း ကြော်ငြာထားသည်။ မဲပေးဖူးသည့် အတွေ့အကြုံလဲ မရှိထား၊ မည်သို့ 'မဲ' ပေးရမည်ကိုလည်းမသိ။ ထို 'မဲ' ပေးခြင်းဆိုင်ရာ သတင်းအချက်အလက်များကို မည်သို့ ရှာဖွေမည်နည်း။

(ခ)

**လမ်းသစ်ဖောက်မည်လား**

မိမိတို့နေထိုင်ရာ ရပ်ကွက်ငယ်လေးတွင် လမ်းမသစ်ကြီးတစ်လမ်း ဆောက်လုပ်မည်ဟု သတင်းရထားသည်။ ထိုသတင်းအရ ရပ်ကွက်အတွင်း အိမ်အချို့ပါ ဖျက်ဆီးခံရမည်ဖြစ်သည်။ ထိုသတင်းမှန်၊ မမှန်၊ မှန်ပါက မည်သည့်အိမ်များ အဖျက်ခံရမည်ကို ကြိုတင်သိရှိထားလိုသည်။

(ဂ)

**သဘာဝပတ်ဝန်းကျင် လှုပ်ရှားသူ၏ ဟောပြောပွဲသတင်း**

ထင်ရှားသည့် သဘာဝပတ်ဝန်းကျင် လှုပ်ရှားသူတစ်ယောက်က ဟောပြောပွဲလုပ်မည်ဆိုသည့် အကြောင်းကို သူငယ်ချင်းဖြစ်သူထံမှ ကြားသိထားသည်။ ထိုဟောပြောပွဲကို တက်ရောက်ရန် စိတ်ဝင်စားနေပြီး ထိုဟောပြောပွဲဆိုင်ရာ သတင်းအသေးစိတ်ကို စုံစမ်းလိုနေသည်။

(ဃ)

**စစ်ပွဲများဆိုင်ရာ သတင်း**

နိုင်ငံတစ်နိုင်ငံ၏ နယ်စပ်တစ်နေရာတွင် သူပုန်များ၏ ပုန်ကန်စစ်ပွဲများ အကြောင်း လောလောလတ်လတ် သတင်းရရှိထားသည်။ ထိုသတင်းမှန်၊ မမှန် စစ်ဆေးဖို့လိုပြီး အစိုးရသတင်းစာများတွင်လည်း ဖော်ပြထားခြင်းမရှိ။ ထိုသတင်းသည် ကောလာဟလလား၊ အမှန်အကန်လား ဆိုသည်ကို သိရှိရန် ဆန္ဒပြင်းပြနေသည်။

## ဆွေးနွေးချက်

၁။ သတင်းအချက်အလက်များ ရယူရာတွင် မည်သို့သော အဟန့်အတားများ ကြုံတွေ့နိုင်သနည်း။

၂။ အဖွဲ့များ ဖွဲ့ပြီး မိမိတို့ လူမှုအသိုင်းအဝိုင်းအတွင်း လူတန်းစေ့ သတင်းအချက်အလက်များ ရယူသိရှိနိုင်ရန် မည်သူတို့ ဆောင်ရွက်နိုင်သည်ကို ဝိုင်းဝန်းစဉ်းစားပေးပါ။

၃

အကြံပြုသင်ခန်းစာ

သတင်းတစ်ခုခုကို ကြားသိရပြီးလျှင် ထိုသတင်းကို လက်ခံသင့်၊ လက်မခံသင့် ဆိုသည်ကို မည်သို့ဆုံးဖြတ်နိုင်မည်နည်း။ အချို့သော လူပုဂ္ဂိုလ်များ၊ သတင်းစာတိုက်များ၊ ဝက်ဘ်ဆိုက်များမှ ရရှိသော သတင်းများသည် အခြားသော သတင်းအရင်းအမြစ်များထက် ပိုမိုစိတ်ချယုံကြည်နိုင်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

# ၃.၃ သတင်းအချက်အလက်များအား ဝေဖန်ဆန်းစစ်ခြင်း

သတင်းအချက်အလက်များ ရယူသိရှိခြင်းက နိုင်ငံသားများ မည်သည်ကို ယုံကြည်သည်၊ ကိစ္စရပ်အသီးသီးကို မည်သို့ ရှုမြင်သုံးသပ်သည်စသော အကြောင်းခြင်းအရပ်ရပ်တို့ပေါ် သက်ရောက်မှုရှိနေပေသည်။ သတင်းအချက်အလက်များ ရရှိရာတွင်လည်း အဆီပ်ကင်းသည့် သတင်းစစ်၊ သတင်းမှန်များကို သိရှိနိုင်ရန်မှာလည်း အရေးပါလှသည်။ သို့ရာတွင် ကျွန်တော်တို့ နေ့စဉ်ရရှိနေသည့် သတင်းအချက်အလက်များစွာထဲမှ မည်သည်က သတင်းစစ်ဖြစ်သည်၊ မည်သည်က သတင်းတုဖြစ်သည်ကို ဆန်းစစ်ရန် မလွယ်ကူလှချေ။ ထိုသို့ မိမိတို့ရရှိသော သတင်းတိုင်းကို ဆန်းစစ်ဝေဖန်ပိုင်းခြားနိုင်သည့် အရည်အချင်းသည်လည်း နိုင်ငံသားတိုင်းတွင် ရှိထားသင့်သည့် ကျွမ်းကျင်မှုတစ်ရပ် ဖြစ်ပေသည်။ ထိုမှလည်း လူမှုပြဿနာများ ဖြေရှင်းရာတွင် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ကြပေမည်။

မိမိတို့ သိရှိထားသော သတင်းအချက်အလက်များ မှန်သည်၊ မှားသည်ကို ပိုင်းခြားဆုံးဖြတ်နိုင်ရန် ခက်ခဲသည်မှာမှန်သည်။ သို့ရာတွင် ထိုသို့ဆုံးဖြတ်ရာ၌ တန်ဖိုးသတ်မှတ်ပေးနိုင်မည့် သတင်းအချက်အလက်ဆိုင်ရာ 'အညွှန်းပြအရည်အသွေး' များလည်း ရှိပေသည်။

သတင်းတစ်ရပ်ရပ်ကို သိကြားလိုက်ရသည့်အခါတွင် ထိုသတင်း၏ ခိုင်လုံမှု၊ တိကျသေချာမှု၊ ကျိုးကြောင်းဆီလျော်မှု၊ သက်သေအထောက်အထား အစရှိသည့် သတင်းအချက်အလက်ဆိုင်ရာ 'အညွှန်းပြအရည်အသွေး' များနှင့် တိုင်းတာပြီး မည်သည့်သတင်းက ယုံကြည်စိတ်ချရမည်၊ မည်သည်တို့က သတင်းမှားများ ဖြစ်သည်ကို ပိုင်းခြားဝေဖန်နိုင်ကြပေမည်။

## (၁) ခိုင်လုံမှု

'ခိုင်လုံမှုရှိသော သတင်းတစ်ရပ်' သည် အထောက်အထားစုံလင်ပြီး ယုံကြည်ရသော သတင်းအရင်းအမြစ်တစ်ရပ်ကို အခြေခံထားကြသည်။ 'ခိုင်လုံမှု' ကို စစ်ဆေးရန်အတွက် အောက်ပါမေးခွန်းများနှင့် ဆန်းစစ်နိုင်ပေသည်။

- သတင်းအချက်အလက်ပေးပို့သူက သက်ဆိုင်ရာ သတင်းအကြောင်း ဂဃနဏသိရှိသူဖြစ်ပါသလား၊
- ထိုသတင်းမှန်ကန်ကြောင်း ယုံကြည်နိုင်လောက်သည့် အနေအထားတွင် ရှိပါသလား၊
- ထိုသတင်းအချက်အလက်ကို အခြားလူတို့က အသိအမှတ်ပြု လက်ခံထားပါသလား။ ဥပမာ ဆိုရသော် ပညာရပ်ဆိုင်ရာ စာတမ်းများကို ပညာရှင်များကိုယ်တိုင် အသိအမှတ်ပြုထားသလား။

## (၂) တိကျသေချာမှု

သတင်းတစ်ရပ်သည် ဖြစ်ရပ်မှန်ပေါ်အခြေခံထားသည်၊ အချက်အလက် အသေးစိတ်ဖော်ပြနိုင်သည်၊ အချိန်နှင့် တစ်ပြေးညီ တင်ပြနိုင်သည်ဆိုလျှင် ထိုသတင်းကို 'တိကျသေချာသော' သတင်းတစ်ရပ်ဟု ခေါ်ဆိုနိုင်ပေသည်။ သတင်းတစ်ရပ် တိကျသေချာမှုရှိ၊ မရှိကို –

- သတင်းဖြစ်ပွားရာနေ့စွဲ ဖော်ပြထား/မထား။
- ဖြစ်ရပ်အစစ်အမှန်နှင့် တင်ပြထားချက်များ ကိုက်/မကိုက်။
- ရှေးယခင်ရှိပြီးသား သတင်းအချက်အလက်ကို ကူးယူချထား/မထား၊ အစရှိသော အချက်တို့ကို အခြေခံ၍ သုံးသပ်နိုင်ပေသည်။

## (၃) ကျိုးကြောင်းဆီလျော်မှု

သတင်းအချက်အလက်တစ်ရပ်သည် မျှတမှုရှိရမည်၊ အဂတိတရားမှ ကင်းဝေးရမည်၊ အပြုသဘော ဆောင်ရမည်ဖြစ်သည်။ ကျိုးကြောင်းဆီလျော်မှုရှိသော သတင်းအချက်များတွင် အောက်ပါ အချက်များမှ ကင်းဝေးရပေသည်။

- သတင်းတင်ပြသူသည် တစ်ဖက်သတ်ဆန်လွန်းသည့် အမြင်တစ်ရပ်ကို ဖော်ပြထားခြင်း။
- မသင့်လျော်သော စကားအသုံးအနှုန်းများ အသုံးပြုတင်ပြထားခြင်း။
- အသေးစိတ်မဖော်ပြဘဲ ယေဘုယျဆန်သည့် အချက်အလက်များ အသုံးပြုထားခြင်း။
- ကိုက်ညီသင့်လျော်မှု မရှိသော အချက်အလက်များကို အခြေခံထားခြင်း။

## (၄) အထောက်အထား

သတင်းတစ်ခုသည် ယုံကြည်နိုင်လောက်သည့် အထောက်အထား ရှိ၊ မရှိကို ထိုသတင်းရရှိသည့် သတင်းအရင်းအမြစ်ကို ဖော်ပြထား၊ မထား ထိုအရင်းအမြစ်က စိတ်ချနိုင်လောက်သည့် အခြေအနေရှိ၊ မရှိ စသည်တို့ကိုကြည့်၍ သုံးသပ်နိုင်ပေသည်။ သို့မှုလည်း အခြားသော သတင်းအရင်းအမြစ်များနှင့် တိုင်ဆိုင်စစ်ဆေးပြီး ဝေဖန်လက်ခံနိုင်ပေသည်။ သတင်းအချက်အလက်များ၏ 'အထောက်အထား' စုံလင်မှု ရှိ၊ မရှိကို အောက်ပါအချက်တို့ဖြင့် တိုင်းတာဝေဖန်နိုင်ပေသည်။

- သတင်းအချက်အလက်ရရှိရာ အရင်းအမြစ်အား ဖော်ပြထားမှု၊
- အထောက်အထားစာရင်းပါရှိ၊ မရှိ
- ထိုအချက်အလက်များမှန်၊ မမှန် စုံစမ်းစစ်ဆေးနိုင်ခွင့်။




▲ အထက်ဖော်ပြပါ သတင်းဌာနများတွင် မည်သည့် သတင်းဌာန၏ ထုတ်လွှင့်မှုကို နားဆင်ဖူးပါသနည်း။ မည်သည့် သတင်းဌာနများက ယုံကြည်စိတ်ချရမည်ဟု ထင်သနည်း။ (အထက်မှအောက်): Al-Jazeera English (Qatar), BBC World News (Britain), CCTV9 (China), MRTV4 (Myanmar), PressTV (Iran), Russia Today (Russia). ဖော်ပြပါ သတင်းဌာနများ၏ ဝက်ဘ်ဆိုက်များတွင်လည်း လေ့လာကြည့်ရှုနိုင်သည်။

## လေ့ကျင့်ခန်း

အောက်ဖော်ပြပါ ဖြစ်ရပ်လေ့လာမှုကို ဖတ်ရှုပြီး သတင်းအရင်းအမြစ်များအား သုံးသပ်ဝေဖန်ပေးပါ။ ထိုသတင်းအချက်အလက်များသည် ခိုင်လုံမှု ရှိပါသလား၊ ကျိုးကြောင်းဆီလျော်ပါသလား၊ အထောက်အထား ပြည့်စုံမှုရှိပါသလား ဆန်းစစ်ဝေဖန်ပြီး ရေးသားဖော်ပြပေးပါ။

လက်ကိုင်ဖုန်းတစ်လုံးဝယ်ရန် ကြံစည်ထားသည်။ မြန်မာမိုဘိုင်း (MM) ဆိုသည့် လက်ကိုင်ဖုန်းထုတ်လုပ်မှု ကုမ္ပဏီက စက်ရုံအလုပ်သမားများအပေါ် ဆိုးရွားစွာ ဆက်ဆံသည်ဟုကြားထားသည်။ စက်ရုံအတွင်း အလုပ်သမား ၁၂ ဦး လွန်ခဲ့သော တစ်ပတ်က မတော်တဆမှုတွင် ဆုံးသွားသည်ဟုလည်း ကြားရသည်။ ထိုကဲ့သို့ အခြေအနေ ဆိုးရွားလှသည့် ကုမ္ပဏီကို အားမပေးလိုပါ။ သို့ရာတွင် ထိုသတင်းများမှန်၊ မမှန်ကို စစ်ဆေးအတည်ပြုလိုသေးသည်။

MM
Myanmar Mobile
(စက်ရုံ)

1

MM စက်ရုံတွင် လုပ်သက် ၁၀ နှစ်ရှိ အလုပ်သမားတစ်ဦး၏ အခင်းဖြစ်ပွားမှုအကြောင်း ပြန်လည်ပြောဆိုထားချက်

2

MM ကုမ္ပဏီအတွင်း လုပ်ငန်းခွင် အခြေအနေများကို ကုမ္ပဏီတာဝန်ခံများ ကိုယ်တိုင် တင်ပြ အစီရင်ခံထားသည့် စာတမ်း တစ်ရပ်ကိုလည်း တွေ့ရသည်။

MM
Myanmar Mobile

မြန်မာမိုဘိုင်းကုမ္ပဏီ၏ အလုပ်သမားရေးရာ အစီအရင်ခံစာ

မြန်မာမိုဘိုင်းကုမ္ပဏီမှ ပြုစုထုတ်လုပ်ဖြန့်ဝေသည်။

၂၀၁၃၊ စက်တင်ဘာလတွင် ထုတ်ပြန်သည်

3

မြန်မာနိုင်ငံ အလုပ်သမားထု၏ အလုပ်ခွင် အခြေအနေ ထုတ်ပြန်ချက် တစ်ရပ်ကို 'အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့' နှင့် 'ကလေးများ ကူညီစောင့်ရှောက်ရေး' အဖွဲ့အစည်းတို့မှ လွန်ခဲ့သော နှစ်အနည်းငယ်က ပြုစုခဲ့သည်။

မြန်မာပြည်တွင်း အလုပ်သမား အခြေအနေရေးရာများ (၂၀၀၇)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့

နှင့် ကလေးများ ကူညီစောင့်ရှောက်ရေး အဖွဲ့အစည်း

၂၀၀၈၊ ဧပြီလတွင် ထုတ်ပြန်သည်

4

MM ကို ခုခံကာကွယ်ပြောဆိုသော အီးမေးလ် တစ်စောင်ကို မိတ်ဆွေတစ်ဦးက ပို့ထားသည်။ ထိုအီးမေးလ်ပါ အကြောင်းအရာကို မည်သူ ရေးသားထားကြောင်း မဖော်ပြထားပါ။

မှ – kyaw12hsan@gmail.com
သို့ – ကျွန်ုပ်

အကြောင်းအရာ – တစ်ဆင့် – MM သည် ကောင်းသော အလုပ်ခွင်ဖြစ်သည်။

5

'မိစ္ဆာကြီး မြန်မာမိုဘိုင်း' ဟူသော ဝက်ဘ်ဆိုက်တွင် MM သည် မြန်မာပြည်တွင် အဆိုးရွားဆုံး ကုမ္ပဏီ ဖြစ်သည်ဟု ဆိုထားသည်။

myanmarmobilemonsters.blogspot.com

## လုပ်ငန်းများ

**အောက်ပါ စာပိုဒ်နှစ်ပိုဒ်ကို ဖတ်ပြီး ၃.၃ ပါ သတင်းဆိုင်ရာ ဝေဖန်ဆန်းစစ်ရာ နည်းနာများကို အသုံးချ၍ မေးခွန်းများကို ဖြေဆိုပေးပါ။**

၁။ မည်သည့် စာပိုဒ်ရှိ သတင်းအချက်အလက်များက ပိုမိုစိတ်ချရသနည်း။

၂။ စာပိုဒ် ၁ ပါ သတင်းအချက်အလက်များ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ပြပေးပါ။

၃။ စာပိုဒ် ၂ ပါ သတင်းအချက်အလက်များ၏ အားနည်းချက်၊ အားသာချက်များကို ဖော်ပြပေးပါ။

၄။ ထိုစာပိုဒ်နှစ်ပိုဒ်ပါ သတင်းအချက်အလက်များကို လက်ခံယုံကြည်ခြင်းဖြင့် လူမှုရေးရာကိစ္စရပ်များ ဆုံးဖြတ်ရာတွင် မည်သို့ သက်ရောက်မှု ရှိနိုင်သနည်း။

**စာပုဒ် (၁) လူဝင်မှုရေးရာ ပြဿနာများ**

ခင်မင်ရပါသော ဆရာ။

ကျွန်ုပ်တို့နိုင်ငံတွင် ဆူနာမီလှိုင်းများသဖွယ် တဖွဲဖွဲဝင်ရောက်လာကြသည့် ရွှေ့ပြောင်းနိုင်ငံသားများဆိုင်ရာ ကိစ္စကြီးငယ်တို့မှာ တစ်စတစ်စ ကြီးထွားလာလျက်ရှိနေပါတယ်။ အဲဒီရွှေ့ပြောင်းနိုင်ငံသားတွေဟာလည်း မူလရှိပြီးသား နိုင်ငံသားတွေနဲ့ အရောတဝင် သိပ်မလုပ်ချင်ကြတာလည်း တွေ့နေရတယ်။ ဒီနိုင်ငံမှာ ရွှေ့ပြောင်းပြီးနေနေကြတာ နှစ် ၂၀ လောက်ရှိပြီဖြစ်တဲ့ နိုင်ငံခြားသားနှစ်ယောက်ရဲ့အကြောင်းလည်း ဖောက်သည်ချချင်တယ်ဗျာ။ အဲဒီနှစ်ယောက်ဆို သူတို့ဘာသာစကားနဲ့ပဲ အချင်းချင်းအပြောအဆိုရှိကြတယ်၊ သူတို့ယဉ်ကျေးမှုအတိုင်းပဲ ပြုမူနေကြတုံးပဲဗျာ။

အဲဒီလို သူတို့ရဲ့ အပြုအမူတွေက ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှု ထုံးတမ်းတွေကို ကန့်လန့်တိုက်နေသလိုဖြစ်ပြီး ဘယ်လိုမှကို လက်သင့်ခံနိုင်စရာ မရှိပါဘူး။ ကုန်ကုန်ပြောရရင် သူတို့မူရင်းနိုင်ငံတွေနဲ့ စစ်ဖြစ်တယ်ဆိုပါစို့။ အဲဒီက ရွှေ့ပြောင်းလာကြတဲ့ လူတွေက ကျွန်တော်တို့နိုင်ငံမှာပဲ မြေအောက်အဖွဲ့အစည်းတွေ ဘာတွေ ဖွဲ့မလားတောင် မပြောနိုင်ဘူး။

ပညာရှင်တွေကလည်း အခုလို တိုးပွားလာတဲ့ လူဦးရေအတိုင်းဆိုရေပြတ်လပ်မှု ပြဿနာမျိုးတွေတောင် ရှိနိုင်တယ်လို့ဆိုထားတယ်။ ဒီအခြေအနေအရဆိုလျှင် ရွှေ့ပြောင်းနိုင်ငံသားတွေကို ဆက်လက်လက်သင့်ခံဖို့ဆိုတာ စဉ်းစားစရာကိစ္စတစ်ရပ် ဖြစ်လာပါပြီ။

အချုပ်အနေနဲ့ ပြောရမယ်ဆိုရင် နိုင်ငံတွင်းလူဦးရေတိုးပွားလာမှုဟာ မလိုလားအပ်တဲ့ ပြဿနာတွေကို ဖိတ်ခေါ်လျက် ရှိနေပါတယ်။ အဲဒါကြောင့် 'လူဝင်မှု' တွေကို ကြီးကြပ်သင့်ပြီလို့ အကြံပြုတင်ပြလိုက်ရပါတယ်။

"Weekend Tribute" သတင်းစာ၏ အယ်ဒီတာထံပေးစာ၊ ဂျွန်စမတ် (၁၂.၉.၀၆)

စာပုဒ် ၂ စည်းလုံးကြပါစို့

ရွှေ့ပြောင်း လူ့အဖွဲ့အစည်းများသည် လူဝင်မှုပြဿနာများ၏ အရင်းအမြစ်များဖြစ်သည်ဟု ဝေဖန်သံများကို ကြားနေရသည်။ သို့ရာတွင် ထိုအဆိုသည် အမှန်တရားနှင့် မကိုက်ညီကြောင်း ရွှေ့ပြောင်း လူ့အဖွဲ့အစည်းများက ပြန်လည်ချေပထားသည်။ လေ့လာဆန်းစစ်မှုများအရ နိုင်ငံအတွင်း ယဉ်ကျေးမှု မတူညီသော လူ့အဖွဲ့အစည်းအသီးသီးသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

ဥပမာပေး ဖော်ပြရလျှင် 'ဂျိုးဖြူကျွန်း' ဟု ခေါ်တွင်သော ကျွန်းကလေးတစ်ကျွန်းတွင် အိမ်နီးချင်းနိုင်ငံ၏ ကျွန်းတစ်ကျွန်းမှ ကျွန်းသူ ကျွန်းသားများသည် စစ်ဘေးဒဏ်ကြောင့် ရွှေ့ပြောင်းလာကြသည်။ ထိုရွှေ့ပြောင်းလူ့အဖွဲ့အစည်းများကို ဂျိုးဖြူကျွန်းသူ ကျွန်းသားများက ဖော်ရွေစွာ လက်ခံကြိုဆိုခဲ့ကြသည်ကို တွေ့ရသည်။ ဘာသာစကားနှင့် ယဉ်ကျေးမှုများ အလွန်ခြားနားကြသော်လည်း ခင်မင်ရင်းနှီးစွာ နေထိုင်လျက် ရှိကြကြောင်းကို (ဘရောင်းနှင့် ဂတ်စပါတို့၏ ၂၀၀၄ ခုနှစ်တွင် လေ့လာချက်များအရ) သိမြင်ရသည်။

'ယဉ်ကျေးမှုများ ပေါင်းကူးဖလှယ်ခြင်းသည် လူအချင်းချင်းနားလည်မှုများ၊ လူမျိုးစွဲအမြင်များမှ ကျော်လွန်ရှုမြင်နိုင်သည့် အမြင်များကို အခြေခံ၍ သာလျှင် မွေးဖွားသန္ဓေတည်နိုင်ပေမည်။ ထိုကဲ့သို့ ယဉ်ကျေးမှုများ ပေါင်းကူးဖလှယ်နိုင်ရန်အတွက် စာသင်ကျောင်းများမှ အစပြုကြရပေမည်။' (ဂျိုးဖြူသတင်းစာ၊ ၂၀၀၅ ခုနှစ်မှ)

စမစ် (၂၀၀၆) ဟူသည့် ပညာရှင်တစ်ဦးကလည်း 'ရွှေ့ပြောင်းနေထိုင်မှုများကို ကန့်ကွက်ခြင်းသည် လူသားတို့၏ တန်ဖိုးများကို အလေးမထားရာ ရောက်သလို ပဋိပက္ခများကို ဖန်တီးဖိတ်ခေါ်ရာရောက်ကြောင်း' တင်ပြထားပေသည်။

ဂျန်ကင်ဒီ၊ ယဉ်ကျေးမှုစုံဝါဒီနှင့် လူမှုစည်းလုံးရေး လူမှုဗေဒဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၂)၊ စာမျက်နှာ ၁၆၉ – ၁၉၀။ (၂၀၀၆)

# ၃.၄ သတင်းရယူခြင်းဆိုင်ရာ နိုင်ငံသားများတွင် ရှိအပ်သည့် ကျွမ်းကျင်မှုများ

သတင်းတစ်ရပ်သည် မည်မျှ မှန်ကန်မှုရှိသည်၊ မည်မျှ လက်ခံနိုင်စွမ်းရှိသည်၊ တိကျသေချာသည်ကို ဆန်းစစ်နိုင်ရန်အတွက် နိုင်ငံသားများတွင် အချို့သော အရည်အချင်းများလည်း ရှိအပ်ပေသည်။ ထိုကျွမ်းကျင်မှုများမှာ ကျိုးကြောင်းဆင်ခြင်ပြီး စာဖတ်တတ်ခြင်း၊ နားထောင်နိုင်စွမ်းနှင့် ဆွေးနွေးဝေဖန်နိုင်စွမ်းတို့ ဖြစ်ကြပေသည်။

**အကြံပြုသင်ခန်းစာ**

ကျိုးကြောင်းဆင်ခြင်ပြီး စာဖတ်ခြင်းနှင့် အမှတ်အသီလွတ် စာဖတ်ခြင်းတို့ အကြားကွဲပြားချက်ကို ဖော်ပြပေးပါ။

## ၃.၄.၁ နှိုင်းချင့်ဝေဖန်ပြီး စာဖတ်စွမ်း (Critical reading)

စာရေးရသည့် အကြောင်းရင်းများစွာရှိသည်။ အချို့က ဖျော်ဖြေရန်၊ အချို့က အသိပညာများ ဝေငှပေးရန်၊ အချို့ကလည်း ဖြစ်ရပ်အခြေအနေ တစ်ရပ်ရပ်အား လူအများသိစေရန်စသော အကြောင်းပြချက် အမျိုးမျိုးတို့ကြောင့် စာရေးကြသည်။ စာရေးဆရာများသည် မိမိတို့၏ အတွေးအမြင်များကို မိမိတို့ရေးသော စာတို့မှတစ်ဆင့် တင်ပြတတ်ကြသည်။ ထိုတင်ပြထားသော အယူအဆများကို သိမြင်နိုင်ရန်အတွက် စာဖတ်သူများအနေဖြင့် ကျိုးကြောင်းဆင်ခြင်မှု လက်ကိုင်ထားပြီး စာပေများကို ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။ ထိုသို့သော စာဖတ်နည်းမျိုးတွင် 'စာရေးသူသည် မည်သို့သော လူစားဖြစ်သည်၊ စာရေးသူက တင်ပြလိုသော အယူအဆများ၊ မကျေနပ်ချက်များကို မည်သို့ မည်ပုံ ဓာတ်ကွက်ဆင်ဖော်ပြထားသည်' စသော အခြင်းအရာတို့ကို ဆန်းစစ်ဝေဖန်ပြီး ဖတ်ရှုလေ့လာကြရပေမည်။

တစ်ဖက်က ကြည့်လျှင်လည်း နှိုင်းယှဉ်ဝေဖန်ပြီး စာဖတ်ခြင်းကို မကျေညက်သူသည် ဖတ်သမျှကို ယုံကြည်လေ့ရှိကြသည်။ စာပေပါ အကြောင်းအရာတို့ကို ဆန်းစစ်ဝေဖန်ခြင်း မပြုတော့ဘဲ 'စာအုပ်မှာပါသမျှ အမှန်ချည်းသာဖြစ်သည်' ဟု သဘောထား လက်ခံတတ်ကြပေသည်။



## လုပ်ငန်းများ

အောက်ပါ သတင်းစာပါ ‘မန္တလေးဘဏ် ဓားပြများအား ရဲတပ်ဖွဲ့ဝင်များက အသေဖမ်းမိ’ ဟူသော ဆောင်းပါးကို ဖတ်ပါ။ ထို့နောက် စာရေးသူ တင်ပြထားသည့် ‘အချက်အလက်များ ’ နှင့် ‘အယူအဆ’ များကို ခွဲခြားပေးပါ။ (မှတ်ချက် – သတင်းစာသည် မူရင်းသတင်းစာ မဟုတ်ပါ)

# မြန်မာ့သားကောင်း သတင်းစာ

မျိုးချစ်မြန်မာတို့အတွက် သတင်းထူး သတင်းဦးများ

အတွဲ (၁)၊ အမှတ် (၁)၊ ၈ ရက်၊ သောကြာ၊ စက်တင်ဘာလ၊ ၂၀၁၃ ၁၀၀၀ ကျပ်

သတင်းစဉ်။ ။ ‘တွေးကြစို့’ ဟူသော ဟောပြောပွဲတစ်ရပ်ကို ‘ပညာတန်ဆောင်’ လူမှုအသင်းမှ ကြီးမှူးကျင်းပ၊ မြန်မာလူငယ်များ၏ အသိပညာ ဖွံ့ဖြိုးမှုနှုန်းတိုးတက်ဟု ပညာရှင်များဆို၊

## မန္တလေးဘဏ်ဓားပြများအား ရဲတပ်ဖွဲ့ဝင်များက အသေဖမ်းမိ

သတင်းထောက် – သော်နိုင်ထွန်း

**မန္တလေးတွင် လက်နက်ကိုင်ဓားပြတိုက်မှုများသည် တိုးပွားလာလျက်ရှိသည်ဟု စစ်တမ်းများက ဆိုထားသည်။ ထူးထူးခြားခြားအနေဖြင့် ယမန်နေ့ကမူ ဘဏ်တိုက်ကို ဓားပြတိုက်ရန် ကြံစည်နေသည့် လက်နက်ကိုင်လူတစ်စုကို တရားဥပဒေနှင့်အညီ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးနိုင်ခဲ့သည်**။

ထိုဘဏ်ဓားပြများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးအဆုံးတွင် ရဲများက အနိုင်နှင့် အဆုံးသတ်ခဲ့သည်။ မျက်မြင်အချို့၏ အဆိုအရ ဓားပြများက စတင်ပစ်ခတ်ခဲ့သည်ဟု ဆိုထားပြီး အချို့ကမူ ရဲများက ဓားပြများ ထရပ်ကားဖြင့်ပြေးရန် ပြင်ဆင်နေသည်ကို တွေ့သည်နှင့် စတင်ပစ်ခတ်ခဲ့ကြောင်း ပြောဆိုကြသည်။

မည်သည့်အဖွဲ့က စတင်ပစ်ခတ်ခဲ့သည်ဖြစ်စေ အပြစ်မရှိသည့် ပြည်သူများ၏ ဥစ္စာပစ္စည်းများကို ခိုးဆိုးလုယက်နေသည့် ဓားပြများကို နှိမ်နင်းနိုင်ခဲ့သည်မှာ ဝမ်းသာစရာ ကိစ္စတစ်ရပ်ဖြစ်ပြီး ထိုဓားပြများမှာ ‘ကိုယ်ပြုသောကံ ကိုယ့်သာခံ’ ကြရခြင်း ဖြစ်ပေသည်။

ပစ်ခတ်မှုများ အပြီးတွင် ဓားပြ ၅ ဦး သေဆုံးကြောင်း ထုတ်ပြန်ကြေညာထားသည်။

## ဆွေးနွေးချက်

၁။ ဤဆောင်းပါးပါ တင်ပြချက်များသည် အချက်အလက်များရော၊ အတွေးအမြင်များပါ ပါဝင်သည်ဟု ဆိုနိုင်ပါသလား။ အကယ်၍ ထိုဆောင်းပါးတွင် အချက်အလက်သီးသန့်၊ (သို့မဟုတ်) အတွေးအမြင်သက်သက်သာ ဖော်ပြထားမည် ဆိုပါက ထိုဆောင်းပါး၏ မူလအနှစ်သာရကို ထိခိုက်နိုင်ပါသလား။

၂။ သတင်းဆောင်းပါးတစ်စောင်သည် အချက်အလက်ချည်း၊ အယူအဆချည်း သီးသန့်ဖော်ပြသင့်ပါသလား။ (သို့မဟုတ်) နှစ်ခုစလုံး ရောစပ်ဖော်ပြသင့်ပါသလား။

၃။ ထိုဆောင်းပါးမျိုးဖတ်သည့် အခါတွင် မည်သို့သော နည်းစနစ်များသုံး၍ နှိုင်းယှဉ်ဝေဖန်ဖတ်ရှုနိုင်မည်နည်း။

၄။ ဆောင်းပါးရှင်၏ အတွေးအမြင်များကို လက်ခံပါသလား။ အဘယ်ကြောင့်နည်း။

### အကြံပြုသင်ခန်းစာ

အောက်ပါ အဆိုအမိန့်ကို မည်သို့ နားလည်ထားသနည်း။
'နားထောင်မှု (listening) နှင့် ကြားနာမှု (hearing) တို့တွင် ကွာခြားချက်များစွာ ရှိသည်။'
– ဂျီတေချက်စတာဆုန်

## ၃.၄.၂ နားထောင်မှုအာစွမ်း (Active Listening)

လူ့အဖွဲ့အစည်းအတွင်း တက်ကြွစွာ ပါဝင်ရေးတွင် 'နားထောင်နိုင်စွမ်း' ကလည်း အရေးပါသည့် အရည်အသွေးတစ်ရပ် ဖြစ်ပေသည်။ နားထောင်ရာတွင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ပြောဆိုချက်များ၊ သုံးသပ်ချက်များကို ဂရုတစိုက်နားဆင်ပြီး မိမိသိကြားလိုက်ရသည့်အချက်ကို ဆန်းစစ်ဝေဖန်နိုင်စွမ်းကိုလည်း တည်မှီနေပေသည်။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရေးတွင် မိမိပြောလိုသည့် အတွေးအမြင်ကို ရှင်းလင်းလွယ်ကူစွာ ပြောဆိုနိုင်စွမ်း၊ နားလည်နိုင်စွမ်းတို့အပေါ် လွှမ်းမိုးသက်ရောက်လျက် ရှိပေသည်။ ထိုမှလည်း တစ်ဦးနှင့် တစ်ဦးကြား နားလည်မှုကွဲလွဲခြင်း၊ အထင်အမြင်မှားခြင်း စသည်တို့ကို ရှောင်ရှားနိုင်ပေမည်။

နားထောင်မှု စွမ်းရည်ပြည့်ဝသူတစ်ဦးသည် မိမိတို့ လူ့အဖွဲ့အစည်းအတွင်း ခေါင်းဆောင်တို့၏ ပြောကြားချက်များကို နားလည်ဆန်းစစ်နိုင်ပြီး လူ့အဖွဲ့အစည်းအကျိုးငှာ အကြံကောင်း၊ ဉာဏ်ကောင်းများလည်း ပေးနိုင်ပေမည်။ တစ်ခါတစ်ရံတွင် ထိုသို့ အကြံဉာဏ်ပေးခွင့် မရနိုင်သည့် အခြေအနေမျိုး ကြုံတွေ့နိုင်သည်။ ထိုသို့ အခြေအနေမျိုးတွင် လူ့အဖွဲ့အစည်းအတွင်း ပြောဆိုချက်များကို ဂရုတစိုက် နားထောင်ခြင်းကပင်လျှင် တက်ကြွစွာ ပါဝင်မှုတစ်ရပ်ဟုပင် ခေါ်ဆိုနိုင်ပေသည်။

နှိုင်းချင့်ဝေဖန်ပြီး စာပေဖတ်ရှုခြင်းနှင့် နိုးကြားစွာ နားထောင်မှုတို့သည် လူ့အဖွဲ့အစည်းအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေးတွင် အရေးပါသည့် အရည်အချင်းများဖြစ်ပြီး ကြိုးစားကျင့်ကြံသင့်လှပေသည်။

### လုပ်ငန်းများ

**အောက်ပါ လုပ်ဆောင်ချက်များကို ပြုလုပ်ခြင်းဖြင့် မိမိတို့၏ နားထောင်နိုင်စွမ်းကို မြှင့်တင်ပေးပါ။**

- အတန်းဖော်တစ်ဦးနှင့် ငြင်းဖွယ်ရာအကြောင်းအရာတစ်ရပ်အပေါ် အခြေခံသည့် စကားအခြေအတင်ပြောဆိုမှု တစ်ခုပြုလုပ်ပေးပါ။ တစ်ဦးပြောဆိုသော အကြောင်းအရာအားလုံးကို နောက်တစ်ဦးက နားထောင်ပြီး ရေးမှတ်ထားပါ။
- ထိုရေးသားထားမှုများ မှန်၊ မမှန်ကို မူလပြောဆိုသူထံ ပြသပြီး စစ်ဆေးအတည်ပြုပေးပါ။
- ဖော်ပြပါ နည်းစနစ်အတိုင်း ပြန်လည်ပြုလုပ်ပေးပါ။ ဤအခေါက်တွင်မူ ပထမအခေါက်တွင် နားထောင်ခဲ့သူက အကြောင်းအရာအသစ်တစ်ခုကိုပြောဆိုပြီး ကျန်တစ်ဦးက နားထောင်ရေးမှတ်ရမည် ဖြစ်သည်။
- ထို့နောက် မိမိတို့ ဆွေးနွေးခဲ့သည့် အကြောင်းခြင်းရာများ၊ နားထောင်မှုတွင် ကြုံတွေ့ရသည့် အခက်အခဲများကို အတန်းနှင့် ဆွေးနွေးပေးပါ။

၁။ မူလပြောဆိုသူ၏ အကြောင်းအရာကို ပြန်လည် ပြောဆိုရာတွင် မည်သည့် အခက်အခဲများ ကြုံတွေ့ရသနည်း။

၂။ ထိုသို့ နားထောင်၍ ပြန်ပြောခြင်းက အကြောင်းအရာ တစ်ရပ်အား လေ့လာရာတွင်အသုံးဝင်မည်ဟု ထင်ပါသလား။။

**လုပ်ငန်းများ**

**အငြင်းပွားဖွယ် အကြောင်းအရာတစ်ရပ်အပေါ် အခြေခံ၍ နှစ်ယောက်တစ်တွဲ ဆွေးနွေးပြောဆိုပေးပါ။ တစ်ဦးပြောဆိုသည့် အချက်ကို တစ်ဦးက စစ်ဆေးပြီး ထိုအချက်များမှန်၊ မမှန်ကို ဆွေးနွေးမှုအဆုံးတွင် တိုက်ဆိုင်စစ်ဆေးပေးပါ။**

## ၃.၄.၃ ဆွေးနွေးပြောဆိုနိုင်စွမ်း

'ဆွေးနွေးပြောဆိုနိုင်စွမ်း' သည် လူ့အဖွဲ့အစည်းအတွင်း ပြဿနာများကို ဖြေရှင်းရာတွင်လည်းကောင်း၊ အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ ဆွေးနွေးပါဝင်ရာတွင် ပုံစံမျိုးစုံဖြင့် ပါဝင်နိုင်ပေသည်။ သို့ရာတွင် ထိုသို့ ဆွေးနွေးရာ၌ လိုက်နာရမည့် အခြေခံအချက်များလည်း ရှိပေသည်။ 'ဆွေးနွေးမှု' များတွင် လူတိုင်း ပြောဆိုပိုင်ခွင့်ကို ခွင့်ပြုထားရမည်ဖြစ်သည်။ တစ်ဦးကို တစ်ဦးလည်း လေးစားတန်ဖိုးထားကာ ပြောဆိုပါဝင်ကြရမည်ဖြစ်သည်။ အချို့သော 'စကားရည်လုပွဲ' ပုံစံဆွေးနွေးမှုမျိုးတွင် အနိုင်အရှုံး သတ်မှတ်မှုမျိုး ရှိကြသော်လည်း ဆွေးနွေးမှုအများစုသည် အနိုင်အရှုံးထက် အားလုံးလက်ခံနိုင်မည့် အယူအဆတစ်ရပ်ကို အတည်ပြုရန် ဦးတည်သင့်ပေသည်။ 'ဆွေးနွေးပြောဆိုမှုများ' သည် မိမိတို့ တစ်ဦးစီတွင်ရှိသည့် ခံယူချက်များ၊ အတွေးအကြံများကို ဖော်ထုတ်ရာရောက်ပြီး ဒီမိုကရေစီဆန်ဆန် ပြုမူကျင့်ကြံလိုသူများအတွက် လက်ကိုင်ထားသင့်သည့် အရည်အသွေးတစ်ရပ် ဖြစ်ပေသည်။

**လုပ်ငန်းများ**

**<u>၃.၄.၃ ကို ဖတ်ပြီးနောက်</u>**

**အောက်ပါ စာပိုဒ်ကို ဖတ်၍ မေးခွန်းများ ဖြေပေးပါ။**

၁။ Giant Oil ကုမ္ပဏီ စီမံကိန်း၏ အားနည်းချက်နှင့် အားသာချက်များကို ဖော်ပြပါ။

၂။ 'မန့်' မြို့၏ ဒေသခံတစ်ဦးဖြစ်ပါက Giant Oil ကုမ္ပဏီစီမံကိန်းကို ထောက်ခံပါသလား။ အဘယ်ကြောင့်နည်း။ မိမိ၏ ဆွေးနွေး ရေးသားချက်များကို နောက် လေ့ကျင့်ခန်း တစ်ခုအတွက် သိမ်းထားပေးပါ။

'မန့်' ဟု အမည်ရသည့် မြို့ကလေးမှာ သာယာအေးချမ်းသည့် မြို့ကလေးဖြစ်ပြီး ခရီးသွားဧည့်သည်များနှင့် မျက်နှာပန်းလှလျက်ရှိသည်။ မြို့ပတ်ဝန်းကျင်ရှိ ခပ်အုပ်အုပ် သစ်တော၊ ငါးကလေးများ မြူးတူးပျော်ပါးရာ ရေကန်သာ၊ လန်းဆန်းသစ်လွင်သွားစေမည့် လေနုအေးအေး စသည်တို့က ခရီးသွားများ 'မန့်' မြို့ကလေးကို စွဲလမ်းသွားစေနိုင်မည့် အမှတ်ရစရာကလေးများဖြစ်သည်။ မြို့ခံအများစုမှာ 'မန့်' မြို့ကလေး၏ ခရီးသွားလုပ်ငန်းဖြင့်ပင် စီးပွားပြုရပ်တည်နေကြသည်။ သို့သော်လည်း 'မန့်' မြို့တွင် အလုပ်လက်မဲ့ သုံးပုံတစ်ပုံခန့်ရှိသည်။ Giant Oil အမည်ရသည့် နိုင်ငံတကာ ရေနံတူးဖော်ရေးကုမ္ပဏီတစ်ခုက 'မန့်' မြို့ကလေး အနားတဝိုက်တွင် ရေနံတူးဖော်ရေး လုပ်ငန်းများ စတင်ပြုလုပ်ရန် ပြင်ဆင်နေသည်။ အပြန်အလှန်အနေဖြင့် 'မန့်' မြို့အတွက် အောက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြုလုပ်ပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းထားသည်။

- 'မန့်' မြို့ကို တစ်နိုင်ငံလုံးနှင့် ဆက်သွယ်ပေးသွားမည့် ရထားလမ်း ဖောက်လုပ်ပေးမည်။
- 'မန့်' မြို့နှင့် ချိတ်ဆက်ထားသည့် လမ်းများ အားလုံးကို ပြုပြင်ပေးမည်။
- ဒေသခံများအတွက် အလုပ်အကိုင်များ ဖန်တီးပေးမည်။
- မြို့၏ ဆက်သွယ်ရေးကွန်ရက် ကောင်းမွန်အောင် ပံ့ပိုးပေးမည်ဖြစ်ပြီး တာဝါတိုင်များနှင့် ဖိုက်ဘာအင်တာနက်လိုင်းများကို ချထားပေးမည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အချို့ကမူ Giant Oil ၏ စီမံကိန်းအား ဆန့်ကျင်ကြသည်။ ထိုစီမံကိန်းကြောင့် 'မန့်' မြို့၏ သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း၊ ခရီးသွားလုပ်ငန်းကိုလည်းကောင်း၊ ဒေသခံများ၏ ကျန်းမာရေးကိုလည်းကောင်း ထိခိုက်နိုင်ကြောင်း ထောက်ပြထားပြီး စီမံကိန်းကို လုံးဝလက်သင့်မခံနိုင်ကြောင်း ဆန္ဒပြကြသည်။ (. . . . . )



## လုပ်ငန်းများ

တစ်ဖက်စာမျက်နှာပါ စာပိုဒ်ကို ဖတ်ပြီး အောက်ပါ အချက်များအတိုင်း လုပ်ဆောင်ပေးပါ။

မိမိနှင့် အတန်းဖော်များ အားလုံးသည် 'မန်' မြို့ဒေသခံများ ဖြစ်ကြပြီး ထိုစီမံကိန်းနှင့် ပတ်သက်၍ အစည်းအဝေး ပြုလုပ်ရမည်ဖြစ်သည်။ Giant Oil ကုမ္ပဏီ၏ မြို့အနားတဝိုက်တွင် ရေနံတူးဖော်ရေးနှင့် ပတ်သက်ပြီး စကားရည်လု ပြောဆိုရမည်ဖြစ်သည်။ တစ်ဖက်စီကို အဆိုတင်သွင်းရန်နှင့် မေးခွန်းမေးရန် ညီမျှသော အချိန်ပေးထားမည်။

'မန်' မြို့၏ မြို့တော်ဝန်က Giant Oil ရေနံချက် စက်ရုံဆောက်ရန် ခွင့်ပြုရန်သင့်၊ မသင့် ဆွေးနွေး တိုင်ပင်ရန်အတွက် အစည်းအဝေးခေါ်ထားသည်။ အစည်းအဝေးတက်ရောက်သူများမှာ Giant Oil မှ ကိုယ်စားလှယ်များ၊ မြို့ရှိ အလုပ်သမားများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားသူများနှင့် အလုပ်လက်မဲ့များ ဖြစ်ကြသည်။'

## ပြန်လည်သုံးသပ်ချက်

၁။ အခြားသူတို့၏ အမြင်ကို ကြားသိရပြီးနောက် မိမိမူလက လက်သင့်ခံထားသည့် အတွေးအမြင်များ ပြောင်းလဲသွားပါသလား။

၂။ ထိုဆွေးနွေးပွဲတွင် ပါဝင်သူတိုင်းအား သူတို့၏ အမြင်များကို တင်ပြခွင့် ပေးလိုက်ပါက မည်သို့သော ရလဒ်တစ်ရပ် ရရှိမည်ဟု ထင်သနည်း။

၃။ 'အများနှင့် ဆွေးနွေးတိုင်ပင်ခြင်း' သည် အစည်းအဝေးများတွင် သာမက အချို့သောကိစ္စရပ်များတွင်ပါ အသုံးချနိုင်သည်။ မည်သို့သော အခြေအနေမျိုးတွင် ဤသို့ပြုလုပ်နိုင်ကြောင်းကို စဉ်းစားဖော်ပြပေးပါ။

## အကြိုသင်ခန်းစာ

နိုင်ငံသားများ သတင်းအချက်အလက် ရယူနိုင်ရန်အတွက် သတင်းမီဒီယာများက မည်သည့် အခန်းကဏ္ဍမှ ပါဝင်ပေးသနည်း။

# ၃.၅ သတင်းမီဒီယာများ၏ အခန်းကဏ္ဍ

သတင်းမီဒီယာများတွင် တီဗွီ၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်နှင့် အင်တာနက်တို့ ပါဝင်သည်။ ထိုမီဒီယာတို့သည် နိုင်ငံသားများ လူမှုရေးရာကိစ္စရပ်များအတွက် ဆွေးနွေးဝေဖန်ရာတွင် လိုအပ်သည့် သတင်းအချက်အလက်များကို ဖော်ပြပေးနိုင်သည်။ မီဒီယာတစ်ရပ်သည် သတင်းအချက်အလက်များ အသိပေးရာတွင် စုဆောင်းခြင်း၊ တည်းဖြတ်ခြင်း၊ တင်ပြခြင်းစသော အဆင့် ၃ ဆင့်ကို ကျော်ဖြတ်ရသည်။ ထို့အပြင် မီဒီယာများသည် နားလည်ရန်ခက်ခဲသည့် အယူအဆများကို လူအများ နားလည်အောင် ရိုးရှင်းသော တင်ပြချက်များ အသုံးပြု၍ ဖော်ပြပေးနိုင်ပြီး ပညာရပ်အသီးသီးကို လူတိုင်းစေ့ရရှိနိုင်ရန် ထောက်ကူပေးသည်။ ထို့ကြောင့်ပင်လျှင် မီဒီယာများကို လူထုနှင့် ပညာရှင်များ၊ လူထုခေါင်းဆောင်များအကြား ပေါင်းကူးသဖွယ်ဖြစ်သည်ဟု တင်စားဖော်ညွှန်းကြသည်။ အကျိုးဆက်အနေဖြင့် နိုင်ငံသားများ သတင်းအချက်အလက် ရယူရာတွင် ပိုမိုမြန်ဆန်စေနိုင်ပြီး၊ မိမိတို့ လိုအပ်သည့် သတင်းများကို ရွေးချယ်ဖတ်ရှုနိုင်ကြပေမည်။ ဤနည်းဖြင့် လူမှုရေးပြဿနာများကို အဖြေရှာရာတွင် အထောက်အကူပေးသည်။ ထို့ပြင်သာမက မီဒီယာများကြောင့် လူအချင်းချင်း ဆက်သွယ်ပြောဆိုရာတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်ပြီး၊ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း အသီးသီးအတွက်လည်း အထောက်အကူပြုပေးနိုင်ပေသည်။ မီဒီယာများမှပေးသည့် ကျေးဇူးများကို အကျိုးရှိရှိ အသုံးပြုနိုင်ရန်အတွက် နိုင်ငံသားများဘက်ကလည်း မီဒီယာမှရရှိသည့် သတင်းများကို ဝေဖန်ပိုင်းခြားမှု၊ ဆန်းစစ်မှုစသည့် အစွမ်းများကို အသုံးချ၍ လက်ခံအသုံးချကြရပေမည်။

သတင်းမီဒီယာကောင်းတစ်ရပ်သည် မည်သည့်အဖွဲ့အစည်းကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်က ဖြစ်စေ အမှားပြုလုပ်မိပါက ထိုအမှားကို ထောက်ပြဝေဖန်နိုင်ရမည်။ ထို့မှသာလျှင် ထိုပုဂ္ဂိုလ် (သို့) အဖွဲ့အစည်း၏ လူ့အဖွဲ့အစည်းအပေါ် မတော်တရားပြုကျင့်မှုများကို အများပြည်သူသိရှိနိုင်ပြီး လူ့အဖွဲ့အစည်း တည်တံ့ခိုင်မာရေးအတွက် ထိန်းညှိနိုင်ပေမည်။

## လေ့ကျင့်ခန်း

<u>၃.၅ ကို ဖတ်ပြီးနောက်</u>

၁။ မီဒီယာများက လူ့အဖွဲ့အစည်းအတွင်း တက်ကြွစွာ ပါဝင်ရေးတွင် မည်သို့ ထောက်ကူပေးသနည်း။

၂။ အစိုးရ လာဘ်စားမှုများ တိုက်ဖျက်ရာတွင် မီဒီယာများက မည်သို့ အကူအညီပေးနိုင်သနည်း။

၃။ မီဒီယာများက ကန့်သတ် ထိန်းချုပ်ရန် လိုအပ်ပါသလား။

တစ်ဖက်ကကြည့်လျှင်လည်း မီဒီယာများ၏ အလွန်အကျွံ ဖော်ပြဝေဖန်မှုများက အဆိုးဖက်သို့ ဦးတည်နိုင်ပေသည်။ အထူးသဖြင့် နိုင်ငံရေးသမားများ (သို့မဟုတ်) နိုင်ငံရေးပါတီများအား သိက္ခာကျဆင်းနိုင်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်၏ နိုင်ငံရေး၊ စီးပွားရေးရာ ချွတ်ချုံကျမှုများအထိ ဆိုးဆိုးရွားရွား သက်ရောက်နိုင်ပေသည်။ ထို့ကြောင့်ပင်လျှင် မီဒီယာများ၏ လွှမ်းမိုးနိုင်စွမ်းကို သိမြင်သည့် နိုင်ငံတစ်ချို့ရှိ အစိုးရများက မီဒီယာကို ထိန်းချုပ်ရန် ကြိုးစားလာကြသည်။ အချို့သော နိုင်ငံများတွင် မီဒီယာသမားများကို ဖမ်းဆီးအရေးယူမှုများအထိ ပြုလုပ်တတ်ကြသည်။

လွတ်လပ်သည့် မီဒီယာတစ်ရပ်သည် နိုင်ငံသားများ သိသင့် သိအပ်သည့် အကြောင်းခြင်းရာတို့ကို ဖော်ပြပေးရမည်မှာ မှန်သည်။ သို့ရာတွင် မီဒီယာဆိုင်ရာ ကျင့်ဝတ်များကိုလည်း စောင့်ထိန်းလိုက်နာအပ်သည်။ အချို့သော ကိစ္စရပ်များတွင် သတင်းပေးရုံသာပေး၍ မိမိတို့၏ အမြင်များကို ချန်လှပ်ထားရမည့် အခြေအနေမျိုးလည်းရှိသည်။ အချို့သော နိုင်ငံများတွင်မူ မီဒီယာနှင့် ပတ်သက်၍ ကိုယ်ပိုင်အချက်အလက် စောင့်ထိန်းပိုင်ခွင့်များ၊ လူ့ကျင့်ဝတ် စောင့်ထိန်းဖွယ်ရာများနှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာ ဥပဒေများ ထုတ်ပြန်ထားရှိပြီး မီဒီယာနှင့် လူထုကြားဆက်သွယ်မှုကို ထိန်းညှိကြသည်ကို တွေ့နိုင်ပေသည်။

## ဆွေးနွေးချက်

၁။ မီဒီယာဆိုင်ရာ လွတ်လပ်ခွင့်များနှင့် ဥပဒေကျင့်ဝတ်များအကြား ဆက်သွယ်ချက်ကို ဖော်ပြပါ။

၂။ မီဒီယာတစ်ရပ် စောင့်ထိန်းအပ်သည့် တာဝန်များကို ဖော်ပြပါ။

## ဖြစ်ရပ်လေ့လာချက်



**လာအိုပြည်သူ့သမ္မတနိုင်ငံတော် – ဥပဒေများနှင့် ရောစ်နှင့် ပေါ့ပ်ဂီတ တို့ကြား ပဋိပက္ခ**

၁၉၇၅ တွင် လာအိုပြည်သူ့သမ္မတနိုင်ငံ အာဏာရပါတီဖြစ်သည့် ကွန်မြူနစ်ပါတီသည် အတိုက်အခံတို့ကို ထိန်းချုပ်ရန် ဆင်ဆာထိန်းချုပ်ရေး ဥပဒေများ ပြဋ္ဌာန်းခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် အစိုးရအတွင်း အပြောင်းအလဲများ ဖြစ်ပေါ်ပြီး ဆင်ဆာဥပဒေကို ဖြေလျှော့ပေးခဲ့သော်လည်း မီဒီယာလွတ်လပ်ခွင့်များအား အပြည့်အဝ မခံစားခဲ့ကြရ။ သတင်းစာများ၊ ရေဒီယိုများ၊ တီဗွီများတွင် မီဒီယာလွတ်လပ်ခွင့်ကို ဆုံးရှုံးရုံသာမက လူငယ်များ ပေါ့ပ်ဂီတနှင့် ထိတွေ့ခွင့်ကိုပါ ပိတ်ပင်ထားသည့် ဥပဒေများ ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရသည်။

## လုပ်ငန်းများ

**တစ်ဖက်စာမျက်နှာပါ စာပုဒ်တို့ကို ဖတ်ပြီး အောက်ပါ မေးခွန်းများကိုဖြေပါ။**

၁။ ဂီတဆင်ဆာဖြတ်မှုအတွက် စာရေးသူနှစ်ယောက် တင်ပြထားသည့် ထောက်ခံသည့်အဆိုများနှင့် ဆန့်ကျင်သည့် အဆိုများကိုရေးချပါ။

၂။ ထိုဆောင်းပါးပါ အတွေးအမြင်တို့ကို လက်ခံပါသလား။ အဘယ်ကြောင့်နည်း။

၃။ မည်သည့် ဆောင်းပါးက လက်ခံနိုင်လောက်မည့် အယူအဆများကို ဖော်ပြထားသနည်း။

### သီချင်းတေးသွားများ၏ သက်ရောက်မှု

အချို့သော တေးသီးချင်းများသည် လူ့အဖွဲ့အစည်းအား ထိခိုက်စေနိုင်ပေသည်။ ထိုကဲ့သို့သော တေးသီချင်းများကို ခွင့်ပြုသင့်၊ မပြုသင့်မှာ စဉ်းစားရမည့်အချက်ဖြစ်သည်။ ထိုကဲ့သို့ စဉ်းစားသုံးသပ်နိုင်ရန်အတွက် သီချင်းစာသားပါ အကြောင်းအရာများကို ဆန်းစစ်ကြရပေမည်။ ကျွန်တော့်အမြင်ပြောရလျှင် လူ့အဖွဲ့အစည်းအတွင်း နားသောတဆင်ကြရမည့် သီချင်းများသည် အနှစ်သာရပြည့်ဝရမည်ဖြစ်ပြီး မိမိတို့၏ ယဉ်ကျေးမှုနှင့်လည်း ကိုက်ညီရပေမည်။ ထို့အပြင် နိုင်ငံအာဏာပိုင်စိုးမှုကို မထိပါးမနှောင့်ယှက်နိုင်မည့် သီချင်းတေးသွားများသာ အသုံးပြုသင့်ပေသည်။ အချစ်အကြောင်း၊ အလွမ်းအဆွေးအကြောင်း သီချင်းများနှင့် ပတ်သက်ပြီး ပြောစရာစကားမရှိပါ။ သို့ရာတွင် ယဉ်ကျေးမှုကို လေးစားကြဖို့သာ အကြံပေးလိုသည်။ လာအိုနိုင်ငံ၏ ယဉ်ကျေးမှုဌာနနှင့် အစိုးရဌာနများ၏ ပေါ်လစီများနှင့် ကိုက်ညီမှုရှိမှ ထိုသီချင်းများကို ဖြန့်ဝေသင့်ပေသည်။ အစိုးရဆင်ဆာအဖွဲ့၏ ခွင့်ပြုချက် မရထားဘဲ ဖြန့်ဝေခြင်းသည် ထိန်းကွပ်ရန်ခက်ခဲပြီး သီချင်းစာသားပါ အကြောင်းအရာများကိုလည်း တာဝန်ယူရန် မလွယ်လှချေ။ အချို့သော အကြောင်းအရာများ (ဥပမာ – မိန်းမလုပ်စာထိုင်စားပြီး အခြားအမျိုးသမီးအား အပျော်ထားသည့်အကြောင်း) သည် နားထောင်သင့်၊ လက်ခံသင့်သည့် သီချင်းစာသားများ မဟုတ်ကြချေ။ ထို့ကြောင့်ပင်လျှင် တေးသီချင်းဆိုင်ရာ မီဒီယာ လွတ်လပ်ခွင့်ကို အစိုးရအနေဖြင့် အထိုက်အလျောက် ထိန်းချုပ်ကန့်သတ်သင့်ပေသည်။

(အစိုးရဝန်ထမ်းတစ်ဦး)

### အရောင်အသွေးစုံ လူ့အသိုင်းအဝိုင်း

ကျွန်တော့်အယူအဆမှာ ဂီတသည် ယဉ်ကျေးမှုတိုင်း၏ အသက်ပင်ဖြစ်သည်။ ဂီတသည် လူ့အသိုင်းအဝိုင်းတစ်ရပ်ကို ပီပြင်သက်ဝင်စေပြီး အရောင်သွေးစုံလင်စေနိုင်သည်။ မျိုးဆက်သစ်လူငယ်များသည် ကျွန်တော်တို့နိုင်ငံ ဂီတလောကဖွံ့ဖြိုးရေးအတွက် သွေးဆူနေကြပြီဖြစ်သည်။ သို့ရာတွင် အချို့သော အနှောင်အဖွဲ့ ပယောဂများကြောင့် ဂီတလောကမှာ တိုးတက်သင့်သလောက် မတိုးတက်သည်ကို တွေ့ရသည်။ အာဏာပိုင်များအနေဖြင့် ဖြေလျှော့မှုများကို ပြုလုပ်ပေးပြီး ဂီတလောကကို မြေတောင်မြှောက်ပေးသင့်သည်။ အချို့သော ကိစ္စရပ်များတွင် ကန့်သတ်ထားချက်များ ထားရခြင်း၏ အရေးပါပုံကို ကျွန်တော်တို့ သိနားလည်ထားပါသည်။ ရှိလည်း ရှိသင့်ပါသည်။ သို့ရာတွင် လာအိုနိုင်ငံ၏ မျိုးဆက်သစ်များအတွက် အခွင့်အရေးများ ဖန်တီးပေးမှလည်း နိုင်ငံဖွံ့ဖြိုးရေးတွင် တစ်တပ်တစ်အား ပါဝင်နိုင်ကြမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံလိုက်ပါသည်။

(အဆိုတော်တစ်ဦး)

ဗီယန်ကျင်းတိုင်း(မ်)၊ ၂၀၀၄ ခုနှစ် ဧပြီလ၊ ၂၇။

Page 9

### ဆွေးနွေးချက်

၁။ ဂီတပညာရှင်များ၊ အနုပညာရှင်များ လွတ်လပ်စွာ ဖန်တီးခွင့်ရရှိပါက မည်သည့် အကျိုးတရားများ ခံစားရမည်ဟု ထင်သနည်း။

၂။ အနုပညာ၊ ဂီတ (သို့) စာပေကို ကန့်သတ်ထိန်းချုပ်သင့်သည့် အကြောင်းရင်းများကို စဉ်းစားဖော်ပြပေးပါ။

### ပြန်လည်သုံးသပ်ချက်

အထက်ဖော်ပြပါ စာနှစ်စောင်ကို ပြန်လည်တုံ့ပြန်ထားသည့် အယ်ဒီတာထံ ပေးစာတစ်စောင် ပြုစုပေးပါ။ ဂီတဆင်ဆာဖျက်မှုဆိုင်ရာ ကိုယ်ပိုင်အတွေးအမြင်များကိုလည်း ဖော်ပြပေးပါ။




## ၃.၅.၁ လူမှုကွန်ရက် မီဒီယာ

ဘလော့(ခ်) (Blog)၊ ဖေ့စ်ဘုတ် (Facebook) နှင့် တွစ်တာ (Twitter) ကဲ့သို့သော အွန်လိုင်း လူမှုကွန်ယက်များသည် သတင်းအချက်အလက်များ မျှဝေရာတွင် တစ်စတစ်စအရေးပါလာကြသည်။ ထိုလူမှုကွန်ရက်များတွင် လူသားတိုင်း၏ လွတ်လပ်စွာပြုလုပ်ပိုင်ခွင့်၊ ဖန်တီးပိုင်ခွင့်တို့ကို အပြည့်အဝကြီး အသုံးချနိုင်ပေသည်။ ဆင်ဆာကင်းလွတ်ခွင့် မရရှိသည့် တိုင်းပြည်များတွင်ပင်လျှင် ထိုလူမှုကွန်ရက်တို့၏ အကူအညီကြောင့် သတင်းအချက်အလက်များ လွတ်လပ်စွာ စီးဆင်းနိုင်ပေသည်။ သို့ရာတွင် ထိုသို့ သတင်းများ အစစ်အဆေးမရှိဘဲ လွယ်လွယ်ကူကူ ကူးသန်းနေကြခြင်းကြောင့် မလိုလားအပ်သည့် အကျိုးဆက်များလည်း ပေါ်ပေါက်နိုင်ပေသည်။ ထိုလူမှုကွန်ရက်များတွင် ဖြန့်ဝေသည့် သတင်းများ၊ ကောလာဟလများကြောင့် လူအချင်းချင်းကြား အာဃာတ တရားများ၊ အမုန်းတရားများ တိုးပွားလာနိုင်ပေသည်။ ထိုမှတစ်ဆင့်တက်၍ လူမှုရေးပြဿနာရပ်များ၊ အကြမ်းဖက်မှုများ ကြီးထွားပေါ်ပေါက်လာနိုင်ပေသည်။

### အကြိုသင်ခန်းစာ

မည်သည့် လူမှုကွန်ရက်မီဒီယာကို အသုံးပြုဖြစ်သနည်း။ ဖေ့စ်ဘုတ် (Facebook) နှင့် တွစ်တာ (Twitter) တို့ကို အသုံးပြုပါသလား

ထိုလူမှုကွန်ရက်ပါ သတင်းများကို အမြဲ လက်ခံပါသလား။ စဉ်းစားအတည်ပြုပြီးမှ လက်သင့်ခံပါသလား။

## လေ့ကျင့်ခန်း

**ဖော်ပြပါ ဖြစ်ရပ်လေ့လာချက်ကို ဖတ်ကြည့်ပြီး မေးခွန်းများ ဖြေပေးပါ။**

၁။ လူမှုကွန်ရက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပြဿနာများကို ဤစာပိုဒ်တွင် မည်သို့ ရေးသားတင်ပြထားသနည်း။

၂။ မီဒီယာ ဆင်ဆာဖြတ်မှုကြောင့် ရရှိနိုင်မည့် အကျိုးဆက်များကို ဤစာပိုဒ်တွင် မည်သို့ ဖော်ပြထားသနည်း။

၃။ ထိုဖြစ်ရပ်အရ အစိုးရက မီဒီယာလွတ်လပ်ခွင့်ကို မည်သို့ ပိတ်ပင်ခဲ့သနည်း။ အဘယ့်ကြောင့် ထိုသို့ ပိတ်ပင်ခဲ့ရသည်ဟု ဆိုထားသနည်း။

Google | Latest news, sport and cor | Google

www.guardian.co.uk

# အုပ်စုလိုက်အကြမ်းဖက်မှုအပြီး အိန္ဒိယက အင်တာနက်ဖြတ်တောက်ခဲ့

ရိုက်တာသတင်းဌာန၊ နယူးဒေလီ၊ ဩဂုတ်လ (၂၁) ရက်နေ့ –

အိန္ဒိယအစိုးရက Facebook နှင့် Twitter အပါအဝင် လူမှုကွန်ရက်မီဒီယာတို့အပေါ်တွင် ပြဿနာဖြစ်ပွားအောင် လှုံ့ဆော်ခဲ့သည့် ရေးသားချက်တစ်ရပ်ကို ဖယ်ရှားပေးရန် ဖိအားပေးခဲ့သည်။ ထိုရေးသားချက်ကြောင့် အိန္ဒိယမြို့ကြီးများတွင် နေထိုင်လျက်ရှိသော ရွှေ့ပြောင်းနေထိုင်သူများသည် သူတို့အိုးအိမ်များကို စွန့်ခွာထွက်ပြေးသွားကြကြောင်း အစိုးရက ပြစ်တင်ဝေဖန်ထားသည်။

ဖြစ်ပုံမှာ 'အာသံ' တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုတစ်ခုကို အခြေခံပြီး အလုပ်သမားထု၊ ကျောင်းသားထုတို့ အစိုးရိမ်လွန်ကဲရာမှ စတင်ခဲ့သည်။ ထိုသို့ အစိုးရိမ်လွန်ရာမှ ထိုအကြမ်းဖက်မှုနှင့် သက်ဆိုင်သည့် ကောလာဟလများကို လူမှုကွန်ရက်များတွင် ရေးသားလာကြခြင်းဖြစ်ပြီး ပြဿနာမှာ ထိန်းမနိုင်သိမ်းမရ အခြေအနေသို့ ရောက်ရှိသွားခြင်းဖြစ်သည်။

ထိုဖြစ်ရပ်ဖြစ်ပွားပြီးနောက် အိန္ဒိယအစိုးရအနေဖြင့် ဝက်ဘ်ဆိုက်ပေါင်း (၂၄၅) ခုကို ပိတ်ပင်ခဲ့ပြီး သတင်းအချက်အလက်အမှားများ ဖော်ပြထားသည်ဟု စွပ်စွဲထားသည်။ အစိုးရအုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာထမ်းများကို သရော်ခဲ့သည့် တွစ်တာ Twitter အကောင့် အချို့ကိုလည်း ပိတ်သိမ်းခဲ့ကြောင်း သတင်းများအရသိရသည်။ အစိုးရရုံး ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက 'ပြည်သူများကြား သတင်းအချက်အလက်များ လွတ်လွတ်လပ်လပ် စီးဆင်းနိုင်ဖို့ဟာ အစိုးရရဲ့တာဝန်တစ်ရပ်ပါပဲ။ ဒါပေမဲ့ တရားဥပဒေထိပါးတဲ့ သတင်းမျိုးကိုတော့ လက်သင့်မခံနိုင်ပါဘူး' ဟု ဆိုထားသည်။

ထို့အပြင် အစိုးရက ဖုန်းအချင်းချင်းကြား မက်ဆေ့ချ်ပို့ခြင်းကိုလည်း ၁၅ ရက်ကြာမျှ ပိတ်ထားခဲ့သည်။

ထိုကဲ့သို့သော လူမှုကွန်ရက်များ အသုံးများလာကြခြင်း၏ ဘေးထွက်ဆိုးကျိုးကို အိန္ဒိယနိုင်ငံသာမက အခြားသော ကမ္ဘာ့နိုင်ငံများပါ ခံစားနေကြရသည်။ ယခင်တစ်ပတ်က ဩစတြေးလျဒေသခံ လူမျိုးတို့အား သရော်သည့် စာများ၊ ပုံများတင်မှုကြောင့် ပြဿနာများ ပေါ်ပေါက်ခဲ့သေးသည်။ ထိုသို့ ဖော်ပြမှုကြောင့် လူထုဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီး ထိုပုံများ/စာများကို ဖြုတ်ချပေးရန် တောင်းဆိုခဲ့ကြသည်။

**ပြန်လည်သုံးသပ်ချက်**

၁။ ဤစာပိုဒ်တွင် အိန္ဒိယအစိုးရက မည်သည့် ‘ နိုင်ငံသားဆိုင်ရာ တန်ဖိုးများ’ ကို စောင့်ထိန်းကာကွယ်လိုသနည်း။

၂။ မည်သည့် ‘လူ့အဖွဲ့အစည်းဆိုင်ရာ တန်ဖိုးစနစ်များ’ က ထိုအစိုးရ၏ စောင့်ထိန်းလိုသည့် အချက်များနှင့် ကွဲလွဲနေသနည်း။

၃။ အိန္ဒိယအစိုးရ၏ လုပ်ရပ် မှန်ကန်သည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

# ၃.၆ လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရခြင်း

**အကြံပြုသင်ခန်းစာ**

မည်ကဲ့သို့သော ပြဿနာများနှင့် ကိစ္စရပ်များက နိုင်ငံသားများအား သက်ဆိုင်ရာ လူ့အဖွဲ့အစည်းတွင် ပါဝင်ရန် ပိတ်ပင်ထားသနည်း။

လူ့အဖွဲ့အစည်းတစ်ရပ်တွင် တက်တက်ကြွကြွ ပါဝင်နိုင်ရန်အတွက် အဖွဲ့ဝင်တစ်ဦး လိုက်နာသင့်သည့် အမူအကျင့်များ၊ ပိုင်ဆိုင်အပ်သည့် အရည်အချင်းများကို အစဉ်အမြဲ လက်ကိုင်ထားကြရမည်ဖြစ်ပြီး မိမိကိုယ်ကို ယုံကြည်စိတ်မွေးကြရန်လည်း လိုအပ်သည်။ သို့မှသာ လူ့အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေးရာ ကိစ္စရပ်အသီးသီးတို့တွင် တက်ကြွပါဝင်နိုင်ပေမည်။ ထိုကဲ့သို့ မဟုတ်ဘဲ လူ့အဖွဲ့အစည်းဆိုင်ရာ အရေးအရာများတွင် ပါဝင်ခြင်းမရှိ၊ ဆွေးနွေးပြောဆိုခြင်းလည်း မရှိပါက ထိုအခြေအနေမျိုးကို ‘လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရခြင်း’ ဟု ခေါ်ဆိုနိုင်ပေသည်။

‘လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရခြင်း’ မှာ အောက်ပါအကြောင်းခြင်းရာတို့ပေါ်လည်း တည်မှီနေပေသည်။

- စီးပွားရေး ချွတ်ခြုံကျခြင်း။
- စာပေအသိနည်းပါးခြင်း၊ ခေတ်ပေါ်နည်းပညာများကို မသိမမှီခြင်း။
- ကျန်းမာရေး ယိုယွင်းနေခြင်း။
- နေစရာ၊ စားစရာမရှိခြင်း။
- လူမျိုး၊ ဘာသာတို့ကို အခြေခံသည့် လူအချင်းချင်း ခွဲခြားဆက်ဆံတတ်သည့် အကျင့်ရှိခြင်း။

**ဆွေးနွေးချက်**

အတန်းဖော်တစ်ဦးနှင့် တွဲဖက်၍ အထက်ဖော်ပြပါ အခက်အခဲများက လူ့အဖွဲ့အစည်းအတွင်း တက်ကြွစွာ ပါဝင်ရေးတွင် မည်သို့ သက်ရောက်မှုရှိကြောင်း ဆွေးနွေးပေးပါ။ ထိုသို့ သက်ရောက်မှုရှိသော အခြားသော အခက်အခဲများကိုလည်း စဉ်းစားဖော်ပြပေးပါ။

## လုပ်ငန်းများ

အခန်း ၃ တွင် ပထမဆုံး စာမျက်နှာတွင်ပါသည့် ကာတွန်းပုံမှ 'လူ့အဖွဲ့အစည်းအတွင်း ပါဝင်လှုပ်ရှားမှုများ' ကို ပြန်လည်ဖတ်ရှုပြီး 'ပါဝင်လှုပ်ရှားမှု' တစ်ရပ်ကို ရွေးချယ်ပေးပါ။ ထို့နောက် အဖွဲ့နှင့်သော်လည်းကောင်း၊ အတန်းဖော်တစ်ဦးနှင့်သော်လည်းကောင်း တွဲဖက်၍ အထက်ဖော်ပြပါ အခက်အခဲများက မိမိတို့ ရွေးချယ်ထားသည့် ပါဝင်လှုပ်ရှားမှုအပေါ် မည်သို့ သက်ရောက်မှု ရှိသည်ကို အကြောင်းပြချက်နှင့်အတူ အောက်ပါအတိုင်း ပြုစုပေးပါ။

| နိုင်ငံသားဆိုင်ရာ လှုပ်ရှားမှု | ဘေးအန္တရာယ် | အကြောင်းရင်း |
|---|---|---|
| မဲပေးခြင်း | **စီးပွားရေး ချွတ်ခြုံကျနေခြင်း** | မဲသွားပေးရန် အလုပ်ခွင်အချိန်ကို ဖဲ့ပြီးမပေးနိုင်။ |
| | စာပေအသိ နည်းပါးခြင်း၊ ခေတ်ပေါ်နည်းပညာများကို မသိမမှီခြင်း။ | သင့်တော်သော သတင်းအချက်အလက်များ မရရှိ၍ မည်သို့ မှန်မှန်ကန်ကန် မဲပေးရမည်ကို မသိ။ |
| | ကျန်းမာရေး ယိုယွင်းနေခြင်း။ | ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုကြောင့် မဲပေးရန် မဲရုံသို့ မသွားနိုင်။ |
| | နေစရာ၊ စားစရာ မရှိခြင်း။ | နေရပ်လိပ်စာ ဖော်ပြနိုင်မှသာ မဲပေးနိုင်သည်။ |
| | လူမျိုး၊ ဘာသာတို့ကို အခြေခံသည့် လူအချင်းချင်း ခွဲခြားဆက်ဆံတတ်သည့် အကျင့်ရှိခြင်း။ | အချို့တိုင်းရင်းသားများသည် နိုင်ငံသားအဖြစ် အသိအမှတ်ပြု မခံကြရ၊ မဲပေးရမည့် စာရင်းတွင်လည်း ထည့်သွင်းမခံကြရချေ။ |

**အကြိုသင်ခန်းစာ**

မိမိတို့ လူ့အဖွဲ့အစည်းအတွင်း လူတိုင်း ပညာသင်ကြားနိုင်ခွင့် ရရှိကြပါသလား။ မရရှိပါက အဘယ်ကြောင့် မရရှိကြသနည်း။

## ၃.၆.၁ နိုင်ငံသားတိုင်း ပညာသင်ကြားခွင့်မှသည် လူ့အဖွဲ့အစည်းတွင်း တက်ကြွစွာပါဝင်ရေးဆီသို့

ကမ္ဘာတစ်ဝှမ်း နယ်မြေဒေသအသီးသီးရှိ လူ့အဖွဲ့အစည်းတို့တွင် ပညာရယူရာ၌ မညီမျှမှုများ၊ ခွဲခြားဆက်ဆံမှုများ ခံစားနေရသည်။ ဆင်းရဲမွဲတေခြင်း၊ ကျန်းမာရေးအခြေအနေများ၊ လူမျိုးရေး ပဋိပက္ခများစသော လူမှုရေးပြဿနာများကြောင့်လည်းကောင်း၊ ဆရာရှားပါးခြင်း၊ စာသင်ကျောင်းများ လုံလောက်မှု မရှိခြင်းစသော အကြောင်းခြင်းရာတို့ကြောင့်လည်းကောင်း လူ့အဖွဲ့အစည်းအတွင်းမှ အချို့သော လူများ၏ ပညာရှာဖွေရေးတွင် အခက်အခဲအတားအဆီးများ ကြုံတွေ့နေကြရပေသည်။ အချို့သော ဒေသများတွင်မူ ယောကျ်ားလေးများကိုသာ ပညာသင်ကြားစေရန် ကျောင်းသို့ပို့ကြပြီး မိန်းကလေးငယ်လေးများမှာ ခွဲခြားဆက်ဆံခံရမှုများကြောင့် ပညာသင်ကြားခွင့် ဆုံးရှုံးကြရသည်။

## မီနာမန့်(ချ်) – အိန္ဒိယမြောက်ပိုင်း၊ ဘီဟာပြည်နယ်

## ဖြစ်ရပ်လေ့လာချက်

မီနာမန့်(ချ်) ဆိုသည်မှာ အိန္ဒိယမြောက်ပိုင်း၊ ဘီဟာပြည်နယ်အခြေစိုက် 'အမျိုးသမီးငယ်လေးများ ကူညီစောင့်ရှောက်ရေး' ဆိုင်ရာ အဖွဲ့အစည်းငယ်ကလေးဖြစ်သည်။ ထိုအဖွဲ့အစည်းကို ဒေသခံ ပညာတတ်အမျိုးသမီးများက စုပေါင်းတည်ထောင်ခဲ့ကြခြင်းဖြစ်ပြီး 'ပြည်နယ်တွင်းရှိ အမျိုးသမီးငယ်လေးများ ပညာသင်ကြားမှု တိုးတက်စေရေး' အဓိက ဦးတည်ထားသည်။ အဖွဲ့အစည်းအနေဖြင့် ပြဇာတ်များ၊ ဖျော်ဖြေပွဲများ ကျင်းပပြီး အမျိုးသမီးတို့၏ ဂုဏ်ရည်နှင့် အခွင့်အရေးတို့ကို ဖော်ညွှန်းသရုပ်ဖော်ကြသည်။ ထိုပွဲများမှတစ်ဆင့် အိန္ဒိယလူမှုအသိုင်းအဝိုင်းအတွင်း အမျိုးသမီးထု၏ ပညာသင်ကြားခွင့် တိုးတက်ရေးအတွက် နိုးဆော်တိုက်တွန်းကြသည်။ အမျိုးသမီးငယ်လေးများ ပညာကို အဆုံးတိုင် မသင်ကြားနိုင်ခြင်း၏ အဓိကအကြောင်းရင်းမှာ ငယ်ငယ်ရွယ်ရွယ်နှင့် လက်ထပ်ပေးခံရမှုများကြောင့်ဖြစ်သည်။ 'မီနာမန့်(ချ်)' အဖွဲ့၏ ခေါင်းဆောင်ဖြစ်သူ ကန်ချန်ကူမာရီ၏ အဆိုအရ ၁၂ နှစ်အရွယ် သမီးပျိုလေး အန်ဂျူသည်ပင် လျှင် အတင်းအဓမ္မလက်ထပ်မှုနှင့် ကြုံတွေ့နေရပြီး အဖွဲ့အစည်းအနေနှင့် ထိုလက်ထပ်ပွဲများကို တားဆီးခဲ့ရကြောင်းဆိုထားသည်။ ထို ၁၂ နှစ်အရွယ် ကလေးမလေးသည် ကျောင်းတွင်း လုပ်ဆောင်ချက်များ ကျဆင်းလာသည်ကို ဆရာ၊ ဆရာမများ သတိထားမိရာမှ သူကလေး၏ အိမ်မှ လက်ထပ်ပွဲစီစဉ်နေသည်ကို သိရှိလာကြရခြင်းဖြစ်ပြီး မိသားစုအနေဖြင့် ထိုမင်္ဂလာပွဲကို ဖျက်ရန် အမျိုးမျိုးတိုက်တွန်းခဲ့ကြရသည်။ အသက် ၁၈ နှစ် မပြည့်ခင် လက်ထပ်ခြင်းသည် တရားဥပဒေနှင့် မညီညွတ်ကြောင်း၊ ထိုကလေးမလေး၏ ကျန်းမာရေးကို ထိခိုက်စေမည်ဖြစ်ကြောင်း 'မီနာမန့်(ချ်)' အဖွဲ့ဝင်များက ကလေးမလေး၏ မိသားစုဝင်တို့ကို နားချခဲ့ရသည်။

ကလေးမလေး၏ ဖခင်ဖြစ်သူက လက်ထပ်မှုကို ရွှေ့ဆိုင်းရန် သဘောတူခဲ့သော်လည်း နှစ်လကြာသော် မင်္ဂလာပွဲကို ပြန်လည်စီစဉ်ပြန်သည်။ ထိုအကြောင်းကိုကြားသည်နှင့် မီနာမန့်(ချ်) အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များ၏ မိခင်တို့က အန်ဂျူအိမ်ရှေ့တွင် ထိုင်လျက်ဆန္ဒပြကြသည်။ အဆုံးတွင် ကလေးမလေး၏ ဖခင်ဖြစ်သူက သူ့သမီးလေး ၁၈ နှစ်ပြည့်မှသာ မင်္ဂလာပွဲကို ပြုလုပ်တော့မည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ သမီးကလေး ကျောင်းပြန်တက်နိုင်ရန်လည်း ခွင့်ပြုပေးခဲ့သည်။

ထိုကဲ့သို့သော အမျိုးသမီးငယ်လေးများ စောင့်ရှောက်ခြင်းဆိုင်ရာ အဖွဲ့ငယ်လေးများသည် အိန္ဒိယ၏ အခြားသော ပြည်နယ်များတွင်လည်း တိုးပွားလာလျက်ရှိသည်။ ထိုအဖွဲ့များအနေဖြင့် အမျိုးသမီးငယ်ကလေးများ ကျောင်းအပ်ရန်၊ ကျောင်းပုံမှန်တတ်ရန်နှင့် မူလတန်းအားပြီးဆုံးအောင် သင်ကြားနိုင်ရန်တို့အတွက် အလေးပေးဆောင်ရွက်နေကြသည်။






## လေ့ကျင့်ခန်း

၁။ မည်သို့သော လူမှုရေးပြဿနာများကို မီနာမန့်(ချ်) အဖွဲ့ဝင်များက ဖြေရှင်းနိုင်ခဲ့သနည်း။

၂။ 'မီနာမန့်(ချ်)' အဖွဲ့ဝင်များက ထို ၁၂ နှစ်အရွယ် ကလေးမလေး၏ ဖခင်ဖြစ်သူကို မည်သို့ တိုက်တွန်းနိုင်ခဲ့သနည်း။။

## ဆွေးနွေးချက်

လူ့အသိုင်းအဝိုင်း တစ်ရပ်အတွင်း ပညာချို့တဲ့ခြင်းကြောင့် မည်သို့သော အကျိုးရလဒ်များ ခံစားကြရမည်နည်း။

## ပြန်လည်သုံးသပ်ချက်

၁။ မိမိတို့ လူမှုအဖွဲ့အစည်းအတွင်း အစုအဖွဲ့၊ လူမျိုးစုတစ်ရပ်ရပ်၏ ပညာသင်ကြားခွင့်ကို ပိတ်ပင်ထားသည့် ထုံးတမ်းဓလေ့များ ရှိပါသလား။

၂။ ထိုအစုအဖွဲ့ (သို့) လူမျိုးစု၏ ပညာသင်ကြားခွင့် တိုးတက်စေရန် မည်သည်တို့ လုပ်ဆောင်ပေးနိုင်မည်နည်း။

## အကြိုသင်ခန်းစာ

၁။ လူတစ်ဦး နိုင်ငံမဲ့ဖြစ်ရခြင်း၏ အကြောင်းရင်းကို ဖော်ပြပါ။

၂။ ဖော်ပြပါ ဓာတ်ပုံများသည် နိုင်ငံမဲ့မှုနှင့် ပတ်သက်၍ မည်သို့ ဖော်ညွှန်းနေသနည်း။




က ခ c. d.

# ၃.၆.၂ နိုင်ငံမဲ့မှု

'နိုင်ငံမဲ့သူများ' သည် လူ့အဖွဲ့အစည်း လျစ်လျူရှုခံရမှုများ၏ သားကောင်များဖြစ်ကြရသည်။ ထိုသူများ ခံစားနေရသည့် သောကဝေဒနာများကို ကမ္ဘာ့လူ့အဖွဲ့အစည်းအသီးသီးက သတိမမူမိတတ်ကြချေ။ နိုင်ငံမဲ့ပုဂ္ဂိုလ်များသည် တရားဥပဒေအရ ကာကွယ်စောင့်ရှောက်မှုများကိုလည်း မခံစားကြရ၊ ပညာသင်ကြားပိုင်ခွင့်၊ အလုပ်ရှာခွင့်ကဲ့သို့သော လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင်ပါ ချိုးဖောက်မှုများ ခံစားနေကြရသည်။ ထို့အပြင် ထိုနိုင်ငံမဲ့တို့သည် နယ်မြေဒေသတစ်ခုမှ တစ်ခုသို့ သွားလာရာတွင် အခက်အခဲများ ကြုံတွေ့နေကြရပြီး 'လူကုန်ကူးမှု' ကဲ့သို့သော ကိစ္စရပ်များ၏ ဓားစာခံများ ဖြစ်ကြရသည်။ 'လူ့အခွင့်အရေးဆိုင်ရာ ကြေညာစာတမ်း' အရ လူသားတိုင်း နိုင်ငံသားဖြစ်ခွင့် ရရှိရမည်ဟု ထည့်သွင်းပါရှိသော်လည်း ကမ္ဘာ့အရပ်ရပ်တွင် နိုင်ငံမဲ့သူပေါင်း ၁၂ သန်းကျော်ခန့် ရှိနေပေသည်။

နိုင်ငံမဲ့ဖြစ်ကြရခြင်း၏ အကြောင်းရင်းများကို ဆက်လက်ဖတ်ရှုနိုင်ပါသည်။

## နိုင်ငံများ ပြိုလဲခြင်း

၁၉၉၀ပြည့် နှစ်ဦးပိုင်းတွင် နိုင်ငံအချို့ ပြိုလဲပျက်စီးရာမှ ကမ္ဘာ့အရပ်ရပ်တွင် နိုင်ငံမဲ့ဦးရေ သိသိသာကြီး တိုးပွားလာသည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် ယူဂိုဆလာဗီးယား ပြည်ထောင်စုတို့ ပြိုကွဲမှုတို့ကြောင့် အရှေ့ဥရောပနှင့် အာရှအလယ်ပိုင်းတို့တွင် နိုင်ငံမဲ့သူဦးရေ သန်းချီရှိလာသည်။ အနှစ်နှစ်ဆယ်ကြာသည်အထိပင် ထိုသူများမှာ နိုင်ငံမဲ့များအဖြစ် ဆက်လက်တည်ရှိနေကြပေသည်။

## ကိုလိုနီစနစ်၏ ဆိုးမွေ

နိုင်ငံမဲ့ခြင်းသည် ကိုလိုနီစနစ်၏ ဆိုးမွေတစ်ရပ်လည်းဖြစ်သည်။ ကိုလိုနီနယ်နိမိတ်မျဉ်းများ သတ်မှတ်ရာတွင် အချို့သော တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာဒေသများ၌ စနစ်တကျ ပိုင်းခြားသတ်မှတ်ထားခြင်း မရှိသည်ကိုတွေ့ရသည်။ အာရှနှင့် အာဖရိကရှိနိုင်ငံများ လွတ်လပ်ရေးရကြသည့်အခါ နိုင်ငံအချင်းချင်းကြား နယ်နိမိတ်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ အခက်အခဲများတွေ့ကြရပြီး ထိုအရှုပ်အရှင်းများကြောင့် အချို့သောဒေသများသည် နိုင်ငံမဲ့များ ဖြစ်ကြရသည်။

## နိုင်ငံသားဆိုင်ရာ စာရင်းဇယားများ စနစ်တကျ မကိုင်တွယ်ထားခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံအချို့တို့တွင် မွေးစာရင်းများ၊ နိုင်ငံသားစိစစ်မှုများကို စနစ်တကျပြုလုပ်ထားရှိမှု မရှိခြင်း၊ မှတ်တမ်းမတင်ထားခြင်းတို့က လူမှုရေးပြဿနာများကို ဖိတ်ခေါ်နေသကဲ့သို့ ရှိပေသည်။ မွေးစာရင်းများ မပိုင်ဆိုင်ထားခြင်း၊ နိုင်ငံသားဆိုင်ရာ စာရွက်စာတမ်းများ လက်ဝယ်မရှိခြင်းတို့က နိုင်ငံမဲ့တစ်ဦးဖြစ်ရန် လမ်းဖွင့်ထားသကဲ့သို့ ရှိပေသည်။



## အမျိုးသမီးများ ခွဲခြားဆက်ဆံခံရခြင်း

အာဖရိကနှင့် အာရှမှ နိုင်ငံအချို့တို့တွင် လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများ လျော့နည်းစေရန်အတွက် ဥပဒေအထောက်အပံ့များ ပံ့ပိုးလာကြသည်။ သို့ရာတွင် အချို့သောနိုင်ငံများ၌ ဖခင်ဖြစ်သူ၏ နိုင်ငံသားဖြစ်မှုအတိုင်းသာ သား၊ သမီးများ ခံစားခွင့်ရှိသည်။ အကယ်၍ ထိုနိုင်ငံရှိ အမျိုးသမီးတစ်ဦးသည် နိုင်ငံခြားသားတစ်ဦးဦးနှင့် လက်ထပ်ထားပါက ကလေးများမှာ မူရင်းနိုင်ငံ၏ နိုင်ငံသားဖြစ်ခွင့်ကို ဆုံးရှုံးရမည်ဖြစ်သည်။

## လူမျိုးရေးပဋိပက္ခများ၊ ခွဲခြားမှုများ

လူမျိုးရေးခွဲခြားမှုများသည် လူမှုပြဿနာရပ်အများစု၏ အဓိကတရားခံဖြစ်ပြီး နိုင်ငံမဲ့မှုများအထိ ဖြစ်ပွားစေနိုင်သည်။ ထိုနိုင်ငံမဲ့သူများကို လူ့အဖွဲ့အစည်းအချို့က လျစ်လျူရှုတတ်ကြပြီး တရားဥပဒေအရ ခံစားခွင့်များကိုပါ ဆုံးရှုံးကြရသည်။ အချို့သော လူမျိုးရေးပဋိပက္ခများကြောင့် နိုင်ငံမဲ့ဖြစ်ရသူများသည် ခွဲခြားဆက်ဆံမှုများကို ခါးစည်းခံကြရပြီး နိုင်ငံသားအဖြစ် ခံစားခွင့်ရရှိခဲ့လျှင်ပင် လူမျိုးရေးဆိုင်ရာ တရားဥပဒေဆိုင်ရာ အခက်အခဲများနှင့် ကြုံတွေ့နိုင်ရပေသည်။




▲ ၁၉၄၃ ခုနှစ် ဂျပန်သိမ်းယူထားသော တရုတ်ပြည်၊ ရှန်ဟိုင်းမြို့၏ ဆင်းရဲသားရပ်ကွက် အပြင်ဘက်တွင် ချိတ်ဆွဲထားသည့် ဆိုင်းဘုတ်ဖြစ်သည်။ 'နိုင်ငံမဲ့ဒုက္ခသည်များ ခွင့်ပြုချက်မရရှိဘဲ ဖြတ်သန်းသွားလာခွင့်မပြု' ဟု ရေးသားထားသည်။ မိမိမွေးဖွားကြီးပြင်းရာ အမိမြေတွင် ရှင်သန်ရပ်တည်ခဲ့သော်လည်း 'နိုင်ငံမဲ့' ဟု သမုတ်ခံရပါက မည်သို့ ခံစားရမည်နည်း။

## လေ့ကျင့်ခန်း

<u>၃.၆.၂ ကို ဖတ်ပြီးနောက်</u>

၁။ နိုင်ငံမဲ့သူများသည် အဘယ်သို့သော ပြဿနာရပ်များနှင့် ကြုံတွေ့နိုင်သနည်း။

၂။ 'နိုင်ငံမဲ့ဖြစ်ရခြင်း' ကြောင့် မည်သည့် လူမှုရေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့နိုင်သနည်း။

၃။ ခွဲခြားဆက်ဆံခံရခြင်းနှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ခြင်းတို့ မည်သို့ ဆက်နွယ်နေသနည်း။

## ဖြစ်ရပ်လေ့လာချက်



### နိုင်ငံမဲ့တစ်ဦး၏ ဘဝကောက်ကြောင်း

လူနှစ်ဦး တွေ့ဆုံချစ်ကျွမ်းဝင်ကာ အကြင်လင်မယားဖြစ်ကြသည်။ သားနဲ့ သမီးနဲ့ သိုက်သိုက်ဝန်းဝန်း ဖြစ်လာသည်။ ထိုဇနီးမောင်နှံနှစ်ဦးမှ ဇနီးသည်သည် သူတို့လက်ရှိနေထိုင်ရာဒေသ၏ နိုင်ငံသားဖြစ်ပြီး ခင်ပွန်းသည်မှာ အခြားနိုင်ငံသားဖြစ်သည်။ ထိုနိုင်ငံ၏ဥပဒေများအရ အမျိုးသမီး၏ နိုင်ငံသားဖြစ်ခွင့်သည် ကလေးများကို လက်ဆင့်ကမ်းမပေးနိုင်။ ထိုဒေသတွင်ပင် မွေးဖွားကြီးပြင်းသည့်ကလေးများ မည်သည့် နိုင်ငံသားအဖြစ်ကို ခံယူကြရမည်နည်း။

ထိုကဲ့သို့သော နိုင်ငံခြားသားအမျိုးသားနှင့် လက်ထပ်ထားသည့် အမျိုးသမီးများ အနေဖြင့် သူတို့ကလေးငယ်လေးများ၏ နိုင်ငံသားဖြစ်ခွင့်ကိစ္စမှာ စိုးရိမ်စရာအဖြစ် တည်ရှိနေပေသည်။ ထိုကလေးများ၏ ဖခင်သည် ပြည်ပနိုင်ငံတစ်ခု၏ နိုင်ငံသား ဖြစ်နေပါက ပြဿနာမရှိလှ။ ဖခင်၏နိုင်ငံတွင် သူတို့ကလေးများ၏ နိုင်ငံသားအဖြစ် လျှောက်ထားနိုင်သေးသည်။ အကယ်၍ ဖခင်ဖြစ်သူသည် နိုင်ငံမဲ့တစ်ဦး ဖြစ်နေပါက ကလေးများ၏ အနာဂတ်မှာ မသေချာလှ။

ဖော်ပြပါအဖြစ်မျိုးနှင့် ကြုံတွေ့နေရသူတစ်ဦးမှာ အသက် ၅၀ ဝန်းကျင်ရှိ အီဂျစ်လူမျိုး တစ်ဦးဖြစ်ပြီး အမည်မှာ 'ဖရက်ဒီ' ဖြစ်သည်။ သူ့မိခင်ဖြစ်သူမှာ အီဂျစ်သူစစ်စစ်ဖြစ်ပြီး ဖခင်မှာ အာမေးနီးယားလူမျိုး နိုင်ငံမဲ့တစ်ဦးဖြစ်သည်။ 'ဖရက်ဒီ' ၏ ဖခင်သည် ပထမ ကမ္ဘာစစ်ဖြစ်ပြီး အော်တိုမန်နှင့် ရုရှားအင်ပါယာတို့အသီးသီးလဲသည့်အခါ အီဂျစ်နိုင်ငံသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ အီဂျစ်နိုင်ငံ၏ ဥပဒေများအရ ဖရက်ဒီမှာ နိုင်ငံသား ဖြစ်ခွင့်မရ။ ဖခင်ကဲ့သို့ပင် နိုင်ငံမဲ့ဖြစ်ရတော့သည်။ သူ့တွင် ပန်းနာရင်ကျပ်ရောဂါရှိပြီး မိသားစုထောက်ပံ့ဖို့လည်း မနည်းရုန်းကန်ရကြောင်းဆိုထားသည်။

နိုင်ငံသားဆက်ခံရာတွင် အမျိုးသမီးများအပေါ်၌ ခွဲခြားဆက်ဆံမှုတားမြစ်သည့် ထုတ်ပြန်ချက်များကို ၁၉၅၇ တွင် တစ်ကြိမ်၊ ၁၉၇၉ တွင် တစ်ကြိမ် နိုင်ငံတကာ အမျိုးသမီးရေးရာ ဆွေးနွေးပွဲများတွင် ဆွေးနွေးအတည်ပြုခဲ့ကြပြီးဖြစ်သည်။ သို့ရာတွင်မူ အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများတွင် ထိုကဲ့သို့ ခွဲခြားဆက်ဆံမှုများမှာ ယနေ့ထိတိုင် အမြစ်တွယ်နေသည်ကို တွေ့ရပေသည်။

## လေ့ကျင့်ခန်း

၁။ ဖရက်ဒီ အဘယ်ကြောင့် နိုင်ငံမဲ့တစ်ဦး ဖြစ်နေရသနည်း။ ရှေ့တွင်ပါရှိသည့် နိုင်ငံမဲ့ဖြစ်ရခြင်း အကြောင်းရင်းများကို ကိုးကားဖြေဆိုပေးပါ။

၂။ အထက်ဖော်ပြပါ ဖြစ်ရပ်အရ နိုင်ငံမဲ့နေကြရသည့် ကလေးသူငယ်များနှင့် လူငယ်၊ လူလွတ်များ မည်သို့သော အခက်အခဲများ ကြုံတွေ့နေရသနည်း။

၃။ နိုင်ငံမဲ့မှု ပြဿနာကို ဖြေရှင်းရန်အတွက် မည်သို့သော နည်းစနစ်များ အသုံးပြု အဖြေရှာနိုင်မည်နည်း။

## ဖြစ်ရပ်လေ့လာချက်



### ဘင်္ဂလားဒေ့ရှ်ရှိ ဘီဟာရီလူမျိုးများ

'ဂျနီဗာ' စခန်းဟုခေါ်သည့် ဆင်းရဲသားရပ်ကွက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သောင်တင်နေသည့်နိုင်ငံမဲ့ ဘီဟာရီ (ခိုကိုးရာမဲ့ ပါကစ္စတန် သို့မဟုတ် အူရဒူ စကားပြော လူနည်းစု) လူမျိုး ၃၀၀၀၀၀ အနက်မှ ၁၈၀၀၀ ကျော် အခြေချနေထိုင်ရာ အရပ်ဖြစ်သည်။ ဘီဟာရီတို့သည် အခြေခံလူ့အခွင့်အရေးများဖြစ်သည့် ကျောင်းတက်ခွင့်၊ အလုပ်လုပ်ခွင့် အစရှိသော အခွင့်အရေးများကို ဆုံးရှုံးနေကြရသည်။ ဘင်္ဂလားဒေ့ရှ် တရားရုံးက ဘီဟာရီလူမျိုးများကို တရားဝင်နေထိုင်သူများအဖြစ် ၂၀၀၃ ခုနှစ်တွင် သတ်မှတ်အတည်ပြုခဲ့သော်လည်း အာဏာပိုင်များကမူ ဆက်လက် နှိပ်ကွက်မြဲ နှိပ်ကွက်နေကြသည်။

ဘီဟာရီတို့၏ အခက်အခဲများသည် ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ခွဲထွက် ကတည်းက အမြစ်တွယ်ခဲ့ခြင်းဖြစ်သည်။ ဘီဟာရီလူမျိုးတို့၏ ဘိုးဘေးဘီဘင်တို့သည် အရှေ့ပါကစ္စတန်ဒေသမှ ဖြစ်ကြပြီး အခြေချနေထိုင်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ၁၉၇၁ တွင် ကိုးလကြာ ပြည်တွင်းစစ် ဖြစ်ပွားပြီးနောက် အရှေ့ပါကစ္စတန်သည် ဘင်္ဂလားဒေ့ရှ်၏ တစ်စိတ်တစ်ပိုင်း ဖြစ်လာခဲ့ရသည်။ များစွာသော ဘီဟာရီများ အသတ်ခံခဲ့ရကာ၊ သူတို့ပိုင်ဆိုင်သော ပစ္စည်းများမှာလည်း ဒေါသထွက်နေသော လူအုပ်စုများ၏ ခိုးယူ ဖျက်ဆီးခံခဲ့ရသည်။ သူတို့အား ထိုလူအုပ်စုများမှ ပါကစ္စတန် ထောက်ခံသော သစ္စာဖောက်များဖြင့် ရှုမြင်ခဲ့ကြသည်။ ထိုအချိန်မှစတင်၍ ဘီဟာရီနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူများအကြား အချင်းချင်းရန်စောင်ခဲ့ကြပြီး ဘီဟာရီတို့၏ လက်နက်သုံး ဖြေရှင်းမှုများကြောင့် ပြဿနာမှာ ဆိုးရွားလာရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနှံ့တွင် ဘီဟာရီ ဒုက္ခသည်စခန်းပေါင်း ၁၁၆ ခု ဆက်လက်တည်ရှိ နေပြီး ၃၆ နှစ်ကြာ ပြည်တွင်းစစ်ပြီးနောက် ဘီဟာရီတို့မှာ နိုင်ငံမဲ့များဖြစ်ကြရသည်။ ဘီဟာရီ၏ ရှေ့မှီ နောက်မှီ ပုဂ္ဂိုလ်ကြီးများက ပါကစ္စတန် နိုင်ငံသားအဖြစ်ခံယူရန် ဆန္ဒရှိကြသော်လည်း ဘီဟာရီ လူငယ်အများစုမှာမူ ဘင်္ဂလားဒေ့ရှ်တွင် ခိုလှုံရင်း နိုင်ငံသားအခွင့်အရေးများ တောင်းဆိုရန်ဟန်ပြင်နေကြသည်။ အူရဒူစကားပြော လူနည်းစု၊ လူငယ်မျိုးဆက်အသင်း၏ ဥက္ကဋ္ဌဖြစ်သူ ခါလစ်ဟူစိန်ကမူ 'ကျွန်တော်တို့ ဘီဟာရီတွေဟာ နိုင်ငံမဲ့တွေ မဟုတ်ကြပါဘူး။ ဥပဒေအရ ဘင်္ဂလားဒေ့ရှ် လူမျိုးတွေပါပဲ' ဟု ဆိုထားသည်။

## လေ့ကျင့်ခန်း

၁။ ဘီဟာရီလူမျိုးများ အဘယ်ကြောင့် နိုင်ငံမဲ့ ဖြစ်နေကြရသနည်း။ ရှေ့တွင် သင်ကြားခဲ့သည့် နိုင်ငံမဲ့ရခြင်း အကြောင်းရင်းများကို အခြေခံ၍ ဖြေဆိုပေးပါ။

၂။ ဘီဟာရီလူမျိုးများ မည်သို့သော စိန်ခေါ်မှု အခက်အခဲများနှင့် ကြုံတွေ့နေရသနည်း။

၃။ ဘီဟာရီလူမျိုးစုတို့ကို မည်သည့် နိုင်ငံသားဟု သမုတ်နိုင်သနည်း။ အဘယ်ကြောင့်နည်း။

၄။ ဘီဟာရီ လူ့အဖွဲ့အစည်း၏ စရိုက်လက္ခဏာများကို ဖော်ပြပေးပါ။

## ဆွေးနွေးချက်

ဘီဟာရီများသည် ဘင်္ဂလားဒေ့ရှ်၏ တရားဝင်နိုင်ငံသားများ ဖြစ်ကြသော်လည်း မည်သို့သော အကြောင်းရင်းများကြောင့် တရားဝင်နိုင်ငံသားအဖြစ် အသိအမှတ်ပြု မခံရသနည်း။

## လုပ်ငန်းများ

အဖွဲ့များ ဖွဲ့ပြီး နိုင်ငံမဲ့ လူမျိုးစုတစ်စု၏ အကြောင်းကို လေ့လာစုဆောင်း တင်ပြပေးပါ။ တင်ပြရာတွင် အောက်ပါ အချက်များကို ထည့်သွင်းဖော်ပြပါ။

၁။ အဘယ်ကြောင့် ထိုသူတို့ နိုင်ငံမဲ့ ဖြစ်ရသနည်း။

၂။ ထိုသူတို့သည် မိမိကိုယ်ကို မည်သည့် နိုင်ငံသားဟု ခံယူထားသနည်း။


၃။ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရရန် မည်သည့်အချက်များက အတားအဆီးဖြစ်စေသနည်း။

၄။ ထို 'နိုင်ငံမဲ့မှု' ကို ဖြေရှင်းရန် မည်သို့ ဆောင်ရွက်နိုင်မည်နည်း။

# အခန်း (၃) ပြန်လည်သုံးသပ်ခြင်း

## အခန်း (၃) စိတ်ကူးပုံဖော်ခြင်း

အခန်း (၃) တွင် သင်ယူခဲ့သည့် ‘လူ့အဖွဲ့အစည်းအတွင်း ထိရောက်စွာ ပါဝင်မှု’ ဆိုင်ရာ အယူအဆများကို အခြေခံပြီး အောက်ပါပုံတွင် ဖြည့်စွက်ပေးပါ။




## နားလည်မှု စစ်ဆေးခြင်း

၁။ ‘လူ့အဖွဲ့အစည်း’ တစ်ရပ်တွင် ပါဝင်ရန် မည်သည်တို့ ဆောင်ရွက်နိုင်မည်နည်း။

၂။ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ပုံနည်းစနစ်များနှင့် မည်သို့ မည်ပုံ ကွဲပြားကြသည်ကို ဖော်ပြပေးပါ။

၃။ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ရာတွင် ကြုံတွေ့နိုင်သည့် စိန်ခေါ်မှုများ၊ အခွင့်အရေးများနှင့် အကျိုးရလဒ်များကို ဖော်ပြပါ။

၄။ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ရာတွင် သတင်းအချက်အလက်များ၏ အရေးပါပုံကို သုံးသပ်ပေးပါ။

၅။ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆင်ဆာပိတ်ပင်မှုတို့ကြား မည်သို့သော တင်းမာမှုများ ရှိနိုင်သည်ကို ဆွေးနွေးပါ။

၆။ ‘လူမှုကွန်ရက် မီဒီယာ’ ၏ ကောင်းကျိုး၊ ဆိုးပြစ်တို့ကို ဖော်ပြပေးပါ။

၇။ လူ့အဖွဲ့အစည်းမှ လျစ်လျူရှုခံရခြင်း၏ အကြောင်းရင်းများနှင့် မည်သို့ သက်ရောက်မှု ရှိသည်ကို ဆွေးနွေးပါ။

၈။ နိုင်ငံမဲ့ဖြစ်ရခြင်း၏ အကြောင်းရင်း၊ အကျိုးရပ်များကို ဖော်ပြပေးပါ။

## တန်ဖိုးနှင့် အတွေးအမြင်များ - အဆိုအမိန့်များကို လေ့လာခြင်း

**ကမ္ဘာတစ်ဝှမ်းရှိ လူ့အဖွဲ့အစည်းအတွင်း ပါဝင်မှုဆိုင်ရာ စကားပုံနှင့် အဆိုအမိန့်များကို အောက်တွင်ဖော်ပြထားသည်။ ထိုအဆိုအမိန့်များကို ဖတ်ပြီး အောက်ပါ မေးခွန်းများကို အဖွဲ့ခွဲ၍ အဖြေရှာပေးပါ။**

၁။ 'လူ့အဖွဲ့အစည်းအတွင်း ပါဝင်မှု' ဆိုင်ရာ အယူအဆနှင့် ပတ်သက်၍ မည်သို့ တင်ပြထားသနည်း။

၂။ ထိုအဆိုအမိန့်များတွင် တင်ပြထားသော အယူအဆများနှင့် သင်ခန်းစာပါ အယူအဆများ ကိုက်ညီမှု ရှိပါသလား။

က။ 'ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လုပ်ငန်းတာဝန် အသီးသီး ထမ်းဆောင်နေကြသည့် ဆရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လူ့အဖွဲ့အစည်းဆိုင်ရာ တာဝန်နှင့် လူ့အဖွဲ့အစည်း ကောင်းကျိုးဆောင်ကြဉ်းစေနိုင်မည့် မိမိတို့၏ အစွမ်းကို တန်ဖိုးမထားကြပါက နေ့သစ်များသည် အဓိပ္ပါယ်မဲ့နေပေလိမ့်မည်။' (ဂေးဝေါ့)

ခ။ တာဝန်ယူတတ်ခြင်းသည် 'ကျွန်စိတ်ဖျောက်၍ သခင်စိတ်ပေါက်' စေနိုင်သည့် အမူအကျင့်တစ်ရပ် ဖစ်သည်။ ခက်ခဲမည် မှန်သော်လည်း နိုင်ငံသားတိုင်းတွင် ရှိအပ်သည့် အမူအကျင့်ဖြစ်သည်။ (အေဒရိကန်နီရက်ခ်)

ဂ။ 'အဆက်မပြတ် သင်ယူနေသော လူ့အဖွဲ့အစည်းတစ်ရပ်သည် ပရဟိတစိတ်ဖွံ့ဖြိုးရှင်သန်ရန် အစဉ်ကြိုးပမ်းအပ်ပြီး တစ်ဦးပေါ်တစ်ဦး လေးစားခြင်း၊ နိုးကြားတက်ကြွစွာ ပါဝင်ခြင်း စသော အမူအကျင့်များကို စောင့်ထိန်းအပ်ပေသည်။' (ဘတ်တီရီဒန်)

ဃ။ မိမိတို့ မနှစ်သက်သောသူများသည် လွတ်လပ်စွာ ပြောဆိုခွင့် မရသင့်ဟု ခံယူထားပါက 'လွတ်လပ်စွာ ပြောဆိုမှု' ၏ အဓိပ္ပါယ်ကို သင်အပြည့်အဝ နားမလည်သေးပါ။ (နိုဝမ် ချွမ်စကီး)

င။ လွတ်လပ်စွာ ပြောဆိုမှုသည် 'လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်' နှင့် အလားသဏ္ဍာန်တူသည်။ အထိန်းအကွပ်မဲ့သွားလျှင် ဘေးအန္တရာယ် ဖြစ်စေနိုင်သည်။ (လော့ပတ်တန်)

စ။ လူ့အဖွဲ့အစည်းအတွင်း ပါဝင်မှုဆိုသည်မှာ လူသားအချင်းချင်းကြား လုပ်ငန်းဆောင်တာ ခွဲဝေဆောင်ရွက်ခြင်း၊ တာဝန်ယူစိတ် မွေးမြူခြင်း၊ နိုးနိုးကြားကြား ပါဝင်ခြင်းတို့အပေါ် အခြေခံတည်ဆောက်ထားသည်။ (ပီတာသောရစ်ဇန်)

ဆ။ လူယဉ်ကျေးမှုတစ်ရပ်၏ တန်ဖိုးကို ထိုလူ့အဖွဲ့အစည်း၏ လူနည်းစုအပေါ် ဆက်ဆံပုံနှင့် ပိုင်းဖြတ်သည်။ (မဟတ္တမ ဂန္ဒီ)

ဇ။ မိတ်ဆွေပြောသော စကားကို ကျွန်ုပ်နှစ်မြို့ချင်မှ နှစ်မြို့မည်။ သို့သော် မိတ်ဆွေ၏ လွတ်လပ်စွာ ပြောဆိုခွင့်ကို အသက်ပေး ကာကွယ်ရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ ဗောလ်တဲယား (၁၆၉၄ – ၁၇၇၈)



# အခန်း (၄) လူမှုရေးလုပ်ငန်းများ လက်တွေ့ဖော်ဆောင်ခြင်း

## အခန်း (၄) အနှစ်ချုပ်သိမှတ်ဖွယ်

နိုင်ငံသားဆိုင်ရာ သိမှတ်ဖွယ်ရာများသည် နားလည်ထားကြရုံသာမက လိုက်နာကျင့်ကြံကြရန်လည်း အလွန်အရေးကြီးလှသည်။ ထို့မှလည်း လူ့အဖွဲ့အစည်း အကျိုးပြုလုပ်ငန်းများတွင် တက်ကြွထိရောက်စွာ ပါဝင်နိုင်ပေမည်။ မိမိတို့၏ လုပ်ဆောင်ချက်များကြောင့် တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ မိမိကိုယ်တိုင်သော်လည်းကောင်း အကျိုးတရားများ ခံစားရပါက ထိုလူမှုလုပ်ငန်းကို လုပ်ရကျိုးနပ်သည်ဟု ပြောနိုင်သည်။ အလုပ်တစ်ခုကို တက်တက်ကြွကြွ ပါဝင်လှုပ်ရှားပါက ထိုက်တန်သည့် အကျိုးတရားများ ရရှိခံစားကြရမည်မှာ ယုံမှားသံသယမရှိအပ်ပေ။ ထို့ကြောင့် ဤအခန်းတွင် မိမိတို့၏ လူမှုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်ကြရန်အတွက် မည်သို့စီမံကိန်းချ အကောင်အထည်ဖော်နိုင်သည်၊ မည်သည့် နည်းစနစ်များသုံး၍ တက်ကြွထိရောက်စွာ ပါဝင်နိုင်မည်ကို ဖော်ပြပါရှိသည်။



# အခန်း (၄) သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ

## ဗဟုသုတ

(လေ့ကျင့်ခန်း)

**ဤအခန်းအပြီးတွင် အောက်ပါဗဟုသုတများ တိုးပွားလာမည်ဖြစ်သည်။**

- လူမှုလုပ်ငန်းဆိုင်ရာ ဦးတည်ချက်နှင့် ရည်မှန်းချက်တို့ကြား ကွဲပြားချက်။
- လူမှုလုပ်ငန်းတစ်ရပ်၏ ဦးတည်ချက်များ ချမှတ်ရာတွင် တိကျသေချာသော၊ တိုင်းတာဆန်းစစ်နိုင်သော၊ လက်တွေ့အသုံးချနိုင်သော ဦးတည်ချက်များ ချမှတ်ရေး။
- လူမှုလုပ်ငန်းများ လုပ်ဆောင်နိုင်မည့် နည်းလမ်းများ။
- ဒေသအသီးသီးရှိ လူမှုစီမံကိန်းများ အကြောင်း။
- လူမှုစီမံကိန်းများ ဆန်းစစ်ခြင်း၏ အရေးပါပုံ။

## ကျွမ်းကျင်မှုများ

(လုပ်ဆောင်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါစွမ်းရည်များ တိုးတက်လာမည်ဖြစ်သည်။**

- လူမှုကိစ္စရပ်များကို သုံးသပ်ရာတွင် ဆက်သွယ်မှုပြ ဇယားကို ထိရောက်စွာ အသုံးပြုနိုင်စွမ်း။
- လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ဆန်းစစ်နိုင်စွမ်း။
- လူမှုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ ရည်မှန်းချက်များကို ပြုစုနိုင်စွမ်း။
- လူမှုရေးရာ အစီအမံများကို စီရင်ရေးဆွဲနိုင်စွမ်း။
- အခက်အခဲများကို ကျော်လွှားနိုင်စွမ်း။
- လူမှုစီမံကိန်းများကို ဆန်းစစ်နိုင်စွမ်း အရည်အသွေးကို တိုးမြှင့်နိုင်စွမ်း။

## တန်ဖိုးများ

(ပြန်လည်သုံးသပ်ချက်)

**ဤအခန်းအပြီးတွင် အောက်ပါတို့အား ပြန်လည်သုံးသပ်စေမည်။**

- အများနှင့် လုပ်ဆောင်နိုင်စွမ်း။
- ပူးပေါင်းဆောင်ရွက်ခြင်း။
- သဘောတူညီမှုရယူခြင်း။
- လူမှုအကျိုးပြု လုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်း။

အကြိုသင်ခန်းစာ

**မိမိတို့လူ့အဖွဲ့အစည်းအတွက် မည်သို့သော လူမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းက သင့်တော်မည်ဟု ထင်သနည်း။**

## ၄.၁ မည်သို့သော လူမှုလုပ်ငန်းများကို ဆောင်ရွက်ကြရမည်နည်း

လူမှုအကျိုးပြုလုပ်ငန်းတစ်ရပ်ကို စတင်ဆောင်ရွက်လိုသူများအနေဖြင့် မည်သည့် လူမှုအစီအစဉ်များက အသိုင်းအဝိုင်းအတွက် အသုံးတည့်မည်ကို သိရှိထားရန် အရေးပါသကဲ့သို့ မိမိစိတ်အားထက်သန်မှု အပြည့်အဝရှိသော လုပ်ငန်းဖြစ်ရန်လည်း လိုအပ်ပေသည်။

ထိုလူမှုလုပ်ငန်းတစ်ရပ်ကို စတင်ရန်အတွက် စဉ်းစားရာတွင် မိမိတို့ သင်ကြားထားသည့် အကြောင်းအရာများကို အခြေခံပြီး သင့်တော်မည့် လုပ်ငန်းတစ်ရပ်ကို စတင်နိုင်သကဲ့သို့ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း လက်တလောကြုံတွေ့နေရသည့် လူမှုပြဿနာတစ်ရပ်ကို ဖြေရှင်းနိုင်မည့် အစီအစဉ်များကိုလည်း စတင်အကောင်အထည်ဖော်နိုင်သည်။

ထိုလူမှုအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် မိမိတို့ လူမှုအဖွဲ့အစည်းအတွက် ထိရောက်အသုံးဝင်နိုင်မည့် ပရောဂျက်များ၊ စီမံကိန်းများနှင့် စနစ်တကျဆောင်ရွက်ရန် အရေးကြီးလှပေသည်။ ထို့မှလည်း လူမှုအဖွဲ့အစည်းများအနေဖြင့် မိမိတို့ စီမံကိန်းအပေါ် ယုံကြည်လက်ခံနိုင်မည်ဖြစ်ပြီး လူမှုအဖွဲ့ဝင်တစ်ဦးစီ၏အကျိုးအတွက် လက်တွေ့အသုံးချပါဝင်နိုင်ကြပေမည်။

လူမှုလုပ်ငန်းများ ဖော်ဆောင်ရေးအတွက် စဉ်းစားရာတွင် အထောက်အကူပေးနိုင်ရန်အတွက် အောက်ပါဥပမာများကို ဖော်ပြပေးထားသည်။

- မိခင်နှင့် ကလေး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ။
- အခြေခံပညာရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း။
- အမျိုးသမီးများအတွက် ဝင်ငွေရရှိမှု အခွင့်အလမ်းများ တိုးမြှင့်ပေးခြင်း။
- လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြေလျှော့နိုင်ရန် ကြံဆောင်ခြင်း။
- ကလေးများအတွက် ကစားကွင်းများ ဆောက်လုပ်ပေးခြင်း။



လုပ်ငန်းများ

**မိမိတို့ လူ့အဖွဲ့အစည်းအတွက် စီမံကိန်းချဆောင်ရွက်နိုင်မည့် အစီအစဉ်များကို အတန်းဖော်များနှင့် အတူတကွ ဆွေးနွေးအတည်ပြုပြီး စာရင်းပြုစုပေးပါ။**

**ဆွေးနွေးအတည်ပြုရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို အောက်တွင်ဖော်ပြထားသည်။**

၁။ အတန်းဖော်တစ်ဦးချင်းစီ၏ အကြံပြုချက်များကို နားထောင်ပြီး မည်သည့် အကြောင်းကြောင့် ထိုသို့ အကြံပြုရသည်ကို ဆင်ခြင်ပါ။

၂။ မိမိတို့ အကြံဉာဏ်များအား ဖော်ထုတ်ပြောဆိုရာတွင် တိုတိုနှင့် လိုရင်းရောက်အောင်ပြောပါ။

၃။ မိမိတို့ ယူဆထားချက်များကိုလည်း အများဆန္ဒနှင့် မကိုက်ညီမည် စိုးရိမ်ပြီး လွယ်လွယ်နှင့် လက်လျှော့ခြင်း မပြုပါနှင့်။ မိမိအရေးပါသည်ဟု ယူဆထားသည့် ထင်မြင်ချက်များကို တင်ပြရန် သတိရှိပါ။


၄။ မိမိအကြိုက်ဆုံးထက် အသင့်လျော်ဆုံး ကိစ္စရပ်ကိုသာ ထောက်ခံသဘောတူပါ။


၅။ အချင်းချင်း အငြင်းပွားအဖြေရှာခြင်းထက် လူအများလက်ခံနိုင်မည့်အချက်ကို မဲခွဲဆုံးဖြတ်ရွေးချယ်ပေးပါ။

Adapted from: *A short guide to Consensus Decision Making*

## ၄.၁.၁ လူမှုပြဿနာ ပုံစံငယ်

လူမှုကိစ္စရပ်များကို ဆောင်ရွက်ရာတွင် 'လူမှုပြဿနာ ပုံစံငယ်' ကို အသုံးပြုခြင်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သည်။ ဤနည်းစနစ်သည် ပြဿနာတစ်ရပ်အား အသေးစိတ်ခွဲခြမ်းစိတ်ဖြာနိုင်ပြီး ထိုပြဿနာများဖြေရှင်းရာတွင် အသုံးတည့်မည့် လုပ်ထုံးလုပ်နည်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် အထောက်အကူပြုပေးနိုင်သည်။




### လုပ်ငန်းများ

<u>၄.၁.၁ ကို ဖတ်ပြီးနောက် ဖော်ပြပါ</u>

**'လူမှုပြဿနာ ပုံစံငယ်' ကို သုံးသပ်ပြီး အောက်တွင်ပါသည့် ကွက်လပ်တွင် 'လူမှုပြဿနာ ပုံစံငယ်' အသစ်တစ်ရပ် ပြုစုပေးပါ။**

၁။ ထိုပုံစံငယ်တွင် လူမှုပြဿနာတစ်ရပ်ကို ရွေးချယ်ပြီး ၎င်းနှင့်သက်ဆိုင်သည့် အကြောင်းခြင်းရာများကို ဖြည့်စွက်ပေးပါ။ အချို့သော ပြဿနာ၏ အကြောင်းရင်းများ ဖော်ပြရာတွင် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေတတ်ပြီးထိုဆက်နွယ်ချက်တို့ကိုလည်း ထည့်သွင်း ဖော်ပြပေးပါ။

၂။ ထိုပြဿနာရပ် ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများကို ပုံစံငယ်၏ အောက်ဘက်တွင် ရေးသား ဖော်ပြပြီး ပါက ထိုပုံစံငယ်၏ အထက်တွင် ထိုပြဿနာ၏ အကျိုးဆက်များကို ထည့်သွင်း ဖော်ပြပါ။ ထိုအကျိုးဆက် အချင်းချင်းကြား ဆက်နွယ်မှုနှင့် အကြောင်းရင်း၊ အကျိုးဆက်များ အကြား ချိတ်ဆက်မှုကိုလည်း ဖော်ပြပေးပါ။

## ၄.၂ လူ့အဖွဲ့အစည်းတစ်ရပ်၏ လိုအပ်ချက်များကို သုံးသပ်ဝေဖန်ခြင်း

လူမှုပြဿနာရပ်တစ်ရပ်ရပ်ကို အဖြေရှာရန်အတွက် ၎င်းနှင့် သက်ဆိုင်သည့် အကြောင်းရင်း၊ အကျိုးဆက်တို့ကို သုံးသပ်ပြီးနောက် မိမိတို့၏ လူမှုလုပ်ငန်းက မည်သို့သော လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ကို သုံးသပ်ဝေဖန်ရမည်ဖြစ်သည်။ လူမှုပြဿနာတစ်ရပ်ကို ပြည့်ပြည့်စုံစုံ လေ့လာဆန်းစစ်ပြီးပါက မည်သို့သော လုပ်ဆောင်ချက်များကို လူ့အဖွဲ့အစည်း ကောင်းစားရေးအတွက် အသုံးဝင်နိုင်မည်ကို ဆင်ခြင်သုံးသပ်ရမည်ဖြစ်ပြီး ထိုလူ့အဖွဲ့အစည်းတွင် ရှိသည့် အဖွဲ့ဝင်များ၏ လုပ်နိုင်စွမ်းများ၊ အရည်အသွေးများကိုလည်း ထည့်သွင်းစဉ်းစားကြရမည် ဖြစ်ပေသည်။

**လုပ်ငန်းများ**

**ရှေ့တွင်ပြုလုပ်ခဲ့သော ‘လူမှုပြဿနာပုံစံငယ်’ တွင် ဖြည့်စွက်ခဲ့သည့် ပြဿနာများ၏ အကြောင်းရင်းတစ်ခုစီ အတွက် မည်သို့ ဖြေရှင်းနိုင်မည်ကို ဆန်းစစ်ပေးပါ။ ပြီးနောက် ထိုသို့ ဖြေရှင်းရာတွင် ထည့်သွင်းစဉ်းစားရမည့် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ပိုင်းခြားသတ်မှတ်ပြီး အောက်ပါဇယားတွင် ဖြည့်ပေးပါ။**

| လိုအပ်ချက် | အတွေ့ရများ၊ မများ | အရေးကြီး၊ မကြီး | ဦးစားပေးမှု |
|---|---|---|---|
| ကျောင်းဝတ်စုံများ သတ်မှတ်ရေး | များ | အတော်အတန် အရေးကြီး | ထိပ်တန်းဦးစားပေး |



## ၄.၃ လူမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထားရှိရမည့် ရည်မှန်းချက်နှင့် ဦးတည်ချက်များ

လူမှုလုပ်ငန်းတစ်ခု စတင်ရန်အတွက် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်ကို ရှင်းရှင်းလင်းလင်း သိမြင်ပြီးသည့်အခါ နောက်တစ်ဆင့်အနေဖြင့် မိမိတို့လုပ်ငန်းအတွက် လက်တွေ့အကောင်အထည်ဖော် နိုင်သော ရည်မှန်းချက်များ၊ ဦးတည်ချက်များ ထားရှိရမည်ဖြစ်သည်။

### ၄.၃.၁ မည်သို့သော လူမှုလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များ၊ ဦးတည်ချက်များကို ထားရှိအပ်သနည်း

လူမှုလုပ်ငန်းဆိုင်ရာ ရည်မှန်းချက်ဆိုသည်မှာ မိမိပြုလုပ်ရန် ကြံစည်ထားသည့် လုပ်ငန်းတစ်ရပ် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် လမ်းပြပေးနိုင်မည့် အစီအစဉ်တစ်ရပ် ဖြစ်ပေသည်။ ထိုရည်မှန်းချက်များ သတ်မှတ်ရာတွင် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များကို ထဲထဲဝင်ဝင် သိနားလည်ထားရန် လိုအပ်လှသည်။ ဥပမာဆိုရသော် လူ့အဖွဲ့အစည်းတစ်ရပ်၏ မိသားစုဝင်များသည် မိမိတို့၏ သား၊ သမီးများ ပညာသင်ကြားပေးရန် အခက်အခဲများ ရှိနေကြပါက ထိုအခက်အခဲကို ဖြေလျှော့ပေးနိုင်မည့် လုပ်ငန်းတစ်ရပ် အကောင်အထည်ဖော်သူများအနေဖြင့် ‘ကျောင်းနေရွယ် ကလေးတိုင်း ပညာသင်ကြားနိုင်ရေး’ သည် အဖွဲ့၏ ရည်မှန်းချက်ဖြစ်သင့်သည်။

ရည်မှန်းချက်များထားရှိခြင်းသည် မိမိတို့ဆောင်ရွက်သော စီမံကိန်းများ အောင်မြင်တိုးတက်ရန် ထောက်ကူပေးသည်။ အဆိုပါ ရည်မှန်းချက်များသည် ယေဘုယျဆန်ပြီး၊ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးအတွက်သာ ဦးတည်တတ်ကြသည်။ (ဥပမာ – ကျောင်းနေရွယ်ကလေးများအတွက် လိုအပ်သော စာရေးကိရိယာများ ကူညီထောက်ပံ့ပေးရေး)

လူမှုလုပ်ငန်းဆိုင်ရာ ဦးတည်ချက်များသည် လုပ်ကိုလုပ်ရမည်ဟု သတ်မှတ်ထားသည့်အဖွဲ့၏ စီမံသတ်မှတ်ထားချက်များ ဖြစ်ပေသည်။ စီမံချက်လုပ်ငန်းတစ်ရပ်အောင်မြင်၊ မအောင်မြင်ကို စစ်ဆေးရန်အတွက် မိမိတို့၏ ဦးတည်ချက်များ ရေးဆွဲချမှတ်စဉ်ကတည်းက လက်တွေ့တိုင်းတာနိုင်မည့် အစီအမံများကို ပြုလုပ်ထားရှိရမည်။ ရည်မှန်းချက်များနှင့် ဦးတည်ချက်များအကြား ကွဲပြားချက်မှာ ဦးတည်ချက်များက အသေးစိတ်ဆန်ပြီး ကိန်းဂဏန်းများ၊ စံသတ်မှတ်ချက်များနှင့် လက်တွေ့တိုင်းတာနိုင်မည့်အချက်များ လိုအပ်သည်။ ဥပမာဆိုရသော် မိမိတို့လုပ်ငန်းသည် ကျောင်းနေအရွယ်ကလေးများအတွက် စာရေးကိရိယာများ ကူညီထောက်ပံ့ရေးဟု ရည်မှန်းချက်ထားဆောင်ရွက်ပါက ထိုလုပ်ငန်းအတွက် ဦးတည်ချက်မှာ စာအုပ်ဘယ်နှစ်အုပ်၊ ခဲတံဘယ်နှစ်ချောင်းကို ထောက်ပံ့ပေးနိုင်မည်၊ ထိုသို့ ထောက်ပံ့ရန်အတွက် ငွေကြေးမည်မျှစိုက်ထုတ်ရမည် စသည်တို့ဖြစ်ကြပေသည်။

ထိုသို့သော ဦးတည်ချက်များချမှတ်ရာတွင် မည်သို့ပြုလုပ်မည်၊ မည်သည့်နေရာတွင် ပြုလုပ်မည်၊ မည်မျှကြာနိုင်မည်၊ မည်မျှကုန်ကျမည် စသည်ဖြင့် အသေးစိတ်တွက်ကာ အစီအစဉ်ချကြရပေမည်။ ဥပမာအားဖြင့်

၁။ မည်သို့ မည်ပုံ အကောင်အထည်ဖော် ဆောင်ရွက်မည်နည်း။

၂။ မည်သည့်နေရာတွင် ဆောင်ရွက်မည်နည်း။

၃။ မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်နိုင်မည်နည်း။

၄။ ထိုလုပ်ငန်းအတွက် လူအား၊ ငွေအား မည်မျှလိုမည်နည်း။



**လုပ်ငန်းများ**

ဖော်ပြပါ ဦးတည်ချက်များကိုကြည့်ပြီး အောက်တွင်ရှိသည့် ဇယား၏ သင့်တော်ရာအကွက်တွင် ဖြည့်စွက်ပေးပါ။

- ဇွန်လ ၁၅ ရက်နေ့တွင် စာသင်ခန်းနေရာ ရှာတွေ့ပြီးဖြစ်ရမည်။
- ဇွန်လ ၂၂ ရက်နေ့တွင် ဖိတ်စာအစောင် ၅၀ ပို့ပြီးဖြစ်ရမည်။
- ဇွန်လ ၁၈ ရက်နေ့တွင် ပစ္စည်းကိရိယာများ ဝယ်ရန်အတွက် အလှူငွေအားလုံး ကောက်ခံပြီး ဖြစ်ရမည်။
- ဇွန်လ ၁၀ ရက်နေ့တွင် တစ်ပတ်လျှင် ၂ နာရီ သင်ကြားပေးနိုင်သည့် အလုပ်သင်ဆရာ ၃ ဦး ခန့်အပ်ပြီး ဖြစ်ရမည်။
- ဇွန်လ ၂၀ ရက်နေ့တွင် ပွဲကျင်းပရန် နေရာအတိအကျ သတ်မှတ်ပြီး ဖြစ်ရမည်။
- ဇွန်လ ၂၀ ရက်နေ့တွင် နံရံများ ဆေးသုတ်ပြီး ဖြစ်ရမည်။
- ဇွန်လ ၁၂ ရက်နေ့တွင် ဆောက်လုပ်ရေးသုံးကိရိယာများ ငှားရမ်းပြီး ဖြစ်ရမည်။
- ဇွန်လ ၂၀ ရက်နေ့တွင် လေ့ကျင့်ခန်းစာအုပ်နှင့် ခဲတံအစုံ ၄၀ အလုံအလောက် ဝယ်ယူနိုင်ရန် အလှူငွေ ကောက်ခံပြီး ဖြစ်ရမည်။
- လူအယောက် ၆၀ အတွက် အစားအစာကို ပွဲမစမီ ၂ နာရီအလိုတွင် ပြင်ဆင်ပြီး ဖြစ်ရမည်။
- ဇွန်လ ၂၄ ရက် တွင် ခေါင်မိုးများ အပြီးအစီး ပြင်ဆင်ပြီး ဖြစ်ရမည်။

| ရည်မှန်းချက် | စာတတ်မြောက်မှုနှုန်း တိုးတက်စေရန် | ရံပုံငွေ ကောက်ခံပွဲ ကျင်းပပေးရန် | အဆောက်အအုံဟောင်း ကို ပြုပြင်ရန် |
|---|---|---|---|
| ဦးတည်ချက် | | | |

## ၄.၃.၂ ရည်မှန်းချက်နှင့် ဦးတည်ချက်များကို ပြန်လည်ဆန်းစစ်ခြင်း

မိမိတို့ လူမှုစီမံကိန်းများ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးပါသည့် ဦးတည်ချက် အနည်းငယ်ကိုသာ ဦးစွာသတ်မှတ်ထားရှိပါ။ ထို့အပြင် ထိုဦးတည်ချက်များသည် သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏ လိုအပ်ချက်ကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်ရန်လည်း အစဉ်အလေးထား ဆောင်ရွက်အပ်သည်။ သို့မှလည်း လူမှုလုပ်ငန်းတစ်ရပ် လုပ်ရှားသက်ဝင်နိုင်မည် ဖြစ်သည်။

ထိုသို့ ဦးတည်ချက်များကို ပိုင်းခြားသတ်မှတ်ပြီးနောက် ထိုဦးတည်ချက်များကို မည်သို့ လက်တွေ့ ဆောင်ရွက်နိုင်မည်ကို စီစဉ်ကြရမည်ဖြစ်သည်။ ထိုကဲ့သို့ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အတွက် အောက်ပါစံနှုန်းများနှင့် တိုင်းတာသုံးသပ်ကြည့်ကြရပေမည်။

## ဦးတည်ချက်များသည် တိကျသေချာမှုရှိရမည်

လူမှုလုပ်ငန်းဆိုင်ရာ ဦးတည်ချက်တစ်ရပ်ကို သတ်မှတ်အကောင်အထည်ဖော်ရာတွင် မည်သူက မည်သည့် လုပ်ငန်းအတွက် တာဝန်ယူနိုင်မည်၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင် လုပ်ငန်းလည်ပတ်နိုင်မည် အစရှိသော လုပ်ငန်းအသေးစိတ်ကို စီစစ်တွက်ချက်ပြီး ဖြစ်ရမည်။

ထိုကဲ့သို့ လုပ်ငန်းအသေးစိတ်ကို အသေးစိတ် မတွက်ချက်ဘဲ ယေဘုယျဆန်ဆန် ဦးတည်ချက်တစ်ရပ်ကို သတ်မှတ်မည်ဆိုပါက ထိုလုပ်ငန်းတစ်ရပ်အောင်မြင်ရန် မလွယ်ကူလှချေ။ ဥပမာဆိုရသော် ကျောင်းတက်နှုန်းမြှင့်မားရေး အစီအစဉ်တစ်ရပ်အတွက် ဦးတည်ချက်ချမှတ်ရာတွင် 'ကလေးငယ်တိုင်း ကျောင်းတက်နိုင်ရေး' ဟု သတ်မှတ်ထားခြင်းက ယေဘုယျဆန်လွန်းသည်။ 'ကျေးရွာ၊ ရပ်ကွက်တစ်ခုမှ မူလတန်းအရွယ်ကလေးငယ်များ ပညာသင်ကြားနိုင်ရန် လိုအပ်သော စာရေးကိရိယာများ ထောက်ပံ့ပေးရေး' ဟူသော ဦးတည်ချက်မှသာ ပြည့်စုံသော၊ တိကျသေချာသော ဦးတည်ချက်ဟု ခေါ်ဆိုနိုင်ပေမည်။

မိမိတို့၏ ဦးတည်ချက်များသည် တိကျသေချာမှုရှိ၊ မရှိကို အောက်ပါသတ်မှတ်ချက်များနှင့် ချိန်ထိုးစစ်ဆေးနိုင်ပေသည်။

- တိကျခိုင်မာသော ရလဒ်ပေးနိုင်၊ မပေးနိုင်။
- ထိုလုပ်ငန်းအစီအစဉ်ကို ဖော်ဆောင်မည့်နေရာ ဖော်ပြထားမှုရှိ၊ မရှိ။
- ထိုရလဒ်များကို မည်သူတို့ ရရှိခံစားနိုင်သနည်း။



## ဦးတည်ချက်များသည် တိုင်းတာဆန်းစစ်နိုင်ရမည်

လုပ်ငန်းဦးတည်ချက်များသည် တိကျသေချာမှုရှိရန်သာမက တိုင်းတာဆန်းစစ်နိုင်လောက်သည့် အရည်အသွေးလည်း ရှိရပေမည်။

ဥပမာ ။ ။ 'ကလေးငယ်များ ပညာသင်ကြားနိုင်ရေး' အစီအစဉ်အတွက် ဦးတည်ချက် ချမှတ်ရာတွင် 'ဆင်းရဲသော ဒေသတစ်ခုရှိ ကလေး (၁၀၀) အတွက် တစ်ဦးလျှင် ဗလာစာအုပ် (၄) အုပ်၊ ဘောပင် (၆) ချောင်း၊ ကျောင်းဝတ်စုံ (၁) စုံကျစီ ရရှိစေရေး' ဟူသော ဦးတည်ချက်မျိုးမှသာ ပြည့်စုံမှုရှိပေမည်။

ထိုကဲ့သို့သော ဦးတည်ချက်များကို ချမှတ်အကောင်အထည်ဖော်ရာတွင် မိမိတို့ ဦးတည်ချက်တွင် ဖော်ပြပါရှိသည့် ကိန်းဂဏန်းများ တိကျခိုင်မာမှုရှိ၊ မရှိ ထိုကိန်းဂဏန်းများက လုပ်ငန်းအပေါ် မည်မျှသက်ရောက်မှု ရှိနေသည်စသော အကြောင်းအရပ်ရပ်တို့ကို ဆန်းစစ်ဝေဖန်နိုင်ရပေမည်။ ဦးတည်ချက်တစ်ရပ်ကို တိုင်းတာဆန်းစစ်ရာတွင် ပိုင်းခြားသတ်မှတ်၍ရသော အရာဝတ္ထုများကို တွက်ချက်ဖော်ပြရသကဲ့သို့ ပိုင်းခြားတိုင်းတာရန် မလွယ်ကူသည့် အရည်အသွေးများ၊ အကြောင်းခြင်းရာများကိုပါ ထည့်သွင်းစဉ်းစားရပေမည်။ ထိုသို့ တိုင်းတာဆန်းစစ်ရာတွင် အောက်ပါ မေးခွန်းများမေး၍ ဆန်းစစ်နိုင်ပေမည်။

- ထိုလုပ်ငန်းအတွက် လိုအပ်သည့် အထောက်အပံ့များ ပမာဏ မည်မျှရှိရမည်။
- ထိုပမာဏပြည့်မီအောင် မည်သို့ဆောင်ရွက်နိုင်မည်။

## ဦးတည်ချက်များသည် လက်တွေ့ အသုံးချနိုင်ရမည်

နောက်ဆုံးအဆင့်အနေဖြင့် မိမိတို့လုပ်ငန်းအစီအမံများ၏ လက်တွေ့အသုံးချနိုင်စွမ်းကို ဆန်းစစ်ကြရန်ဖြစ်သည်။ ရှေ့တွင်ဖော်ပြခဲ့သည့် ဥပမာတွင် ကျောင်းသား (၁၀၀) အတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးရမည်ဖြစ်ပြီး ထိုသို့လုပ်ဆောင်နိုင်ရန် ငွေကြေးအကူအညီ များ လိုအပ်ပေမည်။ ထိုသို့သော ငွေကြေးအကူအညီများကို သတ်မှတ်အချိန်တွင်း ရှာဖွေရန်မှာ လက်တွေ့တွင် ခက်ခဲမည်ဖြစ်သည်။ ထို့ကြောင့် လက်တွေ့ကျသော ဦးတည်ချက်သတ်မှတ်ရန်အတွက် မိမိတို့တွင်ရှိသည့် ဘဏ္ဍာရေးအခြေအနေပေါ်မူတည်၍ ထောက်ပံ့မည့် ကျောင်းသားအရေအတွက်ကို လျှော့ချခြင်းဖြင့်လည်းကောင်း (ဥပမာ – ကျောင်းသား ၅၀ သာ ထောက်ပံ့မည်)၊ သင်ထောက်ကူ ထောက်ပံ့မှု ပမာဏကိုလည်းကောင်း လျှော့ချနိုင်ပေသည်။

ထိုသို့သော လက်တွေ့ကျသည့် ဦးတည်ချက်များ သတ်မှတ်ရာတွင် အောက်ပါတို့နှင့် တိုက်ဆိုင် စစ်ဆေးနိုင်သည်။

- စီမံကိန်းအတွက် လိုအပ်သောပစ္စည်း ပမာဏများ ပြည့်မီမှုရှိ၊ မရှိ။
- သတ်မှတ်ချိန်အတွင်း ထိုလုပ်ငန်းအကောင်အထည်ဖော်နိုင်မှုရှိ၊ မရှိ။
- ရရှိထားသည့် အထောက်အပံ့များနှင့် လုပ်ငန်းအကောင်အထည်ဖော်နိုင်၊ မနိုင်။
- လုပ်ငန်းဆိုင်ရာ အကြံဉာဏ်များနှင့် အထောက်အပံ့များ ရရှိနိုင်မှုရှိ၊ မရှိ။

## လေ့ကျင့်ခန်း

**ဖော်ပြပါ ဦးတည်ချက်တို့ကိုကြည့်ပြီး အောက်တွင်ပါသည့် စက်ဝိုင်းဇယား၏ သင့်တော်သောနေရာတွင် ဖြည့်စွက်ပေးပါ။**

၁။ နောင်နှစ်အတွင်း သင်ထောက်ကူပြု ပစ္စည်းများအား ဒုက္ခသည်စခန်းအသစ်များဆီသို့ ပေးပို့နိုင်ရေး။

၂။ စီမံကိန်းကာလ ၆ လ အတွင်း ၅ တန်းမှ ၈ တန်းကလေးများအား စာသင်ကြားပေးနိုင်မည့် လုပ်အားပေး ဆရာ အရေအတွက် တိုးတက်နိုင်ရေး။

၃။ မိခင်များအတွက် သင်တန်းများ ဖွင့်လှစ်ထားရှိပြီး အင်္ဂလိပ်စာ၊ အိုင်တီနှင့် အလုပ်ရှာဖွေမှုတို့ကို သင်ကြားထောက်ကူပေးနိုင်ရေး။


၄။ ဟောပြောပွဲများ ကျင်းပပေးပြီး ထိုဟောပြောပွဲတွင် ပို့ချသည့် လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်များမှ အနည်းဆုံး ၂ ချက်ကို တက်ရောက်သူ သုံးပုံ နှစ်ပုံခန့်က လက်တွေ့အသုံးချနိုင်ရေး။

၅။ ဒုက္ခသည်များ၏ ဘဝအခြေအနေ တိုးတက်လာစေရေး။

၆။ ထိုစခန်းများမှ မိဘမပြည့်စုံသည့် မိသားစုဝင် (၁၀၀) ၏ ကလေးငယ်များအတွက် ပညာရေးနှင့် ကျန်းမာရေးထောက်ပံ့မှုများကို ၁၀ နှစ်ဆက်တိုက် ကူညီပေးနိုင်ရေး။

၇။ ဒုက္ခသည် အမျိုးသမီးများ ဖွံ့ဖြိုးရေး အစီအစဉ်တို့ကို ဖော်ဆောင်ပေးနိုင်ရေး။

၈။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၂၈ ရက်နေ့ နောက်ဆုံးထား၍ ဒုက္ခသည် သင်တန်းကျောင်းများတွင် ၁၆ နာရီ အကြာ ပို့ချပေးခဲ့သည့် Microsoft Word ကိုအသုံးပြုပြီး သင်တန်းသားအားလုံး၏ ၇၅% 'အလုပ် လျှောက်လွှာ' ရေးသားနိုင်စေရေး။






## လုပ်ငန်းများ


၁။ အတန်းဖော်တစ်ဦးနှင့် တွဲဖက်ပြီး မိမိတို့ ရေးဆွဲသတ်မှတ်ထားသည့် လူမှုစီမံကိန်း၏ ဦးတည်ချက် ၃ ရပ်ကို ရေးပေးပါ။ ထို့နောက် အခြားသော အခန်းဖော်များအား ပြသပြီး အထက်ပါ စက်ဝိုင်းဇယားတွင် ဖြည့်စွက်ခိုင်းပါ။

၂။ အဘယ်ကြောင့် ထိုသို့ ဖြည့်စွက်ရသည်ကို မေးမြန်းနားထောင်ပေးပါ။ ထိုလုပ်ဆောင်ချက်ကိုပင် နေရာများ ဖလှယ်၍ ထပ်မံလုပ်ဆောင်ပေးပါ။

၃။ မိမိတို့ ချမှတ်ခဲ့သည့် ဦးတည်ချက်များတွင် ဖြည့်စွက်စရာများရှိက ဖြည့်စွက်ပေးပြီး၊ အခြားသော အဖွဲ့များနှင့် အထက်ပါ လုပ်ဆောင်ချက်ကိုပင် ထပ်မံပြုလုပ်ပါ။



အိန္ဒိယမှ ကျောင်းသူလေးတစ်ဦး ရပ်ကွက် သန့်ရှင်းရေး အကျိုးအတွက် ပါဝင်နေပုံ ဖြစ်သည်။ အမှိုက်သရိုက်များ၏ ဘေးအန္တရာယ်ကို လူအများ သတိထားမိစေနိုင်ရန်အတွက် ဆိုင်းဘုတ်တွင် ရေးသား ကိုင်ဆောင်ထားခြင်းဖြစ်သည်။




killercoke.org အဖွဲ့အစည်းမှ ထုတ်ပြန်ထားသည့် ပိုစတာဖြစ်ပြီး ကိုကာကိုလာကုမ္ပဏီ၏ လုပ်ရပ်များကို မကျေနပ်၍ သပိတ်မှောက်ကြရန် နှိုးဆော်ထားခြင်းဖြစ်သည်။

## ၄.၄ လူမှုလုပ်ငန်းများနှင့် တွေ့ကြုံရနိုင်သည့် အခက်အခဲ အတားအဆီးများ

မိမိတို့ဆောင်ရွက်မည့် လူမှုလုပ်ငန်းအတွက် ဦးတည်ချက်များ၊ ရည်မှန်းချက်များ သတ်မှတ်ပြီးပါက ထိုလူမှုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များအား စဉ်းစားကြရမည် ဖြစ်သည်။ ထိုသို့ လုပ်ငန်းစဉ်များအား လက်တွေ့စတင်အကောင်အထည်ဖော်ရာတွင် အခက်အခဲများ ကြုံတွေ့ရနိုင်ပြီး ထိုအခက်အခဲများ ကျော်လွှားနိုင်ရန် ကြိုးဆောင်ကြိုးပမ်းကြရမည် ဖြစ်ပေသည်။

### ၄.၄.၁ လူမှုပြဿနာများ ဖြေရှင်းပေးနိုင်မည့် လုပ်ငန်းစဉ်များကို ဆန်းစစ်တွက်ထုတ်ခြင်း

လူမှုပြဿနာများ ဖြေရှင်းနိုင်မည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပမာအား ဖြင့် အလှူအတန်းပြုခြင်း၊ အသိပညာမျှဝေရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မိမိတို့လုပ်ငန်းအတွက် တတ်နိုင်သူများထံမှ အကူအညီအထောက်အပံ့များ တောင်းဆိုခြင်း အစရှိသည့် လုပ်ဆောင်ချက်တို့ကို ပြုလုပ်နိုင်ပေသည်။

လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လိုသူများအတွက် အောက်ပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်သည်။

- သက်ဆိုင်ရာ ခေါင်းဆောင်အကြီးအကဲများထံသို့ လူမှုရေးဆိုင်ရာ အကြံပြုစာများ ပေးပို့ခြင်း။
- ရပ်ကွက်သန့်ရှင်းရေးအတွက် လုပ်အားပေးဆောင်ရွက်ခြင်း။
- လူ့အသိုင်းအဝိုင်းအကျိုးပြု အဖွဲ့အစည်းများအတွက် ရံပုံငွေ ရှာဖွေရေး လုပ်ငန်းများ လုပ်ဆောင်ခြင်း။
- လူမှုအကျိုးပြုအဖွဲ့များတွင် လုပ်အားပေးပါဝင်ခြင်း။
- သတင်းမီဒီယာများတွင် လူမှုလုပ်ငန်းဆိုင်ရာ သတင်းများ၊ အချက်အလက်များ ရေးသား ဖော်ပြခြင်း။
- မဲပေးခြင်းဆိုင်ရာ ပညာပေးရေး လုပ်ငန်းများ ပြုလုပ်ခြင်း။
- လူ့အဖွဲ့အစည်းကိုယ်စားပြု စစ်တမ်းများ ကောက်ယူခြင်း။
- ထိုကောက်ယူရရှိထားသော စစ်တမ်းများကို ဆွေးနွေးပွဲများ၊ ကျောင်းစည်းဝေးပွဲများနှင့် လူထု လှုပ်ရှားမှုများတွင် တင်ပြအစီရင်ခံခြင်း။
- သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် ကုန်ပစ္စည်းများ (သို့) လူ့အခွင့်အရေး ချိုးဖောက်မှုများကို သပိတ်မှောက် ဆန္ဒပြခြင်း။
- လူမှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ပညာရှင်ပုဂ္ဂိုလ်များကို ဖိတ်ကြား၍ ဆွေးနွေး အကြံပြုချက်ရယူခြင်း။

**လုပ်ငန်းများ**

မိမိတို့ဆောင်ရွက်မည်ဟု စဉ်းစားထားသည့် လူမှုအကျိုးပြုလုပ်ငန်းများနှင့် ၎င်းတို့၏ ဦးတည်ချက်များကို စဉ်းစားရေးချပေးပါ။ ၎င်းတို့ကြား ဆက်နွယ်ချက်ပြ ပုံစံငယ်တစ်ခုကိုပါ ပြုစုပေးပါ။

## ၄.၄.၂ လူမှုလုပ်ငန်းဆိုင်ရာ အခက်အခဲ၊ အတားအဆီးများကို ဆန်းစစ်ခြင်း

မိမိတို့လုပ်ဆောင်ကြမည့် လူမှုလုပ်ငန်းများအတွက် ဦးတည်ချက်များ ချမှတ်ပြီးပါက ထိုလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် စဉ်းစားဖော်ဆောင်ကြရပေမည်။ ထိုသို့ ဖော်ဆောင်ရာတွင် အခက်အခဲများ ကြုံတွေ့နိုင်သည်မှာ သဘာဝဖြစ်ပြီး ထိုအခက်အခဲများကို ရင်ဆိုင်ကျော်လွှားရန်မှာ မိမိတို့၏ တာဝန်တစ်ရပ်ဖြစ်သည်ဟု ခံယူထားရမည်။ ထိုအခက်အခဲများတွင် လုပ်ငန်းအတွက် ငွေအား၊ လူအား မလုံလောက်ခြင်းကဲ့သို့သော အတားအဆီးများ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ပြဿနာရပ်များ၊ အတိုက်အခံပြုလုပ်ခံရခြင်းများ အစရှိသည့် အခက်အခဲပြဿနာများနှင့် ကြုံတွေ့နိုင်ပေသည်။

ထိုကဲ့သို့သော လူမှုလုပ်ငန်းများတွင် ကြုံတွေ့နိုင်မည့် အခက်အခဲများ၊ အတားအဆီးများကို ဆင်ခြင်ကြရမည်ဖြစ်ပြီး မည်သို့ ကျော်လွှားနိုင်သည်ကိုလည်း အစဉ်သုံးသပ်နေသင့်သည်။ အချို့သော အခက်အခဲများသည် ဖြေရှင်းရန် လွယ်ကူတတ်ပြီး အချို့မှာမူ အဖြေရှာရန် ခက်ခဲနိုင်သည်ကို သတိမူအပ်ပေသည်။




**လုပ်ငန်းများ**

အောက်ပါ ဇယားကို ဥပမာယူပြီး သက်ဆိုင်ရာ လူမှုလုပ်ငန်းများ ဖော်ဆောင်ရာတွင် ကြုံတွေ့နိုင်မည့် အခက်အခဲများ၊ မည်သို့ အဖြေရှာနိုင်ပုံများ စသည်တို့ကို ပြုစုရေးဆွဲပေးပါ။ (အောက်တွင် ဇယားပုံစံ နမူနာ ပြထားပေးသည်)

| လူမှုလုပ်ဆောင်ချက် | အတားအဆီး | ဖြေရှင်းချက် |
|---|---|---|
| ကျောင်းအထောက်အကူပြု လုပ်ငန်းများ အတွက် အလှူငွေစုဆောင်းခြင်း။ | ပိုက်ဆံမတတ်နိုင်သူများ ရှိနေခြင်း။ | အခြားမြို့ရှိ တတ်နိုင်သူဆွေမျိုးများထံ စာရေးပြီး အကူအညီတောင်းခြင်း။ |
| ရန်ပုံငွေအတွက် ပွဲတစ်ပွဲကျင်းပခြင်း။ | နေရာအလုံအလောက် မရှိ။ | ရပ်ကွက်အသိုင်းအဝိုင်းအတွင်း နေရာတောင်းခံခြင်း။ |
| တစ်ပတ်နွမ်း ကျောင်းဝတ်စုံများကို စုဆောင်းခြင်း။ | တစ်ပတ်ရစ်များ အလုံအလောက် မရှိခြင်း။ | အခြားမြို့နေ ဆွေမျိုးများထံ အကူအညီတောင်းခြင်း။ |
| ကျောင်းဝတ်စုံအဟောင်းများကို ပြန်လည် ပြုပြင်ချုပ်လုပ်ခြင်း။ | ထိုအဝတ်များ မည်သို့ ရရှိနိုင်မည်ကို မသိခြင်း။ | အသိုင်းအဝိုင်းကို မေးခြင်း (သို့) အခြားမြို့များတွင် သွားရောက် စုဆောင်းခြင်း။ |
| စီးပွားရေးလုပ်ငန်းရှင်များထံမှ အလှူငွေ ကောက်ခံခြင်း။ | ဆွဲဆောင်မှုရှိသော ပေးစာ မရေးတတ်ခြင်း။ | ရေးသားခြင်းဆိုင်ရာ အတတ်ပညာများ ရှာဖွေသင်ယူခြင်း။ |



ယူဂန်ဒါနိုင်ငံရှိ ကျောင်းသားများ ရွာရေတွင်းကို ခြံစည်းရိုးခတ်နေပုံ။

## ၄.၅ စီမံကိန်းရေးဆွဲခြင်း

လူမှုလုပ်ငန်းများ၏ အခက်အခဲများကို အဖြေရှာပြီးပါက မိမိတို့လုပ်ငန်းပန်းတိုင် ဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းများကို စတင်ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ထိုစီမံကိန်းများ ရေးဆွဲရာတွင် ရေတိုပြဿနာများကို ဖြေရှင်းမည်လား၊ ရေရှည်လုပ်ငန်းများအတွက် ရည်ရွယ်သလား ဆိုသည်ကို ထည့်သွင်း စဉ်းစားရပေမည်။ အချို့သော ရေရှည်လုပ်ငန်းများတွင်လည်း လက်ငင်းခံစားရနိုင်သည့် အကျိုးတရားများ ရှိပေသည်။ သို့ရာတွင် လူမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရေတိုစီမံကိန်းများ ထားရှိခြင်းက ပိုမိုလက်တွေ့ကျပြီး လူ့အဖွဲ့အစည်းအကျိုးကို ထိရောက်စွာ ဆောင်ရွက်နိုင်ပေမည်။ အောက်တွင် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံအသီးသီးမှ လူမှုလုပ်ငန်းများ မည်သို့ စီမံကိန်းချဆောင်ရွက်ပုံများကို ဖော်ပြပေးထားသည်။

၁။ ဘရာဇီးနိုင်ငံရှိ လမ်းပေါ်တွင် ကြုံရာကျပမ်းလုပ်ဆောင်နေကြရသည့် အမျိုးသမီးငယ်လေးများက အေအိုင်ဒီအက်(စ်)၊ မူးယစ်ဆေး၊ အိမ်ထောင်ရေးနှင့် အလုပ်လက်မဲ့များအကြောင်း ဖော်ပြသည့် ဇာတ်လမ်းတိုလေးများဖြင့် လှည့်လည်ကပြနေကြသည်။ ထိုသို့ ကပြကြရခြင်းမှာ ဘဝတူ အမျိုးသမီးငယ်လေးများ၏ သောကအမောများကို ဖြေသိမ့်ပေးနိုင်ရန် ရည်ရွယ်သည်။ ထို့အပြင် အမျိုးသမီးများအတွက် အေအိုင်ဒီအက်စ် ရောဂါပညာပေး အစီအစဉ်များကိုလည်း ဆောင်ရွက်ပေးကြသည်။

၂။ အိန္ဒိယရှိ ဆင်းရဲသားရပ်ကွက်တစ်ခုမှ လူငယ်တစ်စုသည် ဘတ်စ်ကားဂိတ်တွင် စားသောက်ဆိုင်တစ်ဆိုင် ဖွင့်ထားသည်။ ထိုသို့ ဖွင့်လှစ်ရန်အတွက် ဟင်းချက်နည်း၊ ဧည့်ခံနည်းနှင့် စာရင်းဇယားများ ကိုင်တွယ်ပုံနည်းစနစ်များ စသည်တို့ကို ဦးစွာသင်ယူထားကြသည်။ ထိုသို့ ဖွင့်လှစ်ထားခြင်းကြောင့် ထိုလူငယ်များအနေဖြင့် အာဟာရပြည့်ဝသော အစားအစာများကို နေ့စဉ်စားသုံးနိုင်ကြပြီး ပိုလျှံသော စားဖွယ်ရာများကိုလည်း အနီးအနားရှိ ကလေးငယ်များကို ကျွေးမွေးထောက်ပံ့ပေးကြသည်။

၃။ ကိုလံဘီယာရှိ လူငယ်တစ်စုက ဆင်းရဲသားရပ်ကွက်များတွင် တစ်ကိုယ်ရည် ကျန်းမာရေး ပညာပေးခြင်း၊ အခြေခံကျန်းမာရေး ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်း၊ မိလ္လာရေဆိုးဆိုင်ရာ ပညာပေးရေး အစီအစဉ်များ လုပ်ဆောင်ခြင်းစသော လုပ်ငန်းများကို လှည့်လည် လုပ်ဆောင်လျက်ရှိသည်။

၄။ ယူဂန်ဒါရှိ ကျောင်းသားတစ်စုတို့က မွေးမြူရေးတိရစ္ဆာန်များကြောင့် ညစ်ညမ်းနေသည့် ရေတွင်းအား သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းလုပ်ဆောင်ထားကြသည်။ မသန့်ရှင်းသောရေကြောင့် ဖြစ်ပွားနိုင်သော ရောဂါဆိုးများအကြောင်း အသိပညာပေး ပြဇာတ်တစ်ပုဒ်ကိုလည်း ဒေသခံများအား ကပြဖျော်ဖြေကြသည်။

၅။ ဗောစနီးယားတွင် လူငယ်တစ်စုက ရွယ်တူသူငယ်ချင်းများအတွက် ရေဒီယို အစီအစဉ် တစ်ရပ် ဖန်တီးထားသည်။ ထိုအစီအစဉ်အတွက် အတွေ့အကြုံရှိ အယ်ဒီတာများနှင့် ပူးပေါင်းလုပ်ကိုင်ပြီး စစ်ဘေးဒုက္ခခံစားနေရသော ကလေးသူငယ်များ၏ လိုအပ်ချက်များ အကြောင်း စီစဉ်ထုတ်လွှင့်ပေးလျက်ရှိသည်။ ထို့အပြင် ကျောင်းဆက်လက် မတက်ရောက်နိုင်သည့် ကလေးငယ်များအတွက်လည်း ကျောင်းသင်ရိုးဗလာစာအုပ်များကို ပံ့ပိုးပေးထားသည်။

၆။ ဂျာဗားတွင် လူငယ်တစ်စုသည် ရွာလေးရွာအတွက် ရေပိုက်လိုင်းများကို သွယ်တန်းထားရှိသည်။ ထိုပိုက်လိုင်းများကြောင့် ရွာသူရွာသားများမှာ သန့်ရှင်းသောရေကို ရရှိသုံးစွဲနိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း များစွာအထောက်အကူပြုသည်။

၇။ ပီရူးနိုင်ငံတွင် အလုပ်သမားများ စုပေါင်း၍ အဖွဲ့အစည်းတစ်ရပ်ကို စုပေါင်းတည်ထောင်ထားသည်။ ထိုအဖွဲ့အစည်းသည် လမ်းဘေးတွင် ကျင်လည်နေကြသည့် ကလေးငယ်လေးများ ကူညီစောင့်ရှောက်ပေးနိုင်မည့် ဆွေးနွေးပွဲတစ်ရပ်ကို ပြုလုပ်စီမံထားရှိသည်။ ထိုအဖွဲ့ဝင်များအတွက် အရေးပေါ်ကူညီထောက်ပံ့ရေး အစီအမံများလည်း ပြုလုပ်ထားရှိပြီး မိမိတို့ရပ်ကွက်နှင့် သက်ဆိုင်သည့် ကျန်းမာရေး၊ ပညာရေး၊ ကလေးသူငယ်များ စောင့်ရှောက်ရေးစသော သတင်းအချက်အလက်များကိုလည်း စစ်တမ်းကောက်ယူထားရှိသည်။

### လေ့ကျင့်ခန်း

အထက်ဖော်ပြပါ ဥပမာများတွင် မည်သည်တို့ကို ရေတိုစီမံချက်များဖြစ်သည်၊ မည်သည်တို့က ရေရှည်စီမံချက်များ ဖြစ်သည်ကို ဆွေးနွေးဖော်ပြပေးပါ။

## ၄.၅.၁ လူမှုလုပ်ငန်းတစ်ရပ်အား ရွေးချယ်ခြင်း

မိမိလက်တွေ့လုပ်ဆောင်မည်ဟု ဆုံးဖြတ်ထားသည့် လူမှုလုပ်ငန်းများကို ဦးတည်ချက်များ၊ ရည်မှန်းချက်များနှင့် အတူ ယှဉ်တွဲဖော်ပြပါ။ ထိုလူမှုလုပ်ငန်းများထဲမှ မည်သည်တို့က လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည်ကို အခြေခံပြီး အဆင့်အလိုက် ပိုင်းခြားသတ်မှတ်ပေးပါ။

**လုပ်ငန်းများ**

## ၄.၅.၂ လုပ်ငန်းအဆင့်များကို အစီအစဉ်ချရေးဆွဲခြင်း

ဤအပိုင်းသည် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အသေးစိတ်လုပ်ငန်းအဆင့်များ ရေးဆွဲချမှတ်ရာတွင် အထောက်အကူပြုနိုင်ရန် ရည်ရွယ်သည်။ ထိုလုပ်ငန်းအဆင့်များ ချမှတ်ရာတွင် အောက်ပါတို့ကို သတိပြုလိုက်နာအပ်သည်။

၁။ မိမိတို့ လုပ်ဆောင်မည့် လူမှုလုပ်ငန်းသည် မည်သို့သော လုပ်ငန်းဖြစ်သနည်း။ ဥပမာ – ယဉ်ကျေးမှု ဖျော်ဖြေပွဲပြုလုပ်ပြီး ရံပုံငွေ ရှာဖွေရန်။

၂။ စီမံကိန်း၏ ဦးတည်ချက်များမှာ မည်သည်တို့နည်း။ ဥပမာ – ကလေးငယ် ၅၀ ဦးအတွက် ကျောင်းသုံးပစ္စည်း ထောက်ပံ့ပေးနိုင်ရန်။

၃။ စီမံကိန်းဦးတည်ချက်နှင့် မိမိလက်တွေ့ဆောင်ရွက်မည့် လူမှုလုပ်ငန်းတို့ ထပ်တူကျမှုရှိ၊ မရှိ။ ဥပမာ – ကလေးများကို ထောက်ပံ့ပေးနိုင်ရန် လိုအပ်သော ငွေကြေးအထောက်အပံ့များ လုံလောက်မှုရှိခြင်း။

၄။ လုပ်ငန်းအဆင့်များ သတ်မှတ်ရာတွင် လက်တွေ့လုပ်ဆောင်နိုင်မှု။ ဥပမာ – ဖျော်ဖြေပွဲများ ကျင်းပခြင်း၊ ဖိတ်စာများ ပေးဝေခြင်း၊ အလှူငွေများ လှည့်လည်ကောက်ခံခြင်း။

ပြည့်စုံသော လုပ်ငန်းအဆင့်များ သတ်မှတ်ရန်အတွက် မိမိတို့လုပ်ဆောင်မည့် လူမှုလုပ်ငန်းကို အဆင့်ဆင့်ပိုင်းခြား လုပ်ဆောင်ရမည်ဖြစ်သည်။



ပါကစ္စတန် အမျိုးသမီးငယ်လေးများ ယဉ်ကျေးမှုပွဲတော်တစ်ခုတွင် ပါဝင်ကပြနေကြပုံ

**လုပ်ငန်းများ**

မိမိတို့ဆောင်ရွက်မည့် လူမှုလုပ်ငန်းအတွက် ဦးတည်ချက်များ ပြည့်မီနိုင်ရန် ထောက်ပံ့ပေးနိုင်မည့် လုပ်ငန်းအဆင့်များကို ဖော်ပြပေးပါ။



## ၄.၆ လူမှုလုပ်ငန်းဆိုင်ရာ လူ့အရင်းအမြစ်၊ အထောက်အပံ့နှင့် ကျွမ်းကျင်မှုများ

မိမိတို့ဆောင်ရွက်မည့် လူမှုလုပ်ငန်း၏စီမံချက်များ၊ လုပ်ငန်းအဆင့်များကို သတ်မှတ်ပြီးပါက ထိုလုပ်ငန်းအဆင့်များ လုပ်ဆောင်ရာတွင် မည်သည့်အချက်များ လိုအပ်မည်ကို စဉ်းစားရမည် ဖြစ်သည်။။

### ၄.၆.၁ လူမှုလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း

လုပ်ငန်းအဆင့်တစ်ခုစီအတွက် သတ်မှတ်ရာတွင် လူမှုလိုအပ်ချက်များကိုလည်း ထည့်သွင်း တွက်ချက်ကြရမည်။

၁။ မည်သို့သော ပုဂ္ဂိုလ်များထံမှ လူမှုအထောက်အပံ့၊ အကူအညီများ လိုအပ်သနည်း။ (ဥပမာ – ကိုယ်စားလှယ်များ၊ ဒေသခံလုပ်ငန်းရှင်များ၊ အစိုးရဝန်ထမ်းများ၊ အသင်းအဖွဲ့ဝင်များ)

၂။ မည်သို့သော အတိုက်အခံများ ကြုံတွေ့နိုင်သနည်း၊ မည်သို့ ဖြေလျှော့ပေးနိုင်မည်နည်း။

၃။ စီမံကိန်းကြောင့် မည်သူတို့အပေါ် သက်ရောက်နိုင်သနည်း။ (ဥပမာ – ရပ်ကွက်နေ အသိုင်းအဝိုင်းများ၊ ဒေသခံလုပ်ငန်းများ၊ အာဏာမဲ့ပြည်သူများစသည်) စီမံကိန်း အကောင်အထည်ဖော် ရေးဆွဲရာတွင် ထိုသူတို့ကို မည်သည့်အခန်းကဏ္ဍမှ ထည့်သွင်း စဉ်းစားရမည်နည်း။

၄။ မည်သို့သော အထောက်အပံ့၊ ငွေကြေး၊ အကူအညီများ လိုအပ်မည်နည်း။ ထိုလိုအပ်ချက်များကို မည်သို့သော နည်းစနစ်များ အသုံးပြု၍ ရရှိနိုင်မည်နည်း။

၅။ ထိုစီမံကိန်း လက်တွေ့လုပ်ဆောင်ရန် လိုအပ်သည့် အရည်အသွေးများ (ဥပမာ – စာတမ်း ပြုစုခြင်း၊ လူထုနှင့်ဆက်ဆံခြင်း၊ စစ်တမ်းများ ကောက်ယူခြင်းစသည်) ကို မည်သို့ မြှင့်တင်ပေးနိုင်မည်နည်း။

**လေ့ကျင့်ခန်း**

၁။ အဖွဲ့များဖွဲ့ပြီး မိမိတို့ လုပ်ဆောင်မည့် လူမှုလုပ်ငန်းအတွက် လိုအပ်မည့် အရည်အသွေး၊ အထောက်အပံ့နှင့် လူ့အရင်းအမြစ် စသည်တို့ကို ပြုစုရေးသားပေးပါ။

၂။ ထိုသို့ ပြုစုထားသည်ကို အခြားသော အဖွဲ့များနှင့် လဲလှယ်မျှဝေပေးပါ။ ထို့နောက် ထိုအဖွဲ့ရေးသားထား သည့် အချက်များမှ လိုအပ်သည်တို့ကို ပြင်ဆင်ပေးပါ။

၃။ မိမိတို့ အဖွဲ့၏ စာရွက်ကို ပြန်လည်ရရှိပါက မိမိတို့ ပြုစုထားသည့် အချက်များပေါ်တွင် ထိုအဖွဲ့၏အမြင်များ၊ ပြင်ဆင်ထားချက်များကို စစ်ဆေးကြည့်ပါ။ ထို့နောက် ထိုအမြင်များက လက်တွေ့ကျင့်ကြံရန် အဆင်ပြေ၊ မပြေကို သုံးသပ်ဝေဖန်ပါ။

## ၄.၆.၂ လူမှုအာစီအစဉ်တစ်ရပ် စတင်ရေးဆွဲခြင်း

မိမိတို့ လူမှုလုပ်ငန်းအတွက် လိုအပ်သည့် လူ့အရင်းအမြစ်၊ အထောက်အပံ့နှင့် အရည်အသွေးများကို စစ်တမ်းကောက်ယူပြီးပါက နောက်တစ်ဆင့်အနေဖြင့် လူမှုအစီအစဉ်ကို စတင်အကောင်အထည်ဖော်နိုင်ပြီ ဖြစ်သည်။ ထိုသို့ အကောင်အထည်ဖော်နိုင်ရန် မိမိတို့ရရှိထားသော အချက်အလက်များကို အောက်ပါအတိုင်း စနစ်တကျ စာရင်းပြုစုထားကြရပေမည်။

| လုပ်ဆောင်ချက် | လုပ်ဆောင်မည့်သူ | အထောက်အပံ့ | ကုန်ကျစရိတ် | အချိန်အပိုင်းအခြား |
|---|---|---|---|---|
| လုပ်ဆောင်မှု (၁) ညစာ ညှိခံပွဲ ကျင်းပခြင်း | ကျော်ကျော်၊ ငြိမ်း၊ ထက်နိုင်၊ ငယ်ငယ် | | | |
| လုပ်ဆောင်ရန် – – စားစရာ ဝယ်ရန် | ကျော်ကျော် | ငွေကြေး<br>အထောက်အပံ့၊ မော်တော်ဆိုင်ကယ် | ၇ သောင်းခွဲ | ၃ နာရီကြာမည်။ (ပွဲကျင်းပရန် ၂ ရက် အလိုတွင် ပြုလုပ်ရန်) |
| လုပ်ဆောင်ရန် – – အအေးဝယ်ရန် | ငြိမ်း | ငွေကြေး<br>အထောက်အပံ့၊ မော်တော်ဆိုင်ကယ် | ၃ သောင်းခွဲ | ၂ နာရီကြာမည်။ (ပွဲကျင်းပရန် ၁ ရက် အလိုတွင် ပြုလုပ်ရန်) |
| လုပ်ဆောင်ရန် – – စားပွဲ အခင်းအကျင်းများ ပြင်ဆင်ရန် | ထက်နိုင်၊ ငယ်ငယ် | | | ၂ နာရီကြာမည်။ (ပွဲကျင်းပရန် ၂ နာရီ အလိုတွင် ပြုလုပ်ရန်) |
| လုပ်ဆောင်ရန် – – ချက်ပြုတ်ခြင်း | ကျော်ကျော်၊ ငြိမ်း၊ ထက်နိုင်၊ ငယ်ငယ် | အစားအစာ၊ ဒယ်အိုးကြီးများ | | ၆ နာရီကြာမည်။ (ပွဲကျင်းပရန် ၂ နာရီ အလိုတွင် ပြုလုပ်ရန်) |

**လုပ်ငန်းများ**

အခန်းခွဲ (၄.၅.၁) တွင် ပြုစုခဲ့သည့် လုပ်ငန်းအဆင့်များကို အခြေခံပြီး ထိုလုပ်ငန်းအဆင့် တစ်ခုစီအတွက် သက်ဆိုင်သည့် အချက်အလက်များကို အောက်ပါ ဇယားတွင် ဖြည့်ပေးပါ။

| လုပ်ဆောင်ချက် | လုပ်ဆောင်မည့်သူ | အထောက်အပံ့ | ကုန်ကျစရိတ် | အချိန် အပိုင်းအခြား |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |

## လေ့ကျင့်ခန်း

၄.၇ ကို ဖတ်ပြီးနောက်

အဖွဲ့များ ဖွဲ့ပြီး မိမိတို့စီမံကိန်းကို မှတ်တမ်းတင်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းစဉ်းစားပေးပါ။ မည်သည့် နည်းလမ်းများက လွယ်ကူမည်၊ စိတ်ချရမည်ကိုပါ ထည့်သွင်းဖော်ပြပေးပါ။



## ၄.၇ စီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ခြင်း

မိမိတို့ လက်တွေ့ဆောင်ရွက်သည့် လူမှုစီမံကိန်းကို ဒိုင်ယာရီ၊ ဂျာနယ်များ ရေးသားထားခြင်း၊ ဓာတ်ပုံ/အသံများ ပြုလုပ်ထားခြင်း အစရှိသည့် မှတ်တမ်းများ ပြုစုထားရှိအပ်သည်။ ထို့မှလည်း ထိုစီမံကိန်း၏တိုးတက်မှု အခြေအနေကို အစဉ်အကဲခတ်နိုင်မည်ဖြစ်သည်။

## ၄.၈ မိမိတို့၏ လူမှုစီမံကိန်းများအား အကဲဖြတ်ခြင်း

မိမိတို့လုပ်ဆောင်မည့် စီမံကိန်းသည် ရေတိုဆောင်ရွက်သည်ဖြစ်စေ၊ ရေရှည် ရည်မှန်းချက်ထားသည်ဖြစ်စေ ထိုစီမံကိန်းအား အစဉ်ဆန်းစစ်နေရမည်ဖြစ်သည်။ ထို့မှလည်း မိမိအဖွဲ့အစည်း၏ လုပ်ဆောင်ချက်များက ရည်မှန်းချက်များ၊ ဦးတည်ချက်များနှင့် ကိုက်ညီ၊ မညီကို ဆန်းစစ်နိုင်ပေမည်။ ထိုမှတစ်ဆင့် မိမိတို့လုပ်ငန်းများ ဆတက်ထမ်းပိုး အောင်မြင်စေရေးအတွက် အကောင်အထည်ဖော်နိုင်ပေလိမ့်မည်။

စီမံကိန်းများကို ဆန်းစစ်အကဲဖြတ်ခြင်းက မိမိတို့လုပ်ငန်းအဆင့်ဆင့်၏ အားသာချက်၊ အားနည်းချက်များကို သိမြင်နိုင်စေပြီး ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများအတွက် အထောက်အကူပေးစေနိုင်မည်။

- ထိုသို့ အကဲဖြတ်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်ပေသည်။
- စီမံကိန်းအောင်မြင်မှုရှိပါရဲ့လား။ ဦးတည်ချက်များအတိုင်း အပြည့်အဝ ဆောင်ရွက်နိုင်ပါသလား။ သိသာသော ပြောင်းလဲမှုများ ဖော်ဆောင်နိုင်ပါသလား။
- စီမံကိန်းအတွက် အရှုံးများနှင့်ရော ရင်ဆိုင်ရပါသလား။ အခက်အခဲအသစ်များနှင့် ရင်ဆိုင်ကြုံတွေ့ရပါသလား။ စီစဉ်မှု ညံ့ဖျင်းခြင်းကြောင့်လော၊ စွမ်းရည်လိုအပ်ချက်ကြောင့်လော။
- ဤစီမံကိန်းကို အသစ်ပြန်လည် ပြုလုပ်ပါက မည်သို့သော ပြောင်းလဲမှုများ ထည့်သွင်းဆောင်ရွက်မည်နည်း။
- ထိုစီမံကိန်းဖော်ဆောင်သော အဖွဲ့အနေဖြင့် ထိရောက်မှုရှိပါသလား။ စည်းစည်းလုံးလုံးနှင့် အလုပ်ကိစ္စများကို ဆောင်ရွက်နိုင်ပါသလား။ အမိန့်များ၊ တာဝန်ယူမှုများ စီးဆင်းမှု မြန်ဆန်စနစ်ကျမှု ရှိပါသလား။

ထို့မျှသာမက အောက်ပါအချက်များကိုလည်း ထည့်သွင်း စဉ်းစားအပ်ပေသည်။

- အဖွဲ့အစည်း၏ ရည်မှန်းချက်များ။
- အသိုင်းအဝိုင်းတို့ပါဝင်မှု။
- အချိန်နှင့် ငွေကြေးအင်အား။
- အစီအစဉ်ချထားမှုများ။
- ဆုံးဖြတ်ချက် ချမှတ်ခြင်း။

### ၄.၈.၁ ထိရောက်မှုရှိစွာ အကဲဖြတ်ခြင်း

မိမိတို့လုပ်ငန်း အစီအစဉ်များအတွက် ဆန်းစစ်အကဲဖြတ်ရာတွင် မည်သည့်အချက်များနှင့် တိုင်းတာရမည်ကို သိရှိနားလည်ထားခြင်း မရှိပါက ထိရောက်သော အကဲဖြတ်မှုတစ်ရပ် မဖော်ဆောင်နိုင်ပေ။ ဥပမာဆိုရသော် 'စာသင်မြောက်မှု မြှင့်တင်ရေး' အတွက် ရည်မှန်းဆောင်ရွက်သည့် လူမှုလုပ်ငန်းတစ်ရပ်ကို အကဲဖြတ်ရန်အတွက် ထိုလုပ်ငန်းနှင့်ဆိုင်ရာ အသေးစိတ် အချက်အလက်များကို ထည့်သွင်းစဉ်းစားပြီး တိုင်းတာရမည်ဖြစ်သည်။ ထိုအသေးစိတ် အချက်အလက်များတွင် စာရေးကိရိယာများ မည်မျှ ထောက်ပံ့ပေးနိုင်မည်၊ ကျောင်းဝတ်စုံများ မည်မျှ ပေးလှူနိုင်မည်စသော အကြောင်းခြင်းရာတို့ ပါဝင်ပေသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် မိမိတို့လုပ်ငန်း၏ ဦးတည်ချက်များ၊ ရည်မှန်းချက်များသည်ပင် ထိုလုပ်ငန်းအောင်မြင်မှု ရှိ၊ မရှိ ထိထိရောက်ရောက် တိုင်းတာရာတွင် လွန်စွာအရေးပါလှပေသည်။

## လုပ်ငန်းများ

**အောက်ဖော်ပြပါ နမူနာဇယားအတိုင်း မိမိတို့၏ လုပ်မှုစီမံကိန်းကို ထိထိရောက်ရောက် အကဲဖြတ်နိုင်မည့် ဇယားတစ်ခု ပြုစုပေးပါ။ ထိုဇယားတွင် ဖော်ပြပါအချက်များပါအောင် ထည့်ပေးပါ။**

၁။ မိမိတို့၏ စီမံကိန်း လုပ်ငန်းရည်မှန်းချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်၊ မနိုင်။

၂။ လုပ်ငန်းအဆင့်များ ပြီးစီးနိုင်မှု ရှိပါသလား။

၃။ လိုအပ်သော အထောက်အပံ့များ အချိန်မီ ရရှိနိုင်ပါသလား။

၄။ မထင်မှတ်ထားသော ပြဿနာများ ကြုံတွေ့နိုင်သလား။

၅။ မူလသတ်မှတ်ထားသည့် အစီအစဉ်တို့ကို ပြင်ဆင်ရန် လိုအပ်ပါသလား။

၆။ ထိုပြောင်းလဲမှုများကို မည်သူတို့က ဖော်ဆောင်နိုင်မည်နည်း။



မိမိတို့ စီမံကိန်းကို အကဲဖြတ်နိုင်ရန် အောက်ပါဇယားကို နမူနာအဖြစ် ဖော်ပြပေးထားသည်။

| လုပ်ဆောင်ချက်နှင့် လုပ်ငန်းအဆင့်ဆင့် | ပြီးဆုံးနိုင်မှု | ပြဿနာ အခက်အခဲ | ဖြေရှင်းချက် | ပြောင်းလဲရန် တာဝန်ရှိ ပုဂ္ဂိုလ် |
|---|---|---|---|---|
| လုပ်ဆောင်ချက် – ညစာပြင်ဆင် ဧည့်ခံပေးခြင်း | ပြီး | | | |
| လုပ်ငန်းအဆင့် (၁) ဟင်းခတ်ပစ္စည်း များ ဝယ်ယူခြင်း | ပြီး | မရှိ | | |
| လုပ်ငန်းအဆင့် (၂) အအေးဝယ်ယူခြင်း | ပြီး | ဆိုင်ကယ်မလုံလောက် | ဆိုက်ကားငှားနိုင်မည် | ငြိမ်း |
| လုပ်ငန်းအဆင့် (၃) စားပွဲ၊ ကုလားထိုင် ခင်းကျင်းပေးခြင်း | ပြီး | မရှိ | | |
| လုပ်ငန်းအဆင့် (၄) အချက်အပြုတ် | ပြီး | ခန့်မှန်းထားသည့် အချိန်ထက် ပိုကြာနိုင်သည် | စောစီးစွာ ပြင်ဆင် ချက်ပြုတ်နိုင်သည် | ငယ်ငယ် |

## ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း

မုခ်ဦး ပညာရေးသည် စာအုပ်အစအဆုံးတွင် Creative Common မှ သို့မဟုတ် အများပိုင်ရင်းမြစ်များမှ ရုပ်ပုံများကိုသာ အသုံးပြုပြီး အခြားပုံများမှာ မုခ်ဦး ပညာရေးပိုင်ပုံများ ဖြစ်ကြပါသည်။ တချို့မှာ ကျွန်ုပ်တို့ မိတ်ဖက်အဖွဲ့အစည်းပိုင် ဓာတ်ပုံများနှင့် ခွင့်ပြုချက်ရယူပြီး ဓာတ်ပုံများဖြစ်သည်။

မူပိုင်ခွင့် မှတ်ပုံတင်ထားသည်ကို အသုံးပြုမှုများအတွက် အတတ်နိုင်ဆုံး မှန်ကန်အောင် အသေးစိတ်အချက်အလက်များ ဖော်ပြအသိအမှတ်ပြုထားပါသည်။ အောက်ပါ စာရင်းတွင်ကြည့်ပါ။ သို့သော် မစုံလင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဤစာအုပ်ကို ခုနစ်အတော်ကြာရေးသားခဲ့ပြီး များစွာသော ရင်းမြစ်များကို အသုံးပြုထားရခြင်းကြောင့်လည်း ဖြစ်ပါသည်။ အကယ်၍ အသုံးပြုမှုတစ်ခုခုအတွက် မှားယွင်းစွာ သို့မဟုတ် မပြည့်မစုံ ဖော်ပြထားခြင်း၊ မှားယွင်းစွာ အသုံးပြုထားခြင်း စသည်တို့ကို တွေ့ရှိပါက မုခ်ဦးပညာရေးသို့ အကြောင်းကြားအသိပေးနိုင်ပါသည်။ ၎င်းတို့ကို အသစ်ထွက်မည့် တည်းဖြတ်မှုများတွင် ထည့်သွင်းပြင်ဆင်မည် ဖြစ်ပါသည်။ မူပိုင်ခွင့် အသုံးပြုမှုများတွင်ပါသည့် အမြင်များ၊ အယူအဆများမှာ မုခ်ဦး ပညာရေးကို ကိုယ်စားပြုခြင်း မရှိပါ။

အောက်ပါတို့မှာ ဤစာအုပ်အတွင်း အသုံးပြုခဲ့သည့် ရုပ်ပုံများ ဖြစ်ပါသည်။

| Page | Author(s) | Title/Description | Source | Licence (CC denotes "Creative Commons") |
|---|---|---|---|---|
| 6 | Noble | Front cover of a Burmese passport | http://en.wikipedia.org/wiki/File:Cover_of_Burmese_Passport.jpg | CC Attribution-Share Alike 3.0 Unported |
| 6 | Htoo Tay Zar | - | http://commons.wikimedia.org/wiki/File:Burma_By-Election_2012.JPG | CC Attribution-Share Alike 3.0 Unported |
| 6 | DAVID ILIFF | Hopetoun Falls, Beech Forest, near Otway National Park, Victoria, Australia | http://en.wikipedia.org/wiki/File:Hopetoun_falls.jpg | CC Attribution-Share Alike 3.0 Unported |
| 6 | Alcatraz_Island_-_prison_cells.jpg: marine_perez Derivative work: KimChee (talk) | Cell of a prison on Alcatraz Island, San Francisco Bay, USA | http://commons.wikimedia.org/wiki/File:Alcatraz_Island_-_prison_cells_cropped.jpg | CC Attribution 2.0 Generic |
| 6 | Unknown | a volunteer in a t-shirt | Unknown | Unknown |
| 7 | unknown | Kōichirō Matsuura of UNESCO - Official photograph, Argentina | http://en.wikipedia.org/wiki/File:Koichiro_Matsuura_(UNESCO)_(2)-_presidenciagovar-_29MAR07.jpg | CC Attribution 2.0 Generic |
| 7 | Niccolò Caranti | Tenzin Gyatso, 14th Dalai Lama in Trento in 2013. | http://en.wikipedia.org/wiki/File:Tenzin_Gyatso_-_Trento_2013_01.JPG | CC Attribution-Share Alike 3.0 Unported |
| 8 | British_politicians_-8April2010.jpg: cellanr Derivative work: Snowmanradio (talk) | David Blunkett | http://en.wikipedia.org/wiki/File:David_Blunkett_-8April2010.jpg | CC Attribution-Share Alike 2.0 Generic |
| 8 | Surizar, cropped by Jen | Rigoberta Menchú in the March 2009 march commemorating the anniversary of the signing of the Treaty on Identity and Rights of Indigenous Peoples | http://en.wikipedia.org/wiki/File:Rigoberta_Menchu_2009_cropped.jpg | CC Attribution-Share Alike 2.0 Generic |
| 14 | | | | |
| 15 | unknown | Huang Junqui | http://www.vn.nl/Standaard-media-pagina/PersvrijheidInChina.htm?print=true | unknown |
| 15 | unknown | Dalit family | http://www.eurekastreet.com.au/article.aspx?aeid=3798# | unknown |
| 15 | unknown | Paul Hill | https://libcom.org/history/hull-prisoners-revolt-1976-red-menace | unknown |
| 19 | unknown | Thomas Hobbes | http://en.wikipedia.org/wiki/File:Thomas_Hobbes.jpeg | PD-Art. This person has been dead for over 100 years. |
| 19 | unknown | John Locke | http://en.wikipedia.org/wiki/File:JohnLocke.png | PD-Art. This person has been dead for over 100 years. |
| 24 | Mind meal | A group of Buddhist monks smiling in Myanmar. | http://commons.wikimedia.org/wiki/File:Monks_Myanmar.jpg | CC Attribution 2.0 Generic |
| 24 | Robert Scoble | Workers perform final testing and QA before sending drives off to customers on its 2.5-inch notebook lines. | http://en.wikipedia.org/wiki/File:Seagate_Wuxi_China_Factory_Tour.jpg | CC Attribution 2.0 Generic |
| 24 | unknown | Myanmar football team | http://seafootball.blogspot.com/2011/09/debutants-called-up-by-myanmar-for.html | unknown |
| 24 | jchong | Thai school children | http://tastythailand.com/what-to-wear-if-youre-an-english-teacher-in-thailand/ | Creative Commons License (type unknown) |
| 24 | Yarzaryeni | Sumi dancer girls during Naga Traditional New Year Festival 2007, Lahe, Sagaing, Myanmar | http://en.wikipedia.org/wiki/File:Sumi_dancer_girls.jpg | CC Attribution-Share Alike 3.0 Unported |
| 25 | Sufia (?) | Muslim men praying | http://www.muslimblog.co.in/indian-muslims/muslim-man-performing-jumma-namaz-in-jama-mosque-delhi/ | unknown |

| Page | Author(s) | Title/Description | Source | Licence (CC denotes "Creative Commons") |
|---|---|---|---|---|
| *25* | *Tanintharyi Thar* | *Salone harpooning* | *http://s279.photobucket.com/user/tanintharyithar/media/SaloneHarpooningMerguiMyeikArchipel.jpg.html* | *unknown* |
| *26* | *mydaydream* | *Yangon downtown at night* | *http://openmyanmar.tumblr.com/* | *CC Attribution-Share Alike 3.0 Unported* |
| *27* | *Edwin Land* | *New York Snow Globe - as seen in a bar in Tokyo* | *http://www.flickr.com/photos/edwinland/2122041433/* | *Attribution-NonCommercial 2.0 Generic* |
| *28* | *unknown* | *Filipino migrants* | *unknown* | *unknown* |
| *28* | *unknown* | *Filipino migrants* | *unknown* | *unknown* |
| *32* | *unknown* | *balloons in the air* | *http://wallpaperswide.com/hot_air_balloons_in_the_air-wallpapers.html* | *unknown* |
| *34* | *unknown* | *Yoruba woman (Nigeria)* | *unknown* | *unknown* |
| *34* | *unknown* | *Yoruba women (Nigeria)* | *unknown* | *unknown* |
| *34* | *unknown* | *unknown* | *http://myanmarcelebrity.myanmarbloggers.com/Home/Detail/8301756248854009407* | *unknown* |
| *35* | *unknown* | *unknown* | *unknown* | *unknown* |
| *40* | *Trikosko, Marion S.* | *Ferdinand Marcos at the White House in 1966.* | *http://en.wikipedia.org/wiki/File:Ferdinand_Marcos_at_the_White_House.jpg* | *Public Domain* |
| *40* | *unknown* | *unknown* | *unknown* | *unknown* |
| *40* | *JO2 ROGER DUTCHER* | *Philippine President Corazon Aquino addresses base workers at a rally at Remy Field concerning jobs for Filipino workers after the Americans withdraw from the U.S. facilities.* | *http://commons.wikimedia.org/wiki/File:Corazon_Aquino_1992.jpg* | *Public Domain* |
| *40* | *Malacañang Palace archives* | *Corazon Aquino swears in as President of the Philippines at Club Filipino, San Juan on February 25, 1986* | *http://en.wikipedia.org/wiki/File:Corazon_Aquino_inauguration.jpg* | *Public Domain* |
| *42* | *unknown* | *unknown* | *unknown* | *unknown* |
| *43* | *DougitDesign* | *open book template PSD* | *http://dougitdesign.deviantart.com/art/open-book-template-PSD-198829525?offset=10#comments* | *Attribution 3.0 Unported* |
| *44* | *Dick DeMarsico* | *Dick DeMarsico* | *http://en.wikipedia.org/wiki/File:Martin_Luther_King_Jr_NYWTS.jpg* | *PD. Creative Commons - type unknown* |
| *51* | *unknown* | *unknown* | *unknown* | *unknown* |
| *52* | *Dudva* | *Street in Yangon (Rangoon), Myanmar (Burma)* | *http://commons.wikimedia.org/wiki/File:Street_in_Yangon_(Rangoon),_Myanmar_(Burma).JPG* | *CC Attribution-Share Alike 3.0 Unported* |
| *68* | *unknown* | *Meena Manchu* | *http://crcnagalpurmandvi.blogspot.com/2011_05_01_archive.html* | *unknown* |
| *69* | *unknown* | *mixed race babies* | *unknown* | *unknown* |
| *69* | *Ludovic Hirlimann* | *Love is also available in black and white* | *http://www.flickr.com/photos/lhirlimann/7168551477/* | *Attribution-ShareAlike 2.0 Generic* |
| *69* | *David Ball* | | | |
| *69* | *unknown* | *unknown* | *unknown* | *unknown* |
| *71* | *unknown* | *unknown* | *http://orrymain.com/adayinegypt.htm* | *unknown* |
| *72* | *unknown* | *Bihari camp, Bangladesg (?)* | *unknown* | *unknown* |
| *76* | *unknown* | *Kayin refugee camp* | *http://karenwomen.org/author/karenwomen/page/8/* | *unknown* |
| *79* | *unknown* | *unknown* | *unknown* | *unknown* |
| *80* | *unknown* | *Myanmar school kids* | *http://www.nippon-foundation.or.jp/what/spotlight/myanmar/story1/* | *unknown* |
| *81* | *unknown* | *unknown* | *http://www.pndptufts.org/* | *unknown* |
| *82* | *United Nations* | *Kindergarten Child in Myanmar* | *http://www.flickr.com/photos/un_photo/6583382439/* | *CC Attribution-NonCommercial-NoDerivs 2.0 Generic* |
| *83* | *Act for Peace* | *Refugee camp* | *http://www.globaleducation.edu.au/resources-gallery/resource-gallery-images.html/page/14* | *unknown* |
| *84* | *unknown* | *plastic collection in India* | *http://www.thecspace.com/news/bharatiya-vidyabhawans-paranjape-vidya-mandir-school-students-help-clean-up-slum-area-at-kothrud-3143* | *unknown* |
| *85* | *killercoke.org* | *Anti-Coke poster* | *www.killercoke.org* | *unknown* |
| *86* | *unknown* | *unknown* | *http://blog.ryanswell.ca/spotlight-a-turning-point-for-ayang-village/* | *unknown* |
| *87* | *Skip* | *"Bollywood Steps" show from Bristol* | *http://en.wikipedia.org/wiki/File:Bollywood_dance_show_in_Bristol.jpg* | *CC Attribution-Share Alike 2.0 Generic* |
| *90* | *Ildar Sagdejev (Specious)* | *A ball point pen in use, though apparently to write the English curse word "shits".* | *http://commons.wikimedia.org/wiki/File:2004-02-29_Ball_point_pen_writing.jpg* | *CC Attribution-Share Alike 3.0 Unported, 2.5 Generic, 2.0 Generic and 1.0 Generic* |
| *91* | *Computer keyboard* | *Gflores* | *http://en.wikipedia.org/wiki/File:Computer_keyboard.gif* | *PD* |

## List of Sources


Barker, P. & Charlton, M. (2002). *Crosscurrents: Contemporary Political Issues.* Toronto: Nelson.

Brander et. al. (2012). *Compass:*
*Manual for human rights education with young people*. Council of Europe Publishing, Strasbourg.

Department of Education, Employment and Workplace Relations (Commonwealth of Australia). (n.d.) *Value Placed on Human Rights*. Retrieved from: http://www.civicsandcitizenship.edu.au/cce/ed_act_1a_establishing_priorities,30075.html

Educators for Social Responsibility. (1991). *Taking Part.* Cambridge, Massachusetts, USA.

Fasoranti O. & Olusola G. (2012). Strains In Traditional Family Values In A Yoruba Community: A Study Of Families In Akoko-Land In Ondo State, Nigeria. *European Scientific Journal*. Vol 8, No 26

Fountain, S. (1995). *Education for Development: A Teacher's Resource for Global Learning.* Heinemann. Portsmouth, UK.

InterAction Council. (1997). *A Universal Declaration Of Human Responsibilities.* Retrieved from http://www.interactioncouncil.org

Manly, M. (2007). Sorry Wrong Gender. *Refugees*, 147 (3).

McKinsey, K. (2007). The Biharis of Bangladesh. *Refugees*, 147 (3).

Mcquoid-Mason, D. J. (1994). *Democracy for All: Education Towards a Democratic Culture*. Juta & co. and Street Law. Kenwyn, S.A.

New England Literacy Resource Center. (1998). Civic Participation. *The Change Agent*, Issue 6

New England Literacy Resource Center. (2006). Values. *The Change Agent.* Issue 22.

New England Literacy Resource Center. (2008). Democracy in Action. *The Change Agent*, Issue 26.

Newland, K. & Patrick, E. (2004). *The Role of Diaspora in Poverty Reduction in their Countries of Origin.* Migration Policy Institute for the Department of International Development. Washington, DC.

Oxford University. (2005). *New Oxford American Dictionary, 2nd edition.* NY: Oxford U. Press.

Project Maje. (2004). *Burma "Sea Gypsies" Compendium*. Retrieved from http://www.projectmaje.org/gypsies.htm

Sass, E. (2012). *India watches social sites after communal violence.* Retrieved from http://www.mediapost.com/publications/article/181046/india- watches-social-sites-after-communal-violence.html#ixzz2SfKeOFS6

Seeds for Change. (n.d.). *A short guide to Consensus Decision Making*. Retrieved from: http://www.seedsforchange.org.uk/shortconsensus.pdf

Stoller, F. (n.d.). *Language and civil society: civic education ejournal.* Retrieved from: http://www.americanenglish.state.gov/resources/language-and-civil-society-e-journal-civic-education

UNDP. (2011). *UNDP in Action – Annual Report 2010/2011.* Office of Communications/Partnerships Bureau, New York

UN General Assembly. (1948). *Universal Declaration of Human Rights.* 217 A (III). Retrieved from: http://www.refworld.org/docid/3ae6b3712c.html

**Credit where it’s due:**

Mote Oo Education would like to thank everyone involved in this project. Without you all, it would never have been possible. Below is a list of those who have worked on this project (in alphabetical order).

**Text:** Kara Wong, Rory McLaughlin

**Translation:** Htet Phyo Wai

**Original photographs:** Allyse Pulliam, Daniel Spink, Matthew Simpson

**Design, Layout and Illustration:** Chris Wright, Katie Julian, Kyaw Hsan Hlaing, Matthew Simpson, May Htut Pan Moe, Nila Win, Zaw Ye` Naing Tun

**Editing and proofreading:** Kaung Hla Zan, Nila Win, Zaw Ye` Naing Tun

**Additional Feedback:** Kaung Hla Zan